

www.burmeseclassic.com
ခင်နှင်းယု
မြကြာဖြူ
BURMESE CLASSIC .com
တတိယအကြိမ်
www.burmeseclassic.com

www.burmeseclassic.com

# မြကြာမြို

'ကျွန်မတို့မှာ တစ်ဖက်က သားကိုသခင် လင်ကိုဘုရား သဘောထားပြီး မိန်းမဆိုတာ ယောက်ျားအိမ်မှာ ကျွန်အကြီးဆုံး အဖြစ်နဲ့ နေရတယ်ဆိုတဲ့ ကွန်ဖြူးရှပ် ယဉ်ကျေးမှုကြီး ဖိစီးလွှမ်းမိုးတဲ့ နိုင်ငံကြီး ရှိပါတယ်။ တစ်ဖက်မှာလည်း လင်ယောက်ျားကို မိန်းကလေးရှင်ကငွေနဲ့ ပေးဝယ်ရပြီး လင်ရတာနဲ့ တစ်ပြိုင်နက် အိမ်တွင်းပုန်းရ၊ ခေါင်းမြီးခြုံရတဲ့ အစဉ်အလာကြီး ဖိစီးထားတဲ့ နိုင်ငံကြီး ရှိပါတယ်။ ဒါပေမယ့် ဒီနိုင်ငံကြီးတွေရဲ့ သြဇာဟာ ကျွန်မတို့ မြန်မာအမျိုးသမီးတွေကို ဘယ်လိုမှ အရိပ်ထိုးခြင်း၊ လွှမ်းမိုးခြင်း၊ သက်ရောက်ခြင်း၊ ရောင်ပြန်ဟပ်ခြင်း မရှိပါဘူး။ စီးပွားရေးလုပ်ငန်းဆိုင်ရာမှာ မြန်မာမိန်းကလေးက မောင်တစ်ထမ်း မယ်တစ်ရွက်မျှမက မောင်ထမ်းသလို မယ်ထမ်းရတဲ့အခါလည်း ရှိခဲ့ပါတယ်။ အပျိုကြီးဘဝ၊ မုဆိုးမဘဝတွေမှာ မိသားစုရဲ့ တာဝန်ကို အဓိကဝန်ကိုင် အဖြစ်နဲ့ ရန်းကန် တာဝန်ယူမှုတွေလည်း ရှိတဲ့ အမျိုးသမီးတွေပါ။ ဒီလို တာဝန်ယူနိုင်မှု၊ တာဝန်ယူနိုင်လောက်အောင် အကင်းပါး ဖျတ်လတ်မှု၊ လွတ်လပ်မှုတွေကို သဘောကျလွန်းလို့ မြန်မာ့စီးပွားရေးနယ်ထဲက အမျိုးသမီးတွေကို မော်ကွန်းထိုးတဲ့ သဘောနဲ့ ဝနမဂ္ဂဇင်းမှာ ရေးသားခဲ့တာပါ'

လူထုဒေါ်အမာ

၏

မန္တလေးသူ၊ မန္တလေးသားများ

စာအုပ်တွင် ပါသော စာရေးသူ၏

အမှာစာမှ ကောက်နုတ်ချက်

www.burmeseclassic.com

www.burmeseclassic.com

ခင်နှင်းယု

# မြကြာဖြူ။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၈၆၅/၉၉ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၇၅/၉၉ (၁၀)
တတိယအကြိမ်
၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ ၁၀၀၀
တန်ဖိုး
၃၀၀
မျက်နှာဖုံးပန်းချီ
စံတိုး
ထုတ်ဝေသူ
ဦးသန်းမြင့် (၀၁၀၄၀)၊ လင်းလင်းစာပေ၊
၄/မြဝတီမင်းကြီးလမ်း၊ ၁၀ မိုင်၊ အင်းစိန်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ
ဒေါ်ရှုခင် (၀၅၄၄၉)၊ ဝင်းလိုက်ပုံနှိပ်တိုက်
အမှတ် (၃၅၂)၊ စရည်းပင်လမ်း၊ သဃ်န်းကျွန်းမြို့နယ်။
မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်အော့ဖ်ဆက်
(၉၆/ခ) ၁၁ လမ်း၊ ရန်ကုန်မြို့။

●

စာအုပ်ချုပ်
ပပစိုးနှင့်အဖွဲ့

BURMESE CLASSIC .com

[ ၁ ]

သန်းခေါင်ယံအထိ ညနေခင်းက လက်ဖက်ရည်ပွဲကို 'ရှယ်လီ'တစ်ယောက် မေ့ပျောက်၍ မရနိုင်သေးပေ။ သူထိုင်နေသော ဝရန်တာပေါ်မှာ လရောင်က ဖျော့ဖျော့လေးကျရောက်နေသည်။ ပျို့မျှစ်သော လကွေးသည် ကတ္တီပါနက်ပေါ်မှာ စိန်ဘီးလေးတစ်စီးလို လဲလျောင်းနေသည်။

ဆန်းစဖြစ်၍ လရောင်က အားပျော့နေသလို သူ့စိတ်များလည်း အားပျော့နေသည်။ ခုတင်ပေါ်တွင် အိပ်စက်ကျန်ရစ်သော 'လင်းရွှေအောင်'ကရော တကယ်မှ အိပ်ပျော်ပါလေစ။

ညနေထမင်းစားချိန်က နောက်ကျသည်။ လက်ဖက်ရည်ပွဲက ပြန်လာမှ ညစာစားကြသည်။ ထမင်းစားနေချိန် တစ်ချိန်လုံး အထူးတိတ်ဆိတ်နေသည်ကို သူ သတိပြုမိ၏။ နှစ်ယောက်စလုံး စကားပြောချင်စိတ်မရှိကြ။ ထမင်းပွဲမှ လင်းက စောစီးစွာထသွားပေမယ့် သူက ကလေးတွေကို ဆက်လက်ကျွေးမွေးရင်း ထမင်းစားခန်းမှာ နောက်ကျမှထွက်ခဲ့ရသည်။

ညဦးမှာ ကလေးတွေ စာကြည့်နေသည်ကို စောင့်နေပြီးမှ ည၉နာရီမှာ သားနှင့်သမီးကို သိပ်ရသေးသည်။ အိပ်ခန်းထဲသို့ သူဝင်လာတော့

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်မှာ 'လင်း'လှဲနေသည်။ မျက်လုံးများကို မှိတ်ထားပေမယ့် အိပ်ပျော်
မည်မထင်။ သူသည် ခြေကိုမွှမ်းမွှနင်းကာ ခြင်ထောင်ချ၍ပေးလိုက်သည်။

မီးပြာပွင့်လေးတစ်ခုသာ ထွန်းခဲ့၍ အခန်းထဲရှိမီးများကို ပိတ်လိုက်
သည်။

ဝရန်တာပေါ်ရှိ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ချလိုက်သည်။
နောက်ကိုမှီကာ ကောင်းကင်ကို မော့ကြည့်နေမိသည်။ ကောင်းကင်က
ရတနာကုန်သည်၏ ကတ္တီပါခွက်လို နက်မှောင်နေသည်။

ညဥ့်နတ်သမီးသည် စိတ်ပျက်လက်ပျက်နှင့် သူ့ကေသာမှ စိန်ဘီးကို
လွှင့်ပစ်လိုက်ပုံရသည်။ ကောင်းကင်ထောင့်တစ်နေရာတွင် လကွေးလေးက
တစောင်းအိပ်နေသည်။ ကြယ်စင်စိန်လည်ဆွဲကိုလည်း ဆွဲဖြုတ်ပစ်ပေါက်လိုက်
လေသလား။ ကြိုးပြတ်သွားသော လည်ဆွဲမှ လွှင့်စင်သွားသော စိန်လုံးလေး
တွေ ကောင်းကင်မှာ ပြန့်ကျဲနေကြသည်။ တချို့က နဂါးငွေ့တန်းဆီမှ
စုရုံးနေကြသည်။ တချို့နေရာမှာ ကြိုက်နှစ်သက်ရာ ပုံစံလေးတွေနှင့် သင်္ချ
နေပေသလို တစ်ကိုယ်တော်ကြယ်ပွင့်လေးတွေလည်း အားပျော့စွာ လင်းလ
နေကြသည်။ လကွေးလေး၏ မှေးမှိန်ပုံ၊ လုံးချင်းကြယ်လေးများ၏ အားပျော့
သော အလင်းသည် ကောင်းကင်ည၏ဘဝကို သရုပ်ဖော်နေကြသည်။ ဘ
ကောင်းကင်ထဲမှာ ကြယ်လေးများလည်း ဓာတ်စုံခင်းနေကြသည်။

သူ့စိတ်ထဲမှာ ညဥ့်နတ်သမီးလိုပဲ စိတ်ပျက်စွာ တစ်စုံတစ်ရာကို ပ
ပေါက်လိုက်ချင်သည်။ စိန်ဘီးလည်းမဟုတ်၊ လည်ဆွဲလည်းမဟုတ်သော
သူ့ဘဝကို ဆွဲဖြုတ်လွှင့်ပစ်၍ မရဆိုသည်ကို သူနားလည်ပါသည်။ သင်း
သော ကြယ်လေးများလို နေ၍မဖြစ်၊ သူ့ဘဝကို သူအတတ်နိုင်ဆုံး ပြန်လည်
စုစည်းရမည်။



သားကြီး 'ဂျင်မီ'ပင် ဆယ်နှစ်ပြည့်၍ သမီး 'အင်နီ'က ရှစ်နှစ်။
အိမ်ထောင်သက်အားဖြင့် ၁၁နှစ် ကျော်လာခဲ့ပြီဖြစ်သော အချိန်မှာ သင်းရနံ့
များ ပြယ်စပြုလာသော အခြေအနေကို သူထိန်းသိမ်းရမည်။

လွန်ခဲ့သော ညဦးပိုင်းများမှာလည်း သူတစ်ကိုယ်တော် ဒီလိုပဲ ဝရန်တာ
မှာ ထိုင်နေရသည်ဖြစ်၍ မဆန်းလှတော့ပါ။

ထိုခေတ်က အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေကို တိုင်းမင်းကြီး၊ အရေးပိုင်၊
နယ်ပိုင်စသည်ဖြင့် ခေါ်သောခေတ်၊ သူတို့မြို့လေးမှာ နယ်ပိုင်ရုံးစိုက်ရာ
'အောင်လံ'မြို့လေးဖြစ်သည်။ (ယခုအခေါ် မြေထဲ)။ သူ့ခင်ပွန်းက အုပ်ချုပ်
ရေး အရာရှိမဟုတ်။ မြို့နယ်လက်ထောက်ဆရာဝန်။ ဒါပေမင့် အရာရှိများ
စုဝေးရာ ကလပ်တွင်တော့ အစိုးရဝန်ထမ်းအနေနှင့် ညတိုင်းကျွ ရှိနေမြဲဖြစ်
သည်။ ဆရာဝန်ကတော်တစ်ယောက် ဖြစ်လာတော့ သူလည်း တခြားအရာရှိ
ကတော်တွေလို ညဦးပိုင်း၏သွေ့ခြောက်သော တစ်ကိုယ်တော်ဝေဒနာကို
ခံစားရမြဲ။ သားကို မမွေးဖွားခင်ကတော့ အထီးကျန်နိုင်လှသော ဒီအဖြစ်ကို
အိမ်မှုကိစ္စလုပ်ရင်း ဖြတ်သန်းခဲ့သည်။ ယခု သူ့အပါးမှာ သားရော သမီးရော
ရှိလာပြီ။

ကလေးတွေကို ပွေ့ပိုက်ယုယနေရသော အချိန်ရရှိသည်ကိုပဲ ကျေးဇူး
တင်မိသည်။ ယခု သူတို့ဘာသာ နေနိုင်သွားနိုင် ကျောင်းတက်နိုင်သောအခါ
ညဦးမှာ ကလေးတွေကို စာပြသည်။ အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်လာ
သည်။ ငြီးငွေ့ခြင်း၊ မကျေနပ်ခြင်းတွေ တစ်စတစ်စ လျော့ပါးလာသည်။

လင်းက ဆေးရုံက ပြန်လာလျှင် ခေတ္တနား၊ ညစာစားပြီး ကလပ်ကို
ထွက်သွားသည်။ ညဥ့်နက်မှပြန်လာကာ အိပ်ရာဝင်သည်။ တစ်ခါတစ်ခါ
လူမှန်းမသိအောင် မူးလာသောအခါ သူ၏ညဥ့်ဦးယံကို စိတ်ပျက်ဖွယ် ဖြတ်
သန်းလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သားနှင့်သမီးသည် သူ့လည်ဆွဲများဖြစ်သည်။ လင်းကို မကျေနပ်သည်နှင့် ညဉ့်နတ်သမီးလို ဆွဲဖြုတ်လွှင့်ပစ်၍ မဖြစ်။ ကောင်းကင်မှာ ကြယ်လေးတွေ ကစဉ့်ကရဲဖြစ်နေသလို သူ့သားသမီးများကို အဖြစ်မခံနိုင်။

ဒီညနေကတော့ လက်ဖက်ရည်ပွဲပြီးလာကတည်းက ဒေါက်တာလင်းသည် သူနှင့်အတူ အိမ်ပြန်လာခဲ့သည်။ ထမင်းစားပြီး စောစောအိပ်ရာဝင်ခဲ့သည်။

လင်း အိပ်ပျော်မည်မဟုတ်သည်ကို သူသိပါသည်။

လက်ဖက်ရည်ပွဲက ရုတ်တရက်ကျင်းပသော ပွဲဖြစ်သည်။ ပထမ တိုင်းမင်းကြီး သူတို့မြို့ကို ဖြတ်၍အသွားမှာ ညစာစားပွဲနှင့် ဧည့်ခံမည်စီစဉ် သော်လည်း အရေးတကြီးကိစ္စရှိ၍ တိုင်းမင်းကြီးက အချိန်မပေးနိုင်သော ကြောင့် လက်ဖက်ရည်ပွဲ စီစဉ်၍ ဧည့်ခံရခြင်းဖြစ်သည်။ တိုင်းမင်းကြီးအသ ဖြစ်၍ မိတ်ဆက်ပွဲဆိုလျှင် မမှားပါ။ သူတို့ဇုံတွဲက နောက်ဆုံးမှရောက်သည် နယ်ပိုင်ဝန်ထောက်မင်းက တိုင်းမင်းကြီးကတော်နှင့် သူ့ကို မိတ်ဆက်ပေး သည်။

'ဒါက ဒေါက်တာ လင်းရွှေအောင်ကတော် မရှယ်လီပါ။ ရှယ်လ မကော တိုင်းမင်းကြီးကတော် ဒေါခင်မေသိုက်'

သူသည် တိုင်းမင်းကြီးကတော်ဆိုသူကို လက်လှမ်းပေးရင်း ကြက်သေ သေနေမိသည်။

'ခြော်– ဘယ်သူလဲလို့.– ရှယ်လီပါလား'

ဒေါခင်မေသိုက်က လှိုက်လှိုက်လှဲလှဲ သူ့လက်ကို ဆွဲယူလှုပ်ရှားလိုက် တော့မှ သူသတိရသည်။ ကြိုးစား၍ပြုံးရသည်။ အံ့ဩစိတ်ဖြင့် သူ ကတုန် ကယင် ဖြစ်နေသည်။

'ကိုကိုရေ– ဒေါက်တာလင်းကတော် ရှယ်လီက တူးတူးတို့နဲ့ တက္က သိုလ်မှာ တစ်ဆောင်တည်းနေခဲ့ကြတာ'



တိုင်းမင်းကြီးကတော်သည် သူ့လက်ကိုမြဲမြဲကိုင်ထားကာ သူ့ကို တိုင်းမင်းကြီးနှင့် မိတ်ဆက်ပေးပြန်သည်။ တိုင်းမင်းကြီးသည် အသားညိုညို ထောင်ထောင်မောင်းမောင်း၊ တူးတူးထက် အသက်ကြီးပုံရပေမယ့် ရုပ်ရည်က ခန့်ညားပါသည်။ အကြင်နာပြည့်သောမျက်လုံးများက တိုင်းမင်းကြီး စိတ်ထားကို ဖော်ပြနေသည်။ လက်ဖက်ရည်ပွဲမှာ ထိုင်သည်အထိ တူးတူးက သူ့ကို အနားရှိ ကုလားထိုင်မှာ ထိုင်ခိုင်းသည်။ ဒေါက်တာလင်းသည် တခြားအရာရှိများနှင့်အတူ တိုင်းမင်းကြီးနှင့် စကားလက်ဆုံကျနေကြသည်။

'ရှယ်လီ ကလေးတွေ ဘယ်လောက်ရနေပြီလဲ'

'နှစ်ယောက်ပါ၊ ယောကျ်ားလေးတစ်ယောက်၊မိန်းကလေးတစ်ယောက်'

'တူးတူးတို့ ခွဲနေကြတာ ကြာပြီနော်၊ တူးတူးလည်း အမ်အက်စ်စီ အောင်ပြီး တက္ကသိုလ်မှာ ဆရာမ ဝင်လုပ်နေတယ်လေ။ အခုမှထွက်ပြီး လက်ထပ်လိုက်တာ'

ရှယ်လီက စကားပြော သိပ်မသွက်လှပါ။ သူ့ရင်ထဲမှာ တစ်ခုခုက ဆုပ်ကိုင်ထားသလို တင်းကျပ်နေသည်။ 'တူးတူး သူ့နာမည်က ဒေါခင်မေသိုက်တဲ့' ရင်ထဲမှာ တီးတိုးရေရွတ်နေမိသည်။ ကျောင်းနေတုန်းက တူးတူးနာမည် ခင်မေသိုက်လို့ သူမသိ။ မအေးသိုက်လို့ပဲ သိခဲ့ရသည်။ ယခု တိုင်းမင်းကြီးကတော်နှင့်လိုက်အောင် ထင်သည်။ တူးတူးသည် ဆံပင်ကို မြှင့်၍ တစ်ပတ်လျှိုကြီးကြီးထုံးကာ စံပယ်ပန်းကုံးကို ဆံထုံးအခြေမှာ ရစ်ခွေဆင်ထားသည်။ အပျိုတုန်းကလို ပိန်ပိန်သွယ်သွယ်လေးမဟုတ်။ ပြည့်ဖြိုးသော တင်နှင့် ရင်က မို့မို့၊ ပဝါ မီးခိုးရောင်မှာ ရင်ပေါ်မှာလွှမ်းနေသည်။ အဖြူနှင့် မီးခိုးနှစ်ရောင် ချိတ်ပိုးလုံချည်ကို ဝတ်ထားသည်။

နှင်းဆီငုံနုတ်ခမ်းထူထူနှင့် ပြုံးရယ်စွာပြောနေသော တူးတူးကိုကြည့် ရင်း သူ့ရင်တွေ လှုပ်ရှားရပါသည်။ မျက်ခုံးမွေးထူထူမည်းမည်းအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်းပသောမျက်လုံးက ကြည်လင်အေးမြနေသည်။ ဒီမျက်ခုံးမွေးထူထူက တူးတူး၏အမှတ်တံဆိပ်။ ကျောင်းနေတုန်းက အသားမဖြူလှဟု သူထင်သော်လည်း ယခု တူးတူးသည် ဝင်းပသော အသားဝါနှင့် ရွှန်းပတင့်တယ်သော သူ့မျက်နှာသည် သိက္ခာရှိသော မိန်းမတစ်ယောက်၏ ထုဖြေကို ဖော်ပြနေပုံရသည်။ မြင်မြင်ချင်း မမှတ်မိနိုင်လောက်အောင် တူးတူးပုံစံက ပြောင်းလဲနေသည်။

ရှယ်လီသည် မသိမသာ လင်း ရှိရာကိုလှမ်း၍ ကြည့်သည်။ သူတောင်ဒါလောက် စိတ်လှုပ်ရှားနေလျှင် လင်း၏ရင်မှာ ဘယ်လိုရှိပါလိမ့်။ လင်း၏မျက်လုံးတွေ တူးတူးရှိရာသို့ တစ်ချက်တစ်ချက် ရောက်လာသည်ကို သူသတိပြုမိသည်။

BURMESE CLASSIC .com

လက်ဖက်ရည်ပွဲမှာ နှစ်နာရီလောက်ပဲ အချိန်ကြာပါသည်။ တိုတောင်းလှစွာတွေ့ခဲ့ရသောအချိန် ၂နာရီခန့်အတွင်း တူးတူးခေါ် တိုင်းမင်းကြီးကတော် ဒေါ်ခင်မေသိုက်သည် သူ့ရင်ကို လှိုင်းတံပိုး ထစေခဲ့ပါသည်။ ဤလှိုင်းသည် လင်းရင်ကိုလည်း ပုတ်ခတ်မှာပါ။

လင်မယားနှစ်ယောက် လက်ဖက်ရည်ပွဲမှ ပြန်လာကတည်းက တိတ်ဆိတ်နေသည်။ စကားမပြောမိ။ ညဉ့်ဦးတစ်ချိန်လုံးကို မြန်မြန်ကုန်ဆုံးစေချင်သည်။ လင်း၏ခံစားမှုများကို သူအနှောက်အယှက်မပေးလို၍ သူလည်းနှုတ်ဆိတ်နေသည်။ လင်းသည် လွတ်လပ်စွာ ခံစားပါစေ။

တိုင်းမင်းကြီးကတော် လင်မယားကတော့ မကွေးကို ဆက်လက်ထွက်ခွာသွားကြပြီ။ သူတို့လင်မယားသာ အတိတ်က တမ္ဘေ၏ ခြောက်လှန့်မှုအောက်မှာ လှုပ်ရှားချောက်ချားနေသည်။

X X X X X

[ ၂ ]

နေ့ရက်များ ကုန်လွန်သွားသလို ဘဝသည် ပြောင်းလဲနေသည်။ တိုင်းမင်းကြီးကတော် ဒေါ်ခင်မေသိုက်ကို မြင်ရတော့ သူ၏တက္ကသိုလ်တွင် နေခဲ့ရသော ရက်များကို သတိရစရာဖြစ်လာသည်။

သူ၏တက္ကသိုလ်နေ့ရက်များသည် ရွှေရောင်ရက်များဖြစ်ခဲ့သည်။ အလှသရဖူဆောင်းသူမို့ အင်းလျားဆောင်မှာ ထင်ပေါ်ကျော်ကြားသည်။ အားလုံးကျောင်းသူတွေက 'ရှယ်လီ'သို့မဟုတ် 'မြကြာဖြူ'သည် ထိုကာလက တက္ကသိုလ်၏ "Queen"သို့မဟုတ် "Empress" ကော်နီပဲဟု ဆိုကြသည်။ ကျောင်းသူတွေက ပေးသောဘွဲ့။

ကော်နီပါပဲ။ အလှသရဖူတွင် မဟုတ်။ အောင်နိုင်ခြင်းသရဖူကိုလည်း သူဆောင်းခဲ့သည်။ကျောင်းသားတွေ ပါးစပ်များမှာ ရှယ်လီ။ ရှယ်လီ၏ခြေရင်းမှာလည်း ဝပ်စင်းခယနေသော ကျောင်းသားက အများစု။

ရှယ်လီက နမ္မတူဆော်တွင်းမှ အင်ဂျင်နီယာ၏သမီး။ အမေက ဘင်္ဂလိုအင်ဒီးယန်းခေါ် အင်္ဂလိပ်နှင့် အိန္ဒိယသား စပ်ကြသောကပြား။ အမေက

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအမျိုးသမီး။ သမီးကြီးရှယ်လီကို သူ့ဒက်ဒီက တက္ကသိုလ်ပို့သည်။ လိုလေသေးမရှိ ပြည့်စုံအောင်ထားသည်။

ရှယ်လီရေကူးသွားလျှင်လည်း ယောက်ျားလေးအတွဲနှင့်၊ တင်းနစ်ရိုက်လျှင်လည်း အဖော်နှင့်၊ အင်းလျားကန်မှာ လှေလှော်လျှင်လည်း တစ်ယောက်တော့ပါစမြဲ။ ရှယ်လီသည် ကပြားဖြစ်၍ ဆက်ဆံမှုဖော်ရွေသည်။ နှင်းဆီလွှာလို နှုတ်ခမ်းပါးလေးနှင့် အင်္ဂလိပ်လို သွက်လက်စွာပြောသည်။ နှာတံပေါ်ပေါ်နှင့် နှုတ်ခမ်းက ပြုံးသည်ထက် သူ့မျက်လုံးက ပို၍ပြုံးနေသည်။ သူ့မျက်နှာကို ကြည့်လိုက်သူတိုင်းကို ဖမ်းစားနိုင်သော မျက်လုံးမျိုး။ ရတနာတော့ များများမဝတ်။ သွယ်ပြောင်းဖြူနုသော လည်တံမှာ ပုလဲသွယ်တစ်ကုံးကို အမြဲဆင်သည်။

အားကစား ဝါသနာပါသူမို့ ကိုယ်ဟန်က ကြော့ရှင်းသည်။ ခုံမြင့်ဖိနပ်လေးနှင့် သူလမ်းလျှောက်သွားလျှင် ငေးယူရသည့် ရှည်သွယ်သောပေါင်တံနှင့် ခါးကိုနွဲ့ကာ ရင်ကိုချီ၍ လျှောက်တတ်သည်။ တင်ပါးမို့မို့လေးများ၏ တိမ်းနွဲ့တိမ်းပါး ကစားသွားဟန်ကို ကျောင်းသားအတော်များများ ငေးကြည့်ရသည်။ ကြာပွင့်များအလယ်မှာ ကြိုးကြာမ၏လှုပ်ရှားဟန်မျိုး။

ဖခင်ဖြစ်သူ မစ္စတာ ဆင်မြူရယ်၏ သွယ်ပြောင်းသော နှာတံနှင့် ညိုမှောင်သော မျက်ဝန်း၊ မိခင် ဒေါ်နန်းမို့၏ ရှမ်းသွေးရောင် ဝါဝင်းသော အသားကို အမွေခံထားသော ရှယ်လီမျက်နှာက အရိုးတကျ လှပသည်။

ထိုခေတ်က စစ်ပြီးခေတ် နိုင်လွန်ခေတ်ဖြစ်သည်။ ဒါပေမယ့် ခုလို ဘရာစီယာ ခေတ်မစားသေး။ ဘော်လီ (ဘွန်ဘွန်) ခေတ်ဖြစ်သည်။ ရှယ်လီက တက္ကသိုလ်မှာ နိုင်လွန်ပါးပါးအင်္ကျီအောက်တွင် ဘရာစီယာကို စတင်ဝတ်သူ။

အပြင်အဆင်မှာ ခေတ်၏ရှေ့ကပြေးနေသည်။ ဆံပင်ကိုဖြတ်၍ ပခုံးပေါ်ဝဲချထားသည်။ ဆံနွယ်ပြေပြေလေးမှာ သူ့နှဖူးနန ဖြူဖြူပေါ်မှား ကွေးရွေး



ကျနေပုံက မြင်ရသူစိတ်မှာ မတင်မယ်ရှားပေးချင်စရာကောင်းသည်။

ရှယ်လီ၏လုံ့ချည်များက မြင်လိုက်လျှင် ထင်းနေသော အပွင့်အခက်များကို ဝတ်တတ်သည်။ အမှန်တော့ ရုပ်ရည်ရော အပြင်အဆင်ရော ကျောင်းသူတွေကြားထဲမှာ ထင်ပေါ်သူ။ ဒါကြောင့် ကျောင်းသူတွေကိုယ်တိုင်က သူ့ကို 'ဗကရီ ဘွဲ့ပေးထားခြင်းဖြစ်သည်။

ရှယ်လီအကျင့်က ညတိုင်း လမ်းလျှောက်တတ်သည်။ ကျောင်းသူအဖွဲ့ အထူးသဖြင့် သူ့အခန်းဖော် သက်သက်နွယ်၊ အခန်းနီးချင်း ဒေါ်လီ၊ သက်မာ၊ အယ်လီဗောက်တို့နှင့် တွဲ၍ အင်းလျားကန်ဘောင်ဘက်ကို လှေလှော်ထွက်သွားတတ်သည်။

သူ ဘီအေ ပထမနှစ်မှာ တူးတူးကို စတင်တွေ့ခဲ့သည်။ သူနှင့်တူးတူးက ဘာသာတွဲမတူ။ တူးတူးက ဘီအက်စ်စီ ဒုတိယနှစ်၊ ပြီးတော့ အင်းလျားဆောင်ကို ဒီနှစ်မှရောက်လာသူ။ ယခင်နှစ်တွေက မာလာဆောင်မှာနေသည်ဟု ဆိုသည်။ တူးတူးကို တူးတူးဟု သူငယ်ချင်းတွေ ခေါ်သံကြားနေရသည်။ သူနှင့်ဘာသာတွဲလည်းမတူ။ အခန်းချင်းလည်းမနီး၍ သူ တူးတူးကို စိတ်မဝင်စား။ တူးတူးအခန်းဖော် ဒေါ်လီပြောပြ၍ 'မအေးသိုက်'ဟူသောနာမည်မှာ တူးတူး၏ကျောင်းနာမည်တဲ့။ ယခုတော့လည်း မအေးသိုက်သည် တိုင်းမင်းကြီးကတော် ဒေါ်ခင်မေသိုက် ဖြစ်လာသည်။

ဒေါ်လီက သွက်လက်ချက်ချာသည်။ ရှယ်လီလိုပဲ ဘီအေရိုးရိုးဖြစ်၍ တူးတူးနှင့်ခင်သလို ရှယ်လီနှင့်လည်းခင်သည်။ ရှယ်လီ ချစ်စရာကောင်းသည်က မိန်းကလေးကျောင်းသူတွေနှင့် အကျွမ်းတဝင် ဖော်ဖော်ရွေရွေ ဆက်ဆံတတ်သည်။

ဒါပေမယ့် တူးတူးကို ကြည့်မရ။ တူးတူးက အသားလတ်လတ် ဝိန်ဝိန်ပါးပါး။ တစ်ခါတစ်ရံ ရှည်လျားသောဆံပင်များကို ဖားလျားချ၍

www.burmeseclassic.com

www.burmeseclassic.com



အရင်းမှ ပိုးဖာအနက်စနှင့် ချည်နှောင်ထားသည်။ များသောအားဖြင့်တော့ ဆံထုံးအိအိကြီးကို နောက်တွဲထုံးထားတတ်သည်။ မျက်လုံးမျက်ခုံးကောင်း၍ နှာတံသွယ်သွယ်။ သူ့လိုတော့ နှာတံမမြင့်။ နှုတ်ခမ်းက ထူထူစုံ့စုံ့လေးနေ၍ ရုတ်တရက် မျက်နှာထားတင်းသလို ထင်ရသည်။

အပြင်အဆင်ကလည်း များသောအားဖြင့် အဖြူခံအပွင့်စိတ်စိတ် လုံချည်တွေ ဝတ်တတ်သည်။ နိုင်လွန်လက်ရှည်နှင့် အဖြူပွင့်ခပ်သေးသေးလေးများ ဝတ်၍ တူးတူး ကလပ်စ်တက်သွားလျှင် ရှယ်လီက ရယ်ချင်သည်။ 'ဒိညာဉ်လေး လွင့်သွားပြီ'ဟု သူ့အဖော်တွေကို ပြောတတ်သည်။

သို့သော် နှစ်ကုန်ခါနီးတော့ သူ တူးတူးကို ဂရုစိုက်မိပြီ။ တူးတူးသည် ဒေါ်လီတို့နှင့်တွဲကာ အင်းလျားကန်စောင်းတွင် လမ်းလျှောက်လေ့ လျှောက်ထမရှိ။ ညနေစောင်း ဘာလုပ်နေသည်ကိုတော့ မသိ။ နံတလောတော့ တူးတူး ဧည့်ခန်းမှာထိုင်သည်။ သူ့ဘေးမှာ ဧည့်သည်ကျောင်းသားတစ်ယောက်နှင့် ဖြစ်သည်။ ကျောင်းသားက ဘောင်းဘီရှည်ဝတ်လေ့ဝတ်ထရှိသည်။ အသားဖြူဖြူ အရပ်မြင့်မြင့် နည်းနည်းတော့ပိန်၍ ခါးနွဲ့ပုံတော့ရသည်။ စကားပြောလျှင် မျက်လုံးများစင်း၍သွားတတ်ပေမင့် သူ့မျက်လုံးသည် ချစ်စရာတစ်နေခု အာနိသင်ရှိနေပုံရသည်။ တူးတူးကို စိတ်ဝင်တစား စကားပြောနေလျှင် တူးတူး၏မျက်လုံးဝိုင်းကြီးများသည် ဝင်းပြွန်းလဲ့နေသည်။ ထိုသူကလည်း တူးတူးနှင့် စကားပြောနေလျှင် ပတ်ဝန်းကျင်ကို မေ့နေသလို ထင်ရသည်။

တစ်ခါတစ်ရံ မလာသော်လည်း တနင်္ဂနွေညနေတိုင်းတော့ တူးတူးလူသည် မှန်မှန်လာတတ်သည်။

ညနေလမ်းလျှောက်ထွက်ဖို့ ရှယ်လီ ဧည့်ခန်းကိုဖြတ်လျှောက်သွားတိုင်း တူးတူးတို့စုံတွဲကိုမြင်လျှင် ခြေလှမ်းများပင် တုံ့သွားသည်။ ရင်ထဲမှာ တစ်မျိုး



ခံစားနေရသည်။ လမ်းလျှောက်ရသည်ကိုလည်း စိတ်မပါ။ လေလည်း မလော်ချင်သလို ဖြစ်တတ်သည်။ တခြားအတွဲတွေလည်း ဧည့်ခန်းမှာရှိလျက်နှင့် တူးတူးတို့အတွဲကိုမှ သူ စိတ်ဝင်စားသည်။ တူးတူး၏အခန်းဖော် ဒေါ်လီကလည်း သူ့အတွဲ ကိုဖေသိန်းလာလျှင် လမ်းလျှောက်နေကျ။ ဧည့်ခန်းမှာ ထိုင်လေ့ထိုင်ထမရှိ။

သူ့ရင်ထဲမှာ ကလပ်စ်တက်ရင်း တစ်နေ့ တူးတူးဆီလာသည့် လူအကြောင်း ဒေါ်လီကို မေးမိသည်။

'ရခိုင် စစ်တွေက လင်းရွှေအောင်၊ ဆေးကျောင်းသားပေါ့။ နောက်ဆုံးနှစ် အပိုင်း (ခ) ရောက်နေပြီ။ တူးတူးနဲ့တွေ့ကြတာ နှစ်နှစ်လောက်ရှိပြီ။ မိတူးက သိပ်လျှို့ဝှက်တာ၊ ဒီနှစ်မှ အဆောင်လာခွင့်ပေးတာ'

ဒေါ်လီ စကားကြားတော့ ရှယ်လီအံ့အားသင့်သွားသည်။ 'ဒီလိုငါးဖောင်ရိုးခြောက်မျိုးကို ကြိုက်သည့်သူ ရှိသေးသကိုး'ဟု သူထင်သည်။ ပြီးတော့ တူးတူးရည်စားထားပုံကို ရယ်ချင်သည်။ သိုသိပ်တင်းကျပ်လိုက်တာ။

သူကတော့ သတ်သတ်မှတ်မှတ် မရှိသေးပေမင့် လေလော်ဘက်၊ ရုပ်ရှင်ကြည့်ဘက်တွေ၊ ကျောင်းသားတွေ သူ့မှာ တစ်ပုံတစ်ပင်၊ စာရင်းအရတောင် မကုန်သေး။

ဒေါ်လီ့ထံမှ လင်းရွှေအောင် သတင်းကို ဆက်လက်စုံစမ်းမိသည်။ ဒေါ်လီ၏ချစ်သူ ကိုဖေသိန်းနှင့် လင်းရွှေအောင်က တစ်တန်းတည်း။

'လင်းရွှေအောင် မိဘများက စစ်တွေမှာ သူဌေးတွေ၊ အမျိုးတွေက ဘိလပ်ပြန် ဝတ်လုံတော်ရတွေတဲ့...'

'တူးတူးကို လက်ထပ်ခွင့်တောင်းပေမယ့် တူးတူးက နှစ်ယောက်လုံး ဘွဲ့ရပြီးသည်အထိ ဆွဲထားသည်တဲ့'

ရှယ်လီသည် ဒီသတင်းတွေ စုဆောင်းရင်း သူ့ရင်မှ လှိုက်ခတ်လာသော လှိုင်းသံကို သူနားမလည်မိ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တနင်္ဂနွေတစ်ညနေတော့ သူ အထူးအဆန်းတစ်ခု လုပ်လိုက်သည်။ ဇာနိုင်လွန်လက်ပြတ် လည်ဟိုက်နှင့်၊ အဝါနှင့်အစိမ်းပွင့်များ ရောယှက်ထားသော ပါတိတ်လုံချည်ကို ဝတ်လိုက်သည်။ ခုံမြင့်ဖိနပ်ဖြူကို စီး၍ သူငယ်ချင်းတွေနှင့် လမ်းလျှောက်ထွက်ရအောင် ဧည့်ခန်းသို့ဆင်းလာသည်။ ဧည့်ခန်းရောက်ရောက်ချင်း ပြတင်းနားက လင်းရွှေအောင်နှင့် တူးတူးတို့ စုံတွဲဆီ သူ့မျက်စိရောက်သွားသည်။ တူးတူးတို့အနား ရှယ်လီရောက်သွားကာ...

'တူးတူး... ရှယ်လီတို့လမ်းလျှောက်မလို့ လိုက်မလား'ဟု ခေါ်လိုက်၍ တစ်ခါမှ လမ်းလျှောက်မခေါ်ဖူးသော ရှယ်လီက အထူးအဆန်း သူ့ကိုလာခေါ်၍ တူးတူးက အံ့အားသင့်နေသည်။ ရင်ကိုချီကာ အတောက်ပဆုံး အပြုံးနှင့် ရှယ်လီမျက်လုံးများက လင်းရွှေအောင်ကို လွှမ်းခြုံ၍ ပြုံးလဲ့လဲ့ ကြည့်လိုက်သည်။

'တူးတူး မလိုက်ပါဘူး'

တူးတူးက ဖြေလိုက်၍...

'ရှယ်လီတို့ သွားတော့မယ်နော်' နှုတ်ဆက်ကာ ထွက်သွားပုံက ကြွကြွမြူးမြူး။ ခုံမြင့်ဖိနပ်သံ တစ်ဒေါက်ဒေါက်နှင့်အတူ တင်ပါးများက နိမ့်ချည်မြင့်ချည် ကစားသွားကာ လင်းရွှေအောင်ကို မျက်စပစ်သွားကြသည်။

'တူးတူးက သူ့အဆက်နဲ့ စကားပြောနေတာကို သွားနှောက်ယှက်တယ်'

ဒေါ်လီက လမ်းလျှောက်ရင်း ရှယ်လီ့ကိုအပြစ်တင်လိုက်သည်။

'သိသားပဲ၊ မလိုက်ဘူးဆိုတာ သိပေမယ့် လင်းရွှေအောင်ဆိုတဲ့လူကို အနီးကပ်ကြည့်ချင်လို့'

ဒေါ်လီက နှုတ်ဆိတ်နေလိုက်သည်။



ရွှေတိဂုံကုန်းတော်ပေါ်မှာ အင်းလျားဆောင်သူတွေ တန်ဆောင်တိုင်ပွဲကို ကျင်းပတော့ ပင်မတက္ကသိုလ်က သာမက လင်းရွှေအောင်တို့၊ ကိုဖေသိန်းတို့ ဆေးကျောင်းသားတွေရော၊ အင်ဂျင်နီယာကျောင်းသားတွေရော လာကြသည်။

လင်းရွှေအောင်ကို စားပွဲတစ်ခုသို့ အထူးဖိတ်ခေါ်ကာ ရှယ်လီက ဧည့်ခံသည်။ တူးတူးတို့က ကြာဆံချက်ချပေး၊ အချိုပွဲချပေးရုံပဲ။

ဧည့်ခံနေသော ရှယ်လီ၏စကားသံမှာ လင်းရွှေအောင်တို့ မိန်းမောနေကြသည်။ တူးတူးတို့က အလုပ်ရှုပ်နေကြဆဲ၊ ရှယ်လီသည်...

'ဘုရားတစ်ပတ်လှည့်ဖူးရအောင်၊ လင်း ရှယ်လီကို လိုက်ပို့ပါလား' ဆိုလိုက်သည်။

လင်းရွှေအောင် မငြင်းသာ။ ဘုရားရင်ပြင်ပေါ်က လူအုပ်ထဲမှာ ပထမတော့ ယှဉ်လျက်လျှောက်သည်။ လူတွေကြပ်လာတော့ ရှယ်လီက သူ့လက်မောင်းကို တင်းကျပ်စွာဖက်ထားသည်။ တစ်ခါတစ်ခါ လူထုက တိုးဝှေ့လိုက်လျှင် ရှယ်လီသည် လင်းရွှေအောင် ရင်ခွင်ထဲကို ရောက်သွားသည်။ လင်းရွှေအောင်၏နှာခေါင်းမှ ပူနွေးသော အငွေ့တွေ ရှယ်လီပါးပြင်ပေါ် ဖြတ်သန်းသွားသည်။ လူထုက တိုးမရလေ ရှယ်လီဝမ်းသာလေ။ ဧည့်ခံရာ တန်ဆောင်းကို ပြန်မရောက်ချင်သေးပါ။ သွေးဆေးကန်မုခ်ဘက်ရောက်တော့ သူ လင်းရွှေအောင်ခါးကို တအားဖက်ထားသည်။

'လင်း... ရှယ်လီ မူးလာပြီ၊ ဟိုညောင်ကြီးအောက် ခဏသွားနားရအောင်'

သူဆွဲခေါ်ရာကို လင်းရွှေအောင်ပါလာသည်။

'ရှယ်လီ သိပ်မူးလား'

လင်းရွှေအောင်အသံက တိုးညှင်း၍ မှုမမှန်။

www.burmeseclassic.com

www.burmeseclassic.com



'ခုတ္တန်းပေါ်မှာ ထိုင်မလား' ဟု မေးလိုက်သည်။

'ဟင့်...အင်း လူများတယ်၊ တံတိုင်းဘက်ကို သွားမယ်'

သူတို့နှစ်ယောက် လူရှင်းရာ တံတိုင်းဘက်ကို ထွက်လာကြသည်။ တံတိုင်းနားရောက်တော့ ရှယ်လီ သိပ်မူးသည်ဆိုကာ ယိုင်သွားသည်။ လင်းရွှေအောင် လှမ်းဖက်ထိန်းလိုက်၍ လင်းရွှေအောင်လည်ပင်းကို ရှယ်လီက ပြန်ဖက်ထားလိုက်သည်။ ရှယ်လီကိုယ်မှ ရှနယ်ရေမွှေးနံ့က လင်းရွှေအောင်ကို ယစ်မူးမိန်းမောသွားစေသည်။ တန်ဆောင်မုန်းလပြည့်ဝန်းသည် ထိန်ထိန်သာနေပေမယ့် သူတို့နှစ်ယောက်ရှိရာမှာ မှောင်ရိပ်ကျလျက်ရှိပါသည်။

ထိုညက ရှယ်လီ တန်ဆောင်းကိုမပြန်။ လင်းရွှေအောင်ကားနှင့် အဆောင်ကို ပြန်လာခဲ့သည်။

X X X X X

'ဒေါ်လီ အစက မပြောဘူးလား တူးတူး၊ အဲဒီတန်ဆောင်မုန်းလပြည့်နေ့ညက ရှယ်လီတစ်ယောက် တို့များရှိတဲ့ ဇရပ်ကို ပြန်မလာဘဲ လင်းရွှေအောင်က ရှယ်လီကို အဆောင်ပြန်ပို့တာတဲ့၊ ကိုဖေသိန်းတို့ ဆေးကျောင်းသားအုပ်စုတွေ ငါ့ကိုပြန်ပြောပြတယ်။ ရွှေတိဂုံဘုရားကနေ အဆောင်အထိကြားမှာ အချိန်ကာလတွေ၊ နေရာတွေ အများကြီး။ အဲဒီအချိန်တွေ နေရာတွေမှာ အဖြစ်အပျက်တွေ အများကြီးဖြစ်နိုင်တယ်။ အဲဒီကတည်းက လင်းရွှေအောင် ပေါ်မလာတာ မဟုတ်လား'

ဒေါ်လီက စိတ်ပါလက်ပါပြောသလောက် တူးတူးက ငြိမ်သက်နေသည်။ အင်းလျားကန်ရေပြင်ကိုသာ ရူးစိုက်ကြည့်နေသည်။ သူထိုင်နေရာရှေ့ရှိ မြက်ပင်ကလေးများကို နှုတ်ဖြတ်ကာ ရေပြင်သို့လွှင့်ပစ်နေသည်။ မြက်ပင်များသည် အဝေးရေစပ်သို့မရောက်ခင် မြေကြီးပေါ်ကျသွားကြသည်။ တူးတူး၏ချစ်သူ လင်းရွှေအောင်သည် မြက်ပင်ပြတ်ဖတ်လမ်းကို ခင်းသွားလေပြီ။

'တူးတူး ငါပြောတာများ ကြားရဲ့လား၊ မတုန်မလှုပ်နဲ့၊ မင်းကို ဒါကြောင့် ဟိုက ခွာသွားတာ။ ဘာပဲဖြစ်ဖြစ် တုံ့နှေးတုံ့နှေးနဲ့၊ အခုတော့

www.burmeseclassic.com

www.burmeseclassic.com



ပိုပိုသာသာပေးတဲ့ဆီ ပါသွားတာပေါ့၊ မင်းစိတ်ကို နည်းနည်းမှ မထိခိုက်ဘူးလား တူးတူး

ဒေါ်လီက အားမလို အားမရအသံနှင့် တူးတူးပခုံးကို ကိုင်ကာ မေးလိုက်သည်။ တူးတူးက မျက်ရည်ဝဲသောမျက်လုံးများဖြင့် ဒေါ်လီကို ပြန်ကြည့်လိုက်၏။

'မထိခိုက်ဘူးလားဆိုတဲ့ မေးခွန်းကို မမေးပါနဲ့ ဒေါ်လီ။ ဘယ်လို စကားလုံးနဲ့ဖြေရမယ်ဆိုတာ မသိအောင်ကို တူးတူး ထိခိုက်ပါတယ်။ မိန်းမ ကစ်ယောက်နှလုံးသားမှာ ရှိတဲ့အချစ်ရဲ့ အတိမ်အနက်ကို တိုင်းတာဖို့ ကိရိယာ ၂ရှိပါဘူး။ မင်းစကားတစ်ခုကိုတော့ တူးတူးမကျေနပ်ဘူး။ 'ပိုပို သာသာ ပေးတဲ့ဆီ ပါသွားတယ်'ဆိုတဲ့ စကားကို မကျေနပ်ဘူး။ ငါ့တို့ အိုင်အေ ပထမနှစ်မှာ သင်ရတယ်လေ၊ ဒေဝဂုမ္ဘာန်ထဲက ဦးကြင်ဥစကား မင်းမှတ် မိလား၊ 'ပေါကျန်ရှုံးကျန်၊ ငါတို့ကျန် ရောင်းကုန်မဟုတ်' ဆိုတာ။ အခုလည်း တူးတူးပြောချင်တယ်၊ တူးတူး အချစ်ဟာ ချိန်ခွင်နဲ့ ချိန်တွယ်ရောင်းချတဲ့ ရောင်းကုန်မဟုတ်ဘူး။ ပိုပိုသာသာပေးတာ၊ အဆစ်ပေးတာ၊ အလေးခိုးတာ တွေ၊ ကုန်ပစ္စည်းတစ်ခုမှာ သုံးတဲ့စကားလုံးတွေ တူးတူးအချစ်မှာ လာမသုံး ပါနဲ့'

ဒေါ်လီသည် သူငယ်ချင်းဖြစ်သူကိုကြည့်ရင်း စိတ်မကောင်းဖြစ်သွားသည်။ တောင်းပန်သောမျက်နှာထားဟန်ကို ပြောင်းသွားသည်။

'စိတ်မရှိပါနဲ့ တူးတူး၊ မင်းအစား ဒေါ်လီက မခံမရပ်နိုင် ဖြစ်နေလို့ စကားလုံး အသုံးမှားသွားတာ၊ ဒေါ်လီရိပ်မိတာတော့ ကြာပြီ၊ လင်းရွှေအောင် အကြောင်း ဒေါ်လီဆီမှာ ရှယ်လီ ခဏခဏ လာစုံစမ်းနေတာ မင်းကိုတော့ ဖွင့်မပြောမိဘူး'

'ဒေါ်လှိုကို စိတ်မဆိုးပါဘူး၊ အခြေအနေတွေက မတူကြဘူးဒေါ်လီ



ရှယ်လီက နမ္မတူက ဘော်တွင်း အင်ဂျင်နီယာရဲ့သမီး၊ သူ့ဘဝရေ့ရေးဟာ တက္ကသိုလ် ဒီဂရီအပေါ်မှာ မတည်ဘူး၊ ဒီဂရီမရလည်း သူ လင်တစ်ယောက် ရရင် အမြတ်ပဲ။ ဒါကြောင့် သူ့မှာ ကျောင်းသူနဲ့မတူအောင်ကို ဝတ်စားပြီး ရင်းနှီးမြှုပ်နှံရတာ၊ အခု သူ အမြတ်ထွက်သွားပြီ၊ တူးတူးဘဝက ဒေါ်လီ သိတယ်မဟုတ်လား၊ တူးတူးအဖေဟာ ခြံသမား၊ လူ့ငှားကျွေးရှိတယ်ဆိုပေ မယ့် ဒူးရင်းခြံရော၊ စားပင်သောက်ပင်တွေ စိုက်တဲ့ဥယျာဉ်ကော လုပ်ရတော့ မေမေ သိပ်ပင်ပန်းတယ်၊ မေမေ့ ဝင်ငွေနဲ့ တူးတူးကို ဒီဂရီရအောင် မနည်းထား ရတာ၊ ဒီတော့ တူးတူးအဖို့က ဒီဂရီရဖို့က ပထမ၊ ဒီဂရီရဖို့က အဓိက။ မင်းက ဒီတော့ မေးမယ်၊ ဒီလိုဆို ဘာလို့ရည်းစားထားလဲမေးမယ်။ တူးတူး ချစ်စိတ်ကို မထိန်းနိုင်လို့၊ ပြီးတော့ ကိုကိုလင်းဟာ ရှယ်လီနဲ့မတွေ့ခင် တူးတူးအတွက် ချစ်သင့်ချစ်ထိုက်တဲ့ လူတစ်ယောက်၊ မင်းတို့အသိပဲ။ ဒါပေမယ့် မင်းတို့ပြောသလို ပိုပိုသာသာနည်းနဲ့ပဲလား၊ ဘယ်နည်းနဲ့လဲတော့ မသိဘူး။ ရှယ်လီ ကိုကိုလင်းကို ရသွားပြီ၊ တူးတူးအဖို့ သမီးရည်းစားဘဝမှာ ပိုပိုသာသာနည်းတို့ ဘာတို့သုံးပြီး ယောကျ်ားတစ်ယောက်ကို မယူနိုင်ဘူး။ တူးတူး မြတ်နိုးစွာ ထိန်းသိမ်းထားတဲ့ အပျိုစင်ဘဝကို တရားဝင်လက်ထပ်ပြီး တူးတူးမြတ်နိုးတဲ့လူကို ပေးမယ်'

တူးတူးက ပြတ်သားစွာပြောပြလိုက်သည်။

'ဟုတ်ပါတယ်ဟာ… ဒေါ်လီ တူးတူးကို [illegible]ပြောတာ မဟုတ်ပါဘူး။ စကားလုံး အသုံးမှားသွားလို့ပါ။ မင်းပြောတာ ဟုတ်ပါတယ်။ ဒါကြောင့် ရှယ်လီဟာ ကျောင်းတစ်ဝက်တစ်ပျက်နဲ့ လက်ထပ်ရတာ၊ လင်းရွှေအောင်ကလည်း အလုပ်သင်ဆရာဝန်ပဲ ရှိသေးတယ်နော်၊ လက်လွှတ်မခံနိုင်မှန်း ဘယ်လောက်သိသာလဲ

'ဒါပေမယ့် ဘာဖြစ်လဲ၊ ကိုကိုလင်းဘက်ကလည်း ထုထည်နဲ့၊ ရှယ်လို

www.burmeseclassic.com

www.burmeseclassic.com



အတွက်ကလည်း သူ့ လင်ယူတာဟာ သူ့အဖေအတွက် တာဝန်ပေါ့သွားတာ၊ တူးတူးက လင်ယူရင်တောင် အဖေကြီးကို မထားရစ်နိုင်ခဲ့နိုင်ဘူး။ ဆွဲခေါ်သွားရမှာ၊ တူးတူးကို အသင်မကြီးနဲ့၊ တူးတူးအဖေကြီး ဦးအောင်ဆော်အတွက် အိမ်ထောင်ရေးမှာ အမြတ်ထုတ်ရမှာပဲ။ ဖေဖေ့ကို ဦးစားပေးပြီး တူးတူး အိမ်ထောင်ဘက်ရွေးရမယ်၊ တော်ပြီလေ၊ ယောက်ျားတစ်ယောက်ရဖို့အတွက် တက္ကသိုလ်မှာ တီမွန်တို့ ရှနယ်တို့လည်း မသုံးနိုင်ဘူး၊ မက်စ်ဖက်တာနဲ့ ရပ်ဒလီလည်း မသုံးနိုင်ဘူး။ တူးတူးမှာ ကျောက်ပြင်တစ်ချပ်နဲ့ သနပ်ခါးတုံးပဲရှိတယ်၊ လိုချင်ယူ မလိုချင်နေ'

'အေး... အဲဒီစိတ်ဓာတ်ပဲ လိုချင်တယ် တူးတူး။ တို့ထင်သလို မင်းဟာ ခန္ဓာကိုယ်ပျော့နွဲ့သလို စိတ်ဓာတ်တွေပါ ပျော့ညံ့တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ သိရပြီ...' ဒေါ်လီက သူ့ကိုဖက်ကာ အားပေးသလို ပြောလိုက်သည်။

ထိုနေ့က လင်းရွှေအောင်နှင့်ရှယ်လီခေါ် မြကြာဖြူတို့ စထရင်းဟိုတယ်မှာ လက်ထပ်သောညနေခင်းဖြစ်ပါသည်။

ရှယ်လီ၏အခန်းကဏ္ဍက တက္ကသိုလ်နယ်မြေမှာ အောင်မြင်စွာ ပျောက်ကွယ်သွားသည်ဟု ဆိုရပါမည်။

⁂ ⁂ ⁂ ⁂ ⁂

[ ၄ ]

တက္ကသိုလ်နယ်မြေရှိ သူငယ်ချင်းတွေအားလုံးက ရှယ်လီတစ်ယောက် အောင်မြင်မှုသရဖူကို ဆက်လက်ထိန်းသွားကြပြီဟု ထင်သည်။ ကြာတော့လည်း သူတို့အသိုင်းအဝိုင်းလေးမှာ ရှယ်လီကို မေ့ပျောက်သွားကြသည်။

တူးတူးကတော့ ဒီဂရီရပြီး ရူပဗေဒဂုဏ်ထူးတန်း ဆက်တက်ကာ တက္ကသိုလ်မှာ နည်းပြဆရာမ ဝင်လုပ်သည်။ သူ့ရည်ရွယ်ချက်အတိုင်း သထုံတောပိုင်းက ဒူးရင်းခြံကို အငှားချ၍ သီးနှံတွေစိုက်ထားသော ယာခင်းကို ရောင်းချကာ အဖေကြီးကို ရန်ကုန်တစ်ပါတည်း ခေါ်လာခဲ့သည်။ တူးတူးသတင်းကိုတော့ ရှယ်လီ ဘာမှမကြားရတော့ပါ။

လင်းရွှေအောင် ဆရာဝန်ဖြစ်တော့ ဝေ... ပါမြို့လေးကို ပြောင်းလာကြသည်။ သားဦး ဂျင်မီကို မွေးဖွားစကတော့ လင်းတစ်ယောက် 'ဒက်ဒီရေ... သားသားရေ' နှင့် အဆင်ပြေသား။ ဆေးရုံကို အလုပ်ဆင်းပြီး ညဦးပိုင်းတွင် ဆေးခန်းထိုင်သည်။ ညဘက် ဆေးခန်းမှအပြန်မှာတော့ လင်းက တစ်...ယ်တော် သောက်ပွဲလေးကျင်းပသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှယ်လီ... အိမ်မှာ တွေ့ရသောက်တာကို မဆူနဲ့၊ အမြီးလေး အကြော်လေး လုပ်ပေး'

အိမ်နီးချင်း သစ်တောဝန်ထောက်ကတော်ကြီး ဒေါ်ခင်သက်တင်က အိမ်ထောင်ဝါရင့်ပြီဖြစ်၍ ရှယ်လီကို အကြံဉာဏ်ပေးသည်။ ရှယ်လီသည် လင်းအကြိုက် အမြီးနှင့် အရက်ကို အဆင်သင့်လုပ်ထားရသည်။

'တောင်ပေါ်မြို့ဆိုတော့ ရာသီဥတုက အေးတယ် ရှယ်လီ၊ အပြင်ထွက် သောက်ရင်၊ ကလပ်သွားသောက်ရင် ငွေလဲပိုကုန်တယ်၊ ရန်ဖြစ် ဘာဖြစ်နဲ့ စိတ်ညစ်ရတယ်'

'ရှယ်လီတို့ ချမ်းတော့ကော အရက်မသောက်ရဘူးလား မမရယ်'

ရှယ်လီက မေးလိုက်တော့ ကတော်ကြီးက ရယ်နေသည်။ ဘာပဲဖြစ် ဖြစ်လေ၊ လင်း အိမ်မြဲဖို့အရေးကြီးသည်။ သူသည် နမ္မတူမှ ဒက်ဒီကို သတိရသည်။ ဒက်ဒီကလည်း အအေးကို ကာကွယ်ကောင်းလိုက်တာ အရက်သမားကြီး ဖြစ်နေတော့၏။

နမ္မတူမှာ လွတ်လပ်ရေးမရခင်က ဘော်တွင်းသည် အင်္ဂလိပ်ပိုင်ဖြစ်၍ အင်္ဂလိပ်ဆန်သော မြို့လေးဖြစ်သည်။ လွတ်လပ်ရေးရပြီးတော့ မြန်မာအစိုးရ နှင့် အင်္ဂလိပ်ကုမ္ပဏီတစ်ခု တွဲဖက်လုပ်သည်။ ဒက်ဒီကလည်း ကပြားဖြစ်၍ ကလပ်မှာ သောက်ကြရာမှ ယခုတော့ ဒက်ဒီသည် အရက်၏ကျေးကျွန်ဖြစ် သွားပြီ။ မာမီဆုံးပြီးတော့ နောက်ထပ်ယူသော အမျိုးသမီးက ဒက်ဒီနှင့်အတူ သောက်ဖော်သောက်ဖက်။

သူ့မှာ အမေတူ မောင်တစ်ယောက် နောက်မိထွေးနှင့် ညီမနှစ်ယောက် ရှိသည်။ သူ့ဆီကို ခဏခဏ ဒက်ဒီက အကူအညီတောင်းသည်။ ... တတ်နိုင်သဘောက် ကြိုးစားပို့ပါသည်။

သူ့အဖြစ်က အများထင်သလို သူဆောင်းရသော ရွှေသရဖူကြီးသည်



အစစ်မဟုတ်။ လင်းမိဘတွေက သူတို့သားကို ဆရာဝန်ဖြစ်သည်အထိ ကျောင်းထားပေးရသည်။ ရခိုင်ထုံးစံ (အထူးသဖြင့် စစ်တွေ)မှာဆို သမက် အတွက် ကြေးကို မိန်းကလေးရှင်ဘက်က တင်တောင်းရသည်ဖြစ်သည်။ ရှယ်လီတို့ဘက်က ဘာမှတင်မတောင်း၍ လက်ထပ်ပြီးတော့ ဘာမှ လက်မဖွဲ့ လိုက်ပါ။ သူတို့သေမှ လင်းက အမွေရမည်ဆိုသည်။ လက်ထပ်ပွဲကိုလည်း မလာမဖြစ်၍ လာသည့်ပုံစံမျိုး လိုက်လိုက်လှဲလှဲ မရှိလှ။

ဘာပဲဖြစ်ဖြစ် ဒီတုန်းကတော့ လင်းနှင့် လက်ထပ်ဖြစ်ဖို့ပဲ အရေး ကြီးသည်။ အလုပ်သင်ဆရာဝန် အချိန်ပိုင်းက မပြီးသေးတော့ ကမာရွတ်မှာ အိမ်ခန်းလေးငှား၍ သူတို့နှစ်ယောက်နေသည်။ လင်းမိဘတွေက မကျေနပ် ဆိုသော်လည်း လက်ထပ်ပွဲမှာ မိဘများအရှိန်အဝါနှင့် သူတို့ရသော လက်ဖွဲ့ ပစ္စည်းများကို ထုခွဲ၍ ထိုအချိန်ကို ဖြတ်သန်းခဲ့ရသည်။

သားဂျင်မီကို မရခင်က စိတ်ညစ်ဖို့ အချိန်အား မရ။ အဝတ်ကိုယ်တိုင် လျှော်၊ ထမင်းကိုယ်တိုင်ချက်နှင့် ရှယ်လီ အလုပ်နှင့်လက် မပြတ်ပေ။ လင်း က ဆရာဝန်မှုမဖြစ်သေးဘဲ ဝင်ငွေမကောင်းသေးတော့ အိမ်ဖော်တွေလည်း မငှားနိုင်ပါ။ သူ့ကို လင်းက တစ်နေ့နေ့တော့ အိမ်ဖော်နှင့်ဘာနှင့် ထားမည် ဟု ဧင်သည်။

တောင်ပေါ်မြို့လေးရောက်လာ၍ ဂျင်မီကို မွေးပြီးမှ ကလေးမလေး တ ယောက် လင်းက ထားခွင့်ပြုသည်။ ကလေးမလေးမရခင်က လင်း၏ တပည့် ဟန်အေးနှင့် ချက်ရေးပြုတ်ရေးရော အဝတ်လျှော်တာရော သူလုပ်ခဲ့ ရသည်။ အလုပ်များရသည့်အထဲမှ လင်းက စာရေး၍ တပည့်ကျော်ကို ဆေးရုံမှ လွှတ်တတ်သည်။

'ရှယ်လီ– လင်းရဲ့ လူနာတစ်ယောက် ထမင်းပို့မယ့်လူမရှိလို့ သူ့ဖို့ပါ ထမင်းပို့ထည့်ပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ ဆိုသလို ဆင်းရဲသောလူနာတွေအတွက် ယမင်းပို ပို့ခဲ့ရ သည်။

လင်းရသောလခနှင့် ညနေပိုင်း ဆေးခန်းထိုင်ချိန်မှ ဝင်ငွေရပေမင့် လင်းက စာရင်းကိုက် အင်းကိုက် လူတစ်ယောက်ဖြစ်သည်။ နေ့စဉ်သုံး ဈေးဖိုးကလွဲ၍ ရှယ်လီကို မအပ်။ အပိုသုံး လိုအပ်သည်များကို လင်းထံမှာ ရှယ်လီက တောင်းသုံးရသည်ဆိုတော့ ဒက်ဒီထံ ငွေမပို့နိုင်ပါ။

ဘာပဲဖြစ်ဖြစ် သူက အလျှော့ပေးရသောအပိုင်းကို ရောက်လာပြီပဲ ရသည့်ငွေကို စာရင်းနှင့် အင်းနှင့်သုံးစွဲလာရတော့သည်။ အပျိုတုန်းကလို ပါတိတ်ထည်လဲ မဝတ်နိုင်တော့။ သားဂျင်မီကို ကျောင်းထားချိန်မှာတော့ ကျောင်းစရိတ်ကော အဝတ်အစားအတွက်ပါ ပိုပိုသာသာ လင်းကပေးသည်။ ဒီအထဲမှ သူက ပိုအောင်စုရသည်။

ညဉ့်ပိုင်း အရက်မူးလွန်လာလျှင် လင်း ညာဉ်ဆိုးလေး ဝင်လာတတ် သည်။

'တူးတူးရေ...တူးတူး... မိရှယ်လီ– မင်း ငါ့ကို တူးတူးလက်ထဲက လုလာတယ်' အာလေးလျှာလေးကြီးနဲ့ လင်းပြောတတ်သည်။ ကြားကြား ချင်းကတော့ ဒေါသထွက်လာသည်။ ရန်ပြိုင်ဖြစ်ချင်လာသည်။ ဒါပေမဲ့ မူးမူးရူးရူးနှင့် အိပ်ပျော်သွားတော့လည်း ရန်မဖြစ်လိုက်ရတော့ပေ။

နောက်ညတွေမှာ ကြားပါများတော့ သူရိုးသွားပြီ။ တူးတူးကလည်း အနီးကပ် ရှိနေသည်မှမဟုတ်။ သူဝန်တိုစရာမရှိ။ သူတို့၏အတိတ်ဇာတ် ကြောင်းက အင်းလျားကန်စောင်းတစ်နေရာတွင် မြှုပ်ကွယ်သွားပြီ။ သူတို့ မြို့လေး ပတ်ဝန်းကျင်မှာ သူတို့အကြောင်း သိသူမရှိ။

သူ၏အိမ်နီးချင်း ဒေါ်ခင်သက်တင်ကိုတော့ သူအားကိုးသည်။ တစ်မြေ ရပ်ခြားမှာ အိမ်ဖော်မိန်းကလေးတစ်ယောက်ပဲ သူ့အနားမှာရှိသည်။ သူ့နှ



ဒေါ်ခင်သက်တင်က ဝါသနာတူသည်။ တခြားကတော်များလို အားလပ်လျှင် ဖဲစုရိုက်သော အသိုင်းအဝိုင်းကို မဝင်ကြ။ လင်းရွှေအောင့်တပည့်ကျော် ဟံအေးက လင်းသွားရာ လိုက်ရသည်။ ဒေါ်ခင်သက်တင်က အောင်လံဇာတိ ဖြစ်သည်။

ဒေါ်ခင်သက်တင်လာလျှင် သူစကားပြောဖော်ရသည်။ဒေါ်ခင်သက်တင် သည် သူ့ထက် (၁၀)နှစ်လောက် ကြီးသည်။ အရပ်မြင့်မြင့် ထောင်ထောင် မောင်းမောင်း အသားဖြူဖြူနှင့် ရုပ်ရည်မဆိုးလှ။ ဒီဂရီရပြီး အလုပ်ဝင်နေရာမှ သစ်တောဝန်ထောက် ဦးဖေမြင့်နှင့်လက်ထပ်ပြီး အလုပ်မှထွက်ကာ လင်သည် သွားရာ လိုက်နေရသည်။ ဝန်ထောက်ကြီးက ပုပုဝဝ ဗိုက်ပူပူနှင့် စကားပြော လျှင်၊ ရယ်လိုက်လျှင် သူ့မျက်လုံးလေးက ကျဉ်းသွားသည်။ အစဉ်လိုလို ရယ်ပြုံးနေတတ်သည်။ သူတို့အိမ်ဘက်ဆီက ဆူဆူညံညံ မကြားရ။ သား သမီးက မရှိသည့်အပြင် ဒေါ်ခင်သက်တင်က တိတ်တိတ်ဆိတ်ဆိတ် နေတတ် သူ အမျိုးသမီးတစ်ယောက်။ သူ အားလပ်ချိန်မှာ စာဖတ်နေတတ်သည်။ ဒေါ်ခင်သက်တင် နေပုံထိုင်ပုံကို ရှယ်လီ အားကျမိသည်။ သူ့မှာတော့ သား သမီးတွေနှင့်ဆိုတော့ ဒေါ်ခင်သက်တင်လို စာဖတ်ချိန်သိပ်မရ။ ဒေါ်ခင် သက်တင် ရောက်လာလျှင် စာအကြောင်း ပေအကြောင်းကို စိတ်ဝင်စားဖွယ် ပြောတ သည်။ သူကတော့ သူခံစားနေရသော ဝေဒနာတွေကို ထုတ်ဖော် ပြော သည်။

ဒေါ်ခင်သက်တင်က သူ့ကို အမြဲတမ်း နှစ်သိမ့်သည်။ လင်သည်နှင့် ပတ်သက်သော ဝေဒနာမှာ မိန်းမတွေအတွက် ခံစားရမြဲ အာဝေနိက ဒုက္ခတဲ့။

တစ်ခါတုန်းကလည်း သူက လင်းအကြောင်း ရင်ဖွင့်သည်။

'အများက ထင်မှာပေါ့ မမရယ်။ လင်းလို သူဌေးသားကို ရှယ်လီရလာ တာ အောင်မြင်မှုပေါ့။ ဒါပေမယ့် အများထင်သလို လင်းမိဘတွေက ရှယ်လီ

www.burmeseclassic.com

www.burmeseclassic.com



ကို မဆက်ဆံဘူး။ ရှယ်လီမှာ မပေါ့မပါးဖြစ်နေလို့သာ သမီးချင်းစာနာပြီး ပေးစားလိုက်ရတာပေါ့။ လက်ထပ်တုန်းက ကုန်ကျတာလည်း ဒက်ဒီက ခံရတာပဲ။ လက်ထပ်ပြီးတော့လည်း လင်းအဖြစ်ကို မမမြင်တယ်မို့လား။ လူပျိုတုန်းက သောက်တတ်တယ်လို့ မကြားမိပါဘူး...'

ဒေါ်ခင်သက်တင်က ပြုံးနေသည်။ ရှယ်လီကိုတော့ သနားဟန်နှင့် ကြည့်နေသည်။

'လူပျိုတုန်းက သောက်သောက် မသောက်သောက် ခုသောက်လည်း ဘူခြေရရသောက်ရအောင် တို့က ဖန်တီးပေးရမှာပဲ ရှယ်လီ၊ လင့်အကြိုက် လိုက်လျောရမှာက တို့မိန်းမတွေရဲ့ အာဝေနိက ဒုက္ခလို့ ဆိုရမှာပေါ့။ မသောက်တတ်တဲ့ယောကျ်ားရခဲ့ရင်တော့ ဒီမိန်းမ အင်မတန် ကံကောင်းတယ် ဆိုရမှာပဲ၊ မမဆိုရင် သစ်တောဘက်အရာရှိဆိုတော့ လူသူဝေးတဲ့အရပ်တွေမှာ နေရတာ။ ရာသီဥတုကလည်း အေးတော့ သူသောက်တာ ခွင့်လွှတ်ရတာပဲ။ ဒါပေမင့် မိန်းမဖြစ်ရတဲ့ဘဝမှာ တို့မြန်မာမိန်းမတွေဟာ အင်မတန် ကံကောင်းပါတယ်'

ဒေါ်ခင်သက်တင် စကားကို ရှယ်လီက လေးလေးစားစား နားထောင် နေသည်။

'ဟုတ်တယ်လေ၊ မမသိရသလောက် တရုတ်အမျိုးသမီးကို မယူခင်က ယောက္ခမလောင်းတွေက နွားဝယ်သလို သွားဘယ်နှစ်ချောင်းရှိလဲ ရေတွက်ပြီး သွားဖြဲကြည့်တယ်ဆိုတာ၊ တကယ်ရပြီးတော့လည်း ယောက္ခမအိမ်မှာ ကျွန် လို နေရတာ၊ အခု သူတို့ခေတ်ပြောင်းမှ အမျိုးသမီး အခွင့်အရေး မနည်း လိုက်ယူရတာ၊ ဒါတောင် အတွင်းကျတဲ့ နေရာဒေသတွေမှာ ချွေးမကို ကျွန်လိုခိုင်းတဲ့ စနစ်ရှိနေတာပဲ။ လင်သားကလည်း လက်ကပ်ကတည်းက ထည့်လိုက်တဲ့အိမ်ဖော်ကို ခြေတော်တင်ခွင့်ရှိနေတာ၊ လင်သေတော့လည်း



အမွေဆက်ခံပိုင်ခွင့်မှာ မယားက အဓိကမဟုတ်ဘူး။ အိန္ဒိယကျတော့ 'ဒေါင်ရီ' ခေါ်တယ်လေ။လင်ရဖို့ မိန်းကလေးက တင်တောင်းရတာ။ အဲဒီ တင်တောင်းဖို့ ပိုက်ဆံမတတ်နိုင်လို့ ကိုယ့်ကိုယ်ကို သတ်သေကြရတဲ့ အိန္ဒိယသူတွေ အများကြီး။ မမ မဂ္ဂဇင်းတွေထဲမှာ ဖတ်ဖူးတယ်။ လင်ရပြီးတော့လည်း ဒေါင်ရီ မတန်တဆ တင်တောင်းထားရပေမင့် ယောက္ခမတွေက နောက်ထပ် ဒေါင်ရီ ရချင်သေးရင် ဒီချွေးမကို ကြံဖန်သတ်ပြီး နောက်ဒေါင်ရီ တင်နိုင်တဲ့ မိန်းမနဲ့ ပေးစား။ ဒါတွေဟာ အိန္ဒိယမှာ တစ်ပုံတပင်ပဲ။ အိန္ဒိယနဲ့တရုတ် အမျိုးသမီးတွေဟာ 'မဟာဖို' ဝါဒအောက်မှာ ပြားပြားဝပ်နေရတာ။ မြန်မာလို လင်မယားကွဲရင် သရက်စေ့ ထက်ခြမ်းခွဲ နှစ်ဦးပိုင်ပစ္စည်းကို အညီအမျှ ခွဲဝေခွင့် မရဘူး။ သေရင်လည်း တို့မြန်မာတွေအဖို့က လင်သေရင် မယားပိုင်။ မယားသေရင် လင်ပိုင်တာပဲ'

'သူတို့ အရက်သောက်တာ၊ အပြင်မှာ ပျော်ပါးတာကတော့ ဂျပန်မိန်းမတွေရော၊ ထိုင်းမိန်းမတွေရော၊ တခြားနိုင်ငံက မိန်းမတွေပါ လင်ကိုလက်ပိုက်ကြည့်နေရတာပဲ။ ဒီတော့ လင်းအိမ်မှာ သောက်ဖော်ရတာ ကျေးဇူးတင်ပါဦး။ တို့မိန်းမတွေမှာ လင်က မယားငယ်နေ အရက်သောက်ဆိုတာတွေ ဟာ အာဝေနိက ဒုက္ခလို့သာမှတ်။ ထူးဆန်းတာမဟုတ်ဘူး။ ဖြစ်တတ်တဲ့ ဝမ်းနာခေါင်းကိုက်လို့ပဲမှတ်။ ဒါတွေကို စိတ်မချမ်းမသာ မဖြစ်နဲ့။ ကိုယ်နှမ်းစိတ်ပန်းဖြစ်မယ့် ဒီစိတ်သောကတွေနဲ့ အိပ်မောကျနေလို့မဖြစ်ဘူး'

သူ့ဩဝါဒက ဒါပဲဖြစ်သည်။ ရှယ်လီကို တပ်လန့်နိုးလိုက်၏။ ဒေါ်ခင်သက်တင်ကြီး ရှိနေပေလို့ သူ့ကို ဖျောင်းဖျနှစ်သိမ့်ဖော်ရသည်။ ကျေးဇူးတော့ အထူးတင်ပါသည်။ ဒါပေမယ့် သူ့ခွင့်မလွှတ်နိုင်လောက်အောင် နာကြည်းခံခက်ရသော အဖြစ်ကတော့ သမီးအင်နီကို ကိုယ်ဝန်ရှိစဉ်ကဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စနေ၊ တနင်္ဂနွေ ရုံးအားရက်ဖြစ်စေ၊ ဆေးရုံမှ အားလပ်ရက်ရသည်ဖြစ်စေ၊ မြင်းတစ်စီးနှင့် သူ့တပည့် ဟံအေးကိုခေါ်ကာ ဆေးအိတ်နှင့်အတူ ခရီးထွက်သွားသည်။ တောင်ပေါ်ရွာလေးကို ဆေးကုထွက်သည်ဟုဆိုသည်။ မြင်းကိုယ်စီ စီးထွက်သွားသော ဆရာတပည့်နှစ်ယောက်ကို စားသောက်စရာ ပစ္စည်းစုံ ထည့်ပေးရသည်။ တစ်ခါတစ်ရံမှ နေ့ချင်းပြန်သည်။ ညဉ့်အိပ်သည်က များသည်။ တောရွာများမှာ ဆေးရုံဝေး၊ ဆရာဝန်ဝေး၍ လင်းတစ်ယောက် စေတနာ့ဝန်ထမ်း ဆေးကုထွက်သည်ဟုပဲ သူထင်သည်။

အင်နီကို မွေးသည့်နေ့က မိုက်နာလာသည်။ လင်းက မရှိ၊ တောရွာများကို ဆေးကုထွက်နေသည်။ အိမ်မှာ ယောက္ခမဖော်ဟူ၍ သားဂျင်မီပဲ ရှိသည်။ ထမင်းချက်ကလေးမလေးက ခေတ္တအိမ်ပြန်နေသည်။ ထိုညဉ့်က မိုးတွေက သဲလိုက်သည်မှာ အလွန်။ လျှပ်စီးတွေ ဝင်းခနဲလက်၍လက်၍ သွားကြသည်။ မိုးကြိုးပစ်လိုက်တိုင်း သားဂျင်မီသည် သူ့လက်ကို မျက်စိ သူငယ်နှင့် ဆွဲကိုင်ထားသည်။ မိုက်ထဲမှာ နာကျင်မှုပြင်းထန်လာတိုင်း သူသည် သားဂျင်မီလက်ကို နာနာဆုပ်ထားမိသည်။ ဒေါ်ခင်သက်တင်တို့ဘက်ကို ပုမ်းခေါ်ရအောင်က ခြံဝင်းကျယ်နေ၍ အလှမ်းဝေးလှသည်။ မိုးရေထဲမှာ ဂျင်မီကိုလည်း တစ်ယောက်တည်း မလွှတ်ရက်။ သူ့နဖူးမှာ ချွေးသီးချွေးပေါက်တွေ ကျလာသည်။ ဂျင်မီက သူ့မျက်နှာကို ငေးစိုက်ကြည့်နေသည်၊ ဆေးရုံကို ဘယ်လိုသွားရပါ့။ လေက ပြင်းထန်စွာ တိုက်ခိုက်နေသည်။ ခလေသံကြားမှ အိမ်၏အပြင်မှ လူသံကြား၍ အားတက်သွားသည်။ တပည့်ကျော်က တံခါးဝရောက်လာသည်။

'မမ–ဆရာရယ်၊ မြင်းပေါ်က လိမ့်ကျပြီး ခေါင်းကွဲသွားလို့ ဆေးရုံမှာ ဂင်ထားခဲ့တယ်'

ကြားကြားချင်း ရှယ်လီ ထိတ်ထိတ်ပျာပျာဖြစ်သွားပေမင့် သူဘာမှ ဘတ်နိုင်။ သူ့ဝေဒနာက ပိုဆိုးသည်။



'ဟံအေး… မမ မိုက်နာလာပြီ။ ဟိုဘက်က ဒေါ်ခင်သက်တင် သွားပြောပြီး ကားယူခဲ့။ မမကို ဆေးရုံပို့ပေး' သူက ရှုံ့မဲ့ပြောလိုက်၍ ဟံအေး ထွက်သွားသည်။ ဒေါ်ခင်သက်တင်အိမ်က ကားရောက်လာတော့မှ ဂျင်မီပါခေါ်ကာ ဆေးရုံထွက်လာခဲ့ရသည်။ လင်းကို ကြည့်ချင်ပေမယ့် မိုက်က တအားနာလာပြီ။ ဘယ်လိုမှ မဟာန်နိုင်။ ဆေးရုံမွေးခန်းသို့သာ တန်း၍သွားရသည်။

လင်းကိုလည်း ကြည့်ချင်၊ မွေးခန်းခုတင်မှလည်း မထွက်နိုင်။ ဂျင်မီက ဟံအေးနှင့်အတူ သူ့အမေအနားသွားနေရသည်။ သမီးလေးမွေးပြီး သစ်တောဝန်ထောက်ကတော်ကြီးရောက်လာသည်။

'ရှယ်လီရယ် နေကောင်းရဲ့လား၊ ညက ကိုဖေမြင့် နေမကောင်းနေလို့ မမကိုယ်တိုင်မလာနိုင်တာ ခွင့်လွှတ်ပါ။ ကားပဲပေးလိုက်ရတယ်။ ဒေါက်တာအတွက် စိတ်မပူပါနဲ့။ ခေါင်းကို နှစ်ချက်ချုပ်ရတယ်၊ သူ သတိရရင် ရှယ်လီကို လာကြည့်မှာ'

'သတိရရင်တဲ့' သတိမရနိုင်အောင် ဖြစ်သွားသည်ဆိုတော့ ဘယ်လိုဒဏ်ရာများလဲ။ သူကလည်း မထနိုင်သေး။ အိမ်မှာလည်း ထမင်းချက်ကလေးမနှင့် ဂျင်မီပဲရှိသည်။

'မမသက်ရယ် အိမ်လဲဂရုစိုက်ပါနော်၊ သူ့တပည့်က သူ့အနားနေရမှာ' ဒေါ်ခင်သက်တင်ကိုပဲ တဖွဖွမှာမိသည်။ ဒေါ်ခင်သက်တင် ပြန်သွားတော့ ခုတင်ဘေးရှိ သမီးလေးကိုလှမ်းကြည့်ရင်း သူ့ရင်တွေပူလာသည်။ ဆရာဝန်ကတော်ဖြစ်၍ ဆေးရုံက အထူးဂရုစိုက်ကြပါသည်။ ဒါပေမယ့် သူဆေးရုံမှာ ကြာကြာမနေချင်။ အမျိုးသားဆောင်ဘက်က လင်းတစ်ယောက် သူ့ဆီကို ဘာကြောင့် လာမကြည့်နိုင်တာလဲ။ ဒဏ်ရာ ဘယ်လောက်ပြင်းထန်လို့လဲ။ သူ့စိတ်ထဲ သံသယတွေ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံအုပ်ကြီး သူ့ကို သတင်းလာမေးမှ သူ သတင်းမေးကြည့်ရသည်။

'လင်း… ဒဏ်ရာက သိပ်များသလား ဆရာကြီး'

ဆရာကြီးက ပြုံးနေသည်။

'စိတ်မပူနဲ့ရှယ်လီ။ ခေါင်းဆိုတော့ ဂရုစိုက်ရတယ်လေ။ မတော်တဆ အတွင်းဒဏ်ရာက ဦးနှောက်ထဲ သွေးစိမ့်မှာစိုးလို့ နားခိုင်းရတာ၊ စောင့်ကြည့်နေရတာ၊ ခုတော့ မစိုးရိမ်ရတော့ပါဘူး'

ရှယ်လီသည် ကြာကြာမနေလိုတော့ပါ။ သုံးရက်နှင့် ဆေးရုံက ဆင်းလာသည်။ လင်းအဆောင်ကိုသွား၍ လင်းကို ကြည့်ရသေးသည်။ လင်း အခြေအနေကောင်း၍ စိတ်သက်သာသွားသည်။ ရှယ်လီအိမ်ရောက်တော့မှ ဟင်းချနိုင်သည်။ ဘာပဲဖြစ်ဖြစ် အိမ်ရှင်မကိုယ်တိုင် အိမ်မှာရှိနေတော့ မထနိုင်ဘူးဆိုတောင် သူ ခုတင်ပေါ်မှ စီမံခန့်ခွဲနိုင်သည်။ ဒေါ်ခင်သက်တင်ကလည်း လာရောက်ကူညီပါသည်။

တစ်ပတ်လောက်ကြာမှ လင်းရွှေအောင် ဆေးရုံမှဆင်းရသည်။ ခေါင်းမူးတာက တော်တော်နှင့်မပျောက်။ အိပ်ရာပေါ် နားခိုင်းကာ ရေပတ်တိုက်တာ ကျွေးတာမွေးတာအကုန် ရှယ်လီက လုပ်ပေးသည်။ ကလေးက တစ်ဖက်နှင့် ရှယ်လီ တော်တော်ပင်ပန်းသွားသည်။ သွေးနုချိန်ကို သတိမရနိုင်။

သမီးအင်နီ တစ်လရတော့ လင်တော်မောင် သတင်းမှန် ကြားရသည်။ ရှယ်လီသည် လင်း ညဦးဆေးခန်းမှအပြန် အမြည်းတွေ၊ အရက်ပုလင်း ဖန်ခွက်တွေ ပြင်ပေးပြီး သူပါစားပွဲမှာ ထိုင်လိုက်သည်။

'ဒီမြို့လေးမှာ လင်းသတင်းက ပျံ့နေပြီလေ' ရှယ်လီက စလိုက်သည်။

'ဘာသတင်းလဲ…' လင်း အမြည်းကို တစိမ့်စိမ့်ဝါးရင်း ဖန်ခွက်မှ အရက်တစ်ကျိုက်မော့ရင်း မေးလိုက်သည်။

'တောရွာကိုဆေးကုဆင်းတယ် ဆင်းတယ်နဲ့ ရှယ်လီ အဟုတ်မှတ်လို့



လင်း ခေါင်းမှာ ရလာတဲ့ဒဏ်ရာက ရွာက ကောင်မလေးမောင်တွေက ရိုက်လို့ ရတဲ့ဒဏ်ရာကိုး'

ရှယ်လီသည် အသားတွေ ဆတ်ဆတ်တုန်ကာ မျက်ရည်တွေ ကျလာသည်။ သူ့သတင်းက 'အမှန်'။ ဆေးကုဆင်းသည်ကလည်း အမှန်။ ဒါပေမယ့် ဆေးခန်းဖွင့်သည့်အနေနှင့် လင်း မိန်းကလေးအိမ် စတည်းချစဉ်က မောင်တွေက လင်းကို လူပျိုဟုထင်သည်။ ရွာသူရွာသားများကို ဆေးကုသပေး၍လည်း လေးစားကြသည်။ အိမ်မှာ ညအိပ်ခွင့်ပြုသည်။ ခြောက်လလောက်ကြာတော့ လင်းရွှေအောင်က မိန်းကလေးမိဘထံမှာ မိန်းကလေးကို တောင်းသည်။ မောင်ဖြစ်သူတွေ စုံစမ်းတော့မှ လင်းရွှေအောင်မှာ မိန်းမနှင့်ဟု သိလာကြသည်။ မိန်းကလေးနှင့် လင်းရွှေအောင် စကားပြောနေဆဲ မောင်တွေက ဝိုင်းရိုက်လိုက်ကြခြင်းဖြစ်သည်။

'ပြောလေ… လင်း အမှန်ကိုပြောပါ'

လင်းက ရှယ်လီ့အမေးကို မဖြေ၊ ဆက်တိုက်အရက်ကို တစ်ဖန်ခွက်လုံး မော့ချလိုက်သည်။ သူ့မျက်လုံးထဲမှာ ရှယ်လီသည် ချာချာလည်နေပြီ။ ရှယ်လီ ဘာမေးနေသည်ကိုလည်း သူမသိ။ သိတောင် ဖြေလိုစိတ်မရှိ။

'လင်း… သို့ကွာ… လင်းဂုဏ်ကိုလည်း ထိန်းသိမ်းဖို့ သတိရပါဦး'

'ဘာ… ဂုဏ်… သိက္ခာ… ဘာမှမရှိ… ငါ့မှာ ဘာမှမရှိ' လင်းသည် သတိလက်လွှတ်အော်နေသည်။ အခန်းထဲမှ အေမီ၏ငိုသံက ထွက်လာတော့ လင်းနှင့်ဆက်ရန်မဖြစ်နိုင်ဘဲ သူသည် ကလေးရှိရာ ပြေးသွားရသည်။ အေမီ အနားမှာ သားဂျင်မီ လက်ကလေးကိုင်ကာ ချော့နေသည်ကိုမြင်တော့ သူ့ရင်ထဲဆို့သွားကာ ကလေးကို ပွေ့ယူ၍ လှိုက်လှိုက်လှဲလှဲ ငိုမိသည်။ ဂျင်မီသည် သူ့လက်ကိုကိုင်ကာ မျက်နှာလေး ငယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

မိန်းကလေးမိဘများကို ထိုက်သင့်သော လျော်ကြေးပေး၍ အမှုကိစ္စ ပြီးပြတ်သွားရသည်။ သက်ဆိုင်ရာ အသက်လူကြီးများကို ရှယ်လီကိုယ်တိုင် ဝင်ထွက်တောင်းပန်၍ ဌာနတွင်းစုံစမ်းမှု ပြုလုပ်ကာ အပြစ်တစ်စုံတစ်ရာ မပေးဘူးဆိုသော်လည်း မျက်စိမလှ မျက်နှာမလှနှင့် တောင်ပေါ်မြို့လေးမှ အောင်လံသို့ သူတို့ပြောင်းလာရသည်။

မပြောင်းခင် ရှယ်လီ့မိတ်ဆွေကောင်းကြီး ဒေါ်ခင်သက်တင်က သူ့ကို လာရောက်နှုတ်ဆက်၏။

'မမက အောင်လံသူ၊ အောင်လံမှာ မမ အစ်မအကြီးဆုံး ဒေါ်ခင်အေးမေ ဆိုတာ ရှိတယ်။ သူက သမီးတစ်ယောက်တည်းရယ်။ သူ့သမီးက သူနာပြု ဆရာမပဲ။ သူ့နာမည်က သလ်မာ…၊ လိုအပ်တဲ့ အကူအညီတောင်းပါကွယ်'

ရှယ်လီက မျက်နှာညှိုးနေသည်။

'ဘာမှ စိတ်မပျက်ပါနဲ့၊ ဒီမိန်းမမှုကလွဲလို့ သူ လူနာတွေအပေါ်မှာ အင်မတန် ဂရုစိုက် သဘောကောင်းတယ်ဆိုတာ ဒီမြို့လေးမှာ နာမည်ရတာပဲ ဟာ၊ အောင်လံရောက်သွားရင် သူလည်း စိတ်ပြောင်းသွားမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သက်တင်ပြောတာ ဟုတ်ပါသည်။ လင်းသည် အပြင်ဆေးခန်းထိုင်လျှင် ဆင်းရဲသား လူနာကများ၍ လင်းကပင် ဆေးကုရသည်က များသည်။

နောက်တစ်ပတ်အတွင်း အောင်လံကို သူတို့ပြောင်းရွှေ့လာခဲ့သည်။ သူတို့ အောင်လံကို ရောက်စက တိုင်းမင်းကြီး ဦးဘဇံ မရောက်လာသေး။ ယခုမှ ရောက်လာခြင်းဖြစ်သည်။

ရှယ်လီသည် အတွေးစပြတ်၍ ကောင်းကင်ကို မော့ကြည့်လိုက်တော့ လခြမ်းကွေးလေးသည် အနောက်ဘက်မိုးကုတ်စက်ဝိုင်းမှာ အနားယူတော့မည်။ ခုနစ်စင်ကြယ်ပင် အမြီးထောင်ရုံမက တစ်ဘက်သို့ ယိုင်လာပြီ။ အားလုံးမြင်ကွင်းသည် မှုန်ပျပျနှင့်။ သစ်ရွက်တွေ ယိမ်းယိုင်နေသည်ကို မိုးတဝါးမြင်ရသည်။ ကြက်တွန်သံကို အဝေးဆီမှ ကြားရသည်။

ဒေါ်ခင်သက်တင်ပြောသလိုပဲ အောင်လံရောက်မှတော့ လင်းတစ်ယောက် ခြေငြိမ်နေသည်။ အတွေးစရပ်ကာ ကုလားထိုင်မှ ထလိုက်၏။ အခန်းတွင်း ပြန်ဝင်လာကာ ခုတင်နားကပ်လာသည်။ ဓာခြင်ထောင်ထဲမှာ အိပ်မောကျနေသော လင်တော်မောင်သည် ညနေကမှ လတ်လတ်ဆတ်ဆတ်ကြီး တွေ့ခဲ့ရသော တူးတူးကိုများ အိပ်မက်မက်နေမလား။

ခြင်ထောင်ကိုမကာ လင်းအပါးမှ လှဲလိုက်သည်။ လင်မယား နှစ်ယောက်ကြားသည် တစ်တောင်မျှပင် မဝေးပေမယ့် ကန္တာရကြီးခြားနေသလို နှစ်ယောက်ဆက်ဆံရေးက ခြောက်သွေ့လှသည်။

တူးတူးကို ငယ်ချစ်ဦးမို့ မမေ့နိုင်ဘူးဆိုသည်ကို သူခွင့်လွှတ်နိုင်သည်။ ဒါပေမယ့် ဟိုကျေးရွာက မိန်းကလေးနှင့် ဓာတ်လမ်းအသစ် ထွင်လာသည်ကတော့ လင်းဘက်က လွန်လာပြီ။ အထူးသဖြင့် အထက်လူကြီးတွေ



အသိုင်းအဝိုင်းမှာ လင်း သိက္ခာကျခဲ့ပြီ။ တာဝန်မှာ အမည်းစက်ကြီး ထင်ခဲ့ပြီ။ ကလေးနှစ်ယောက်ဆွဲကာ ဒက်ဒီတို့ဆီ ပြန်ရကောင်းမည်လား။ သူ့မှာ ကလေးနှစ်ယောက်ကလွဲ၍ ဘာမှစုမိဆောင်းမိမရှိ။ ဒက်ဒီတို့ လင်မယားက ပင်စင်ယူပြီးဖြစ်၍ သားသမီးများ ပုပ်စာကို ထိုင်စားနေကြရသည်။ သူ့အပျိုဘဝက ကိုယ်တိုင်မောင်းခဲ့သော ကားလေးပင် ရောင်းလိုက်ပြီတဲ့။ အရက်ဖိုးတောင် မလုံလောက်။ ညီမလေးများသည် သူ့လို ဝ ္သိုလ်ကိုပင် မရောက်လိုက်ကြရ။ အထက်တန်းပညာနှင့် ရသောအလုပ်က ဝင်ငွေဘယ်လောက်ရှိမှာလဲ။ တစ်ခါက ဒက်ဒီက ရှင်းရှင်းပဲ စားရေး၍ သူ့ကိုပြောဖူးသည်။

'ရှယ်လီ– မင်းသူဌေးသားရတယ်ဆိုလို့ မင်းမာမီ ရှိစဉ်က နောက်ဆုံးကျန်တဲ့ စိန်လက်စွပ်ရောင်းပြီး မင်းလက်ထပ်ပွဲကို ဒက်ဒီ လုပ်ပေးလိုက်တယ်'

ဟုတ်သည်။ ဒက်ဒီသည် ရှိစုမဲ့စုလေး သူ့လက်ထပ်ပွဲမှာ အသုံးချလိုက်သည်။ ဒါတောင် လင်းမိဘတွေက မကျေနပ်။ ယောက္ခမတွေဆီက ဘာမှမျှော်လင့်စရာမရှိသလို ဒက်ဒီဆီပြန်၍လည်း ဒက်ဒီက မချောင်လည်။ သားနှင့်သမီးတို့ နောင်ရေးက ရှိသေးသည်။ သူသည် ခေါင်းအုံးမှာ မျက်နှာကိုနှစ်လိုက်သည်။ ဂျင်မီနှင့် ခင်နီ၏မျက်နှာက ပေါ်လာသည်။ ကလေးနှစ်ယောက်အတွက် ဆက်လက် ထိန်းချုပ်ရဦးမည်။ ဘာပဲဖြစ်ဖြစ်ပေါ့။ ကလေးတွေအဖေက ဖောက်ပြန် သည်ပဲထား။ သူတို့ဖခင် သူတို့ရှေ့မှာ မားမားရှိနေသေးသည်ဆိုသည်က သားတို့အတွက် အင်အားမဟုတ်ပါလား။ သားနှင့်သမီးတို့ စိတ်ဓာတ်မ ကျဖို့က အရေးကြီးသည်။ ( င်ပေါ်မြို့ကလေးက ပြောင်းလာကတည်းက ကလေးတွေရှေ့မှာ လင်းနှင့် ရန်မဖြစ်မိအောင် နေသည်။ ဒါပေမယ့် ခေါင်းအုံးပေါ်မှာတော့ သူ့မျက်ရည်တွေ စိုရွှဲနေသည်။

လင်းကို ရရှိရေးအတွက် သူ အားထုတ်ကြိုးပမ်းခဲ့သော အချိန်ကို ပြန်တွေးမိလျှင် အစက ရင်ဖိုသည်။ ယခုတော့ သူ ထိတ်လန့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ချိန်က တက္ကသိုလ်ပတ်ဝန်းကျင်မှာ သူ့လို ကွန်ဗင့်ကျောင်းထွ
ကျောင်းသူတွေနှင့် မြန်မာဆန်ဆန်ကျောင်းသူတွေအလယ်မှာ သူက ကေ
(Queen) ကွင်းဆိုသည်က မိဖုရားပဲ။ သူက မိဖုရားထက်သာသည်။ (Em
press) ဧကရီဘုရင်မ။ ရှယ်လီ၏ နှင်းဆီငုံ နှုတ်ခမ်းအစုံက ဆွဲဆော
အရှိဆုံး၊ တပ်မက်စရာအကောင်းဆုံးဟူ၍ ကျောင်းသားတွေ သတ်မှတ်ထ
သည်။ နှုတ်ခမ်းအလှပိုင်ရှင် ဧကရီအဖြစ် လင်းကိုလက်ထပ်ခြင်းဖြင့် ဆော
ခြင်း သရဖူကို ဆောင်းခဲ့စဉ်က သူ၏ဝမ်းမြောက်ပျော်ရွှင်မှု ပီတိ
လှိုင်းယာခဲ့ရသည်။ ခုတော့ သူ့ခေါင်းပေါ်မှ သရဖူသည် ရွှေစင်နှင့်လုပ်ထား
မဟုတ်။ တစ်စစီ ကျိုးပဲ့နေသော ရွှေရည်စိမ်သရဖူဖြစ်နေသည်ကို တွေ့ရ
ထိတ်လန့်မိသည်။ ကျောက်သံပတ္တမြားတွေကလည်း ကျွတ်ထွက်နေသ
ပြန့်ကျဲနေသော ရတနာတွေကို သူကောက်ကြည့်လိုက်တော့ ချက်ကျေ
များ ဖြစ်နေသည်။

သူ့ရင်မှဖြစ်လာသော ရင်သွေးငယ် ရတနာအစစ်နှစ်ယောက်ကို 
ပိုက်ကာ လင်းနောက်ကို ဆက်လက်လိုက်ဖို့ သတ္တိမွေးရဦးမည်။ ထိတ်
စရာကောင်းသော သရဖူ အကျိုးအပဲ့ကြီးကိုလည်း ဆက်လက်ဆောင်း
ရဦးမည်ပေါ့။ လွှတ်ပစ်၍လည်း မရနိုင်ပါ။

ℵ ℵ ℵ ℵ ℵ

[ ၆ ]

'ဒေါက်တာ ပြန်ရောက်ပါပြီလား'

အိမ်ရှေ့မှ အသံကြား၍ ရှယ်လီ ထွက်လာသည်။

'ဘာကိစ္စရှိလို့ပါလဲ၊ ဆေးခန်းမှာရှိပါတယ်'

ရှယ်လီက ဧည့်သည်အမျိုးသားကို နေရာပေးပေမယ့် ဧည့်သည်က မထိုင်။

'ခု ကိုးနာရီထိုးနေပြီ၊ ဆေးခန်းက ရှစ်နာရီက ပိတ်သွားတော့ ကလပ်မှာလည်း မရှိလို့ အိမ်လိုက်လာတာပါ။ လူနာနည်းနည်းအရေးကြီးနေလို့၊ ကျွန်တော် သွားတော့မယ်'

ဧည့်သည်ထွက်သွားရာကို ငူငူကြီး ကြည့်နေမိသည်။ ဆေးခန်းက ညနေခြောက်နာရီမှ ရှစ်နာရီထိ ဖွင့်သည်။ ယခုထိ ဆေး‌ခန်း‌က လင်း ပြန်မရောက်လာသေး။ ကလပ်မှာလည်း မရှိဆိုတော့ လင်းတစ်ယောက် ဓာတ်လမ်းအသစ်များ ထွင်ပြန်ပြီလား။

ကိုးနာရီ— ဟုတ်ပါ့။ ကလေးများပင် အိပ်ရာဝင်ကြပြီ။ သူသည် ဧည့်ခန်းမှာထိုင်ရင်း စောင့်နေသည်။ ဆယ်နာရီထိုးမှ ကားဆိုက်သံကြား၍

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဗာပည့်ကျော်က ဆေးအိတ်ဆွဲကာ လင်း အိမ်ထဲဝင်လာသည်။

'ဆိုင်းကိုတွေ့ချင်လို့ လူနာရှင်တစ်ယောက် လာခေါ်တယ်'

ရှယ်လီက ဒါပဲပြောလိုက်၏။ ဆေးခန်းက ရှစ်နာရီပိတ်တာ၊ ဆယ်နာ ရီထိ ဘယ်သွားနေလဲဆိုသော မေးခွန်းကိုပင် သူမမေးရဲ။ ကလပ်မှာ မတွေ့ခဲ့ သည်ကိုလည်း သူ မပြောတော့။

'လူနာတစ်ယောက် အရေးကြီးလို့ သွားကြည့်ရတယ်၊ အပြန်ကျတော့ လည်း သလ်မာကို လိုက်ပို့ရသေးတယ်'

လင်းက ဒါပဲပြောကာ အိပ်ခန်းထဲ ဝင်သွားသည်။

အမြည်းတွေ အရက်တွေ ဘာမှ မတောင်းတော့။ အိပ်ရာထဲ တန်းဝင် သွားသော လင်တော်မောင်ကို သူအံ့ဩနေသည်။ အိပ်ရာဝင်တော့ လင်း ပါးစပ်က အရက်နံ့ရနေသည်။ ကလပ်မှာလည်းမသောက်၊ အိမ်မှာလည်း မသောက်။ ထူးထူးဆန်းဆန်း တစ်နေရာရာမှာတော့ သူ အရက်သောက်လာခဲ့ ပြီ။ သူငယ်ချင်းတစ်ယောက်က တိုက်တာပဲဖြစ်ပါစေတော့။ ကလပ်ကို သွားနေသည်ဆိုလျှင် တော်သေးသည်။

တောင်ပေါ်မြို့တုန်းကလည်း ကလပ်ကို မသွားတော့ဘဲ အပြင်မှာ ဇာတ်ထုတ်အသစ် ခင်းလေတော့ ယခု ကလပ်မသွားတော့သည်ကို သူစိုးရိမ် လာရတော့သည်။ ဘယ်မှာ ဘယ်သူနှင့် သောက်သလဲ။ အောင်လံရောက် တော့ လင်း ဂျစ်ကားတစ်စီးဝယ်သည်။ ကိုယ်ပိုင်ကားနှင့်ဆိုတော့ လင်း ပို၍ အပြင်မှာခြေသွက်သည်။ တောင်ပေါ်မြို့လေးမှာတော့ မြင်းနှင့်။ ယခု အောင်လံမှာတော့ ကားနှင့်။ လင်း ခြေနင်းစကြာရနေပြီ။

နောက်နေ့ လင်းဆေးရုံသွားနေစဉ် နံနက်စာအတွက် တပည့်ဒရိုင်ဘာ ဟံအေး ထမင်းလာယူသည်။ ထမင်းချိုင့်များကို ပြင်ဆင်ပေးရင်း ရှယ်လီ ဇကားစသည်။



'ဟံအေး...၊ မင်းဆရာကို မင်းချစ်သလား'

ဟံအေးသည် ရုတ်တရက် မေးခွန်းအဓိပ္ပာယ်ကိုနားမလည်၊ ကြောင် တက်တက် ဖြစ်နေသည်။

'မမ... မေးနေတယ်လေ'

'ဟုတ်ကဲ့... ချစ်ပါတယ်'

ရှယ်လီ မေးခွန်းကို ကတုန်ကယင်နှင့် ဖြေလိုက်၏။

'မင်းဆရာ ခေါင်းကွဲခဲ့ရတုန်းက အဖြစ်ကို မင်းကောင်းကောင်း သိတယ်မဟုတ်လား၊ အလုပ်ပြုတ်မလိုဖြစ်ခဲ့ပေမယ့် ဆရာကောင်း သမား ကောင်းတွေ မစ၊ မမ အပေါင်းအသင်းကောင်းလို့၊ ဆေးရုံအုပ်ကြီးတွေကပါ ဝိုင်းကူလို့၊ မင်းဆရာ အလုပ်မပြုတ်တာ။ မင်းဆရာကို မင်းချစ်ရင် မင်းက ထိန်းရမယ်'

ဟံအေးသည် အဓိပ္ပာယ်ကို နားမလည်သေးပုံရသည်။

'အခုကော ဘာဇာတ်ထုတ်သစ် ခင်းလာပြန်ပြီလဲ၊ ဆေးခန်းက ၈ နာရီ ပိတ်တယ်၊ ၁၀ နာရီမှ အိမ်ပြန်ရောက်တယ်၊ ကလပ်လဲ မသွား၊ အိမ်မှာလဲ မသောက်၊ ပါးစပ်ကတော့ အရက်နံ့ ရနေတယ်၊ မမ ဘဝမှာ ... အရက်သောက်တာ မထူးတော့ဘူး၊ ဘယ်လောက်သောက်မလဲ၊ စည် ... နဲ့ ထည့်တိုက်ရမလား၊ စည်ပိုင်းထဲဝင် အရက်နဲ့ ရေစိမ်ဦးမလား၊ မမ ... ပေးမယ်၊ အခု ဘယ်မှာ ဘယ်သူနဲ့သောက်သလဲ၊ သောက်ရုံက အရေး မကြီးဘူး၊ ဟိုတစ်ခါလို ပြဿနာပေါ်လာလို့ အလုပ်ထိခိုက်ရင် မင်းဆရာ မသက်သာဘူး'

ဟံအေးသည် သက်ပြင်းချလိုက်၏။

'မမ... မင်းဆရာကို မဆူပါဘူး။ မင်းနဲ့ မမနဲ့ ဝိုင်းပြီးကူထိန်းရမှာ၊ မင်းဆရာကို တစ်ခုခုဖြစ်မှာ မသနားဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



ဟဲအေးသည် ငိုင်နေရာမှ ကြိုးစား၍ စကားပြောလာ၏။

'ဆေးခန်းပိတ်ရင် ကျွန်တော့ကို ဆေးခန်းမှာထားခဲ့ပြီး ဆရာမ သလ်မာကို သွားပို့တယ်၊ ပြီးမှ ပြန်လာပြီး ကျွန်တော့်ကိုခေါ်တာပဲ သိတယ်'

'ဆရာမ သွားပို့တာ တစ်နာရီလောက်ကြာတယ်ဆိုတာ ဖြစ်နိုင်မလား'

ဟဲအေးသည် ခေါင်းကုတ်နေ၏။

'ကျွန်တော် ဒါပဲသိတာပါ၊ မမ စုံစမ်းနိုင်ပါတယ်'

'ကဲ– ဒါဖြင့် သွားတော့၊ မမ မင်းကိုမေးတာတွေ မင်းဆရာကို ပြောမပြနဲ့နော်၊ မင်းဆရာ ဒုက္ခရောက်မှာစိုးလို့ မမ စုံစမ်းရတာ'

ဟဲအေး ထွက်သွားတော့ သက်ပြင်းကြီးချမိသည်။ လင်း မီးစာမွေး လာပြီဖြစ်လေတော့ ရင်ထဲမှာ ပူလာရပြန်သည်။ နောက်နေ့ညဦးမှာ သူ့ မိတ်ဆွေတစ်ယောက်ဆီက ကားငှားလိုက်သည်။ လင်း ဆေးခန်းထွက်သွား တော့မှ ဆေးခန်းနားက သူ့မိတ်ဆွေအိမ်ကို ရှယ်လီကိုယ်တိုင် ကားမောင်း ထွက်သွားသည်။ ည ခုနစ်နာရီလောက်ဖြစ်၍ ရှယ်လီကို ဘယ်သူမှ မမြင်နိုင်။

ရှယ်လီသည် မိတ်ဆွေအိမ်မှာစောင့်နား၍ ဆေးခန်းကို စောင့်ကြည့် ပြီးနေသည်။ ည၉နာရီ ဆေးခန်းပိတ်တော့ ဆေးခန်းထဲမှ လင်းရွှေအောင် နှင့် ဆရာမသလ်မာ ထွက်လာသည်။ လက်ထဲမှာ ပစ္စည်းထည့်ထားသော ခြင်းတောင်းကို ဆရာမက ကိုင်ထားသည်။ ကားပေါ် နှစ်ယောက်သား တက်ကာ မောင်းသွားတော့မှ ရှယ်လီနောက်က ဖြည်းညင်းစွာ လိုက်သွား သည်။ လင်းတို့ကားသည် သလ်မာတို့အိမ်ဘက်ကို မမောင်း။ မြို့ပြင်ကို မောင်းသွားသည်။ သစ်ခွနှင့် မာလကာပင်တွေ အများအပြားစိုက်သော ဦးကျော်အေးခြံအဝမှာ ကားကို ခေတ္တရပ်လိုက်သည်။ တစ်စုံတစ်ယောက်က ခြံတံခါးကို လာဖွင့်ပေးတော့ လင်းရွှေအောင်က ခြံထဲဝင်သွားသည်။

ရှယ်လီသည် နောက်လှမ်းလှမ်းမှာ ကားကိုရပ်ကာ စောင့်ကြည့်ရင်း ခြံတံခါးပြန်အပိတ်မှာ သူ လှည့်ပြန်လာသည်။ ကားကို သတိနှင့်မောင်းရင်း ဦးကျော်အေးအိမ်ရှိရာ မြို့လယ်ကို သူမောင်းလာသည်။



ဦးကျော်အေးတို့ မိသားစုမှာ လင်းတာဝန်ယူ ကုနေရသော မိသားစု ဖြစ်၍ အလွန်ပင် သူတို့နှင့် ရင်းနှီးသည်။ ရှယ်လီကို ဦးကျော်အေးတို့ လင်မယားနှစ်ယောက်လုံး ဆီးကြိုကြသည်။

'ညကြီးမင်းကြီး ရှယ်လီ ဘာဖြစ်လာတာလဲ'

ဦးကျော်အေးဇနီး သန်းသန်းက ဆီးကြိုမေးသည်။

ရှယ်လီသည် ဣန္ဒြေဆောင်ပေမယ့် စိတ်ကိုထိန်းရင်းမှ မျက်ရည်ကျ လာသည်။

'ဒီမြို့မှာ ရှယ်လီက သူစိမ်းပါ၊ မမသန်းတို့ မြို့ခံတွေကို ရှယ်လီ အားကိုးနေရတာပါ၊ ရှယ်လီကို ရှင်းရှင်းလင်းလင်း ဖွင့်ပြောကြပါ'

ရှယ်လီက မျက်ရည်တွေတွေကျရင်း သူမြင်ခဲ့သမျှ ပြောပြသည်။ ဦး ကျော်အေးက ငြိမ်သက်စွာ နားထောင်နေရင်းမှ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

'ရှယ်လီတို့ ကျေးဇူးတွေ ကျွန်တော်တို့အပေါ် အများကြီးရှိပါတယ်။ သန်းသန်းအသက်ကို ကယ်ခဲ့တာ ဒေါက်တာ လင်းရွှေအောင်ပါ။ သူဟာ ကျွန်တော်တို့အိမ်ထောင်ရဲ့ မိသားစုဆရာဝန်ပါ။ ခုလည်း သူ ညဦးပိုင်း အေးအေးဆေးဆေး နားချင်တယ်၊ ခြံထဲလာချင်တယ်ဆိုလို့ ကျွန်တော်က ခြံ ကင်ကို မှာထားပြီး ခြံထဲမှာ နားခွင့်ပြုထားတာ၊ ဆရာမနဲ့ကိစ္စတော့ တော် လုံးဝမသိပါဘူး။ ကျွန်တော်တို့အပေါ်မှာ အထင်မလွဲပါနဲ့'

ဦးကျော်အေးက စိတ်ထိခိုက်စွာ ရှင်းပြနေသည်။

'ဒီလိုလုပ်လေ ရှယ်လီ၊ မနက်ကျ မမသန်း ခြံစောင့်ကို ခေါ်မေးပေး ယ် ဟုတ်လား၊ ညဦးနက်ပြီ၊ ရှယ်လီ ပြန်တော့၊ တစ်ယောက်တည်း ကားမောင်းလာတာလား'

'တစ်ယောက်တည်းပေါ့ မမရယ်၊ ရှယ်လီ သေလဲ အေးတာပါပဲ။ မတို့မောင်ကို မမတို့ ကူထိန်းပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီက ဦးကျော်အေးတို့ကို နှုတ်ဆက်ကာ ပြန်လာသည်။ လင်းအရင် သူကစော၍ အိမ်ကိုပြန်ရောက်သည်။ ထိုညက လင်းကို ဘာစကားမှ မပြောတော့။ ပြောတော့ကော အကြောင်းက ထူးမည်မဟုတ်။ ရန်ဖြစ်ရုံပဲ။ သူ ရန်မဖြစ်ချင်တော့။ အထူးသဖြင့် ကလေးတွေ ကြီးလာလေလေ သူ ရန်ဖြစ်ဖို့ ရှောင်လေလေဖြစ်သည်။

နောက်နေ့ လင်း ဆေးရုံသွားတော့ မမသန်း ပေါက်လာသည်။

'ကဲ— ရှယ်လီ၊ ခြံစောင့်က ပြောတယ်၊ ခြံထဲက အိမ်လေးမှာ သူ့ တံခါးဖွင့်ပေးရုံပဲတဲ့။ အကြော်တွေ အမြည်းတွေ ဆရာမက လုပ်ပေးပြီး အဲဒီအိမ်မှာ သူတို့နှစ်ယောက် အရက်သောက်ကြတာပါပဲတဲ့။ သူက 'သူ့ တန်းလျား ပြန်နေတာ၊ ဆယ်နာရီ ပြန်ကာနီးမှ သူ့ကိုလာခေါ်လို့ ခြံတံခါး လိုက်ပိတ်ရတာပဲတဲ့'

မမသန်းက ခရီးရောက်မဆိုက် ထမင်းစားပွဲမှာတင် ထိုင်ကာ ပြောပြနေသည်။

'ရှယ်လီ ဘာလုပ်ချင်သလဲ ပြော၊ ရှယ်လီ ကျေနပ်သလို မမသန်း စီစဉ်ပေးဖို့ အဆင်သင့်ပဲ။ ဒီခြံထဲကအိမ်ကို မပေးရဘူးဆိုလည်း သော့ပြန်သိမ်းပေးမယ်'

ရှယ်လီသည် တွေနေသည်။ မမသန်းတို့ကိုလည်း သံသယရှိစရာမလိုတော့ပါ။ သူ စဉ်းစားရသမျှ ပြောပြသည်။

'မမသန်းရယ်— ခြံထဲက အိမ်သော့ကို ပြန်သိမ်းလိုက်ရင် မမသန်းတို့နဲ့ လင်း မျက်နှာပျက်စရာ ဖြစ်လာမယ်'

ရှယ်လီသည် သက်ပြင်းလေးချကာ ခေတ္တရပ်နေ၏။

'လင်းရဲ့အကြောင်းကို ရှယ်လီနဲ့ မမသန်းတို့ အခုမှ သိရတာ၊ ဒီအကြောင်းဟာ မြို့ထဲမှာတော့ သတင်းပျံ့နေရောပေါ့နော်— မမသန်း'



မမသန်းက ခေါင်းညိတ်၍ပြ၏။

'ရှယ်လီ တစ်နည်းတစ်ဖုံ ကြံပါဦးမယ်၊ ခုတော့ ပိုနေမြဲ ကျားနေမြဲ ထားလိုက်ပါလေ၊ သိပ်ဆိုးဆိုးဝါးဝါး မဖြစ်ခင် ရှယ်လီတို့ အခြေအနေကို ထိန်းသိမ်းနိုင်မှာပါ။ ရှယ်လီမှာ အရေးအကြောင်းရှိလို့ ကားတောင်းရင်သာ မမသန်း ပို့ပေးပါနော်'

'စိတ်ချပါညီမရယ်၊ မမသန်းတို့လည်း စိတ်မကောင်းပါဘူး။ ဒီပြဿနာမှာ မမသန်းတို့ အလိုတူအလိုပါ မဟုတ်ဘူးဆိုတာပဲ ရှယ်လီ သိစေချင်တယ်'

'မမသန်းတို့ကို ယုံပါတယ်'

'တို့မိန်းမတွေမှာ ရှယ်လီ မရခင်က တို့အလှဟာ ယောကျ်ားငှက်ကို ဆွဲငင်နိုင်ဖို့ စွမ်းအားရှိပေမင့် သူတို့ကိုရပြီးရင် တို့က ယုယပြုစုနိုင်မှ၊ သည်းခံနိုင်မှ သူတို့ကို ထိန်းထားနိုင်မှာ၊ သည်းခံပါ ရှယ်လီ၊ မမသန်းပြန်မယ်'

စေတနာကောင်းနှင့် ကရုဏာအပြည့်ပါသော မမသန်းစကားကို နားထောင်ရင်း ရှယ်လီ မျက်ရည်တွေ ဝဲလာသည်။ မမသန်းကို ကားပေါ်ထိ လိုက်ပို့လိုက်သည်။

အိမ်ထဲ ပြန်ဝင်လာကာ ဆရာမ သလ်မာအကြောင်းကို တွေးလာသည်။ ဒေါ်ခင်သက်တင်၏တူမ။ အောင်လံမှာ သူတို့စရောက်ရောက်ချင်း တွေ့ရ သော ပထမဆုံးမိတ်ဆွေ။ ဒေါ်ခင်သက်တင် မိတ်ဆက်စာနှင့် သူတို့ကို အစစ ကူညီခဲ့သည်။ လင်းရွှေအောင်၏ ဆေးခန်းမှာပါ သူနာပြုဆရာမအဖြစ် ဝင်လုပ်ပေးသည်။ ဒေါ်ခင်သက်တင်ထံကိုပဲ စာရေးတိုင်ကြားရကောင်းမည်လား။ ဒေါ်ခင်သက်တင်တို့ရော တောင်ပေါ်မြို့လေးမှာ ရှိပါဦးမလား။ ဒါမှ မဟုတ် ဒေါ်ခင်အေးမေဆီကို တိုက်ရိုက်သွား၍ သလ်မာအကြောင်း တိုင်ရကောင်းမည်လား။ အသွားကြီးကလည်း ကောင်းကောင်းမမာ။ လင်းကိုယ်တိုင် ကုပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားကို သွား၍ လက်ညှိုးငေါက်ငေါက် ထိုးသည်ထက် ကိုယ့်ဘက်ကလူ ကိုယ်နိုင်အောင်ထိန်းကာ ပြဿနာကို ဖြေရှင်းဖို့ပဲလိုသည်။ လင်းကို ထိန်းထိန်းသိမ်းသိမ်းနှင့် လက်ဦးမှုရယူနိုင်အောင် စီစဉ်ရမည်။ သလ်မာကို သွားရောက်ရင်ဆိုင်ဖို့ အစီအစဉ်ကို သူလက်လျှော့လိုက်သည်။

သူ့ခေါင်းထဲမှာ အကြံဉာဏ်တစ်ခု ရလာသည်။ မျက်နှာအောက်ချရမည့်အလုပ်၊ လင်းအတွက် အောက်ကျပါရစေလေ၊ လင်းရော သလ်မာရော မသိအောင်-သူ ပိပိရိရိ လုပ်နိုင်လျှင် ဒီပြဿနာ ပြီးပြတ်သွားနိုင်သည်။

စနေနေ့ည အိပ်ရာဝင်ခါနီးမှာ ရှယ်လီက လင်းရွှေအောင်ကို ပြောလိုက်သည်။

'လင်း… နက်ဖြန် တနင်္ဂနွေနေ့ ရှယ်လီနဲ့ ကလေးတွေ နယ်ပိုင်ကတော်နဲ့အတူ မကွေး မြသလွန် ဘုရားဖူးသွားမလို့၊ မနက်စောစော ထွက်သွားမယ်၊ လင်းနဲ့ဟံအေး စားသောက်ဖို့ ရှယ်လီ အားလုံးလုပ်ထားခဲ့တယ်။ လင်း အပြင်သွားချင်လဲ အိမ် သော့ခတ်ခဲ့ပေါ့'

ရှယ်လီ အသံက ပေါ့ပါးသွက်လက်လွန်းနေ၍ လင်းက အံ့အားပင်သင့်နေသည်။ အမှန်တော့ ရှယ်လီပြောချင်သည်က 'နက်ဖြန် ဆရာမနဲ့အတူ ခြံထဲကို လင်းသွားပေတော့'ဟူ၍သာ ပြောချလိုက်ချင်သည်။ ရှယ်လီ မပြောလည်း လင်းရွှေအောင် တနင်္ဂနွေအားလပ်ရက်ကို သူ့စိတ်တိုင်းကျ အသုံးချမည်ဖြစ်သည်။

ꩤ ꩤ ꩤ ꩤ ꩤ

[ ၇ ]

တနင်္ဂနွေနေ့မှာ နယ်ပိုင်ကတော်နှင့် တခြားအရာရှိကတော်လေးများက ကားနှစ်စီး။ ရှယ်လီနှင့် ကလေးတွေက မမသန်းကားနှင့်တစ်စီး။ ကားသုံးစီးထွက်လာသည်။ မြသလွန်ဘုရားရောက်တော့ ကလေးများကို နယ်ပိုင်ကတော်လက်ထဲအပ်ခဲ့ကာ ရှယ်လီ ကားယူ၍ ထွက်လာခဲ့သည်။

သူ့ကားကို တိုင်းမင်းကြီးခြံထဲ မောင်းဝင်လာတော့ တူးတူးအိမ်တံခါးဝမှာ ဆီးကြိုနေသည်ကို တွေ့ရသည်။ တူးတူးက ကားပေါ်မှဆင်းလာသော သူ့လက်ကို လှမ်း၍ကိုင်လိုက်သည်။

'မနေ့က ရှယ်လီဆီက ဖုန်းရကတည်းက ဝမ်းသာနေတာ၊ ကြိုတင်ချိန်းပြီးမှ လာရမယ့်လူတွေ မဟုတ်ပါဘူး ရှယ်လီ။ တူးတူးသူငယ်ချင်းတွေအတွက် အိမ်တံခါး အမြဲဖွင့်ထားပါတယ်'

တူးတူးစကားပြောရင်း သူ့ကို ဧည့်ခန်းသို့ ခေါ်သွားသည်။

'ထိုင်… ရှယ်လီ'

ရှယ်လီက ထိုင်ရင်း ကျယ်ဝန်းသပ်ယပ်သော ဧည့်ခန်းကို မျက်စိဝေ့၍ကြည့်လိုက်ရာ ဧည့်ခန်းထောင့်တွင် တူးတူးနှင့် တိုင်းမင်းကြီး မင်္ဂလာဆောင်

www.burmeseclassic.com

www.burmeseclassic.com



စဉ်က ရိုက်ထားသည်ထင်သည့် စုတ္တဲဓာတ်ပုံအကြီးကြီးကို ခုံတစ်ခုပေါ်မှာ ထောင်ထားသည်။ တူးတူးက ဘီးဆံထုံးနှင့် ပဝါစုံချထားသည်။ တိုင်းမင်းကြီးက ခေါင်းပေါင်းနှင့် တိုက်ပုံရှိုးရှိုး ချိတ်ပုဆိုးဝတ်ထားသည်။ ချိတ်လုံချည်က တူးတူးနှင့်ဆင်တူ။ ဓာတ်ပုံ၏ကျက်သရေက ညှိခန်းကို လွှမ်းမိုးနေပုံရသည်။

'တူးတူး တခြားများ ခရီးထွက်နေမလား၊ တစ်ယောက်ယောက်နဲ့ ချိန်းထားမလားလို့ ကြိုဆက်တာပါ။ တူးတူးစေတနာကို ရှယ်လီ နားလည်ပါတယ်'

'အတော်ပဲ၊ တူးတူး မန္တလေးကြာဆံချက် ချက်ထားတယ်၊ စားသောက်ပြီးမှ အေးအေးဆေးဆေးပြန်ပေါ့၊ ကိုကိုလည်း မရှိဘူး'

'တိုင်းမင်းကြီး'

'ဟုတ်တယ်၊ ခရီးထွက်နေတာ၊ သန်ဘက်ခါမှ ပြန်ရောက်မယ်'

ကြာဆံချက်တော့ မသောက်ပါရစေနဲ့၊ ကလေးတွေ နယ်ပိုင်ကတော်နဲ့ မြသလွန်ဘုရားမှာ ထားခဲ့တယ်'

'အို... သူတို့ပါ ခေါ်ခဲ့ရောပေါ့'

'တူးတူးနဲ့... ရှယ်လီ အရေးတကြီး ပြောစရာစကားရှိလို့ပါ။ ကြာကြာလည်း မနေနိုင်ဘူး'

'ဒီလိုဆို ကြာဆံချက်သောက်ရင်းပြော... လာ'

တူးတူးက သွက်လက်စွာ သူ့ကိုခေါ်၍ ထမင်းစားခန်းဝင်သွားသည်၊ ထမင်းစားပွဲမှာ ထိုင်လိုက်ကြသည်။ ကလေးမလေးတစ်ယောက် ဝင်လာကာ ကြာဆံချက် ပန်းကန်များချပေးသည်။ တူးတူးက နံနံပင် ဂရုတ်သီးမှုန့် ကိုယ်တိုင်ထည့်ပေးသည်။

'ရှယ်လီ့အပေါ်မှာ တူးတူးခုလို ဂရုတစိုက် ပြုစုတာတွေ့မြင်ရလေ ရှယ်လီ ဝမ်းနည်းလေပဲ'



ရှယ်လီက တူးဝ မျက်နှာကိုကြည့်ရင်း ဝမ်းနည်းစွာပြောပြသည်။ တကယ်လည်း တူးတူးမျက်နှာက အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက် မျက်နှာလို ကြည်လင်ငြိမ်းချမ်းနေသည်။

'ကျောင်းနေတုန်းက တူးတူးအပေါ် ရှယ်လီ ပြစ်မှားခဲ့မိတာတွေ...'

'တော် တော် ရှယ်လီ။ တူးတူးတို့ ဒါတွေမေ့လိုက်ကြရအောင်၊ ကဲ... ရှယ်လီ ပြောစရာရှိတာပြော၊ ကြာဆံချက်လည်း သောက်'

ရှယ်လီသည် ကြာဆံချက်ကိုသောက်ရင်း ဘာစကားပြောရမည်ကို စဉ်းစားနေသည်။ ဘာပဲဖြစ်ဖြစ် လင်း သိက္ခာကိုထိန်းဖို့ တာဝန်ရှိသည်။ ပြဿနာပြေလည်ဖို့ပဲ အဓိကဖြစ်သည်။

'ရှယ်လီတို့ အောင်လံမှာနေရတာ ကောင်းပါတယ် တူးတူးရယ်။ ဒါပေမယ့် ကလေးတွေရဲ့ ပညာသင်ကြားရေးရော လင်းအတွက်ရောပေါ့။ ရှယ်လီတို့ ရန်ကုန်ပြောင်းချင်တယ်။ ရန်ကုန်ဆေးရုံကြီးမှာဆိုရင် လင်းလည်း ပညာရပါတယ်။ အက်ဖ်အာရ်စီအက်စ် (F. R. C. S) တို့ ဘာတို့ တစ်ဆင့်သွားသင်ဖို့လည်း ကြိုးစားနိုင်တယ်။ တူးတူးသူငယ်ချင်း ဒေါ်လီယောက်ျားခေါက်တာ မေသိန်းကို သိတယ်မို့လား၊ သူတောင် အင်္ဂလန်မှာ မေ့ဆေးပါရဂူဘွဲ့ယူပြီး ပြန်လာပြီတဲ့။ လင်းကိုလည်းပဲ... တူတူးရဲ့တိုင်းမင်းကြီးက ရန်ကုန်ပြောင်းနိုင်အောင် စီစဉ်ပေးမယ်ဆိုရင် ရှယ်လီတို့ အဆင်ပြေမှာပဲ'

တူးတူးက ခေတ္တစဉ်းစားနေသည်။

'ဟုတ်တယ်နော်၊ အမ်ဘီဘီအက်စ်ဘွဲ့တစ်ခုတည်းနဲ့ မလုံလောက်ဘူး။ အမ်အာရ်စီပီတို့ အက်ဖ်အာရ်စီအက်စ်တို့ရဖို့လည်း လိုတယ်။ ကိုကို့ကို တူးတူး ပြောကြည့်ပါ့မယ်။ ကျန်းမာရေးဝန်ကြီးဌာန အတွင်းဝန်ဦးကျော်သာကတော့ ကိုကိုနဲ့ ရင်းနှီးပါတယ်။ ဖြစ်နိုင်ပါလိမ့်မယ်ထင်တယ်။ ကြာဆံချက်သောက်လို့ကောင်းရဲ့လား ရှယ်လီ'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ် တူးတူးရယ်၊ တူးတူးတို့မှာ ကလေးမရှိဘူးလား'

'နောက်တော့ ရှိချင်ရှိမှာပေါ့၊ တူးတူးက ဓာတုဗေဒဌာနမှာ လက်ထောက်ကထိက လုပ်နေတုန်း ဖေဖေ့ဆွေမျိုးတွေက လက်ထပ်ဖို့ စီစဉ်တာ ဖေဖေ့ကို တူးတူးက အတူခေါ်ထားပြီး သထုံခြံကို အငှားချထားတာ ဦးဘဖဲက တိုင်းမင်းကြီးဖြစ်စ သူ့ဇနီးဆုံးသွားတယ်။ ဦးဘဖဲက သထုံသား သူတို့မိဘတွေနဲ့ ဖေဖေနဲ့ခင်တာနဲ့ စကားစပ်မိပြီး တူးတူးတို့ လက်ထပ်ဖြစ်တာ နှစ်နှစ်ပြည့်တော့မယ်၊ တူးတူးထက် ဆယ်နှစ်လောက်ကြီးပါတယ်။ ကိုကို့မှာ ကလေးနှစ်ယောက်ပါတယ်။ သားနှစ်ယောက်လုံး တက္ကသိုလ်ရောက်ပါပြီ ဘော်ဒါမှာထားခဲ့တယ်။ တူးတူးက ကလေးတစ်ယောက်ပါတယ်'

'ဟယ်– ဘယ်တုန်းက ရတာလဲ'

ရယ်လီက ထိတ်လန့်တကြား မေးလိုက်သည်။ တူးတူးက အား ပါးရ ရယ်နေသည်။

'တူးတူးကလေးက ဖေဖေလေ။ လက်ထပ်ဖို့ လာကမ်းလှမ်းကတည်း က တူးတူးမှာ အဖေတစ်ယောက်ရှိတယ်။ ဒီအဖေကို ဘယ်မှခွဲမထားနိုင် အကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြထားရတယ်လေ။ ဖေဖေ အပေါ်ထပ် ရှိတယ်၊ ကျန်းမာပါတယ်'

ရယ်လီက ငြိမ်သက်စွာ ကြာဆံချက်ကိုသောက်နေရင်း တွေးနေသည် လက်ထပ်ဖို့ကို သူတို့ဘက်က စတင်တောင်းခံလာတော့လည်း မိန်းကလေး အနေနှင့် လိုလားချက်၊ သို့မဟုတ် ကန့်သတ်ချက်ကို အထက်စီးနှင့် တောင်း နိုင်သည်ပေါ့။ ရယ်လီအဖို့က သူက တူးတူးအချစ် လင်းကို လုယူခဲ့သူ အဖြစ်မျိုးဆိုတော့ အစကတည်းက ဦးကျိုးလာခဲ့ရသည်။ အလျှော့ပေးလာ ရသည်။

လင်း သူ့အပေါ် သည်နိုင်ချက်လေးတစ်ခုကို ကိုင်ကာ တစ်သက်



အပေါ်စီးက ဆက်ဆံလာခဲ့သော့သည်။ သူများခေါင်းပေါ်က သရဖူကို ကိုယ် ဆန္ဒအလျောက် ဆွဲယူဆောင်းခဲ့မိလေတော့ သရဖူအလေးချိန်ဒဏ်ကို သူ ခံရတော့မည်။ သရဖူကို စွန့်ပစ်ဖို့က သည်သရဖူ၏ အစိတ်အပိုင်းဖြစ်သော သားနှင့်သမီး ရတနာကို သူ ပိုမိုတွယ်တာလေတော့ မစွန့်နိုင်။

'တူးတူးရယ် ကျေးဇူးလည်းတင်တယ်၊ ရှယ်လီကို ပြန်ခွင့်ပြုပါဦး၊ ကလေးတွေက နယ်ပိုင်ကတော်နဲ့ ထားခဲ့ရတာ'

သူက ထိုင်ရာမှထကာ တူးတူးကို နှုတ်ဆက်၍ ကားရှိရာထွက်လာ ခဲ့သည်။ တူးတူးက ကားနားအထိလိုက်ကာ နှုတ်ဆက်ရင်း ကားထွက်သွား မှ အိမ်ထဲဝင်ခဲ့သည်။

တူးတူး အိမ်ပေါ်တက်လာခဲ့သည်။ တိုင်းမင်းကြီးကလည်း မရှိ။ သူတစ်ယောက်တည်း လွှတ်လပ်စွာ တွေးခေါ်ချိန်ရသည်။

ရယ်လီသည် တစ်ချိန်က အင်းလျား၏အလှကော်ဂီ။ ယောက်ျားသား တွေကို သူ၏အလှမှာ မိန်းမောအောင် ညှို့စွမ်းနိုင်သူ။ သူ့အလှမှာ ဒူးထောက် ခဲ့ရသူ အများကြီး။ ဘဝမှာ အထက်စီးနှင့် နေလာခဲ့သောသူတစ်ယောက်။

ယခု သူ့ထံရောက်လာသည်။ ကျောင်းတုန်းကလိုပဲ သူ့အလှသည် မက်မောဖွယ်ရှိနေသေးပေမယ့် သောကရှိန်ကြောင့် ညှိုးနွမ်းနေပုံရသည်။

ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက် သူ့ခင်ပွန်း အလုပ်ပြောင်းရ ဖို့အတွက် သူ့ထံ အကူအညီလာတောင်းသည်။ သူ့မှာ လုပ်နိုင်စွမ်းရှိသည်။ သူ့ခင်ပွန်းသည်ဖြစ်သူ တိုင်းမင်းကြီးကို အကျိုးအကြောင်း ဖွင့်ပြောလိုက်ရုံပဲ ဖြစ်သည်။

ဒါပေမယ့် ရှယ်လီ၏ခင်ပွန်းသည်က တစ်ခါက သူ့ချစ်ဦးသူ။ သူ့နှလုံး သားမှ ပွင့်ဦးကို ရှယ်လီသည် အပင်မှကိုင်ဆွဲနုတ်ကာ ယူသွားခဲ့သူတစ် ယောက်။ သူ့နှလုံးသားမှာ ဒဏ်ရာမည်မျှပြင်းထန်စွာ ကျန်ရစ်ခဲ့သည်ကို ရှယ်လီ သိမည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ အမြစ်တွယ်နေသော ပန်းပင်ကို နုတ်ယူသည်ဆိုက တည်းက နှလုံးသားကိုခွဲစိတ်ပြီးမှာ သည်ပန်းကို ယူ၍ရမည်ဖြစ်သည်။ သူ့နှလုံးသားကို မည်မျှ ကစားခဲ့ရသည်ကို ရှယ်လီ သိစေချင်သည်။ အနာတရ ဖြစ်ခဲ့သော နှလုံးသားမှာ ကွဲကြေပျက်စီးမသွားပေမယ့် အမာရွတ်ကတော့ ထင်ခဲ့သည်။

အချစ်ပြယ်ခဲ့သော်လည်း ဘဝမပျက်အောင် သူ စာကိုအပြင်းအထန် ကြိုးစား၍ M. Sc ဘွဲ့ကို ရခဲ့သည်။ ဒါပေမယ့် တက္ကသိုလ်ဆရာမကြီး ဘဝနှင့်ရော တိုင်းမင်းကြီးကတော်ဘဝရောက်သည်အထိ သူ့ဘဝ အဆင်ပြေခဲ့ ပေမယ့် နှလုံးသားမှ အမာရွတ်က အသားမသေ။ နာသာခံခက်သော နာကြည်းမှုက ပေါ်ချင်လာတိုင်း နေမထိထိုင်မထိ ဖြစ်ခဲ့ရသည်။

ကျောင်းမှာတုန်းက သူ့အပေါ်မှာ ကိုကိုလင်းရော၊ ရှယ်လီရော ရက်စက်သည်ထက် ပက်စက်စွာ မျက်နှာပြောင်တိုက်ခဲ့သည်။

တိုင်းမင်းကြီး လင်မယားနှစ်ယောက်အနေနှင့် အောင်လံကို ဖြတ်လာသောညနေခင်းက လက်ဖက်ရည်ပွဲကို သတိရသည်။ ထိုလက်ဖက်ရည်ပွဲမှာ ပထမဆုံး ချစ်ဦးသူနှင့် သူ၏ဇနီးကို ပြန်လည်ဆုံရခြင်းဖြစ်သည်။

ထိုနေ့က သူ့နှလုံးသား၏လှုပ်ရှားမှုကို သူ ပိရိစွာ သိုသိပ်၍ လုပ်စွာ ဆက်ဆံနိုင်ခဲ့သည်ကို သူ့ကိုယ်သူ အံ့သြမိပါသည်။ အမှန်တော့ သရုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သူ့နှလုံးသားလှုပ်ရှားမှုကို လင်းသည်လည်းကောင်း၊ ရှယ်လီသည် လည်းကောင်း ရိပ်မိသိရှိကောင်း သိရှိပါလိမ့်မည်။

တိုင်းမင်းကြီးကတော့ ဘာမှမသိ။ သူ၏ သရုပ်ဆောင်မှုသည် ပိရိခဲ့သည် မှန်သည်။ လူကြီးမယားပီပီ လိုက်လှဲဖော်ရွေစွာ တွေ့နွေးရရ ရှယ်လီကို ဆက်ဆံခဲ့သည်။



ဒါပေမယ့် အောင်လံမှထွက်၍ မကွေးကိုရောက်သောညက ပင်ပန်းပါလျက်နှင့် အိပ်မပျော်သော ဝေဒနာကို ခံစားရသည်။ နှလုံးသားမှ အမာရွတ်က ပြန်လည်နာကျင်လာသည်။

ယခုပြဿနာကို ဘယ်လိုဖြေရှင်းမလဲ။ အလှည့်ကျ မနွဲ့ရသောလမ်းစဉ်ကို လိုက်မလား။ ပေဖြစ်ရင်ခံ၍ တူ့ဖြစ်လျှင် ထုသောလမ်းစဉ်ကို လိုက်မလား။ ယခု သူက တူဘဝ။ အင်အားအပြည့်နှင့် ရှယ်လီ၏ ပေဘဝကို ဝက်ဝက်ကွဲအောင် ထုနက်ပစ်လိုက်နိုင်သည်။ သို့သော် လင်းဆိုသူက သူ၏ကိုကို။ လင်းပြဿနာက သူ၏ချစ်ဦးသူ၏ ဘဝပြဿနာ၊ သူ့ရင်ထဲတွင် ခွင့်လွှတ်ခြင်းနှင့် လက်စားချေခြင်းသည် တိုက်နိုက်နေကြသည်။ လင်းရယ် ပြဿနာကိုများ ဘာဖြစ်၍ တူးတူးနှင့်ရှယ်လီတို့ကြား ထားခဲ့ပါသလဲ—။

တစ်ခါတုန်းက လင်းသည် ပြဿနာရှင်းခဲ့သည်။ သူတို့ စတွေ့သောနှစ်က ကျောင်းပိတ်ရက်။ လင်း သထုံကို လိုက်လာသည်။ သထုံမြို့ထဲတွင် သူငယ်ချင်းအိမ်မှာ တည်းသည်။ သူငယ်ချင်းမောင်နှမနှင့် တခြား ရန်ကုန်မှပါလာသော သူငယ်ချင်းများနှင့်အတူ လင်းက သထုံမြို့ပြင်ရှိ တူးတူးတို့အိမ်လာသည်။ တူးတူးက ဖေဖေနှင့်လင်းကို မိတ်ဆက်ပေးသည်။

နေလောင်သော မျက်နှာကြီးနှင့် ဖေဖေ၏ကြံ့ခိုင်တောင့်တင်းသော ခန္ဓာကိုယ်က စိုက်ပျိုးရေးသမားဘဝကို ဖော်ပြနေသည်။ ဖော်ရွေသောအပြုံးနှင့် လင်းကို ပွင့်ပွင့်လင်းလင်း ဆက်ဆံစကားပြောသည်။

'တူးတူး— ဧည့်သည်တွေ မနက်စာကျွေးလိုက်၊ ဖေဖေ ခြံထဲသွားဦးမယ်'

တူးတူးဖေဖေက ဒူးရင်းခြံနှင့် သူ့ယာတောရှိရာကို ထွက်သွားသည်။ သူငယ်ချင်းတွေက ခြံထဲလျှောက်ကြည့်ကြသည်။ တူးတူးနှင့်လင်းက ကုံကော်ပင်အောက်က ကွပ်ပျစ်မှာ ထိုင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွက်စိပ်ပင်ကြီးများသည် တန်ခူး၏နွေအပူကို ကာကွယ်ထားသည်။ ကံ့ကော်ရနံ့က နွေလေတွင် သန့်စင်စွာ မွှေးပျံ့နေသည်။

'လှလိုက်တာ တူးတူးရယ်၊ ပန်းတွေကလည်းမွှေး၊ သစ်ပင်ရိပ်ကလည်း အေးနဲ့ သထုံမြို့ထဲနဲ့တောင် မတူဘူး'

ပန်းများကိုမော့ကြည့်ကာ လင်းက ပြောသည်။

'တူးတူးက ဒီခြံထဲမှာမွေးတာ၊ ဒါကြောင့် တူးတူးက အေးတိအေးစက် ဖြစ်နေတာ၊ လင်းက ဘူးတူးတို့ဇာတိမှာ ပျော်တယ်ပေါ့'

'ပျော်တာပေါ့၊ လင်းကျောင်းပြီးရင် ဒီနေရာလေးမှာ အခြေချပြီး ဆေးခန်းဖွင့်ရရင် ကောင်းမယ်နော်၊ မြို့ကြီးမှာထက် နယ်က ကျေးလက်တွေမှာ ဆေးခန်းက လိုတာ'

တူးတူးက သူ့ဇာတိမှာ ချစ်သူပျော်သည်ဆိုတော့ စိတ်ချမ်းမြေ့သွားသည်။ သူ့ဘဝက ဖေဖေ့ဇာတိမှာ အခြေချချင်ချ၊ မချလျှင် သူသွားရာ ဖေဖေ့ကို အပါခေါ်သွားဖို့ပဲရှိသည်။

'သုံးလေးနှစ်ဆိုလျှင် တူးတူးတို့ အစီအစဉ်လုပ်နိုင်တာပေါ့'

'တူးတူး ဆွဲထားလို့သာ၊ လင်းက ခုတောင် လက်ထပ်ထားချင်တာ'

'ဘယ်ဖြစ်မလဲ လင်း၊ နှစ်ယောက်လုံး ပညာစုံမှဖြစ်မှာပေါ့'

နောက်နေ့မှာတော့ ဖေဖေ့ခွင့်ပြုချက်နှင့် သူငယ်ချင်းများနှင့်အတူ မြသပိတ်တောင်ကို တက်ကြသည်။

လင်းက ကိုယ်တိုင်ခူးသော ကံ့ကော်ပန်းတွေ ဘုရားဖို့တချို့ဦးချကာ ကျန်တာတွေ တူးတူးခေါင်းမှာ ဝေအောင်ပန်ပေးသည်။

သူငယ်ချင်းများကလည်း ကံ့ကော်ပန်းကိုယ်စီနှင့် မြသပိတ်တောင် တက်ကြသည်။

တူးတူးလက်ကို တစ်ဖက်ကကိုင်ကာ ပန်းစည်းကို တစ်ဖက်ကကိုင်၍ လင်းက တောင်ကိုတက်သည်။ ချစ်သူချင်းလက်တွဲတက်ရလေတော့ တောင်



အမြင့်သည် သူတို့ကို မောအောင်မစွမ်းနိုင်ပါ။ မြသပိတ်တောင်မှ ဆီး၍ မြင်ရသော သထုံမြို့ကလည်း စိမ်းညို့ရီမှိုင်းနေသည်။

'လင်း… မောလားဟင်'

တူးတူးက မေးလိုက်၏။

'တူးတူးနဲ့သာ အတူလက်တွဲပြီး တောင်တက်ရမယ်ဆိုရင် ယူဇနာ ရှစ်သောင်းလေးထောင်မြင့်တဲ့ မြင်းမိုရ်တောင်ကို တက်ရမလား၊ လင်း မမောပါဘူး'

တူးတူးက ရယ်၏။

'ဆေးကျောင်းသားကလည်း မြန်မာစာတော်သားပဲ'

သူတို့သည် သူငယ်ချင်းများကို မေ့နေသည်။ လင်းအတွက် တူးတူး၏ ချိုမြသော အသံ၊ ခေါင်းမှ သင်းပျံ့နေသော ကံ့ကော်ရနံ့တွေက ရင်ကိုအေး၍ အမောပြေစေပါသည်။ တူးတူးအတွက်ကလည်း ချစ်သူလက်က အားတက်စေပါသည်။

တောင်ပေါ် ဘုရားရင်ပြင်ရောက်တော့ သူတို့နှစ်ယောက် ဘုရားပန်းကပ်ကာ ရှိခိုးကြသည်။

'ပတ္တမြားရောင်ဝါ ကံ့ကော်ဖူးတွေနဲ့ ဆုထူးပန်ရှယ်ကာ…'

သူငယ်ချင်းတွေက အဝေးမှ သီချင်းဆောင်းဆိုကြသည်။ တန်ခူးလ ကောင်းကင်သည် ကြည်လင်နေသည်။ တိမ်စင်၍ နေခြည်တောက်ပေမယ့် တောင်ထိပ်သည် နွေလေညှင်းနှင့် အေးမြနေသ_

ဘုရားမှ ဆွဲလွဲသံသည် ကြည်နူးချမ်းမြေ့ဖွယ် ဓမ္မဂီတကို သီကျူးနေကြသည်။

ထိုတစ်ချိန်ပဲ လင်းနှင့် နှစ်ယောက်တည်း တွေ့ခဲ့ရသည်။ ကျောင်းရောက်တော့ အဆောင်ဧည့်ခန်းမှလွဲ၍ လင်းကို တူးတူး အတွေ့မခံခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကဲ့ကော်ပွင့်တွေ ခြံထဲမှာ သင်းပျံ့လာလျှင် ကြေကွဲဆွေးမြေ့သော ... တေးနုသာ တူးတူးရင်ထဲမှာ ပေါ်လာသည်။ တစ်ခါတစ်ရံ ညဦးအိပ်မက်များ ... ကွင်း ကဲ့ကော်ရနံ့များ သင်းပျံ့လာတတ်သည်။ အိပ်ရာကနိုးလျှင် ပန်းများကို ... များတွေ့။ သူ့ရင်ထဲမှာတော့ ဆယ့်နှစ်ရာသီမပြတ် တန်ခူးနွေပဲဖြစ်၍ ကဲ့ ... ကော်ပန်းများက ပွင့်လျက်။

ယခုတော့ လမ်းတစ်ထောက်တွင် ပန်းပျောက်ခဲ့ရသည်။ သူ၏ပွင့်... ကောသကပန်းကို ဆွဲယူသွားသူ ရှယ်လီက ပြဿနာတင်လာပြန်သည်။ လင်း၏ ပြဿနာ။ သူနှင့်အလွန်ဝေးကွာသွားပြီဖြစ်သော လင်း၏ပြဿနာ။

နံနက်ရောက်တော့ တိုင်းမင်းကြီး ခရီးထွက်ရာမှ ပြန်လာခဲ့သည်... ရှယ်လီလာသည့်အကြောင်းကို မပြောဖြစ်သေး။ ညကျမှ အိမ်ပေါ်ထပ် ဆ... ဝင်ခန်းမှာ နှစ်ယောက်သား ထိုင်မိကြသည်။

ကိုကိုကလည်း သထုံသားဖြစ်၍ ရေနွေးကြမ်းနှင့် ငါးရံ့ခြောက်ဖု... ကြိုက်သည်။ အအေးတွေ၊ အရက်တွေ မကြိုက်သည်ကိုဘဲ ကျေးဇူးတင... သည်။

သူသည် ရေနွေးကြမ်းငှဲ့ပေးရင်း အသောက်အစား မရှိသော လင်သ... ကို ကျေးဇူးတင်မိသည်။ တချို့အရာရှိကတော်များဆိုလျှင် ယခုအချိ... အရက်နှင့် အမြည်းနှင့် တည်ခင်းကျွေးမွေးနေရပြီ။

သူသည် တိုင်းမင်းကြီး ငြိမ်သက်တည်ငြိမ်မှုကိုကြည့်ရင်း လေးစားသ... စိတ်နှင့် အရှိန်အဝါကို တွေးနေမိသည်။

ဘာပဲဖြစ်ဖြစ် လင်သည်က အာဏာရှိသည်။ တန်ခိုးရှိသည်။ ဒါ့ထ... မက လေးစားထိုက်သော စာရိတ္တရှိသည်ဆိုလျှင် ထိုအရှိန်အဝါကို ဇနီးဖြ... က ခိုလှုံရမြဲဖြစ်သည်။ ခင်ပွန်းသည်ထံမှ ရရှိသော အရှိန်အဝါကို ... ဘယ်လိုအသုံးချမလဲ။ သူခိုလှုံရသော အရိပ်၏အေးချမ်းမှုကို သူခွဲဝေပေး... နိုင်ရမည်။ သူတွေးရင်း အဖြေရလိုက်သည်။



'တူးတူး ငြိမ်လှချည်လား'

ငါးခြောက်တစ်မြှောင်းကိုဝါးရင်း ဦးဘဇံက ပြောလိုက်သည်။

'တူးတူး စဉ်းစားနေလို့ ကိုကို'

'ဘာကိုလဲ'

'ဟိုး... တူးတူးတို့ မကွေးအလာ အောင်လံကိုဖြတ်တဲ့နေ့ သတိရသေး လား၊ ညနေ လက်ဖက်ရည်ပွဲနဲ့ ဧည့်ခံတယ်လေ'

ဦးဘဇံသည် ခေတ္တစဉ်းစားနေ၏။

'ဆိုပါဦး တူးတူး၊ အဲဒါဘာဖြစ်လဲ'

'တူးတူး သူငယ်ချင်း ရှယ်လီဆိုတာနဲ့ ကိုကို့ကို မိတ်ဆက်ပေးတယ် လေ'

'ဪ... ဒေါက်တာ လင်းရွှေအောင်ရဲ့ ဇနီးဆိုတာ'

ကိုကိုသည် လင်းရွှေအောင်နာမည်ကိုလည်း မှတ်မိနေ၍ သူ့ရင်ထဲ ... ဒိတ်ခနဲ ဖြစ်သွားသည်။

'ဟုတ်တယ် ကိုကို၊ သူ့နာမည်က ရှယ်လီ၊ သူ မနေ့က တူးတူးဆီ လာသွားတယ်။ အကြောင်းကတော့ ဒေါက်တာ လင်းရွှေအောင်ကို ရန်ကုန် ပြောင်းဖို့ လုပ်ပေးပါတဲ့။ ရန်ကုန်မှာဆို နောက်ထပ်ဘွဲ့တွေအတွက် စာ ကြ... နိုင်တယ်၊ ကြိုးစားနိုင်တယ်ပေါ့'

တူးတူးသည် စကားပြောရင်း အသံမှန်အောင် သတိနှင့် ထိန်းနေသည်။ သူ့စိတ်ထဲမှာ ထိုအကြောင်းပြောရသည်ကို စိတ်ကမလုံ။ ဦးဘဇံက ဘာမှ မဖြေသေးဘဲ ငြိမ်သက်စွာတွေးနေသည်။ အတန်ကြာမှ စကားစသည်။

'ဒီမိန်းမ တော်တော်ချောတယ်နော်'

ဦးဘဇံ စကားစလိုက်တော့ တူးတူး အံ့အားသင့်သွားသည်။

'ဟုတ်တယ် ကိုကို၊ အင်းလျားဆောင်မှာဆို ကွင်း(Queen) လို့တောင် မခေါ်ဘူး။ ဧကရီ (Empress) လို့ ကျောင်းသူတွေက ခေါ်ကြတာ'

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှာတစ်ခေတ်တော့ တစ်ယောက်ပဲရှိတာပဲ။မယ်တက္ကသိုလ် တွေလည်း တော်တော်ခေတ်စားလိုက်တယ်။ ဒါပေမယ့် တချို့မယ်တွေ လင်ကောင်းသားကောင်း များသောအားဖြင့် မရကြဘူး။ လင်ကံဆိုးတာပေ

သူပြောသောအကြောင်းနှင့် ဦးဘဖဲစကားသည် ဘယ်လို အဆက်အစပ် ရှိသည်ကို တူးတူးက တွေးနေသည်။

'တူးတူး သူငယ်ချင်း ရှယ်လီယောက်ျားက လူတော်ပါပဲ။ လုံ့နာတွေ အပေါ်မှာ အင်မတန်ဂရုစိုက်တဲ့လူ'

ဘုရား— လင်းရွှေအောင်အကြောင်းကို ကိုကိုသိနေပြီဆိုတော့ သူ့ လင်းအကြောင်းကိုရော ကိုကို သိနေပါပြီလား။

'အခွဲအစိတ်ပညာတော်တော့ ရှေ့တိုးတက်ဖို့ အများကြီးရှိပါတယ် ဒါပေမယ့် ဟိုတောင်ပေါ်မြို့လေးမှာ မိန်းကလေးတစ်ယောက်နဲ့ သူဖြစ်ခဲ့တဲ့ အဖြစ်အပျက်အတွက် လူကြီးတွေက မကျေနပ်ဘူး'

'တူးတူး အဲဒါတွေမသိပါဘူး'

'ကိုကို့ကိုလည်း အောင်လံက နယ်ပိုင်နဲ့ တောင်ကြီးက အရေးပိုင် ပြောလို့ ကိုကို သိတာ၊ အေးလေ— တူးတူး သူ့ငယ်ချင်းလည်းဖြစ်နေ၊ မြ တော့် ဆရာမနဲ့ ပြဿနာရှင်းသွားအောင် လင်းရွှေအောင် ရန်ကုန်ပြောင်းတာ ကောင်းပါတယ်'

'ဆရာမနဲ့ ပြဿနာ—

တူးတူးက ထပ်၍မေးလိုက်၏။ သူဘာမှမသိ။

'ဟုတ်တယ်— တူးတူး ဘယ်သိမလဲ။ ကိုကို့ကို ကလပ်မှာ အောင်လံ က နယ်ပိုင်လာတုန်းက ပြောသွားတယ်။ ဆေးဝါးကုသာမှုမှာတော့ လူတော် ပဲတဲ့။ မိန်းမကတော့ ပွေသတဲ့'

သူ့ချစ်ဦးသူသည် ရှယ်လီလက်ထဲမှာပင် တောင်ပေါ်မြို့လေးမှာလည်



မိန်းမပြဿနာဖြစ်ခဲ့သေးသည်။ ယခုလည်း ဆရာမနဲ့တဲ့။ ရှယ်လီ ထိုစိတ် ဒုက္ခတွေကြောင့် နွမ်းဖျော့ဖျော့ဖြစ်ဟန်ရှိသည်ကို သူ သတိပြုမိ၏။

ရှယ်လီတို့အကြောင်းတွေးရင်း ဦးဘဖဲစကားများကို သတိရသည်။ ပြီးတော့ ဦးဘဖဲ သဘောထားနှင့် စာရိတ္တ၊ ဦးဘဖဲလိုလူမျိုးကို သူရခြင်း သည် အိမ်ထောင်ရေးမှာ သူ အလွန်ကံကောင်းသည်။

ဦးဘဖဲမှာ အာဏာနှင့် အရှိန်အဝါတွင်မက သမာဓိလည်းရှိသည့် သူတစ်ယောက်ဖြစ်သည်။ လင်၏အရှိန်အဝါကို မှီခိုအသုံးချ၍ ရှယ်လီကို သူ ကူညီလိုက်နိုင်သည်ကို သူ ကျေနပ်မိပါသည်။

သို့သော် တစ်နေ့နေ့တော့ သူနှင့် ကိုကိုလင်း တက္ကသိုလ်မှာနေစဉ်က အကြောင်းတွေကိုတော့ ဦးဘဖဲကို ဖွင့်ဟပြောရမည်။ ရင်ထဲမှာ အစဉ်မွှေးပျံ့ နေသော ကံ့ကော်ပန်းရနံ့အကြောင်းကို ဦးဘဖဲ သိထားဖို့လိုသည်။

ယခု သူ၏ ကူညီခြင်းသည် ရှယ်လီကို ကူညီခြင်းလား၊ ချစ်ဦးသူကို ကူညီခြင်းလား။ ချစ်ဦးသူအတွက် ဦးဘဖဲထံမှ အကူအညီတောင်းမိသည် ဆိုရင်တော့ သူသည် ဦးဘဖဲအပေါ်မှာ မတရား။ သူ့စိတ်က သူ့ကိုခြောက်၍ နေ ည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ]

တူးတူး အကူအညီနှင့် ရှယ်လီတို့ ရန်ကုန်သို့ပြောင်းလာကြသည်။ ရန်ကုန်ဆေးရုံကြီးမှာ ဆရာဝန်များအတွက် ဆောက်ထားသော အဆောက် အဦမှာ အိမ်ခန်းတစ်ခုရသည်။ ရန်ကုန်ဆေးရုံကြီး မေ့ဆေးဌာနမှာ ဒေါက်တာဖေသိန်းကို သူတို့တွေ့ရသည်။ မေ့ဆေးဆရာဝန်ကြီးပင်ဖြစ်နေ သည်။ လင်းရွှေအောင်က ခွဲစိတ်ကုသသည့်ဘက်မှာ လက်ထောက်ဆရာဝန်ပဲ ဖြစ်နေသေးသည်။ ဒေါက်တာဖေသိန်း၊ ဒေါ်လီတို့နှင့် သူတို့သည် တက္ကသိုလ် မှာ ကျောင်းနေဘက်ချင်းဖြစ်၍ ဆေးရုံကြီးမှာ ပြန်တွေ့ရသောအခါ ရှယ်လီ ဝမ်းသာသွားသည်။

သူငယ်ချင်းကောင်း ဒေါ်လီနှင့်ပြန်တွေ့ရသလို တောင်ပေါ်မြို့လေးက ဒေါ်ခင်သက်တင်ကိုလည်း စကော့ဈေးမှာ ကုမ္ပဏီပိုင်ရှင်အဖြစ် တွေ့ရသည်။ ဒေါ်ခင်သက်တင်အိမ်က ခြောက်မိုင်ခွဲမှာဖြစ်၍ ဝေးသည်။ ဒေါ်လီ့အခန်းနှင့် တော့ သိပ်မဝေးလှ။ ဒေါ်လီမှာ ကလေးသုံးယောက်ရပြီ။ မိန်းကလေးနှစ် ယောက်၊ ယောကျ်ားလေးတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီသည် တူးတူးကူညီပုံကို ဒေါ်လီကိုပြောပြသည်။ စကားပြော ပွင့်လင်းသူဖြစ်၍ ငယ်ငယ်ကအကြောင်း၊ သူ့ယောက်မအကြောင်းတွေပြော ရင်း လင်းရွှေအောင်အကြောင်းလည်း စကားစပ်မိကြသည်။

'လင်းသာ မိန်းမပြဿနာအရှုပ်အရှင်းမရှိရင် ခုလောက်ဆို ခွဲစိတ်ကု ဆရာဝန်ကြီးဖြစ်နေပြီပေါ့။ဒေါ်လီ့ကိုဖေသိန်းနဲ့ လင်းက တစ်တန်းတည်းပဲဟာ'

ဒေါ်လီက ငြိမ်သက်စွာတွေးနေသည်။ ဒေါ်လီကလည်း လင်းရွှေအောင် သတင်း ကြားပြီးဖြစ်သည်။ ဒေါ်လီသည် ကျောင်းနေတုန်းက တူးတူးအခန်း ဖော်ဖြစ်သလို ရှယ်လီ၏သူငယ်ချင်း။ သူ ရှယ်လီ၏အပြုအမူကို ကျောင်း တုန်းက မကြိုက်ပေမယ့် ယခုဆေးရုံကြီးမှာ ပြန်တွေ့ရတော့ ရှယ်လီကို ကူညီပါသည်။ သူငယ်ချင်းကောင်းတစ်ယောက်လို အကြံဉာဏ်ပေးသည်။

'မင်းတို့လက်ထပ်တာကို လင်းမိဘတွေက ဟက်ဟက်ပက်ပက်မရှိ ပေမယ့် ရှယ်လီတို့မှာ ကလေးရလာပြီပဲ၊ မြေးတွေ တွေ့ရင် စိတ်ပြေမှာ၊ သူ့သားကို ဝင်ထွက်စေချင်မှာပါ။ လင်းရွှေအောင် ကလေးတွေခေါ်ပြီး သူ့မိဘ တွေကို သွားတွေ့ပါစေလား'

ဒေါ်လီ၏အကြံဉာဏ်ကို ရှယ်လီက စဉ်းစားနေသည်။ လင်းမိဘများ နှင့် အဆက်အသွယ်ပြတ်သလို ဖြစ်နေသည်။ လင်း မိဘများ စစ်တွေမှပြောင်း ကာ အင်းလျားလမ်းမှာ နေကြသည်ဟု သိရသည်။ သူလည်း မသွားမိ၊ လင်းက သွား မသွားတော့ သူမသိ။ ဒေါ်လီက စကားဆက်ပြောသည်။

ဒေါ်လီ တွေးမိတာက ဒီလို၊ တို့သူငယ်ချင်းမို့လို့ ပွင့်ပွင့်လင်းလင်း ပြောရရင် လင်း ဒီအတိုင်းနဲ့တော့ နောက်ထပ်ဘွဲ့ထပ်ယူဖို့မပြောနဲ့၊ ရာထူးတိုးဖို့ ခပ်ခက်ခက်၊ ဒီတော့ မိဘတွေနဲ့ ပြောလည်အောင်လုပ်ရင် သူတို့သားအတွက် သူတို့ ငွေထုတ်မယ်ထင်တယ်လေ၊ အင်္ဂလန်ကို ကိုယ့်စရိတ်နဲ့ကိုယ်သွားပြီး



F.R.C.S (အက်ဖ်အာစီအက်စ်)ဘွဲ့ကို ထပ်ယူရင်မကောင်းဘူးလား၊ လင်းက ငယ်ပါသေးတယ်။ ဖြစ်ခဲ့တာတွေအတွက် ရာထူးမတက်၊ ရာထူးမတက်တော့ စိတ်ဓာတ်ကျ၊ စိတ်ဓာတ်ကျတော့ အရက်သောက်နဲ့ လုံးလည်လိုက်နေတယ်။ ကိုဖေသိန်းက ခဏခဏပြောတယ်၊ ခွဲစိတ်တာနဲ့ မေ့ဆေးက တွဲလုပ်နေရတော့ လင်းက တကယ်တော်တယ်တဲ့။ အလုပ်ခွင်မှာ အရက်မသောက်သလို အပြင်မှာ မသောက်ရင် ကောင်းမှာပဲတဲ့'

ရှယ်လီက သက်ပြင်းချလိုက်၏။ ဒေါ်လီ့စကားတွေက မှန်ပါသည်။ မိန်းမမှု၊ အရက်မှုတွေနှင့် အထက်လူကြီးတွေ အထင်သေးစရာဖြစ်ရသည်။ သူနှင့်တစ်တန်းတည်း တစ်ချိန်တည်း ဘွဲ့ရခဲ့သူတွေအချင်းချင်း သူက ရာထူး ငယ်နေတော့လည်း စိတ်ဓာတ်ကျစရာ။

ဒေါ်လီ အကြံဉာဏ်ကို လင်းအား ရှယ်လီက ဖွင့်ပြောလိုက်သည်။

'လူကြီးတွေ လင်းကို နောက်ထပ်ဘွဲ့အတွက် ပညာတော်သင် လွှတ်ချင်လည်း လွှတ်မပေါ့၊ မလွှတ်လည်း လင်းမိဘတွေနဲ့ လင်းအဆင်ပြေ ရင် မိဘတွေစရိတ်နဲ့ လင်းသွားနိုင်ပါတယ်။ လင်းရဲ့ ဒက်ဒီနဲ့မာမီဆီကို အဝင်အထွက်လုပ်ရုံပါပဲ။ နောက်အချိန်တွေမှ အင်္ဂလန်သွားဖို့ပြောပေါ့။ လင်း သွားရင် သားတို့သမီးတို့ပါ ခေါ်သွားပေါ့။ သူတို့မြေးတွေက ချစ်စရာတွေပါ၊ မြေးတွေမြင်ရင် သူတို့ချစ်မှာပါ။ ရှယ်လီ လင်းနဲ့အတူမလိုက်ပါဘူး။ သူ့တို့ တွေ့ချင်တဲ့ဆန္ဒရှိမှ ရှယ်လီလိုက်ပါ့မယ်'

ရှယ်လီသည် နောက်ဆုံးစကားကို မျက်ရည်ရစ်ဝဲကာ ပြောမိသည်။ သူ့ယောက္ခမများသည် သူ့ကို တွေ့လိုမည်မဟုတ်။ သူပါသွားလျှင် အနှောင့် အယှက်ဖြစ်ကောင်းဖြစ်မည်။

လင်းက အကြံဉာဏ်ကို လက်ခံသည်။ နောက်တနင်္ဂနွေမှာ သွားဖြစ် သည်။ ရှယ်လီက ကလေးတွေကို သပ်သပ်ရပ်ရပ် အဝတ်အစားပြင်ဆင်ပေး

www.burmeseclassic.com



သည်။ ဘိုးဘိုးဘွားဘွားများကိုတွေ့လျှင် ရိုရိုသေသေဆက်ဆံဖို့ အားလုံး မှာလိုက်သည်။ လင်းတို့ထွက်သွားတော့ သူ သက်ပြင်းချမိသည်။ သူ့ယောက္ခမများသည် သူ့သားသမီးလေးများကို ကောင်းမွန်စွာ လက်ခံပါ့မလား။

လင်းမိဘများသည် ဘိုဆန်သည်လို့လည်း ကြားဖူးသည်။ မာနလည်းကြီးသလို ငွေကြေးချမ်းသာကြသည်။ ဦးရွှေဖံအောင်၊ ဒေါ်စံကျော့ခိုင်ဆိုသည်မှာ စစ်တွေမြို့မျက်နှာဖုံး။ လင်းထက်အကြီး သားနှစ်ယောက်ကိုရော၊ အငယ်ညီမနှစ်ယောက်ကိုပါ သူတို့စိတ်တိုင်းကျ အိမ်ထောင်ချပေးသည်။ အားလုံးဘွဲ့ယူပြီးမှ အိမ်ထောင်ပြုကြသည်။ အိမ်တစ်လုံးစီ ဝယ်ပေးလိုက်သည်။

လင်းက ဘွဲ့မရသေးခင် ယူ၍လည်းတစ်ကြောင်း၊ ရှယ်လီက ထိုက်ထိုက်တန်တန် တင်မတောင်းသည်ကို လင်းမိဘတွေက မကျေနပ်။ စစ်တွေရခိုင်ထုံးစံက သတို့သားရာထူးအဆင့်အတန်းအလျောက် မိန်းကလေးကတင်တောင်းရသည်။ အထူးသဖြင့် ထိုစနစ်ကို ဦးရွှေဖံအောင်မိသားစုကလက်ခံကျင့်သုံးသည်ဟု သိရသည်။

ရှယ်လီသည် သားအဖတစ်တွေ ပြန်လာချိန်ကိုပဲ လည်တဆန့်ဆန့်မျှော်မိသည်။ အားလုံးအဆင်ပြေပါစေဟု ဆုတောင်းမိသည်။

သူ့ဆုတောင်း ပြည့်ပါသည်။ ကလေးတွေက အိမ်ဝမှအော်ဝင်လာသည်။

'မာမီရေ– ဘိုးဘိုးကြီးက ပေးလိုက်တယ်'

ဂျင်မီရော အင်နီပါ ဝမ်းသာအားရ သူ့ဆီပြေးလာကာပြသည်။ ချောကလက်တွေ အထုပ်လိုက်ဖြစ်သည်။ အေမီက သူ့အနားကပ်ကာ ရင်ဘတ်ကိုပြသည်။ ရွှေဆွဲကြိုးလေးတစ်ကုံး။

'ဘွားဘွားကြီးက ပေးလိုက်တယ်'

အေမီက ရွှေဆွဲကြိုးကိုကိုင်၍ ဝမ်းသာအားရပြောသည်။ ရှယ်လီသည်



ဝမ်းသာ၍လား၊ ဝမ်းနည်း၍လား မသိ၊ မျက်ရည်များ လည်လာသည်။ သူ့အကြောင်းနှင့်ပတ်သက်၍တော့ လင်း၏ဒက်ဒီနှင့် မာမီတို့ ဘာပြောသည်ဆိုသည်ကိုတော့ လင်းက တစ်ခွန်းမှမဟ။ ဘာပဲဖြစ်ဖြစ် သူတို့မိသားစုပြေလည်လျှင် ကျေနပ်ပါပြီ။

လင်းရှေ့ရေးနှင့် ကလေးတွေရှေ့ရေးက ရှိသေးသည်။ လင်းဒက်ဒီတို့က သူတို့သားနှင့် မြေးများကို ပစ်ထားမည်မဟုတ်။ သူ့ဘက်က ဒက်ဒီတို့ကတော့ သူ့ကို ဘယ်လိုမှ အကူအညီမပေးနိုင်ကြ။ သူ့အကူအညီကိုသာတောင်းခံနေကြသည်။ သူကလည်း ဒက်ဒီတို့ကို ပြန်မကြည့်နိုင်။

လင်း ရန်ကုန်ဆေးရုံကြီးမှာ တစ်နှစ်ရလာတော့ ဒက်ဒီနေမကောင်း၍လာဖို့ ညီမလေးများက စာရေးလိုက်သည်။ ကလေးများကျောင်းပိတ်ရက်မှာ သူ နမ္မတူကို ခေတ္တပြန်ခဲ့သည်။

သူရောက်တော့ ဒက်ဒီ့အခြေအနေက မြေးများကို ပထမဆုံးနှင့် နောက်ဆုံးအကြိမ်တွေ့ရခြင်းဖြစ်သည်။ အသက်မီရုံပဲရှိသည်။ လင်းက ငွေကိုပိုပိုလျှံလျှံ မပေးလိုက်။

ယခင်က သူ့ကို လင်းပေးထားသော ငွေများထဲမှ တစ်စတစ်စစု၍ဝယ်ထားသော ရွှေလက်ကောက်တစ်ရံပါလာသည်။ ထိုရွှေကို ထုခွဲ၍ ဒက်ဒီကို နောက်ဆုံးသဂြိုဟ်လိုက်သည်။ သူလက်ထပ်စဉ်က စိန်လက်စွပ် တစ်ကွင်းကို့ ရောင်းချကာ လှလှပပလုပ်ပေးခဲ့သော ဒက်ဒီ၏နောက်ဆုံးခရီးကိုသူ့ရွှေလက်ကောက်တစ်ရံပဲ ရောင်းချကာ အဆင်ပြေအောင် လုပ်လိုက်ရသည်။ သူ့အကြောင်း ဘာမှမသိသော ညီမလေး၊ မောင်လေးများနှင့် မိတွေးက ငွေကြေးနှင့်ပတ်သက်၍ သူ့အပေါ် ပိုမို၍ မျှော်လင့်ကောင်း မျှော်လင့်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှ မတတ်နိုင်ပါ။ ဒက်ဒီ မျှော်မှန်းသလို ဖြစ်မလာသော သူ့အိမ်ထောင်ရေးကို ဒက်ဒီ ဘာမှသိမသွားသည်မှာ တစ်မျိုးကံကောင်းသည်။ ဒက်ဒီသာ သိရင် စိတ်ကောင်းနိုင်မည်မဟုတ်။

ကြာကြာမနေနိုင်။ ဒက်ဒီ ရက်လည်တော့ သူ ပြန်လာခဲ့သည်။

ꕥ ꕥ ꕥ ꕥ ꕥ

[ ၉ ]

ရှယ်လီ ပြန်ရောက်ရောက်ချင်း ဒေါ်လီက သူ့အခန်းကို ကူးလာသည်။

'ရှယ်လီရေ… မင်းဒက်ဒီဆုံးတာလည်း တို့သတင်းကြားရလို့ စိတ်မကောင်းပါဘူး။ တစ်ခုက တူးတူးလည်း ဆေးရုံတက်နေရတယ်'

ရှယ်လီက လန့်သွား၏။

'ဘာဖြစ်လို့လဲ၊ သူတို့ပြောင်းလာတာလား'

'ဦးဘဇံကြီး ရန်ကုန်ပြောင်းဖို့ အမိန့်က ထွက်လာပြီ။ ဘာမှ မပြင်ဆင်နိုင်ဘဲ တူးတူး နေမကောင်းတာနဲ့ ရန်ကုန်ဆင်းလာရတာ။ ဒီနေ့ ဗိုက်ခွဲတဲ့နေ့ပဲ၊ လင်းရွှေအောင်နဲ့ ကိုဖေသိန်းခွဲမှာလေ'

'ဘာရောဂါတဲ့လဲ'

'အလုံးလို့ပြောတယ်၊ ခွဲပြီး အလုံးကို ဘိုင်အိုစီ လုပ်ကြည့်ရမှာပေါ့။ တို့ ညနေသွားရအောင်'

ရှယ်လီနှင့် ဒေါ်လီ ညနေစောင်းတော့ ဆေးရုံကြီးဘက် လျှောက်လာကြသည်။ ထိုစဉ်က ယခု နှလုံးရောဂါအဆောက်အအုံမှာ Private Ward (ငွေပေးရသော အထူးခန်း) ရှိသည်။ သူတို့အခန်းထဲဝင်လိုက်တော့ တူးတူး

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်မှာ သတိမရသေး။ စပယ်ရှယ်သူနာပြုဆရာမလေးက ခြေရင်းမှာ ရပ်နေသည်။

'လာ… ရှယ်လီတို့ ထိုင်ကြ'

ဦးဘဇံက နေရာပေးလိုက်၏။

'ခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာဘမော်ကိုယ်တိုင် အနားမှာ စောင့်ကြည့်နေတယ်။ ဒေါက်တာလင်းရွှေအောင် ခွဲစိတ်တာကိုကြည့်ပြီး ချီးကျူးတယ်။ ကျွန်တော် အများကြီးကျေးဇူးတင်ပါတယ်'

ဦးဘဇံက ရှယ်လီကိုကြည့်ကာ ကျေးဇူးတင်စကားပြောလိုက်သည်။ မကြာခင် မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဖေသိန်း ဝင်လာကာ စကားပြောဖြစ်ကြသည်။ ညနေ ငါးနာရီလောက်မှာ တူးတူး သတိရလာပေမယ့် စကားမပြောနိုင်သေး။ မူးရီ၍ မှိုးတဝါးဖြစ်နေသည်။

'လိုအပ်တာရှိရင် ပြောပါ တိုင်းမင်းကြီးရယ်။ ရှယ်လီ တူးတူးကျေးဇူးကို မမေ့ပါဘူး။ ဒီက မေ့ဆေးဆရာဝန်ကတော် ဒေါ်လီကလည်း တူးတူးသူငယ်ချင်းပဲ။ ရှယ်လီတို့က ဒီဆေးရုံနောက်က ဆရာဝန်အဆောက်အအုံမှာ နေကြပါတယ်။ တူးတူးအတွက် လိုအပ်တာ ပို့ပါမယ်။ လာလည်း ကြည့်မယ်'

'ဟုတ်ပါတယ် ဦးဘဇံ'

ဒေါ်လီကလည်း ဝင်ပြောသည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ မကွေးကို ပစ္စည်းသိမ်းဖို့ လူလွှတ်လိုက်ပြီ၊ ကျွန်တော် ရန်ကုန်မှာပဲနေမှာပါ။ တူးတူး သတိရရင် သူငယ်ချင်းတွေ အနားမှာ တွေ့ရတော့… အားရှိမှာပဲ။ မကွေးမှာ တူးတူးဖေဖေ ဆုံးသွားတော့ သူ့အဖေစိတ်နဲ့ နေမကောင်းဖြစ်သွားတယ်ထင်တာ၊ နာလန်ထနေးလို့ ကျွန်တော် ရန်ကုန်လာပြတာ။ ဒေါက်တာလင်းရွှေအောင်နဲ့ တွေ့ပေလို့



ဒေါက်တာလင်းရွှေအောင်ဟာ လူတော်တစ်ယောက်ဆိုတာ မြေထဲကတည်းက ကျွန်တော်သိခဲ့ပါတယ်'

လင်းရွှေအောင်က မျက်နှာမထားတတ်သလို ဖြစ်နေသည်။ အတော်ကြာနေပြီးမှ တူးတူးကို နှုတ်ဆက်ကာ သူတို့ပြန်လာသည်။ ယခင်က လူနာကို ခွဲစိတ်စရာရှိလျှင် ခွဲစိတ်ပြီး လင်းပြန်လာနေကျ။ ခုတော့ တူးတူး သတိရသည်အထိ စောင့်နေသည်။ သူလည်း… သူ့ချစ်ဦးသူကို သံယောဇဉ်ရှိမှာပေါ့။ ရှယ်လီက ရင်ထဲမှာပဲ တွေးနေမိသည်။

ညစာစားတော့မှ တူးတူးအခြေအနေကို လင်းကိုမေးမိသသည်။

'သွေးဆင်းနေတာနဲ့ ဆရာဝန်ကြီး ဦးဘမော်က စမ်းသပ်ကြည့်ပြီး လင်းကို ခွဲခိုင်းတာ၊ ကင်ဆာဖြစ်ချင်တော့ သားအိမ်ထုတ်ပစ်ရတာပေါ့၊ အလုံးကလည်းရှိတယ်၊ ခုတော့ ကောင်းသွားမှာပါ'

ရှယ်လီသည် လင်းစကားကို နားထောင်ရင်း ပြောပြလိုက်၏။

'ရှယ်လီတို့ တူးတူးကို ကျေးဇူးဆပ်ဖို့ ကြုံလာတာပေါ့။ လင်း ရန်ကုန်ပြောင်းရအောင် တူးတူးက လုပ်ပေးတာ'

'ဟုတ်လား…။ တူးတူးလုပ်ပေးတာ'

လင်းရွှေအောင်က တအံ့တဩမေးလိုက်ပေမယ့် ချက်ချင်းပဲ ပြန်၍ ငြိမ်သက်သွားသည်။ လင်း တိတ်ဆိတ်စွာ ဘာတွေများ တွေးနေမလဲ ရှယ်လီ သိချင်သည်။

နောက်နှစ်ရက်ကြာတော့ တူးတူး ကောင်းစွာသတိရပြီ၊ ထ၍တော့ မထိုင်နိုင်သေး။ နေ့လယ်ဘက် တစ်ရေးနိုးတော့ သူမျက်လုံးမဖွင့်သေး။ မျက်လုံးများကို ပိတ်ထားဆဲ။ နှာခေါင်းထဲမှာ ကဲ့ကော်ပန်းနံ့ သင်းပျံ့လာသည်။ တူးတူးက အံ့အားသင့်သွားသည်။ မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ ခြေရင်းက မှန်တင်ခုံမှာ ဖန်အိုးလေးထဲတွင် ကဲ့ကော်ပန်းတွေ။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရား… ဘုရား… ဘယ်သူ ပေးတာများပါလိမ့်'

တန်ခူးလေသည် ရန်ကုန်မှာ ခြောက်သွေ့ပူပြင်းလှသည်။ သို့ပေမယ့် ကံ့ကော်ပန်းနံ့ သင်းပျံ့နေသော သူ့အခန်းထဲမှာ အေးမြနေသည်။

'အင်ဂျလာ… ကံ့ကော်ပန်းတွေ ဘယ်သူ ယူလာသလဲ'

'ဆရာ… ဒေါက်တာ လင်းရွှေအောင်'

ဆရာမလေးက သူ့အနားကပ်ကာ ပြောလိုက်၏။

'မမ… နိုးရင် သူလာခဲ့မယ်တဲ့'

အင်ဂျလာ ပြောနေတုန်း ဖိနပ်သံ တခေါက်ခေါက်ကို ကြားနေ၍ တူးတူး ရင်ခုန်လာသည်။

'ဟော… တူးတူး နိုးပြီလား'

လင်းရွှေအောင်သည် အသံနှင့်အတူ အခန်းဝမှ ပေါ်လာကာ သူ့ခုတင်ဘေးမှာ ဝင်ထိုင်လိုက်သည်။

သူနာပြုဆရာမလေးကို ဘူ့ပဖွည်းတစ်ခု ယူခိုင်းလိုက်သည်။ တူးတူးသည် ခေါင်းအုံးပေါ်မှီကာ မှေးနေသည်။ သူ့ချစ်သူ အနားမှာထိုင်နေသည်ကို သူသိသည်။ မတွေ့ချင်လို့လည်း မနေရ။ သူက ချစ်သူ၏လူနာဖြစ်နေပြီကိုး။

'တူးတူး… နေလို့ကောင်းလား၊ ဟဲ့အေးကို ကံ့ကော်တွေ ဝယ်ခိုင်း တယ်။ လင်းကိုယ်တိုင် စောစောကလာပို့တာ'

တူးတူးသည် မျက်လုံးဖွင့်ကာ ခေါင်းညိတ်ပြလိုက်၏။

'တူးတူးရောဂါဖြစ်လာလို့ လင်း ကုသခွင့်ရတာကို သိပ်ဝမ်းသာတယ်။ တူးတူး ကျေးဇူးတွေဆပ်ဖို့ အခွင့်ကြုံရတာပေါ့။ ပြီးတော့ တူးတူးအပေါ် လင်း ပြုခဲ့တဲ့အပြစ်က ခွင့်လွှတ်နိုင်စရာမရှိဘူး။ ဒီအတွက်လည်း လင်း တောင်းပန်ဖို့ အခွင့်ကြုံရပြီ'

'လင်းရယ်… ဒီအကြောင်းတွေ မပြောကြရင် ကောင်းမယ်နော်'



တူးတူးက အားပျော့စွာ ပြန်ပြော၏။

'တူးတူးရော… ကိုကိုရော၊ လင်းကို တူးတူးအသက်ကယ်တဲ့အတွက် ကျေးဇူးတင်ရမှာပါ။ ကျောင်းတုန်းကအကြောင်းတွေကို မေ့ရအောင်လား လင်းရယ်'

'ခံရတဲ့သူလိုပဲ။ ကျူးလွန်တဲ့လူက မမေ့နိုင်ဘူး တူးတူး၊ တူးတူး ဝေဒနာကို လူတိုင်းသိနိုင်ပေမယ့် လင်းရင်ထဲက ဝေဒနာကိုတော့ ဘယ်သူမှ သိမှာမဟုတ်ဘူး။ ကံ့ကော်ပန်းတွေပွင့်ရင် လင်း ရူးချင်တယ် တူးတူးရယ်'

'တူးတူး တစ်ခုခု သောက်ချင်တယ်'

လင်း၏စကားကြောင်းကို တူးတူးက လွှဲပြောင်းလိုက်သည်။

'အရည်… တစ်ခုခု သောက်လို့ရတယ်လေ'

လင်းက ပြောရင်း စားပွဲပေါ်မှ ရှောက်ချိုသီးကို လှမ်းယူလိုက်စဉ် ဆရာမလေးဝင်လာသည်။ ဆရာမလေးကို အရည်ညှစ်ခိုင်း၍ ဖန်ခွက်တွင် ထည့်ခိုင်းသည်။ လက်သုတ်ပဝါကို တူးတူးမေးအောက်ထား၍ သူကိုယ်တိုင် ဇွန်းနှင့်ခပ်၍ တူးတူးကို တိုက်သည်။

'ဆရာမ တိုက်ပါလိမ့်မယ် လင်းရယ်'

'ဟင့်အင်း… တူးတူး ဆေးရုံမှာနေတုန်း ခွဲစိတ်တဲ့နေ့မဟုတ်ရင် နေ့လယ်ဘက် လင်းအနားမှာ လာနေမှာပဲ၊ ပြုစုမှာပဲ၊ ဘယ်သူမှ လင်းကို မတားနိုင်ဘူး'

ခက်ကပြီ။ တူးတူးသည် သက်ပြင်းချလိုက်၏။ ပင်းမျက်နှာကို ရဲရဲ မကြည့်ရဲ။ သူနာပြုဆရာမလေးကို အနားမှာ ရပ်ခိုင်းထားသည်။ ဆရာမလေးကလည်း ဆရာဝန်ကိုယ်တိုင် ပြုစုသည်ကို တအံ့တသြကြည့်နေသည်။

'အင်ဂျလာရေ တူးတူးက ဆရာ့ရဲ့နှမလည်းနှမ။ ကျေးဇူးရှင်လည်း ကျေးဇူးရှင်။ ဆရာ့မိန်းမလည်း ညနေကျ လာလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



လင်းက ဆရာမနာမည်ခေါ်ကာ ရောက်ချိသီးအရည်ဖန်ခွက်ကို ဆရာမကို လှမ်းပေးပြီး ပြောလိုက်သည်။ သူ့စကားများက တူးတူးအပေါ် သံသယရှင်းစေလိုသော သဘော၊ ဆရာမလေးကတော့ သူ့အပြုအမူကို သံသယရှိမရှိ မသိပါ။

ရှယ်လီနှင့် ဒေါ်လီကတော့ ညနေပိုင်းကျမှ အားကြရသည်။ ကလေးတွေ၊ လင်သားတာဝန်တွေနှင့် နေ့လယ်မှာ မအားကြ။ ဆေးရုံကလည်း နေ့လယ် ဧည့်သည်လာခွင့်မပြု၍ ညနေပိုင်းကျမှ လာကြရသည်။

သူတို့လာတော့ ဦးဘဇနှင့် သားနှစ်ယောက် တူးတူးကို လာကြည့်ကြသည်။ တူးတူးက ထူထူထောင်ထောင်ဖြစ်လာ၍ အစားအစာ ပျော့ပျော့စားသောက်နိုင်သည်။ ရှယ်လီက ခဏခဏ ဆိုသလို ပုတင်းဖုတ်လာတတ်သည်။

ရှယ်လီတို့ ဒေါ်လီတို့နှင့်ဆုံတိုင်း ဦးဘဇက ဒေါက်တာလင်းရွှေအောင်ကို ကျေးဇူးတင်ကြောင်း တဖွဖွပြောတတ်သည်။

'ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဦးဘမော်နဲ့ပြတော့ ဦးဘမော်ကလက်ခံပြီး ဒေါက်တာလင်းရွှေအောင်နဲ့ ခွဲခိုင်းမယ်လို့ သူကပြောတယ်။ သူကိုယ်တိုင်လည်း ခွဲခန်းထဲမှာ နေပေးတယ်။ အရေးအကြောင်းရှိ ကူညီရအောင်တဲ့။ သူ့တပည့်တော်တာကို ကျွန်တော့်ကို ပြောပြတယ်။ တူးတူးအခြေအနေက နည်းနည်းစိုးရိမ်ရတယ်လေ။ ရှယ်လီတို့ ကျေးဇူးတွေ ကျွန်တော် မမေ့ပါဘူး'

ဦးဘဇ စကားဆုံးတော့ တူးတူးက ဆက်ပြော၏။

'နေ့လယ်ဆိုလည်း ခွဲစိတ်ခန်း မဝင်ရတဲ့နေ့ဆိုရင် လင်း တူးတူးဆီ အမြဲလာတယ်'

ရှယ်လီက အံ့သြဟန်ပြပြီး ချက်ချင်း သူ့မျက်နှာဟန်ကို သိမ်းလိုက်သည်။ ဖျော်ရည် ကိုယ်တိုင်တိုက်သည်ကိုတော့ တူးတူးက ဆက်မပြော။



နှစ်ပတ်လောက်နေပြီးတော့ တူးတူး ဆေးရုံမှဆင်းသွားသည်။ သူတို့အိမ်က ၆မိုင်ခွဲမှာဖြစ်သည်။ ဆေးရုံမှဆင်းပြီး နောက်တစ်ပတ် ဒေါ်လီနှင့် ရှယ်လီကို တူးတူးအိမ်သို့ နေ့လယ်စာစားကြဖို့ တူးတူးက ဖိတ်သည်။ နေ့လယ်စာ သွားစားရန် ဒေါ်လီက အဝတ်အစားလဲပြီး ရှယ်လီကို သွားခေါ်သည်။

'ထိုင်ပါဦး ဒေါ်လီ။ ရှယ်လီ လိုက်ပါမယ်။ တစ်ခု ဒေါ်လီနဲ့တိုင်ပင်ချင်လို့၊ တူးတူးကို ခွဲစိတ်ကုသတဲ့ကိစ္စမှာ တကယ်တော့ လင်းက စေတနာနဲ့ လုပ်ပေးတာပါ။ လင်းနဲ့တူးတူးကိစ္စလည်း ဒေါ်လီ သိပြီးသားပဲ။ သံယောဇဉ်လည်း ကုန်ချင်မှကုန်ကြမှာပေါ့လေ'

ရှယ်လီ ဘာကိုဆိုလိုသည်ကို ဒေါ်လီ နားမလည်သေး။ ငြိမ်သက်စွာပင် နားထောင်နေသည်။

'လင်းက နေ့လယ် တူးတူးကို သွားကြည့်ရုံတင်မဟုတ်ဘူး။ ဖျော်ရည်ပါ ကိုယ်တိုင်တိုက်တယ်'

'မင်း ဘယ်လိုလုပ်သိလဲ ရှယ်လီ'

ရှယ်လီက မချိပြုံးလိုလို ပြုံးလိုက်ကာ ဆက်ပြော၏။

'စပယ်ရှယ်နပ်စ်က ပြောပြတာ။ သူလည်း အနားမှာ ရှိနေပါတယ်တဲ့။ ဘာဖြစ်ဖြစ်လေ ဒီအတွက် ကိုယ်သံသယမဖြစ်ပါဘူး'

'အဲဒီတော့'

ဒေါ်လီက စိတ်ဝင်စားလာကာ စကားထောက်လိုက်၏။

'တူးတူးအနေနဲ့ကလည်း ဘယ်လိုစိတ်ထားလည်းမသိဘူး။ ဒါပေမယ့် ဦးဘဇကြီးကတော့ လင်းကို တကယ်ပဲ ကျေးဇူးတင်နေတာ။ လင်းကောင်းစားတာကိုလည်း တူးတူးလိုလားမှာပါ'

'ရှယ်လီ ဘာဖြစ်ချင်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဦးဘဇံ လုပ်ပိုင်ခွင့်ရှိရင် လင်းကို အင်္ဂလန်မှာ ပညာတော်သင်သွားနိုင်အောင် ခွဲစိတ်အထူးကုဘွဲ့ယူနိုင်အောင်ပေါ့ကွာ၊ တူးတူးကို ပြောကြည့်ချင်တယ်။ ဒါပေမယ့် ရှယ်လီပြောရင် အခွင့်အရေးယူရာလည်းကျမယ်။ လင်း ခွဲစိတ်ကုသပေးတဲ့စေတနာကိုလည်း အလွဲသုံးစားပြုရာကျမယ်။ လင်းအဖြစ်က မိဘတွေနဲ့ပြေလည်ပေမယ့် အလုပ်မှာ နောက်ကျနေပြီ။ ဒေါ်လီ့ယောက်ျား ကိုဖေသိန်းဆို အင်္ဂလန်က မေ့ဆေးပါရဂူဘွဲ့ယူပြီး ပြန်လာပြီ။ လင်းမှာတော့ နောက်ကြောင်းက အမည်းစက်တွေနဲ့ ပါရဂူဘွဲ့ရဖို့ နေနေသာသာ ဆရာဝန်ကြီးတောင် မဖြစ်သေးဘူး။ ဒီတော့ ရှယ်လီ့ကိုယ်စား ဒေါ်လီ စကားစပ်မိတဲ့အခါ ဦးဘဇံနဲ့ တူးတူးကို လင်းအတွက် ပြောပေးပါလား'

ဒေါ်လီက ငေး၍စဉ်းစားနေသည်။ တူးတူးကော ရှယ်လီကော ကျောင်းနေဘက် သူငယ်ချင်းများဖြစ်သည်။ နှစ်ယောက်လုံးအကြောင်းတွေကိုလည်း သူသိသည်။

လင်းဘယ်လိုပဲ မွေမွေ ရှယ်လီသည် လင်း၏ တိုးတက်ရာတိုးတက်ကြောင်းကိုတော့အမြဲလိုလားမှာ ဖြစ်သည်။

'အေးပေါ့လေ၊ စကားစပ်မိတဲ့အခါ ကိုယ်ပြောပြပါ့မယ်။ အကယ်၍အစိုးရက သူ့ကိုမလွှတ်ဘူးဆိုရင်တောင် အလုပ်ကထွက်၊ ကိုယ့်စရိတ်နဲ့ကိုယ် အင်္ဂလန်သွား ဘွဲ့ယူနိုင်တာပဲ။ သူ့မိဘတွေကလည်း ငွေကြေးတောင့်ပါတယ်။ အလုပ်ထွက်ခွင့်ရအောင်နဲ့ သွားခွင့်ရအောင် တူးတူးကို အကူအညီတောင်းလည်း ဖြစ်တာပဲ'

သူငယ်ချင်းနှစ်ယောက် တူးတူးအိမ်မှ ထွက်လာခဲ့သည်။ တူးတူးကနေကောင်းနေပြီ။

သူ့ရင်ထဲမှာလည်း မလုံမလဲစိတ်ကြောင့် လင်းရွှေအောင်ကို ထမင်း



ဖိတ်ခေါ် ကျွေးလိုပေမယ့် ဦးဘဇံကိုယ်တိုင်က စကားစလာမှ သူက ကျွေးချင်သည်။

ဦးဘဇံ မအားမလပ်ဖြစ်နေချိန်မှာ ဇနီးသည်တွေပဲ တွေ့ဆုံသည့်အနေနှင့် ရှယ်လီနှင့် ဒေါ်လီကို နေ့လယ်စာစားဖို့ ဖိတ်ခြင်းဖြစ်သည်။

တူးတူးအိမ်ဝကဆီးကြိုတော့ ရှယ်လီသည်မြေထဲတုန်းကအကြောင်းကို သတိရသည်။ ယခုလည်း တူးတူးအကူအညီကိုပဲ သူတောင်းခံရဦးတော့မည်။

တူးတူးက အပြန်လိုက်ပို့မည်ဆို၍ ဒေါ်လီကားကို ပြန်လွှတ်လိုက်သည်။

သူတို့ကို တူးတူးက ဧည့်ခန်းကို ဦးဆောင်ခေါ်သည်။ ဧည့်ခန်းထောင့်မှာ မြေထဲအိမ်မှာ တွေ့ခဲ့သော ဦးဘဇံနှင့်တူးတူး ယှဉ်တွဲလျက် ဓာတ်ပုံကို ပန်းချီဆွဲကာ နောက်မှီခုံနှင့် ထောင်ထားသည်။

ပုံက အကြီးချဲ့ထား၍ ရုပ်လုံးကြွနေသည်။ ဆိုဖာများက အစိမ်းရင့်ရောင် ပွင့်ခက်များ အုပ်ထားသည်။ နံရံကလည်း ဖက်ဖူးရောင်ပြေးနေသည်။

ပြတင်းတံခါးကြီးများမှ လျှောကျနေသော ဓာခန်းဆီးများကလည်း နှယ်စိမ်းတွေမှာ ပန်းပွင့်ဖြူလေးများ ချိတ်နေသောအဆင်။

လေက ဖြည်းညင်းစွာ တိုက်ခတ်တိုင်း ပန်းပွင့်ကလေးများ လှုပ်ရှားခန်းနွဲ့ပုံမှာ တောအုပ်လေးနှင့် တူနေသည်။ ဧည့်ခန်းတစ်ခုလုံး စိမ်းမြစိုပြည်ပြင်း၊ ငြိမ်းအေးခြင်းတို့ဖြင့် လွှမ်းခြုံနေသည်။ တကယ်လည်း တူးတူးဘဝကအေးချမ်းပါသည်။ တူးတူးက သူတို့ကို နေရာပေးလိုက်၏။

သူတို့သုံးယောက်လုံး ဆိုဖာပေါ်ထိုင်တော့ မိန်းကလေးတစ်ယောက် လိမ္မော်ရည်ဗန်းလေးကိုင်ကာ သူတို့ရှေ့ လာချသည်။

'နော်မေ... စားပွဲ စပြင်တော့နော်'

တူးတူးက ကလေးမလေးကို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ… ဖျော်ရည် အဖော်ပြေ သောက်ထားကြနှင့်နော်၊ တူးတူး မုန့် …း ချက်ထားတယ်။ မိန်းမကြီးကျက်လေ၊ ရှယ်လီကတော့ မသိဘူး ဒေါ်လီက အလှူန်ကြိုက်'

'ရှယ်လီလည်း ကြိုက်ပါတယ်'

'တူးတူးက ကိုကိုကို မစောင့်နိုင်ဘူး။ ကိုကိုက ပြောပါတယ်၊ သူ အလုပ်များနေလို့တဲ့၊ တစ်နေ့ ဒေါက်တာလင်းရွှေအောင်ကို ညစာကျွေးချင် …တယ်တဲ့၊ ရန်ကုန်ရောက်မှ ကိုကိုလည်း မအားဘူး။ ပြည်ထဲရေးဌာန အတွင်း …ဆိုတော့ အလုပ်ရှုပ်သားလား။ ဒါနဲ့ တူးတူးက ကိုကိုမအားသေးရင် အားတော့မှ ဒေါက်တာကို ဖိတ်ကျွေးတာပေါ့လို့။ တူးတူး ခု ရှယ်လီတို့ မိန်းမချင်းဆုံရအောင်သိုပြီး မုန့်ဟင်းခါးကျွေးတာ'

'ကောင်းတယ်၊ ယောကျ်ားတွေမပါတော့ တို့ဟာတို့ လွတ်လွတ်လပ် လပ် စကားပြောရတာပေါ့'

ဒေါ်လီက စကားစလိုက်သည်။ သူတို့ ကျောင်းတုန်းကအကြောင်းတွေ တူးတူးရောဂါအကြောင်းတွေ ပြောနေကြဆဲ ကလေးမလေးက မုန့်ဟင်းခါး ပြင်ပြီးကြောင်း လာပြောသည်။

ထမင်းစားခန်းထဲဝင်ကာ သူတို့မုန့်ဟင်းခါး စားနေတုန်း ဦးဘဇံက အပြင်မှ ပြန်ရောက်လာသည်။ ထမင်းစားခန်းထဲသို့ တိုက်ရိုက်ဝင်လာ၏။

'တူးတူးက သူ့သူငယ်ချင်းတွေကိုပဲ ဖိတ်ကျွေးတာ၊ ကျွန်တော်က ဘာရမလဲ၊ မီအောင်ပြန်လာတာ…'

လိုက်လိုက်လှဲလှဲ အကျွမ်းတဝင် ဦးဘဇံက ပြောလိုက်သည်။

'ထိုင်… ကိုကို၊ တစ်ခါတည်း ဝင်စားမယ်မဟုတ်လား…'

တူးတူးထကာ မုန့်ဟင်းခါးတစ်ပန်းကန် ပြင်ပေး၍ ဦးဘဇံရှေ့မှာ ချလိုက်သည်။ ဦးဘဇံသည် ချက်ချင်းမစားသေးဘဲ စကားဆက်ပြောနေသည်



'ရှယ်လီရော ဒေါ်လီရောပဲ ဒေါက်တာတို့ကို ပြောပြပါ၊ အားတဲ့ တနင်္ဂနွေတစ်ညပြောပါလို့၊ ကျွန်တော် ဒေါက်တာဖေသိန်းကိုရော ဒေါက်တာ လင်းရွှေအောင်ကိုပါ ထမင်းဖိတ်စားချင်ပါတယ်။ တစ်ခါတည်း ဆရာဝန် ကြီး ဦးဘမော်ပါဖိတ်မယ်၊ သူ့တပည့် ဂုဏ်ပြုပွဲမှာ သူ့ကိုပါ ဖိတ်ရမှာပေါ့'

ဦးဘဇံစကားကြားရတော့ အမျိုးသမီးသုံးယောက်လုံး ဝမ်းသာသွား သည်။ တူးတူးကတော့ သူ့ချစ်သူကို ချစ်သူအနေနဲ့မဟုတ်တောင်မှ ကျွေးမွေး ရှင် ဆရာဝန်အနေနှင့် ကျွေးမွေးပြုချင်သည်။

ဦးဘဇံ ဆန္ဒအလိုအလျောက်ဝင်လာ၍ သူ ဝမ်းသာသည်။ ရှယ်လီနှင့် ဒေါ်လီကတော့ သူတို့အကြံဉာဏ်အတိုင်း ထိုနေ့ ညစာစားပွဲမှာ လင်းရွှေ အောင် ရှေ့ရေးအတွက် ပြောဖြစ်အောင် ပြောကြမည်။ ထမင်းစားပွဲမတိုင်ခင် ဒေါ်လီက တူးတူးကို စကားထည့်ထားမည်ဖြစ်သည်။

ရှယ်လီက သူ့ရှေ့တူရူရှိ နံရံကိုကြည့်လိုက်၏။ နံရံပေါ်က ဓာတ်ပုံ။ ဦးဘဇံက အလယ်မှာရပ်၍ သားနှစ်ယောက်က ဘေးမှရပ်ကာ တူးတူးက ဦးဘဇံရှေ့မှထိုင်နေသော မိသားစုဓာတ်ပုံ။

ဒီဓာတ်ပုံက တူးတူးနှင့် လင်ပါသားများ အဆင်ပြေသော အိမ်ထောင် ကို ဖော်ညွှန်းနေလေသည်။ တစ်ဦးစီ၏အပြုံးရိပ်များက မိသားစု ငြိမ်းချမ်းမှု ကို ထင်ရှားစေသည်။

ညနေစောင်းမှ တူးတူးကိုယ်တိုင် အိမ်ကကားနှင့် ရှယ်လီတို့ကို ပြန်ပို့သည်။ ဒေါ်လီတို့အိမ်မှပြန်လာတော့ ဦးဘဇံကို ခြံထဲမှာ နားနားနေနေ တူးတူးက တွေ့ရသည်။

တူးတူးသည် အကြံမလဲတော့ဘဲ ဦးဘဇံအနားလျှောက်လာကာ ဘေး တစ်ဘက်ရှိ ကုလားထိုင်မှာ ထိုင်လိုက်သည်။ သူ့ရင်ထဲမှာ လေးနေသည့် မသိုးမသန့်ဖြစ်နေသည့်အကြောင်းကို သူ ပြောပြချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်စိတ်ကူးက ဆေးရုံမှာကတည်းက စိတ်ကူးဖြစ်သည်။ သူနှင့် လင်းရွှေအောင်အကြောင်းကို ကိုကို့ကို သူ မပြောပြရသေး။

ဆေးရုံမှာ လင်းရွှေအောင်က သူ့ကိုလာရောက်ပြုစုသည်ကို သူမပြောခင် ကိုကိုသိလျှင် တစ်စုံတစ်ရာ အထင်လွဲမှားနိုင်စရာ ဖြစ်နိုင်သည်။ ပြောလိုက်လျှင်ကော ကိုကို့သဘောထား ဘယ်လိုပါလဲ။

သူ့စိတ်ကိုသူ အရင်မေးလိုက်သည်။ လင်းအပေါ်မှာ သံနှောင်ပါသည်။ အကြောင်းတိုက်ဆိုင်၍ ပြန်လည်တွေ့ဆုံကြခြင်းသာဖြစ်၍ ရေ့ဖာတ်လမ်းက ဆက်စရာမရှိ။ ဖွင့်ပြောတာပဲ ကောင်းမည်။

ကိုကိုက ခွင့်မလွှတ်နိုင်ဘူးဆိုလျှင်လည်း သူ့ကံတရားပေါ့။ တစ်ခါက သူ့နှလုံးသားတွင် သင်းပျံ့ခဲ့သော ကံ့ကော်ရနံ့အကြောင်းကို ပြောရမည်။ ယခု နွေနှောင်းခဲ့ပြီ။ အနောက်တောင်မှာ တိမ်ညိုများ ရစ်သိုင်းစပြုလာပြီ။ မိုးကိုမျှော်နေသော စကားဝါပွင့်တွေ ရွှေရည်လူးစပြုပြီ။

လေက နွေလေနှောင်းမို့ သွေ့ဆဲ။ ဒါပေမယ့် ညနေဆောင်းမို့ သူတို့ခြံထဲမှာ အပူသက်သာသည်။ သည်ခြံထဲမှာ စကားဝါပင်တွေပဲများသည်။

သူနှင့်ဦးဘဖလက်ထပ်စက ကံ့ကော်ပင်စိုက်ဖို့ ဦးဘဖက ပြောခဲ့ဖူးသည်။ သူ လက်မခံခဲ့။ တော်ပါပြီ။ သထုံခြံမှာပဲ ကံ့ကော်၏မွှေးပျံ့ခြင်းတွေ နေရစ်ခဲ့ပါတော့။

သူ့ရင်မှာ ကံ့ကော်ရနံ့ ဘယ်သွားသွား မွှေးပျံ့နေဆဲဖြစ်လေတော့ အပြင်မှာ ထပ်မံမတွေ့လိုတော့ပါ။ အသစ်မဖြစ်လိုတော့ပါ။

ဦးဘဖသည် ဘာကိုမှမပြောဘဲ သူ့အနားငုတ်တုတ်ထိုင်ကာ ကောင်းကင်ကို မော့ကြည့်နေသော ဇနီးကို အကဲခတ်နေသည်။

ညနေခင်း၏ လေညှင်းများက တူးတူးနဖူးစမှ ဆံစများကို လွင့်ပါးစေသည်။ ခေတ္တခဏတော့ တူးတူး ဦးဘဖကို မေ့သွားသည်။ သူ ရှူမြေ မျက်နေသည်ကို သတိမထားမိ။



'ဘာတွေများ တွေးနေလဲ တူးတူးရယ်၊ အမောပြေ မျှော်ရည်သောက် လိုက်ဦး'

ဦးဘဖက တူးတူးကို လိမ္မော်ရည်ကမ်းပေးလိုက်မှ တူးတူးက အသက်ဝင်လှုပ်ရှားလာသည်။ လိမ္မော်ရည်ကို လှမ်းယူသောက်ရင်း စကားစရှာနေသည်။ တူးတူး မပြောခင် ဦးဘဖက စကားစလာသည်။

'တူးတူး… ကိုကိုတို့ လင်းရွှေအောင်ကို မကန်တော့ရသေးဘူးနော်။ ကိုကို့သဘောကတော့ ထမင်းကျွေးတဲ့နေ့မှာ ငွေငါးထောင်နဲ့ ကန်တော့ရအောင်၊ ဦးဘမော်ကြီးကတော့ မလိုဘူးဘဲ ပြောနေတာပဲ'

'ကိုကို့သဘောပေါ့'

'ပြီးတော့လည်း ကိုကိုစဉ်းစားတယ်၊ ခွဲစိတ်ကုသမှု ဒါလောက်တော်တဲ့လူ မြုပ်နေတာ မသင့်တော်ပါဘူး။ နိုင်ငံခြားမှာ အထူးကု ခွဲစိတ်ကုသတဲ့ ဘက်က စွဲ့တစ်ခုခု သွားယူဖို့ကောင်းပြီ'

'ခက်တာက သူ့နောက်ကြောင်းတွေက မရှင်းလို့ လူကြီးတွေကများ ထစ်ထားတာလား'

'ကိုကို စဉ်းစားနေတယ်။ ဦးဘမော် ထောက်ခံရင် ရမှာပါ။ ကိုကိုလည်း ကျန်းမာရေးဌာနက အတွင်းဝန်နဲ့ တိုင်ပင်ချင်တယ်။ ဒီလိုလုပ်မယ်၊ အဲဒီ ညစာစားပွဲမှာ ဦးဘမော်ရော၊ ကျန်းမာရေးအတွင်းဝန် ဦးကျော်သာနဲ့ သူတို့ဇနီးတွေကို ကိုကိုဖိတ်လိုက်မယ်။ ရှယ်လီနဲ့ ဆေါလီလည်း ပါလာပစေပေါ့။ ဒေါက်တာလင်းရွှေအောင်ကိုတော့ တူးတူးကိုယ်တိုင် ဖိတ်လိုက်ပါ'

တူးတူးသည် မျှော်ရည်ကို တစိမ့်စိမ့်သောက်ရင်းမှ ဖန်ခွက်ကို စားပွဲဝိုင်းပေါ် တင်လိုက်၏။ သူသည် စကားပြောရန် အားယူနေသည်။

ရင်ထဲမှာလည်း တဒိတ်ဒိတ်နှင့်။ ခြေဖျားလက်ဖျားတွေပါ အေးလာသလိုဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို့ကို တူးတူး တစ်ခုပြောစရာရှိတယ်'

ဦးဘခံက တူးတူးမျက်နှာကို အေးဆေးစွာ ကြည့်လိုက်သည်။

'ပြောလေ'

'အမှန်တော့ အစောကြီးက ပြောဖို့သင့်ပါတယ်။ ဒါပေမယ့် ပြန်လည်ပြီး မဆုံကြတော့ဘူးထင်လို့ တူးတူး မပြောခဲ့တာ၊ အခု ပြန်လည်တွေ့ကြရတော့ နောင်မှ သက်မကောင်းစရာတွေ ဖြစ်မှာစိုးလို့'

'ဘာကိုလဲ၊ တူးတူးစကားက မရှင်းဘူး'

ဦးဘခံက နဖူးရှုံ့၍မေးလိုက်၏။ တူးတူးရင်ထဲမှာခုန်လာကာ သက်ပြင်းတစ်ချက်ရှိုက်လိုက်၏။

'ဒေါက်တာလင်းရွှေအောင်က တူးတူး ဆေးရုံတက်တုန်း နေ့လယ်ဆို တူးတူးကိုလာကြည့်ရင်း သူကိုယ်တိုင် ပြုစုတယ်၊ ဆရာဝန်တစ်ယောက်က လူနာကို ဂရုတစိုက်ပြုစုတာ မဆန်းဘူးဆိုပေမယ့် တူးတူး စိတ်မသန့်ဘူး။ ဘာကြောင့်လဲဆိုတော့…'

တူးတူး စကားရှေ့မဆက်ဘဲ ခေတ္တရပ်ဆိုင်းထား၏။ ပြီးမှ လေသံတိုးတိုးနှင့် ဆက်ပြောသည်။

'တူးတူးတို့ ကျောင်းမှာနေတုန်းက ရှယ်လီနဲ့မတွေ့ခင် လင်းရွှေအောင်ဟာ တူးတူးရဲ့ချစ်သူပါ'

တူးတူးအသံက တုန်ရင်ကာ တိုးဝင်သွားသည်။ သူ့မျက်လုံးမှာ မျက်ရည်တွေဝေလာသည်။ ဦးဘခံက တူးတူးကိုမကြည့်။

ကြိမ်ကုလားထိုင်မှိုကာ ကောင်းကင်ကို မော့ကြည့်နေသည်။ ချက်ချင်းဘာမှ ပြန်မပြောသေးပါ။

တူးတူးရင်ထဲမှာ ကြာမြင့်ခြင်းဝေဒနာကို သည်းမခံနိုင်သလို ဖြစ်လာသည်။ ပြီးတော့မှ ဦးဘခံက သူ့မျက်နှာကိုကြည့်လိုက်သည်။



'လက်ရှိ အခြေအနေက တူးတူးအပေါ်မှာ တည်ပါတယ် တူးတူး'

လင်သည်၏ ပညာသားပါပါ ပြောစကားက လေးနက်လှသည်။

'ကျောင်းတုန်းကအကြောင်းကတော့ ကိုကို တူးတူးကိုလက်မထပ်ခင်ကတည်းက စုံစမ်းခဲ့တာ။ ကိုကိုရဲ့သားနှစ်ယောက်နဲ့ ဖြစ်မဖြစ်။ တူးတူးရဲ့စိတ်နေသဘောထား အားလုံးစုံစမ်းပြီးမှ တူးတူးကို လက်ထပ်တာဆိုတော့ တူးတူးနဲ့ လင်းရွှေအောင်အကြောင်း ကိုကိုသိပြီးသားပါ'

တူးတူးသည် ပါးစပ်အဟောင်းလေးနှင့် ဖြစ်သွား၏။

'ကိုကိုသိတယ်'

သူသည် ပါးစပ်မှ ရေရွတ်ရင်း ဦးဘခံလက်ကို ဆွဲယူဖျစ်ညှစ်ထားသည်။

'သိပါတယ်— လင်းက ရှယ်လီကိုယူသွားတာပဲ။ ပြီးတော့ ကိုကိုက သားနှစ်ယောက်အပေ မုဆိုးဖို၊ တူးတူး အပျိုအစစ်ကိုရတာ၊ ကိုကို ဘာခွင့်မလွှတ်နိုင်စရာ ရှိသလဲ'

ဘုရား— ဘုရား— တူးတူး ရင်ထဲမှာ ကိုကို့ကို ကျေးဇူးတင်လိုက်တာ။ စိတ်ထဲမှာလည်း ပြောမိ၏။

'တူးတူး ကိုကို့အပေါ်မှာ သစ္စာရှိလျက်ပါ ကိုကို—'

ညနေစောင်း၏ ပြေလည်အေးချမ်းခြင်းအလှများ သူတို့အပါးမှာ ရစ်ဆိုင်းနေသည်။

x x x x x

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၀ ]

ကလင်… ကလင်…။

တယ်လီဖုန်းသံကြား၍ ဒေါ်လီက ကောက်ကိုင်လိုက်သည်။

'တူးတူး စကားပြောနေတယ် ဒေါ်လီ'

'ပြောလေ'

'လာမယ့် တနင်္ဂနွေနေ့ ညစာကျွေးမလို့၊ ဒေါက်တာဖေသိန်းနဲ့ ဒေါ်လီကို တူးတူးက ဖိတ်တာပါ။ ဆက်ဆက်လာနော်'

'လာမှာပေါ့ဟယ်'

'ရှယ်လီကိုလည်း တူးတူးဖိတ်ရဦးမယ်။ တူးတူး စိတ်တွေ မသိုးမသန့်ဖြစ်နေတာတွေလည်း ရှင်းသွားပြီ ဒေါ်လီ'

'ဘာကိုလဲ…'

'ယူနဲ့ ရှယ်လီက တွဲတွဲနေတော့ ဒေါ်လီကို မပြောဖြစ်ဘူး။ ခုမှ တယ်လီဖုန်းနဲ့ ပြောရတာ၊ လင်းက တူးတူးနေမကောင်းတုန်းက ပြုစုတာ ဆရာဝန်တစ်ယောက် လူနာအပေါ်စောင့်ရှောက်တာထက် ပိုတယ်လို့ ထင်တယ်လေ။ ဒီသတင်းကို ရှယ်လီကြားရင်လည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို ကြားလည်း မသက်သာစရာ။ ဒါနဲ့ပဲ ဒေါ်လီတို့ ပြန်တဲ့နေ့က တူးတူး ကိုကိုကို အားလုံးပြောပြတယ်'

'ဟယ်... ဟုတ်လား။ ဦးဘစံကြီးက ဘာပြောလဲ'

'သူက အစကတည်းက သိပြီးသားတဲ့'

'တော်ပါသေးတယ်ဟယ်'

'ပြီးတော့လဲလေ... ဒေါ်လီဝမ်းသာအောင် ပြောရဦးမယ်၊ ကိုကိုက လင်း နိုင်ငံခြားပညာတော်သင်သွားနိုင်အောင် ကျန်းမာရေးဌာန အတွင်းဝန် ဦးသာကျော်နဲ့ ဆရာဝန်ကြီး ဦးဘမော်ကို တိုက်တွန်းပေးမယ်တဲ့။ အဲဒီနေ့ ထမင်းစားပွဲမှာ သူတို့နှစ်ယောက်နဲ့ ဇနီးတွေလည်းပါမယ်'

'လင်း... ပညာတော်သင်သွားရရင် ရှယ်လီနဲ့ တူးတူးနဲ့ ဝမ်းသာမှာပါ၊ ဘာပဲပြောပြောလေ၊ လင်းဟာ ရှယ်လီနဲ့ တူးတူးတို့ရဲ့ ချစ်သူပါ'

'တူးတူး... မပိုင်ပါဘူးဒေါ်လီ'

'ဒါပေမယ့်... မင်း သူကောင်းစားရေးအတွက်တော့ လိုလားတယ် မဟုတ်လား'

'သူဟာ ကိုယ့်ကျေးဇူးရှင်လေ...'

'မင်းတို့ အပြန်အလှန်ပါ။ တူးတူးကျေးဇူးတွေလည်း ရှယ်လီ့အပေါ် ရှိတယ်လေ။ ဟိုနေ့က မလာခင်ကတည်းက ရှယ်လီကလည်း လင်းနိုင်ငံခြား သွားနိုင်ဖို့ တူးတူးကို အကူအညီတောင်းချင်တယ်တဲ့။ ဒေါ်လီကို လာတိုင်ပင် တာ။ ခုတော့ အတော်ပဲ။ တူးတူးရဲ့ ဦးဘစံကြီးက မနေပေါက်နေတယ် ထင်တယ်...'

'တူးတူးကိုကိုက လူကောင်းပါကွယ်။ မြေထဲမှာ ဆရာမလေးတစ် ယောက်နဲ့ လင်း ရှုပ်ခဲ့တာသိပေမယ့် သူ လင်းကို ရန်ကုန်ပြောင်းရအောင် လုပ်ပေးတာပဲ၊ ဒါပဲ။ ဆက်ဆက်လာနော်'



တူးတူးက တယ်လီဖုန်းကိုချသွားသည်။ မကြာခင် ဒေါ်လီ ရှယ်လီတို့ ဘက် ကူးသွားသည်။ ဒေါ်လီက ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်သည်။

'ရှယ်လီ... မင်းအတွက် ဝမ်းသာစရာသတင်း'

'ဘာလဲ... ဟင်'

'တူးတူးက တယ်လီဖုန်းနဲ့ပြောတယ်။ မင်းကိုလည်း ဖိတ်လိမ့်မယ်၊ ဒီတနင်္ဂနွေ ညစာစားပွဲမှာ လင်းကိုဂုဏ်ပြုတဲ့အနေနဲ့ ထမင်းကျွေးမယ်။ ဆရာဝန်ကြီး ဦးဘမော်ရော ကျန်းမာရေးဌာနက အတွင်းဝန် ဦးသာကျော်ကို ပါ ဖိတ်မယ်တဲ့'

'အဲဒါ... ဘာဖြစ်ရမှာလဲ'

'အောင်မယ်လေး မိရှယ်လီ။ လည်မယ့်နေရာမှာလည်ပြီး အတဲ့နေရာ ကျ အလိုက်တာ။ အဲဒီမှာ ဦးဘစံက လင်းကို ဦးသာကျော်နဲ့ မိတ်ဆက်ပေး မယ်။ လင်း နိုင်ငံခြားသွားနိုင်အောင် သူကလည်း တိုက်တွန်းမယ်။ အတွင်း ဝန် ကတော်ဆီလည်း မင်းအဝင်အထွက် လုပ်နိုင်သွားတာပေါ့။ တူးတူးက ပြောတယ်'

'ဟုတ်လား... ဟယ်– တို့က ဖွင့်မပြောရသေးဘဲ ဦးဘစံက ကြို တင် စီစဉ်ထားတယ်နော်'

ရှယ်လီက ဝမ်းသာသွားသည်။ မကြာခင်ဘဲ တူးတူးထံမှ တနင်္ဂနွေနေ့ ညစာ ထမင်းစားဖို့ ရှယ်လီတို့နှစ်ယောက်ကို ဖိတ်ခေါ် ဖုန်း ရောက်လာ သည်။

တနင်္ဂနွေနေ့ ညစာစားပွဲမှာ ရင်းရင်းနှီးနှီး မြန်မာပီပီ ထမင်းစားပွဲဖြစ် ၍ ဟန်တွေပန်တွေ (Etiquette) တွေမရှိ။ ပွင့်ပွင့်လင်းလင်း တွေ့ဆုံကြ သည်။

တူးတူးကလည်း ဦးသာကျော်ကတော် ဒေါ်ခင်မြမြ၊ ဦးဘမော်ကတော်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေဝင်း၊ ရှယ်လီ၊ ဒေါ်လီတို့နှင့် အဖွဲ့ကျသလို ဦးဘဇံနှင့် ဦးသာကျော်၊ ဦးဘမော်တို့ စကားလက်ဆုံကျနေသည်။

လင်းကတော့ လူကြီးများကြားတွင် ခပ်ကုပ်ကုပ် ခပ်အေးအေးပဲ နေသည်။ သူတို့စကားပြောသည်ကို နားထောင်၍ မေးသည့်အခါဖြေသည်။

သူ့မျက်လုံးများသည် ဧည့်ခန်းထောင့်မှာ ထောင်ထားသော ပန်းချီကား ချပ်ဆီသို့ မျက်စိခဏခဏရောက်သွားသည်။

ချစ်သူ၏ တင့်တယ်ခြင်း။ ဧည့်ခန်းတစ်ဆောင်လုံးကို တန်ဆာဆင်နိုင်အောင် လွှမ်းမိုးနေသောအလှ။ အပါးက ဦးဘဇံ၏ ရင့်ကျက်တည်ငြိမ်သော ဏ္ဍနှင့်...။

သူသည် ဏ္ဍနှင့်မမဲ့အောင် ပန်းချီကားကို ခဏပဲ ရှုစိုက်ကြည့်ပြီး မျက်လုံးကို လွှဲဖယ်လိုက်သည်။

ရှယ်လီလည်း လှနေပါသေးသည်။ သူ့လည်တိုင်ကြောကြောမှာ မှယ်ဲ သွယ်ဖွေးဖွေးရှိနေသေးသည်။

ပြုံးရယ်သော မျက်လုံးများနှင့် နှင်းဆီလွှာနှုတ်ခမ်းများ ရှိနေသေးပေမယ့် အိမ်ထောင်သက်၏ ပူပန်မှုများက လန်းဆန်းမှုကို လျော့ပါးစေသည်။

ရှယ်လီ မျက်လုံးများကလည်း တူးတူးနှင့် လင်းကို အကဲခတ်လျက်ရှိသည်။ ဦးဘဇံက ဇိတ်ပါလက်ပါ စကားပြောနေသည်။

'ကျွန်တော်တို့ မြန်မာတွေဟာ နိုင်ငံခြားကို ပညာတော်သင်သွားတော့ တော်တာများတယ်။ သူတို့အနောက်နိုင်ငံသားတွေကို ထိုးဖောက်ကျော်လွန်ပြီး တော်တဲ့လူတွေ အများကြီး'

ဦးဘဇံအသံက အမျိုးသားဝိုင်းမှ ကျော်လာ၍ ရှယ်လီတို့ဆီ ဝင်လာသည်။

'ဟိုတလောက ဆုံးသွားတဲ့ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာဦးတင့်



ဆိုရင် ဦးဖေသိန်းတို့ သိမှာပါ။ ဘုရင့်သမားတော်ကြီးဘွဲ့ကို အင်္ဂလန်က ရလာတာ'

'ဟုတ်ပါတယ်၊ ကျွန်တော် ကြားဖူးပါတယ်'

ဒေါက်တာဖေသိန်းက ပြောလိုက်၏။

'ကျွန်တော်က ဂေါက်သီးရိုက်ရင်း ခင်မင်နေကြတာ၊ သူက မျိုးချစ်စိတ်ကလည်းရှိတော့ ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် အင်္ဂလန်သွားတော့ 'တိုင်းပြည်လွတ်လပ်တော့မယ်၊ ခင်ဗျား ကိုယ့်တိုင်းပြည် ပြန်လာခဲ့ပေတော့'ဆိုတော့ သူ့ခမျာ ပြန်လာတာ၊ လန်ဒန်မှာ ဘုရင့်သမားတော်ဘွဲ့နဲ့ ကောင်းစားနေတာ။ ဆဋ္ဌမမြောက် ဂျော့ဘုရင်ကြီးကို ခွဲစိတ်တော့ သူက မေ့ဆေးဆရာဝန်၊ အဲဒီကနေ ဘုရင့်သမားတော်ဘွဲ့ကိုရတာ။ နိုင်ငံခြားမှာက ခွဲစိတ်ကုဆရာဝန်ကို အရေးပေးကြတယ်။ ဒီမှာ မြန်မာပြည်ရောက်တော့ ဗိုလ်ချုပ်အောင်ဆန်းကလည်းကျဆုံး၊ သူ့ခမျာ သာမန်မေ့ဆေးဆရာဝန်ကြီး အနေနဲ့ ကွယ်လွန်သွားတယ်။ အိမ်ပိုင်တောင် ဝယ်မသွားရဘူး။ အခု ဒေါက်တာဖေသိန်းတို့ နေတဲ့အခန်းမှာလေ'

'ဟုတ်ပါတယ်ခင်ဗျာ'

ဒေါက်တာဖေသိန်းက ဝင်ထောက်လိုက်၏။

'ဦးသာကျော်ရေ… ကျွန်တော့်သဘောကတော့ တကယ်တော်တဲ့လူတွေ မြုပ်နေရင် ထုတ်ဖော်ပေးပြီး သက်ဆိုင်ရာ ဘာသာရပ်လိုက် နိုင်ငံခြားပညာတော်သင် များများလွှတ်ပေးပြီး သူတို့ဆီက ရလာတဲ့ပညာနဲ့ ကိုယ့်တိုင်းပြည် ပြန်အကျိုးပြုနိုင်ရင် ကောင်းတာပေါ့'

ဦးဘဇံက သူ့စကားကို ရပ်လိုက်၏။

'ကိုကို ထမင်းပွဲ အဆင်သင့်ဖြစ်ပြီ'

တူးတူးက ပြောလိုက်၍ အားလုံး ထမင်းစားခန်းသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းပွဲမှာ ကိုယ့်အစုလိုက် စကားလက်ဆုံကျရင်း ထမင်းစားကြသည် တူတူးက အစေခံများနှင့်အတူ သူကိုယ်တိုင် ဟင်းလိုက်သည်။

အတွင်းဝန် ဦးသာကျော်ကလည်း ဦးဘဇံပြောခဲ့သောစကားကို ဆက် ပြောသည်။

'ကျွန်တော်ကတော့ မင်းတုန်းမင်းကြီးလက်ထက် ပြုပြင်ပြောင်းလဲ တွေ လုပ်ရမှာ Too Late and too slow လို့ အနောက်တိုင်း သမိုင်းဆ တွေပြောတာ မမေ့နိုင်ဘူး။ ကျွန်တော်တို့ လွတ်လပ်ရေးခေတ်ဦးမှာ အဲဒီ ဖြစ်မှာ ကျွန်တော်လည်း စိုးပါတယ်။ ဟိုတုန်းက ဘာသာစကား အခက်အ ကလည်းရှိ၊ ထစ်ဆို ဘာလုပ်လုပ် အောက်မြန်မာနိုင်ငံကို သိမ်းထား အင်္ဂလိပ်ကလည်းနှောင့်ယှက်၊ သူသဘောမတူရင် ဘာမှမလုပ်ရသလို ဖြစ် တော့ နှောင့်နှေးတယ်။ လိုချင်တဲ့ပညာရပ်တွေကို ပညာတော်သင်တွေ ရယူဖို့ အခက်အခဲ အများကြီးရှိတယ်။ ခု မြန်မာနိုင်ငံမှာ ပညာတော်သင် ဟာ အင်္ဂလိပ်စာ အခက်အခဲလည်း မရှိတော့ နိုင်ငံခြားမှာ အောက်မကျပါဘူး ကျွန်တော်လည်း ဒါကို သတိပြုပါတယ်။ ပညာရေးဝန်ကြီးနဲ့လည်း ဆွေး မိပါတယ်'

ဦးသာကျော် စကားဆုံးတော့ ဦးဘဇံက ဆကပြောသည်။

'တစ်ခုတော့ရှိတယ် ဦးသာကျော်။ မြန်မာပြည်မှာ တချို့လူငယ် ဌာနအလိုက် အလုပ်မှာ တော်တာတွေရှိပါတယ်။ ဒါပေမယ့် လူငယ်ဆိုတ နောက်ကြောင်းအမှားလေးတွေ ရှိတတ်တာပေါ့ဗျာ။ ဒါတွေကိုတေးပြီး သူ တက်ရာ တိုးဘက်ကြောင်းကို ဆိုင်းငံ့ထားတဲ့အဖြစ်မျိုးတော့ မဖြစ်သင့် ပေါ့ဗျာ၊ ကျွန်တော်တို့ ငယ်တုန်းကအဖြစ်ကို စာနာကြရင် သူတို့ကို ခွင့်လွှ နိုင်ရမှာပေါ့ဗျာ။ ကြီးလာတော့ ကိုယ့်ဟာကို ပြုပြင်လာကြပါတယ်'

ဦးဘဇံ ဆိုလိုချက်ကို ရှယ်လီနှင့် ဒေါ်လီတို့ လင်မယားနှံ့ကြွ တူးတူးကော သဘောပေါက်ပါသည်။



ထမင်းပွဲပြီး၍ တူးတူးက သစ်သီးစုံကို နို့နှင့်ရောကာ အချိုပွဲချပေး သည်။

'ကဲ– ဦးသာကျော်ရေ– ဒေါက်တာလင်းရွှေအောင်ကို အကြောင်းပြုပြီး နော်က ဒီထမင်းပွဲလုပ်တာပါ။ ဒေါက်တာလင်းဟာ တူးတူးအသက်ကို ယ်ခဲ့တာပေါ့ဗျာ။ ကျွန်တော့်ကျေးဇူးရှင် လင်းနဲ့ရှယ်လီကို ကျွန်တော် ူးနဲ့ ဒေါ်ခင်မြမြလက်အပ်ပါတယ်။ အစစ ဆုံးလည်းဆုံးမပါ။ ကူလည်း ညီစောင့်ရှောက်ပါနော်။ ဒေါက်တာလင်း အရည်အချင်းကိုတော့ သူ့ဆရာ ာမော်ပဲ မေးကြည့်ပေါ့'

ဦးသာကျော်က လင်းမျက်နှာကို ပြုံး၍ကြည့်ရင်း ခေါင်းတညိတ်ညိတ် ပ်နေသည်။ ထိုညနေက ညစာစားပွဲမှာ ၁၀နာရီလောက်မှ အောင်မြင်စွာ ၍သွားပါသည်။

နောက်ပိုင်းရှယ်လီက ဦးသာကျော်၏ဇနီးထံ ဝင်ထွက်လုပ်လိုက်သည်။ င်းသင်းဆက်ဆံရေးမှာတော့ ရှယ်လီက ပြောစရာမလို။

နောက် ၆ လကြာတော့ နိုင်ငံခြားသို့ ခွဲစိတ်ကုသမှု အထူးကုဘွဲ့ ၅န် ဒေါက်တာလင်းရွှေအောင်ကို လွှတ်ဖို့ အမိန့်ထွက်လာသည်။

လင်းနိုင်ငံခြား မထွက်ခင် ပထမနေ့က ဒက်ဒီနှင့်မာမီကို ကန်တော့ ? ရှယ်လီကိုယ်တိုင် လိုက်ပါသွားသည်။

⁂

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

မင်္ဂလာဒုံလေယာဉ်ကွင်းမှာ ဗန်ကောက်သို့ လေယာဉ်ထွက်ခွာမည့်အကြောင်း ကြေညာလိုက်သည်။

ဒေါက်တာလင်းရွှေအောင်ကို သားနှင့်သမီးက နမ်းနေကြသည်။ ရှယ်လီသည် မျက်ရည်တွေဝဲလာသည်။ ကြည်နူးဝမ်းမြောက်တာ မှန်ပေမယ့် ခွဲခွာရမည်ဆိုတော့လည်း လွမ်းချင်သား။

'ရှယ်လီ… လင်း သွားမယ်'

'ဒက်ဒီ… သား သွားတော့မယ်'

လင်းရွှေအောင်သည် ရှယ်လီနှင့်ဒက်ဒီကို နှုတ်ဆက်ကာ အခန်းအပြင်သို့ ထွက်သွားသည်။ ထိုစဉ်က ဧည့်သည်များအခန်းထဲထိ လိုက်ပို့ခွင့်ရှိသည်။ လင်း မာမီက နေမကောင်း၍ မလိုက်နိုင်။

ခရီးသည်များ လေယာဉ်ရှိရာသို့ ထွက်သွားသည်ကို လိုက်ပို့သူတွေ ငေးနေကြသည်။ ဂျင်မီနှင့် အင်နီကလည်း လက်ပြရင်း 'ဒက်ဒီရေ–' ဟု၍ အော်နေသည်။ ရှယ်လီက မအော်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



တန်းစီယှက်သွားသော ခရီးသည်တွေအလယ်မှာ တစ်စုံတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့မျက်လုံးကို မရွေ့ စူးစိုက်ကြည့်နေသည်။

ဟုတ်ပါသည်။ မလွဲနိုင်။ သူ စူးစိုက်ကြည့်နေသူက ခရီးသည်များကို ကျော်လွှန်ကာ လင်းအခန်း ရောက်သွားသည်။

'သလ်မာ...'

သူ့ရင်ထဲမှာ ရေရွက်မိ၏။ ဘုရား… ဘုရား၊ သလ်မာ ဘယ်ကိုသွားမှာလဲ။ လင်းနှင့်အတူ ပါသွားတာလား။

သလ်မာ၏ သွက်သွက်မတ်မတ်လျှောက်ဟန်က မျက်စိထဲကမထွက်။ အစိမ်းရင့်ခံ အဝါခက်များယှက်နွယ်ထားသော လုံချည်နှင့် အင်္ကျီဖြူဝတ်ထားသော သွယ်သွယ်နွဲ့နွဲ့ သလ်မာ၏ကိုယ်ဟန်က ထင်နေသည်။ မမှားနိုင်ပါ။

ယူဘီအေ လေယာဉ်ပျံကြီးက ထွက်သွားပြီ။ ကလေးတွေက အော်ဟစ်နေသည်။ ရှယ်လီမျက်လုံးမှာ မျက်ရည်တွေဝဲနေသည်။

မျက်နှာညှိုးနေသော ရှယ်လီကိုကြည့်ရင်း ယောက္ခမကြီးက ပစ်ပယ်ထားသည်မှာ ကြာပြီဖြစ်သော ချွေးမကို သနားစိတ် ဝင်လာဟန်ရှိသည်။

'ရှယ်လီ– ပြန်ကြစို့။ ကလေးတွေနဲ့အတူ ဒက်ဒီတို့အိမ်လိုက်ခဲ့ပါလား'

ရှယ်လီသည် ကလေးနှစ်ယောက်ကို တစ်ဖက်တစ်ယောက် ကိုင်ထားသည်။ သူ ခြေလှမ်းမမှန်ချင်တော့။

'နောက်နေ့တွေမှာ မာမီ့ကိုပေးရင်း ရှယ်လီလာပါ့မယ် ဒက်ဒီ… ရှယ်လီ အိမ်မှာ လုပ်စရာရှိနေသေးလို့'

'ဒီလိုဆို… သားတို့ ဘိုးဘိုးဆီ လိုက်သွားမယ်'

ဂျင်မီက ပြောလိုက်သည်။

ကလေးတွေဆန္ဒအတိုင်း သူသည် ယောက္ခမကြီးနှင့် ကလေးတွေ



ထည့်လိုက်ကာ အိမ်ကိုပြန်လာသည်။ အိမ်ကိုရောက်တော့ အိမ်ဃဲမဝင်၊

ကလေးနေမကောင်း၍ လင်းကို လိုက်မပို့နိုင်သော ဒေါ်လီအခန်းကို သွားဝင်လာသည်။ ဧည့်ခန်းမှာ စိတ်ပျက်လက်ပျက်ထိုင်လိုက်သည်။

ကလေးမလေးက သွားပြော၍ ဒေါ်လီအခန်းထဲမှ ထွက်လာသည်။ ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် လှဲနေသော ရှယ်လီကိုတွေ့၍ အံ့ဩသွားသည်။

'ရှယ်လီ… နေမကောင်းဘူးလား။ ဘာဖြစ်လာလဲ'

ဒေါ်လီက အနားမှာထိုင်၍ ရှယ်လီ့ပခုံးနှစ်ဖက်ကိုကိုင်ကာ မေးလိုက်သည်။ ရှယ်လီသည် ခေါင်းကိုယမ်းလိုက်၏။

အင်မတန် နူးညံ့ဖျော့သောဟန်နှင့် ဒေါ်လီ့လည်ပင်းကို လှမ်းဖက်ကာ ပခုံးကို မျက်နှာအပ်၍ငိုသည်။

'ဟဲ့… ရှယ်လီ ဘာဖြစ်တာလဲ။ ပြောပါဦး၊ ကလေးတွေရော'

'သူတို့ဘိုးဘိုးနဲ့ ပါသွားတယ်– သလ်မာ– သလ်မာ လင်းနဲ့ပါသွားပြီ'

ရှယ်လီသည် ယခုမှ ရှိုက်ရှိုက်၍ငိုသည်။ ဒေါ်လီကလည်း ဘာမှမပြောနိုင်။ ယခင်က လင်းရွှေအောင်ကိုစွ သိုးသိုးသန့်သန့်ကြားဖူးပေမယ့် ရှယ်လီက ပွင့်ပြောခဲ့ခြင်းမဟုတ်။ ယခုမှ ရှယ်လီက ပြောပြသည်။

'ရှယ်လီရယ် စိတ်ချမ်းသာအောင်နေပါ။ သလ်မာနဲ့အတူ ထွက်သွားတာ ဟုတ်ချင်မှ ဟုတ်မယ်။ တို့စုံစမ်းသေးတာပေါ့။ လင်း ဒါလောက်မဟုတ်တက်ပါဘူး။ အခု ကလေးတွေမှမရှိဘဲ ဒီမှာ ဒေါ်လီနဲ့အတူထမင်းစား'

ဒေါ်လီက နှစ်သိမ့်ရင်း ရှယ်လီကို ထမင်းကျွေးသည်။

'တော်ပြီ– ဒေါ်လီ–၊ ကိုယ်ဘာမှ မစားချင်ဘူး။ ကိုယ်အေးအေးဆေးဆေး တွေးနေချင်တယ်။ သွားမယ်'

အိပ်မက် မက်ရာမှ နိုးလာသူလို ဒယိမ်းဒယိုင်နှင့် ရှယ်လီ အခန်းပြင်

www.burmeseclassic.com

www.burmeseclassic.com



…ကျက်သွားသည်။ သူ့အိမ်ရောက်တော့ ဘယ်သူနှင့်မှလည်း စကားပြောချင်… အိပ်ရာထဲ ဝင်ခွေနေသည်။ ဟံအေးနှင့် ထမင်းချက်ကလေးမကလည်း …ဘာမှ မမေးရဲ။ သူတို့ဆရာကတော် လင်ကိုလွမ်းသည့်စိတ်နှင့် ခွေနေသည်ဟု …ထင်သည်။

ရှယ်လီကကော့ လင်းကိုစွကို ဘယ်လိုစုံစမ်းရမည်ကိုပဲ စဉ်းစားနေ…သည်။ စဉ်းစားရင်းမှ လင်းနှင့် စတွေ့ရသည့်အချိန်ကို သတိပြန်ရသည်။

တွေ့စက လင်းက အေးအေးငြိမ်ငြိမ် သိုသိုသိပ်သိပ်၊ အင်မတန် …အေးချမ်းသောလူတစ်ယောက်။ လက်ထပ်ပြီးတော့ လင်းကို အစစအရာ… …လိုက်ခဲ့သည်။

ဒေါ်ခင်သက်ဟင် ဩဝါဒအတိုင်း အရက်ကိုလည်း ကိုယ်တိုင် တည်… …င်းပေးခဲ့သည်။ တောင်ပေါ်က မိန်းကလေးကိစ္စ။ သလ်မာကိစ္စတွေမှာ သူ… …လင်းသိက္ခာကို မထိခိုက်အောင် သူ ဆောင်ရွက်ခဲ့သည်။

မလုပ်ချင်ဆုံး အလုပ်ဖြစ်သည့် ရည်းစားလုဘက် ဖြစ်ခဲ့ရသော တူးတူး… …သဲ မျက်နှာအောက်ချ၍ မြေထဲမှ ရန်ကုန်ပြောင်းဖို့၊ ရန်ကုန်မှ နိုင်ငံခြား… …ပညာသင်သွားဖို့ သူတောင်းပန်တိုးလျှိုးပြောခဲ့ရသည်မှာ မိန်းမတစ်ယောက်… အတွက် သိက္ခာအကျဆုံး အလုပ်မဟုတ်ပါလား။

သူ့အပေါ် လင်း ဘာမကျေနပ်ပါသလဲ။ သူတွေးရင်း အိပ်ရာမှ… …မထတော့။

ဒေါ်လီတို့အခန်းမှာတော့ ကိုဖေသိန်း ဆေးရုံမှပြန်ရောက်လာသည်… …ထမင်းစားပြီး ဒေါ်လီက ပြောပြသည်။

'ကိုသိန်းရေ… မိရှယ်လီတော့ ချုံးပွဲချငိုနေပြီ'

ဒေါက်တာဖေသိန်းက အံ့အားသင့်သွားသည်။

'ဘာဖြစ်လို့လဲ…'



'လင်းလေယာဉ်ပျံပေါ်အတက်မှာ သလ်မာပါသွားတာ မြင်လိုက်လို့တဲ့'

'ဘာ… မြေထဲက သူနာပြုဆရာမလေးလား'

'ဟုတ်တယ်တဲ့။ ဒေါ်လီကလည်း သားကြီးနေမကောင်းလို့ လိုက်မပို့တော့ မမြင်ရဘူး'

'အို… သေသေချာချာ စုံစမ်းပါဦး။ ကိုယ်လဲ စုံစမ်းကြည့်ဦးမယ်။ ဒီကောင်ကလည်း လူကြည့်ရင် အေးစက်စက်နဲ့ ဘယ်လိုလုပ်သွားတာလဲ မသိဘူး။ တကယ်မှန်ရင်ပေါ့လေ။ တစ်ခုကလည်း သလ်မာ သူ့ဘာသာ သင်တန်းသွားတက်တာလည်း ဖြစ်နိုင်တယ်'

'ဒေါ်လီတို့ ရှယ်လီ့အခန်း ကူးသွားရအောင်လား။ သူ့ကလေးတွေလည်း သူ့ယောက္ခမကြီးက ခေါ်သွားတယ်'

'ခုအချိန်မှာ အေးအေးဆေးဆေး သူတစ်ယောက်တည်းထားလိုက်တာ ကောင်းတယ်။ ကိုသိန်း စုံစမ်းပြီး သေချာမှ ဘာဆက်လုပ်သင့်တယ်ဆိုတာ ဆွေးနွေးရင် ကောင်းမယ်'

ကိုဖေသိန်းစကားကို နားထောင်နေပေမယ့် ဒေါ်လီက ရှယ်လီထံ သွားချင်နေသည်။

'ကိုသိန်း ကလေးအနားနေရစ်ဦး။ ဒေါ်လီခဏတော့ သူ့အနား သွားလိုက်ဦးမယ်။ ရှယ်လီ စိတ်သက်သာရာရအောင် တစ်ခုခုတော့ ပြောဦးမှပေါ့'

ဒေါ်လီက ကိုဖေသိန်းကို ထားခဲ့ကာ ထွက်သွားသည်။ ကိုဖေသိန်းက တစ်ယောက်တည်း စဉ်းစားနေရစ်သည်။

ရှယ်လီက ဒေါ်လီ့သူငယ်ချင်းဖြစ်သလို လင်းရွှေအောင်က သူ၏ ကျောင်းနေဘက် သူငယ်ချင်း။

လင်းရွှေအောင်အတွက် သူလည်း စိတ်မကောင်း။ ရှယ်လီကို လက်မ… ထပ်ခင်က လင်းနှင့် လက်ထပ်ပြီးသော လင်းက မတူ။

www.burmeseclassic.com

www.burmeseclassic.com



လုံးဝပြောင်းလဲသွားသည်။ လင်းနှင့်ဆွေးနွေးခဲ့သော ညတစ်ညကို သူသတိရနေ၏။

ရှယ်လီ သူ့ဒက်ဒီရှိရာ နမ္မတူကိုပြန်နေတုန်းက တစ်ညဦးက လင်း အခန်းသို့ကူးကာ သူတို့ အရက်သောက်ကြသည်။ လင်းက ဖိတ်ခေါ်၍ဖြစ်သည်။

ဤမြေရှိရာ အိမ်မှာ အရက်သောက်တတ်သော အကျင့်အတွက် သူယ်မျှင်းကို ကျေးဇူးတင်မိသည်။ ဒါပေမယ့် လင်းက သောက်လျှင် အလွန်ဖျော့၍သောက်သည်။ သူက ဟန်လောက်ပဲ သောက်သည်။

'အရက်သောက်တာလည်း နည်းနည်းလျှော့ဦးလင်း၊ ကိုယ့်ကျန်းမာရေး ကိုယ်ပြန်ထိမယ်။ မိန်းမပွေတာလည်း သတိထားဦးမှပေါ့'

ကိုဖေသိန်းက အရက်သောက်ရင်း သတိပေးသည်။

'သူငယ်ချင်း… ငါ့ကို ဘာလို့တရားဟောချင်ရတာလဲ၊ လောကကြီးမှာ လူတွေဟာ လိုချင်တာတစ်ခုကို ရအောင်လုပ်ကြတယ်။ ရလာခြင်းရဲ့နောက်ဆက်တွဲအကျိုးကို ရအောင်လုပ်တဲ့လူက ခံရမှာပေါ့'

လင်းက သူ့အဘိဓမ္မာနှင့်သူ ကိုဖေသိန်းကို တရားပြန်ဟောသည်။

'ရှယ်လီရော ငါရော လိုချင်တာကို လုပ်တဲ့လူတွေ။ ရှယ်လီက ငါ့ကို လိုချင်တယ်။ ရအောင်လုပ်တယ်။ ငါကလည်း ရှယ်လီရဲ့ အတွေ့ကို ပိုသဘောကျတယ်။ တူးတူးကိုပစ်ပြီး ရှယ်လီကိုယူတယ်။ ဒီကိစ္စမှာ ဘယ်သူမှ အရှုံးခံမဟုတ်။ တို့နှစ်ယောက်လုံး စိတ်တူသဘောတူလုပ်ပြီး တို့နှစ်ယောက်ခံရတာ မင်းအပူ မပါပါဘူး ဖေသိန်းရာ…'

'ငါ ပူစရာတော့မရှိဘူးပေါ့ သူငယ်ချင်း။ ဒါပေမယ့် မင်းက ထင်ရာစွတ်လုပ်နေတော့ ရှယ်လီမှာ စိတ်လည်းထိခိုက်တယ်။ မင်းအလုပ်မှာလည်း ထိခိုက်တယ်'



လင်းက ကိုဖေသိန်းစကားကြားတော့ ရယ်သည်။

'အလုပ်ကို ထိခိုက်တယ်။ ငါ့ကိုနေရာမပေးချင်လို့ မပေးကြတာပါကွာ။ လူနာတွေအပေါ် ငါဘာတာဝန်မကျေခဲ့သလဲ၊ ပြောစမ်းဖေသိန်း။ တောင်ပေါ်မြို့မှာ ညနေပိုင်း ငါ GP ဆေးခန်းထိုင်ရင် တစ်ခါတစ်ခါ လူနာတွေ ဆင်းရဲလွန်းလို့ ငါ့အိတ်ထဲကတောင် ငွေထုတ်ပြီး ဆေးကုသလာခဲ့တဲ့အကောင်။ မိဘတွေကလည်း ငါ့ကို လျစ်လျူရှုထားတော့ ဒီတုန်းက ငါ ငွေရေးကြေးရေး သိပ်ကျပ်တည်းခဲ့တယ်။ ငါ ဘော်မချက်ပါဘူး။ ရှိသမျှနဲ့ လူနာတွေကို ငါကူညီတာ။ ချမ်းသာတဲ့လူဆီက ငွေယူပြီး ဆင်းရဲတဲ့လူကို ကုခဲ့တယ်။ ငါ လူနာအပေါ်မှာ လျစ်လျူရှု တာဝန်မကျေခဲ့တာရှိရင် ပြောပြလက်ထောက်ပြ'

'အေး… မင်းလည်းဆရာဝန်ပဲ။ ငါတို့ဆရာဝန်ဘွဲ့ယူတော့ ကတိသစ္စာခံယူရတယ်လေ။ 'လူနာအပေါ်မှာ မိမိရင်ဝယ်သားကဲ့သို့ ပြုစုစောင့်ရှောက်ကုသပါမည်'ဆိုတာ။ ပြီးတော့ လူနာရဲ့လျှို့ဝှက်ချက်တွေကို မည်သူ့ကိုမျှ မပေါက်ကြားရဘူးဆိုတာ သစ္စာပြုရတယ်လေ။ ငါ တတ်သလောက် မြန်မာလို ဆီလျော်အောင် ဘာသာပြန်ပြတာ သူငယ်ချင်း။ တို့ကတိသစ္စာခံယူတဲ့အထဲမှာ လူနာအပေါ်မှာသာ သစ္စာရှိရမယ် ပြောတာ။ မိန်းမအပေါ်မှာ သစ္စာရှိရမယ်လို့ မပါဘူး…ဟဲ …ဟဲ'

အရက်မူးမူးနှင့် ပြောပေလို့သာ။

ကပ်သီးကပ်သပ် လင်း၏စကားကို ကိုဖေသိန်းက စိတ်ပျက်လာသည်။ လင်းပြောတာ တစ်စိတ်တစ်ပိုင်းမှန်သည်။ လူနာနှင့်ပတ်သက်လို့တော့ လင်းကိုယ်ဖိရင်ဖိ စောင့်ရှောက်ပြုစုသည်။ ချို့ယွင်းချက် မကြားခဲ့ရ။

'ငါက သူငယ်ချင်းအနေနဲ့ သတိပေးတာလင်း။ မင်းလူနာတွေအပေါ်မှာ ဂရုစိုက်သလို ရှယ်လီအပေါ်လည်း ဂရုစိုက်မှပေါ့၊ မင်းက အဆန်း၊

www.burmeseclassic.com

www.burmeseclassic.com



ငါကြားဖူးတာက တစ်မြစ်ရိုးလုံးနောက်သော်လည်း သောက်ရေအိုးကြည်ရုံ ပြီးရောတဲ့။ မင်းကတော့ တစ်မြစ်ရိုးလုံးကြည်ပြီး သောက်ရေအိုးကျမှ ကွက်နောက်တယ်ကွာ...'

ကိုဖေသိန်းပြောသည်ကို ရုတ်တရက်ပြန်မပြော။ လင်းက အရက်ခွက်ယူကာ မှိမ်ခံသောက်နေသည်။ ပြီးမှ တဖြည်းဖြည်းပြောသည်။

'မင်းလဲ နားမလည်ပါဘူး ဖေသိန်း။ ငါ့ဒေဝနာကို ဘယ်သူမှ နားမလည်ဘူး။ ငါလဲ မပြောချင်ဘူး။ ငါ့ရင်ထဲက နောင်တကို ငါ မချေဖျက်နိုင်ဘူး။ ဘာနောင်တလဲဆိုတာ မင်းမမေးဖို့မလိုဘူး။ ရှယ်လီအတွက်တော့ကွာ မင်းပြောသလို တစ်မြစ်ရိုးလုံး ကြည်နေပါလျက်နဲ့ သူ့သောက်ရေအိုးကို ခပ်ရာမှာ ရေနောက်ပါလာတယ်ဆိုတော့ သူ့ကံတရားပေါ့...။ တော်ပြီ သူငယ်ချင်း။ ထပ်ပြီးပြောမယ်။ ငါ့ကို တရားမပြနဲ့။ ငါဟာ ဆရာဝန်ကောင်း တစ်ယောက်ဖြစ်ကောင်းဖြစ်ပေမယ့် လင်ကောင်းတစ်ယောက်တော့ မဖြစ်ဘူး'

လင်းရွှေအောင်နှင့် သူ နှစ်ယောက်တည်းသောက်ကြသော အရက်ဝိုင်းမှာ လင်း၏ပြောစကားကို ကိုဖေသိန်းက သတိရသည်။

ရှယ်လီပြောသလို သလ်မာကို အင်္ဂလန်ကို ခေါ်သွားသည်ဆိုသည်မှာ ဖြစ်နိုင်ခြေရှိသည်။ တစ်ဘက်ခန်းတွင် ဒေါ်လီကတော့ ရှယ်လီ စိတ်သက်သာအောင် မည်သည့်စကားလုံးများနှင့် နှစ်သိမ့်နေသည်မသိပါ။

X X X X X

[ ၁၂ ]

ရှယ်လီသည် နေမကောင်းသေး၍ ကလေးများကို လာမခေါ်သေးကြောင်း လင်း၏ဒက်ဒီထံ ဖုန်းဆက်လိုက်သည်။ အမှန်တော့ လူအကောင်း၊ စိတ်က မကောင်းခြင်းဖြစ်သည်။

ဒေါ်လီမှတစ်ပါး သူ ဘယ်သူမှ အတွေ့မခံချင်။ အိပ်ရာထဲမှာ ခွေနေချင်သည်။ ဒါပေမယ့်လည်း မဖြစ်သေး။ လင်းရဲ့မာမီကိုလည်း သွားရောက်တွေ့ဆုံရဦးမည့် ဝတ္တရားရှိသည်။ လင်းသွားစဉ်က သူ့မာမီ နေမကောင်း၍ လိုက်မပို့နိုင်။

ချက်ချင်းလိုပင် သူ၏တောင်ပေါ်မြို့ကလေးက ရန်ကုန်ပြောင်းပြောင်းလာသော အိမ်နီးချင်းကောင်း ဒေါ်ခင်သက်တင်ကို သတိရသည်။

ဒေါ်ခင်သက်တင်၏ ကုမ္ပဏီကို တစ်ခေါက်နှစ်ခေါက်ပဲ ရောက်သေးသည်။ သူ့တူမ သလ်မာအကြောင်းကို သိကောင်းသိမည်။

သူသည် တစ်ပတ်လောက် အိမ်ကုတ်နေပြီးမှ စကော့ဈေး (မိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဈေး)ထွက်ခဲ့သည်။ မာမီဖို့ ဟောလစ်နှင့် သစ်သီးများဝယ်ကာ ဒေါ်ခင်သက်
တင် ဆိုင်ရှိရာ စကော့ဈေးအရှေ့ဘက်တန်းကို ထွက်လာသည်။

ဒေါ်ခင်သက်တင်ဆိုင်မှာ ဝယ်သူတွေများကာ ဒေါ်ခင်သက်တင်က
ကောင်တာမှာ ငွေသိမ်းနေသည်။ ရှယ်လီကို ဒေါ်ခင်သက်တင်က နေရာ
ပေမယ့် သူက မထိုင်။

'မထိုင်တော့ဘူး မမ၊ မာမီ နေမကောင်းတာ ပန်းသည်းတွေ သွားပို့မလို့
မမ ညနေဆိုင်သိမ်းပြီး ရှယ်လီ့အိမ်ဝင်ခဲ့ပါ။'

ဒေါ်ခင်သက်တင်ကို နှုတ်ဆက်ကာ မာမီတို့အိမ်ရှိရာ အင်းလျားလမ်း
ကို ထွက်လာခဲ့သည်။

ယောကျ်ားမများ အိမ်ရောက်သော သားတို့နှင့် အဘိုးအဘွားမျာ
ပြေလည်နေကြ၍ သူစိတ်သာရ ရပါသည်။ မာမီ့အိပ်ခန်းသို့ဝင်ကာ ပန်းသည်းမျာ
ကို စားပွဲပေါ် တင်လိုက်၏။

မာမီသည် အိပ်ရာပေါ်မှာ အိပ်နေသည်။ အဖျားကျစပြစ်၍ အားမရှိ
သေး။ အသံကလည်း ပျော့နေသည်။

'မာမီ ဟောလစ်သောက်ပေးပေါ့။ ရှယ်လီလည်း လင်းမရှိတော့ အားမ
ပါတယ်။ မာမီ့ကို ပြုစုဖို့လိုရင် ခေါ်လိုက်ပါ။ ရှယ်လီ လာခဲ့မယ်။ တစ်ခု
မာမီ့ရဲ့မြေးတွေကတော့ ဆူမယ်'

မာမီက ပြုံးနေသည်။ ဒီလိုတော့လည်း သူ့ယောကျ်ားမကြီးသည် ပျော့
ပျောင်းနူးညံ့သား။

'ကိစ္စမရှိပါဘူးကွယ်၊ နှင်းနွေး ကလေးတွေလည်း တစ်ခါတစ်ခါ
လာကြတော့ ဆူနေကျပဲ။ သူတို့လည်း ကလေးချင်းချင်း တွေ့ရတာပေါ့'

သူတို့စကားပြောနေစဉ် ဒက်ဒီဝင်လာသည်။သူ့အနားမှာ ထိုင်လိုက်၏၊



'လင်းရွှေအောင်အတွက် မပူနဲ့ ရှယ်လီ၊ စံကျော်နိုင်အစ်ကို ဝတ်လုံ
ထွန်းလှအောင်က လန်ဒန်မှာရှိတယ်။ လင်း လိုအပ်တဲ့ငွေ ပေါင်နဲ့ လင်းကိုပေး
ပါလို့ မှာထားတယ်။ သူက အိပ်ခန်းလည်း ငှားနေချင်သေးတာကို၊ တို့က
ရန်ကုန်မှာရှိတဲ့ ထွန်းလှအောင် ဘဏ်ကစာရင်းထဲ မြန်မာငွေထည့်ရုံပဲ။ အစိုးရ
စရိတ်နဲ့ သူမလောက်မှာစိုးလို့'

သူက ဘာမှ မပြောချင်။ သူ့မိဘများသည် ခုတော့လည်း လင်းအပေါ်
ကောင်းရှာကြသည်။

မိဘတွေပေးသောငွေနှင့် သလ်မာကို လန်ဒန်မှာ လင်းကောင်းကောင်း
ထားနိုင်မှာပါ။ လင်း လိုအပ်သမျှ ဖြည့်ဆည်းသည့် မိဘများဖြစ်သည်။

သလ်မာအကြောင်းကိုတော့ ယောကျ်ားမကြီးများကို သူ ဘာတစ်ခုမှ
ဖွင့်မပြောသေး။ မကြာခင် ကလေးတွေ ကစားရာမှ ဝင်လာသည်။

'သားတို့ ကျောင်းဖွင့်မှလာမယ် မာမီ'

သီတင်းကျွတ် ကျောင်းပိတ်ရက်က ၁၀ ရက်ဖြစ်သည်။

'သားတို့မုန်းဆက်လိုက်၊ မာမီ လာခေါ်မယ်'

'ရှယ်လီကလဲ၊ ဒက်ဒီကိုယ်တိုင် လာပို့မယ်၊ ကဲ… ထမင်းစားပြီးမှ
ပြန်'

ရှယ်လီသည် မာမီ့အတွက် ဟောလစ်ဖျော်၍ ကိုယ်တိုင်တိုက်သည်။
ဘာပဲပြောပြော သားတို့ရှေ့ရေးက ရှိသေးသည်။

လင်းက အပြတ်လုပ်သွားပေမယ့် ဒီကလေး ..တွနောင်ရေးကို သူ့
အဘိုးအဘွားများက ဖန်တီးမည်ဖြစ်လေတော့ သူ့ယောကျ်ားမများကို ပြေလည်
စွာ ဆက်ဆံရမည်။

ဒေါ်ခင်သက်တင်နှင့် ချိန်းထား၍ ညနေမစောင်းခင် သူ အိမ်ပြန်လာခဲ့
သည်။ ၅ နာရီလောက်မှာ ဒေါ်ခင်သက်တင် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမရေ– ထိုင်၊ ရှယ်လီမှာတော့ အရေးပေါ်ပြန်ပြီ'

ရှယ်လီက နေရာပေးရင်း ပြောလိုက်၏။

'ဘာအရေးလဲဆိုတာ မမသိပါတယ်။ မမကိုယ်တိုင်က အစော
လာပြောဖို့၊ အသိနောက်ကျသွားတယ်'

ရှယ်လီက ငိုင်နေ၏။

'မမ သိပြီးသားပေါ့'

'သိတယ်၊ ဒါပေမယ့် မနေ့ကမှ သိတယ်၊ မမရဲ့ အစ်မကြီး ဒေါ
အေးမေက မြေထဲမှာနေတယ်လေ။ မနေ့က ရန်ကုန်ရောက်လာတယ်
သူကလည်း ဟောင်းကောင်း မမာဘူး။ ရောက်ရောက်ချင်း မမကို တ
ဆောင်ပြတယ်။ အဲဒါက လင်းနဲ့ သလ်မာ လက်ထပ်စာချုပ်၊ မသွားခင်လေး
တိတ်တိတ် လက်ထပ်ထားတာ'

'ဟင်...'

ရှယ်လီက အလန့်တကြား ရေရွတ်လိုက်သည်။

'သူတို့ အင်္ဂလန်သွားတဲ့နေ့မှ ထည့်လိုက်တာ၊ ငါးရက်လော
ကြာမှ မမကြီးလက်ထဲရောက်တာ၊ မမကြီးလဲ ငိုလို့ယိုလို့၊ လုပ်တာကိုတ
ပိရိလိုက်တာ'

ရှယ်လီက မလှုပ်။ ဘာမှလည်း မပြောချင်။ သွားကာနီး နှစ်ရက်
ရက် အရေးတကြီးကိစ္စရှိ၍ဟု အကြောင်းပြကာ လင်းထွက်သွားသည်
ဒီကိစ္စလည်းပါပေမည်။

'အဲဒါ မမကြီးက ရှယ်လီကို သွားတောင်းပန်ပေးဖို့ပြောတယ်၊ ရှယ်
ရောက်လာတာနဲ့ အတော်ပဲဖြစ်သွားတယ်။ မမလည်း ဘာလုပ်ရမှန်းမသိ
ရှယ်လီ– ဒီကိစ္စမှာ မမရော၊ မမကြီးရော မပါဘူးဆိုတာ ယုံပါ။ ရှယ်လီ
အနုံးအညွတ်တောင်းပါတယ်'



ရှယ်လီသည် သက်ပြင်းလေးချကာ ငြိမ်နေသည်။ ဘာမှ ဆက်မပြောချင်။ အသွားကြီးတွေကိုလည်း အပြစ်မတင်သာ။

ကိစ္စကတော့ သေချာသွားပြီ။ မမမေးသလိုပဲ သူ ဘာဆက်လုပ်မလဲ။

ရှယ်လီသည် ဒေါ်ခင်သက်တင်နှင့် ခွဲခွာလာကတည်းကစ၍ လင်း အင်္ဂလန်ထွက်သွားသည်အထိ အကြောင်းစုံပြောပြသည်။ တူးတူးနှင့် လင်း အကြောင်းလည်း ပါသည်။

'ဖြစ်ပြီးတဲ့ကိစ္စတော့ ဖြည်းဖြည်းစဉ်းစားပေါ့။ မမအကြံပေးချင်တာက ရှယ်လီ ထိုင်စိတ်မညစ်နေစေချင်ဘူး။ ရှယ်လီ အလုပ်လုပ်ပါ။ အခု အစိုးရဲ အမှုထမ်း ကတော်တွေကအစ သွင်းကုန်ထုတ်ကုန် လိုင်စင်လုပ်နေကြတာ၊ လုပ်ပုံလုပ်နည်းကို မမအားလုံးသင်ပေးမယ်။ ကုလား တရုတ်နဲ့ မပတ်သက်ဘဲ ကောင်းသောကုန်သွယ်ခြင်းဖြစ်ဖို့လိုတယ်။ မြန်မာမမှာ မုဆိုးမဖြစ်ဖြစ်၊ တစ်ခုလပ်ဖြစ်ဖြစ်၊ အပျိုကြီးပဲဖြစ်ဖြစ် အိမ်ထောင်တစ်ခုရဲ့ စီးပွားရေးကို ဦးဆောင်လာခဲ့တဲ့ အစဉ်အလာ ရှိတာပဲ။ အခုလည်း အိမ်ထောင်နဲ့ပေမယ့် မမ စီးပွားရေး လုပ်ရပြီ။ မမယောက်ျား ပင်စင်ယူတော့ မမ ကုမ္ပဏီဖွင့်ပြီး မမပဲ လုပ်တာပဲ။ သူ အနားယူပြီလေ။ မောင်တစ်ထမ်း မယ်တစ်ရွက်ပေါ့။ ရှယ်လီကျတော့ သူမပြန်လာဘူးဘဲထား၊ ကလေးတွေနောင်ရေး ရှိသေးတယ်'

ရှယ်လီသည် ဒေါ်ခင်သက်တင်ကို ကြည့်နေမိ၏။ ကျောက်တိုင်ကြီးသဖွယ် အားကိုးအားထားလောက်သော အဆွေခင်ပွန်းပါပေတည်း။

မှောင်ထဲမှာ ငုတ်တုတ်ထိုင်နေသော သူ့ကို အလင်းရောင်ပေးသူဖြစ်သည်။

နာလန်ထ လူမမာလို ချောင်ကျသွားသော ရှယ်လီမျက်နှာကို ဒေါ်ခင်သက်တင်က စူးစိုက်ကြည့်နေ၏။ ရှယ်လီ ယခုရက်သတ္တပတ်အတွင်း မည်မျှ ခံစားရသည်ကို ရှယ်လီရုပ်က ဖော်ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သွယ်ပြောင်းသောနှာတံအောက်မှာ မျက်ကွင်းဟောက်ပက်နှင့် မျက်လုံးနှစ်ခုက ပြူးကြောင်ကြောင် အရောင်ကင်းမဲ့နေပုံရသည်။

'ရှယ်လီ... အိပ်မပျော်ဘူးလား၊ အစာလည်း ကောင်းကောင်းမစားဘူးထင်တယ်'

'စားလို့မရတာ...'

'အို... ရောဂါမှမဟုတ်ဘဲ၊ ရှယ်လီ ဒီလိုနေလို့ လဲသွားမှာပေါ့၊ ရှယ်လီ မိန်းမတို့ ဝတ္တရားရှိသည့်အတိုင်း အိမ်မှု၊ မီးဖိုချောင်ကိစ္စတွေနဲ့ လုံးပမ်းနေရတာ အိမ်ထောင်တစ်သက်လုံးပဲ။ ပြီးတော့ ကလေးမွေးရ၊ လင်ကို ပြုစုရနဲ့ လုံးလည်လိုက်နေတာ၊ တို့မှာ ဥပဒေတို့၊ ဓာတ်တို့ကြောင့် လင်ကို ပြုစုနေတာမဟုတ်ဘူး။ တို့လူမျိုးအစဉ်အလာ ယဉ်ကျေးမှုအရ မယားဝတ္တရားပါ၊ လင့်ဝတ်ငါးပါးတွေနဲ့ နေလာတာ၊ ချစ်လို့ ပြုစုတာ။ အနောက်နိုင်ငံတွေမှာ ဒီဝတ်ငါးပါးတွေဘာတွေ ရှိတာမဟုတ်ဘူး။ အခု သူထွက်သွားပြီ ကိုယ့်တာဝန်လည်း ကျေခဲ့ပြီ၊ ကိုယ့်ဘဝကိုယ်စဖို့ အချိန်ရောက်ပြီ၊ စလည်းစရမယ်။ ဘယ့်နှယ်တော် သူတို့မယားငယ်ယူတိုင်း၊ အရက်နာကျတိုင်း တို့မိန်းမတွေက ဘုံးဘုံးလဲရမယ်ဆိုရင် သေရချည့်ရဲ့။ မြန်မာအမျိုးသမီးတစ်ယောက် ရတဲ့အခွင့်အရေး လွတ်လပ်မှုကို မီးဖိုချောင်ထဲမှာပဲ အသုံးမချလိုက်စမ်းပါနဲ့၊ ရှယ်လီ ဘာလုပ်ရမလဲဆိုတာ စဉ်းစား၊... မမ ကူညီမယ်၊ ဘောင်ပေါ်မြို့လေးတုန်းက မမပြောခဲ့တယ်၊ ဒီလင်သား၊ မီးဖိုချောင် စိတ်သောကတွေနဲ့ အိပ်မောကျမနေပါနဲ့လို့ ပြောခဲ့တာ မှတ်မိသေးလား'

ရှယ်လီ ငိုင်၍နားထောင်ရာမှ

'ရှယ်လီ ဒီလိုလုပ်မယ်၊ မမ စာချုပ်ကို ရှယ်လီ့ပေးပါ။ မာမီ ကောင်းကောင်းနေကောင်းမှ ဒီစာချုပ်ပြပြီး ရှေ့ဘာဆက်လုပ်ရမယ်ဆိုတာ စီစဉ်မယ်လေ၊ မမပြောသလို ကမ္ဘာ့ထောင်ရင်လဲ အရင်းအနှီးက သူတို့ကပဲ ထုတ်ပေးရမှာ' ဟု ပြောလိုက်သည်။



ဒေါ်ခင်သက်တင်က စဉ်းစားနေ၏။

'မမ... တစ်ခု သံသယဖြစ်တယ်၊ ရှယ်လီ အခုန တူးတူးအကြောင်း ပြောခဲ့တဲ့အထဲမှာ လင်းနဲ့တူးတူးက တစ်ခါက ချစ်သူတွေဆိုတော့ တူးတူးယောကျ်ား ဦးဘဇံက လင်းနဲ့ တူးတူး ဝေးအောင် စီစဉ်တာများလား'

ဒေါ်ခင်သက်တင် စဉ်းစားသလို ရှယ်လီ တစ်ခါမှ မစဉ်းစားမိ။ ရှယ်လီရော တူးတူးရော လင်းကောင်းစားရေး၊ ရှေ့ရေးအတွက် ကြိုးစားကြခြင်းဖြစ်သည်။ သလ်မာကိစ္စက ကြားဖောက်ဝင်လာခြင်းဖြစ်သည်။

'ဒါတော့ မဖြစ်နိုင်ဘူးမမ'

'အေး... ဒါပေမယ့် စဉ်းတော့ စဉ်းစားစရာပဲ'

ဒေါ်ခင်သက်တင် ပြန်သွားတော့ ရှယ်လီသည် တစ်ယောက်တည်း ဒေါ်ခင်သက်တင်၏ တွေးခေါ်ချက်ကို အပြန်ပြန်စဉ်းစားနေမိသည်။

မဖြစ်နိုင်ဘူးဟူ၍လည်း ပြောနိုင်သည်။ သို့သော် ဖြစ်နိုင်ခြေများလည်း ရှိနေသည်။

ဖြစ်နိုင်ခြေရှိသည်ဟု တွေးလိုက်မိသည့်တစ်ပြိုင်နက် ရင်တွေက ခုန်လာသည်။ အာခေါင်တွေခြောက်သလို မောသလို ဖြစ်လာတတ်သည်။

ဒိတ်ကယောင်ချောက်ချား ဖြစ်လာချင်သည်။ တူးတူးနှင့် ပထမဆုံး မြေ မှာ တွေ့ခဲ့သောညက ကောင်းကင်ကိုကြည့်ရင်း သူ့အတွေးထဲက ညှာတံသမီးလို စိန်လည်ဆွဲတွေဘာတွေ ဖြုတ်တောက်ပစ်ပေါက်လိုက်ချင်သည်။ ဆောက်တည်ရာမရ ဖြစ်လာသည်။

ဒေါ်လို့စကားအရ တူးတူးက သူနှင့်လင်း ကျောင်းမှာနေစဉ်က ချစ်ခဲ့ကြောင်း ဦးဘဇံကို ဖွင့်ပြောပြီးပြီဆိုတော့ ဦးဘဇံရင်ထဲမှာ ဘယ်လိုပဲပြောပြော သံသယရှိနိုင်သည်။

ပြီးတော့ လင်းကလည်း တူးတူးကို ခွဲစိတ်စဉ်က ပြုစုယူယမှုတွေ

www.burmeseclassic.com

www.burmeseclassic.com



ပို့ခဲ့သည်။ ဒီလိုသာ နီးနီးစပ်စပ် အနေကြာလာလျှင် လင်းနှင့်တူးတူး အခြေအနေက အန္တရာယ်ကို မရောက်လာနိုင်ဘူးလို့ မပြောနိုင်။

ဦးဘဇံက ပညာတတ်တစ်ယောက်။ အခြေအနေတစ်ခုကို သိမ်မွေ့စွာ ကိုင်တွယ်တတ်သည်။ ကိုင်တွယ်နိုင်စွမ်းရှိသည်။ အခုကိစ္စမှာရော ဦးဘဇံ ဆင်ထားသော အကွက်များ မဖြစ်နိုင်ဘူးလား။

ဦးဘဇံအပေါ် သံသယတွေ ဝင်လာသည်။ ဒီလိုတွေးမိလျှင် သူ့ရင်တွေ ပူလောင်လာပြန်သည်။ ဒေါ်လီအိမ်ဘက် ကူးသွားကာ တူးတူးဆီ သွားချင်သည့်ပဲ ပူဆာသည်။

ဒေါ်လီက ယောက်ယက်ခတ်ဖြစ်နေသော ရှယ်လီအတွက် စိုးရိမ်လာသည်။

'လိုက်ပို့ပါ့မယ် ရှယ်လီရယ်'

သူငယ်ချင်း၏ အခြေအနေကိုကြည့်ကာ ဒေါ်လီက နှစ်သိမ့်လိုက်၏။ ရှယ်လီ၏မျက်လုံးတွေက ပြူးကြောင်ကြောင်နှင့် ဖွတ်တရွတ် လုပ်ချင်နေပုံရသည်။

ဒေါ်လီသည် ရှယ်လီကိုခေါ်ကာ တူးတူးအိမ်သို့ရောက်ခဲ့ပြန်သည်။ ကြိုတင်ချိန်းထား၍ အိမ်စေမိန်းကလေးက သူတို့ဧည့်ခန်းမှာ ထိုင်နေခိုင်းပြီးမှ တူးတူး ဧည့်ခန်းထဲ ဝင်လာသည်။

'စောင့်နေရတာ ကြာပြီလား၊ တူးတူး သားတို့ကျောင်းကို အစားတွေ ပို့ဖို့လုပ်နေလို့ အားနာလိုက်တာ'

တူးတူးက တောင်းပန်စကားပြောကာ ရှယ်လီတို့အနား လာထိုင်သည်။ ဒေါ်လီက ရှယ်လီကို လက်ညှိုးထိုးပြလိုက်၏။

ရှယ်လီမှာ ကိစ္စအရေးကြီးလာပြန်လို့ မချိန်းဘဲ လာရတာ။ တူးတူး အနှောင့်အယှက်ဖြစ်သလား'



'မဖြစ်ပါဘူးကွယ်၊ ပြောနေရမယ့်လူတွေ မဟုတ်ပါဘူး'

တူးတူးက ရှယ်လီ့မျက်နှာကို လှမ်းကြည့်လိုက်၏။ ဆံပင်ကလည်း ကပိုကရို ဟိုညာစားစားစဉ်ကလို သူ့အလှသည် လန်းဆတ်စိုပြည်ခြင်းမရှိ။ နှင်းဆီလွှာနှုတ်ခမ်းများသည် သစ်ရွက်ခြောက်သဖွယ် ဖျော့တော့ရင့်ရော်နေသည်။ နားထင်နားရင်းကျကာ နာလန်ထ လူမမာလိုဖြစ်နေသည်။ မျက်လုံးများက မျက်ရည်နှင့် စိုစွတ်နေသည်။ ဘာအကြောင်းကများ ရှယ်လီကို ဒါလောက် ပြောင်းလဲလိုက်ပါလိမ့်။

'ဘာအကြောင်းများလဲ ရှယ်လီ၊ တူးတူးကို ပြောပါ။ တူးတူးမှာ ကူညီရမယ့် ဝတ္တရားရှိပါတယ်'

ရှယ်လီသည် ရုတ်တရက် စကားမပြောနိုင်။ ဝဲလာသောမျက်ရည်တို့ကို လက်ကိုင်ပဝါဖြင့် တို့လိုက်သည်။ သူ့ဟန်ပန်က မတည်ငြိမ် စိတ်လှုပ်ရှားနေပုံရသည်။

'လင်း... ကိစ္စပါပဲ'

ရှယ်လီက အားတင်း၍ စကားစလိုက်သည်။ တူးတူးက ရှယ်လီ စကားစကို ကြားရတော့ ထိတ်သွား၏။

'လင်း... အင်္ဂလန်ကို ထွက်သွားတာ တစ်ယောက်တည်းမဟုတ်ဘူး ... ဆရာမ သလ်မာကို ခေါ်သွားတယ်။ ပထမတော့ ရှယ်လီက လေဆိပ်မှာ မြင်လိုက်ရုံပဲ၊ နောက် စုံစမ်းကြည့်မှ သူတို့မသွားခင်က လက်ထပ်သွားတာ'

တူးတူးသည် ဘာမှမပြောနိုင်ပါ။ ပါးစပ်လေးအဟောင်းသား ဖြစ်နေသည်။

'ဒီဆရာမက ဘယ်သူလဲ'

တူးတူးက မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ရှယ်လီ မြေထဲမှာနေတုန်းက လင်း ရန်ကုန်ပြောင်းရအောင် တူးတူးကို လာပြောတယ်လေ။ အဲဒီတုန်းက ဒီအကြောင်း တူးတူးကို ရှယ်လီ ဖွင့်မပြောခဲ့ဘူး။ မြေထဲမှာ အဲဒီဆရာမနဲ့မရှင်းမရှင်း ဖြစ်နေလို့ ရှယ်လီက လင်း ရန်ကုန်ပြောင်းရအောင် တူးတူးကို လာပြောတာ'

တူးတူး သတိရသွားသည်။

'တူးတူးရဲ့သူငယ်ချင်းကို ကူညီရာလဲရောက်၊ လင်းရွှေ့အောင် ဆရာမနဲ့ မရှင်းမရှင်းဖြစ်နေလို့ ရှယ်လီက လင်း ရန်ကုန်ပြောင်းရအောင် တူးတူးကို လာပြောတာ'

တူးတူးသတိရသွားသည်။

'တူးတူးရဲ့သူငယ်ချင်းကို ကူညီရာလဲရောက်... လင်းရွှေ့အောင် ဆရာမ နဲ့ ပြဿနာလဲ ရှင်းသွားအောင် လုပ်ပေးရမှာပေါ့...'

တစ်ချိန်က မြေထဲမှာ ဦးဘစံ ပြောခဲ့သောစကားကို တူးတူး သတိရသည်။ ဦးဘစံဆိုခဲ့သော ဆရာမဆိုသူမှာ သလ်မာပဲ ဖြစ်ရမည်။

'သေချာတယ်နော်'

'သေချာပါတယ်။ သူတို့ရန်ကုန်ကထွက်တဲ့နေ့မှ လက်ထပ်စာချုပ်ကို သူ့အမေရှိတဲ့ မြေထဲကို ပို့လိုက်တယ်။ သူတို့ အင်္ဂလန်ရောက်မှ သူ့အမေ သိရအောင်လို့ပေါ့။ အမေက ကောင်းကောင်းမမာဘူး။ ခုမှ ရန်ကုန် လိုက်လာနိုင်တယ်။ သူတို့က ပတ်ဘိတ်စီစဉ်တာ၊ အခု သူ့အမေက သူ့ညီမ ဒေါ်ခင်သက်တင်ဆီရောက်လာလို့ ရှယ်လီ သေသေချာချာသိရတာ၊ ခုလည်း လင်းသွားတာ တစ်ပတ်ရှိပြီ၊ ရောက်ကြောင်း ရှယ်လီ့ဆီ စာလည်းမပေး ဖုန်းလည်းမရဘူး'

တူးတူးက သက်ပျင်းချလိုက်၏။ ရှယ်လီ့ရင်ထဲမှာ ယောက်ယက်ခတ်နေပုံကို သူ စာနာမိပါသည်။



'ရှယ်လီက ဘယ်လိုလုပ်ချင်လို့လဲ'

'ဆရာမကို ပြန်ခေါ်လို့မရဘူးလား'

'ဘယ်လို... လယ်လို... ရှယ်လီ'

တူးတူးက အံ့သြစွာမေးလိုက်၏။

'လင်းကို ပြန်ခေါ်ရင် လင်းစာသင်ပျက်မယ်၊ ဆရာမကို ပြန်ခေါ်လို့ ရရင် ပြန်ခေါ်ချင်တယ်'

ခေါ်လီရော တူးတူးရော အံ့အားသင့်သွား၏။ ရှယ်လီလို ပညာတတ် တစ်ယောက်အနေနှင့် ဒီလို အကြံဉာဏ်မျိုး ထွက်မလာသင့်။

သလ်မာတစ်ယောက်တည်း သူနာပြုသင်တန်း ပညာသင်သွားသည် ဖြစ်စေ၊ လင်းနှင့်လက်ထပ်သွားသည်ဖြစ်စေ ပြန်လည်ခေါ်ယူဖို့ဆိုသည်က မဖြစ်နိုင်။

အကယ်၍ အစိုးရ အကူအညီယူထားလျှင်တောင်မှ ချမှတ်ထားသော စည်းကမ်းကို ဖောက်ဖျက်လျှင် ထောက်ပံ့ကြေးနှင့် အကူအညီ ရပ်ဆိုင်းရုံပဲ ရှိသည်။ အစိုးရက ပြန်ခေါ်လည်း သူတို့က မလာချင်လျှင် နိုင်ငံကူးလက်မှတ် သက်တမ်းမကုန်မချင်း ဆက်၍အလုပ်လုပ်နေနိုင်သည်။

သံရုံးဝန်ထမ်းတွေသာ ပြန်ခေါ်ပိုင်ခွင့်ရှိသည်။ ရှယ်လီ ဒါလောက်တော့ နားလည်ဖို့ကောင်းသည်။

သို့သော် ယခုအခြေအနေအရ လင်းနှင့်ပတ်သက်လာလျှင် သူ့အတွေး အခေါ်တွေက အကြောင်းပြ နိုင်လုံမှုမရှိတော့ပေ။

တူးတူးက ရှယ်လီ့မျက်နှာကို စိုက်ကြည့်နေသည်။ ရှယ်လီ့ခံစားမှုက တင်းမာလာပုံရသည်။ နှုတ်ခမ်းတွေကို ကိုက်ထားရင်း ရှယ်လီသည် ဒေါ် ခင်သက်တင်ပြောသွားသော စကားများကို သတိရလာသည်။

ဦးဘစံ အကွက်ဆင်ထားခြင်းဖြစ်နိုင်သည်။ ချက်ချင်းပင် မျက်လုံးက

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စို့စွတ် ရှိဝေနေခြင်းပျောက်သွားကာ ဒေါသနှင့် ဝင်းဝင်းတောက်လာခဲ့ရသည်။

'ရှယ်လီ တစ်မျိုးလည်း တွေးမိတယ်'

အသံက မာလာသည်။ ဒေါ်လီပင် သူ့အသံကို အံ့သြသွားသည်။

'ဦးဘဇံဟာ တူးတူးနဲ့လင်းအကြောင်းလဲသိတယ်၊ လင်းနဲ့သလ်မာအကြောင်းလဲသိတယ်ဆိုတော့ လင်းနဲ့တူးတူး ပြန်မဆုံဘဲ လင်းတစ်ယောက်အဝေးမှာ အမြဲနေအောင် သလ်မာကိုပါ စီစဉ်ပြီး ထည့်လိုက်တာလား'

'ဘာ…'

တူးတူးက အလန့်တကြားအော်ရင်း ဘာစကားမှမဆက်ခင် ဒေါ်လီက အော်လိုက်သည်။

'ရှယ်လီ… မင်းဘာစကားတွေ ပြောနေတာလဲ၊ မင်းရူးနေပြီလား၊ တူးတူးကို ဒီလိုမပြောသင့်ဘူးလေ။ မင်းအထင်မှားနေပြီ'

ဒေါ်လီက သူ့ပခုံးကို တင်းကျပ်စွာကိုင်၍ ဆွဲလှုပ်သည်။ ဒီတော့မှ ရှယ်လီ ရှိုက်ကြီးတငယ် ငိုပါတော့သည်။

တူးတူးရင်ထဲမှာတော့ ဒေါသထွက်လာသည်။ တူးတူးမျက်လုံးအရောင်ကို ဒေါ်လီရိပ်မိသည်။

'တူးတူးရယ် သည်းခံပါ၊ သူ သိပ်ခံစားနေရလို့ သူ့စိတ်တွေ ချောက်ချားနေတာ'

ဒေါ်လီက တူးတူးကို တောင်းပန်လိုက်၏။

တူးတူးသည် ဒေါ်လီ့စကားကြောင့် ပေါက်ကွဲလုဆဲဆဲ သူ့စိတ်ကို ထိန်းချုပ်လိုက်၏။ နေရာမှထသွားကာ အခန်းပြင်ထွက်သွားသည်။

'ရှယ်လီ… မင်းမပြောသင့်တာတွေ ပြောနေပြီ၊ ကယောင်ချောက်ချားဖြစ်လွန်းတယ်၊ စိတ်ကိုထိန်းပါ'



ဒေါ်လီက ရှယ်လီကို ခပ်မာမာလေးပြောလိုက်၏။ တူးတူးသည် လိမ္မော်ရည်အေးအေး သုံးခွက်ကို ယူလာသော မိန်းကလေးနှင့်အတူ ဝင်ရောက်လာကာ ဖန်ခွက်များကို စားပွဲပေါ်ချ၍ သူ့နေရာပြန်ထိုင်လိုက်သည်။

ယခုလို လှုပ်ရှားလိုက်တော့မှ သူ့စိတ်နည်းနည်းထိန်း၍ရသည်။

'ရှယ်လီ လိမ္မော်ရည်အေးအေးသောက်လိုက်၊ ရင်ထဲအေးသွားမှ တူးတူးတို့ စကားအေးအေးဆေးဆေးပြောရအောင်'

တူးတူးက လှမ်းပေး၏။ တူးတူးလက်မှ ဖျော်ရည်ခွက်ကို ဒေါ်လီက လှမ်းယူကာ ရှယ်လီကိုတိုက်၏။

တူးတူးပြောတာ မှန်သည်။ ရှယ်လီသည် ဖျော်ရည်အေးကိုသောက်လိုက်မှ ရင်ထဲမှ လှုပ်ရှားမှု နည်းနည်းငြိမ်ကျသွားသည်။

'တူးတူးပြောတာကို ရှယ်လီ သေသေချာချာနားထောင်ပါ။ ရှယ်လီလည်း ပညာတတ် မိန်းမတစ်ယောက်ပါ၊ နောက်ကြောင်းကို ပြန်မနှူးချင်ပေမယ့် အရှည်လည်အောင် တူးတူး ပြန်ပြောရတာပါ။ တူးတူးနှလုံးသားမှာ လင်းကို ချစ်တဲ့အချစ်ဟာ အမြစ်တွယ်နေတာပါ။ ရှယ်လီက ဒီအချစ်ကို အမြစ်က ဆွဲနုတ်သွားတယ်။ ပန်းတစ်ပင်ကို မြေကြီးကနေဆွဲနုတ်တော့ အမြစ်ပါကျွတ်ထွက်သွားရင် ဒီမြေကြီး အစိတ်စိတ် ကြေမွကျန်ရစ်တာကို ရှယ်လီမြင်ဖူးမှာပေါ့။ တူးတူးနှလုံးသားမှလည်း ဒီလိုပဲ၊ မြေကြီးက အသိတတ်မရှိဘူး။ နှလုံးသားက ခံစားတတ်တယ်။ နှလုံးသားကို တူးဆွခံရရုံမက နှလုံးသားမှာ အမြစ်တွယ်နေတဲ့အပင်ကို နုတ်ယူခံရတဲ့ တူးတူးဝေဒနာကို ရှယ်လီ ခံစားကြည့်စမ်းပါ။ ဒါပေမယ့် ကြာတော့ ဒဏ်ရာပျောက်ပေမယ့် အမာရွတ်က ခုထိရှိဆဲ။ ဒီတော့ ရှယ်လီမေးမယ်၊ လင်းကို ချစ်သေးသလားဆိုရင် ချစ်နေသေးတယ်လို့ တူးတူး ဝန်ခံတယ်။ သို့သော် ယူမလားမေးရင် တူးတူး မယူနိုင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



တူးတူးစကား ခေတ္တရပ်သွားတော့ ရှယ်လီက အံ့သြသွားသည်၊ စကားလုံးကိုလည်း အံ့သြသွားသည်။ သူထင်ထားသလိုမဟုတ်။

'တူးတူးနဲ့ တွေ့စက အမူအကျင့်မျိုး လုံးဝမရှိတော့တဲ့ လင်းကို တူးတူး လက်မထပ်နိုင်တာ အမှန်ပဲ။ မြေထဲကနေ ရှယ်လီ မကျွေးလာပြီး လင်း ရန်ကုန်ပြောင်းဖို့ ရှယ်လီလာပြောတုန်းက တူးတူး ရှင်းရှင်းဖွင့်ပြောမယ်၊ လူကြီးမယားမို့လို့ ဣန္ဒြေရရလက်ခံပေမယ့် ရှယ်လီကို တူးတူးမတွေ့ချင်ဘူး။ မြေထဲ လက်ဖက်ရည်ပွဲမှာ လင်းတို့ကို တွေ့ခဲ့ရပြီးတဲ့ညမှာလည်း တူးတူး အိပ်မပျော်အောင် ခံစားရတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ခွင့်မလွှတ်နိုင်တဲ့ စိတ်ရိုင်းကို ပြောင်းလဲအောင်လုပ်နိုင်တာက ကိုယ့်ယောက်ျားဦးဘဇံ'

တူးတူးသည် ဖျော်ရည်တစ်ကျိုက်သောက်ပြီးမှ အေးအေးဆေးဆေး ဆက်ပြောသည်။

'ရှယ်လီတို့ကို ရန်ကုန်ပြောင်းပေးဖို့အကြောင်း ကိုကို့ကို တူးတူး မပြောခင် တူးတူး ငါးခြောက်နဲ့လက်ဖက်ရည်ကြမ်း ကိုကို့ကို တိုက်ရင်း တွေးမိတယ်၊ ကိုကို့ရဲ့

အေးမြတဲ့အရှိန်အဝါ

အခွမ်းထက်တဲ့အာဏာ၊ ကြည်ညိုစရာကောင်းတဲ့ သမာဓိကို ခိုလှုံရတဲ့ ငါ ဒီအာဏာအရှိန်အဝါကို တစ်ဝက်ပိုင်ဆိုင်တဲ့ငါဟာ ဘယ်လိုအသုံးချမလဲဆို တာ တူးတူး ပြန်တွေးတယ်၊ ခွင့်လွှတ်ခြင်း၊ ကူညီမစခြင်း၊ တရားမျှတခြင်း အပေါ်မှာ အသုံးချမှ ငါမှန်ကန်မယ်ဆိုတာကို တွေးမိလိုက်လို့ တူးတူး ရှယ်လီ့အပေါ် စိတ်ပြောင်းပြီး ကူညီလိုက်တာ ရှယ်လီ...'

ရှယ်လီသည် မျက်လွှာချ၍ ငြိမ်သက်စွာ နားထောင်နေသည်။

'ကိုကို့အပေါ်မှာလည်း အထင်မလွဲပါနဲ့။ လင်း ရန်ကုန်မှာနေနေ အင်္ဂလန်ကပဲ ပြန်လာလာ၊ ကိုကိုက သဘောထားကြီးစွာနဲ့ လင်းနဲ့တူးတူးကို



လက်ထပ်ပေးစားလဲ တူးတူးမယူဘူး။ ဦးဘဇံရဲ့ တရားမျှတတဲ့အာဏာ၊ အေးချမ်းတဲ့ အရှိန်အဝါနဲ့ သမာဓိကိုပဲ တူးတူးခိုလှုံမယ်။ လင်းဟာ တူးတူး အတွက် ချစ်ဖို့ကောင်းတဲ့ ချစ်သူတစ်ယောက်ဟုတ်ခဲ့ပေမယ့် လင်သားအဖြစ် လက်ထပ်ဖို့ကောင်းတဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ နောက်ဆုံး တူးတူး ပြောချင်တာက လင်းပြန်လာဖို့ တူးတူး ဘာအကူအညီမှ မပေးပါရစေနဲ့'

တူးတူးစကားက ပြတ်သားသည်။ ရှယ်လီကတော့ ငိုနေမြဲ။ ဒေါ်လီက သာ မျက်နှာပူလာသည်။

'တူးတူးရယ် ဘာပဲဖြစ်ဖြစ် လင်းကလည်း အကွက်ဆင်တာတွေ များလွန်းတော့ ရှယ်လီ စိတ်ကယောင်ချောက်ချားဖြစ်ပြီး ပြောမိတာတွေ ခွင့်လွှတ်ပါ။ ဒေါ်လီ တောင်းပန်ပါတယ်'

သူက ကြားမှ ဖျန်ဖြေလိုက်၏။

'အမှန်တော့ ရှယ်လီလဲ မနာနဲ့၊ တူးတူးလဲ မနာနဲ့၊ လင်းရွှေအောင် ဆိုတဲ့ လူတစ်ယောက်က မိန်းမနှစ်ယောက်ရဲ့အချစ်ကို လှလှပပ ကစားပြီး အမြတ်ထုတ်သွားတာပဲ။ ဟုတ်တယ်မို့လား'

ရှယ်လီက ခေါင်းမော့လာ၏။ တူးတူးက မတုန်လှုပ်၊ ဒေါ်လီက ဆက်ပြော၏။

'တို့မိန်းမတွေက အချစ်နဲ့တွေ့လာရင် မိုက်မဲတယ်၊မဆင်မခြင် လုပ် တတ်တယ်။ ကိုယ့်အရေးထက် ချစ်သူအရေးကို ဦးစားပေးတယ်၊ ယောက်ျား တွေက အချစ်နဲ့တွေ့ရင် တည်တည်ငြိမ်ငြိမ်နဲ့ လိမ္မာပါးနပ်စွာ သူတို့ကိုယ်ကျိုး အတွက် ကစားသွားတတ်တယ်။ မင်းတို့နှစ်ယောက် လင်း ကစားသွားတာ ကို ခံရတာပဲ'

'ဒေါ်လီ မင်းပြောတာတွေ လင်းအတွက် မှန်ပေမယ့် တူးတူးရဲ့ ဦး ဘဇံအတွက် မမှန်ဘူး။ ဒေါ်လီပြောတဲ့ ယောက်ျားတွေထဲမှာ ဦးဘဇံ မပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီအတွက်လည်း တူးတူး နောက်ဆုံးပြောချင်တယ်၊ လင်းအကြောင်းကိုတော့ ဒီနေ့ကစပြီး မပြောပါနဲ့တော့၊ လင်းဟာ တူးတူး အသက်သခင်ပါ တူးတူးတို့ ကျေးဇူးဆပ်ခဲ့ပြီ။ သူ့အတွက် ခင်းပေးတဲ့လမ်းမှာ သူဆက်လျှောက်တာနဲ့ပတ်သက်လို့တော့ တူးတူးတို့ စွက်ဖက်ခွင့် မရှိပါဘူး။ ရှယ်လီအဖို့ လင်းလုပ်သမျှ မသိချင်ယောင်ဆောင်နေပါ။ လင်းရဲ့အိမ်ခန်းမှာ နေပိုင်ခွင့်ကရှိသေးတယ်၊ ပညာတော်သင်နှစ်စေ့တော့ အစိုးရနဲ့လင်း စကားပြောကြမှာပေါ့

တူးတူး သတိပေးတာ လမ်းကျသည်။ ဒေါ်လီမှာ တူးတူး စေတနာကိုကျေးဇူးတင်သလောက် ရှယ်လီအတွက် သူ့စိတ်ညစ်သည်။ မျက်နှာပူသည်။ တူးတူးမျက်နှာမှာ ဒေါသအရိပ်အယောင် ပေစပြုလာ၍ တော်ပါသေးသည်။ ဒေါ်လီက ပြန်ချင်လာသည်။

'ဟုတ်တယ်၊ တူးဘူးပြောတာ မှန်တယ် ရှယ်လီ၊ ဒီအကြောင်းကို ရှယ်လီ့အနေနဲ့ လူကြီးတွေကိုလည်း အသိမပေးနဲ့၊ မင်းယောက္ခမတွေကိုလည်း အသိမပေးနဲ့၊ ပညာတော်သင်နှစ်စေ့တဲ့အခါ အစိုးရနဲ့ လင်းနဲ့ စကားပြောကြလိမ့်မယ်။ သူ ဒီကိုပြန်လာလဲ ဣန္ဒြေမပျက် မသိချင်ယောင်ဆောင်ပြီးပေါ့၊ ကိုယ်ဟာ မယားကြီးပဲ၊ မပြန်လာဘူးဆိုလဲ ထစ်မျိုးပေါ့။ အခုအချိန်မှာ ဆေးရုံအိမ်မှာပဲ နေရမှာ၊ နေပိုင်ခွင့်လဲရှိတယ်၊ လင်းရဲ့အဖေအမေတွေ သူတို့ အလိုအလျောက်သိလာရင်လဲ မင်းက ဒီတော့မှ ဖွင့်ပြောပေါ့။ သူတို့ အကြံဉာဏ်ကိုယူ'

ဒေါ်လီရောတူးတူးရော ငိုင်၍တွေနေသော ရှယ်လီကို စူးစိုက်ကြည့်နေကြသည်။

တစ်ခါက တက္ကသိုလ်သောင်ယံမှာ ရွှေရောင်သရဖူဆောင်းကာ ကြော့ကြော့မော့မော့နှင့် တင့်တယ်ခဲ့သော ဟံသာငှက်မယ်… သူ့အလှကို တခြားငှက်တွေငေး၍ ကြည့်ခဲ့ရသည်။



လင်းနှင့်အတူ သောင်ယံထက်မှာ မောင်နှံဝဲပျံခဲ့စဉ်က ကြည်လင်တောက်ပခဲ့သော မျက်လုံးများက မှေးမှိန်၍ ကော့ပျံသွက်လက်သော တောင်ပံများညောင်းကာ သောင်စပ်မှာ နွမ်းလျရွေ့လဲနေပြီ။

ရုတ်တရက်တော့ တူးတူးအပေါ် ရှယ်လီ သဘောပေါက်နားလည်လိမ့်မည် မဟုတ်သေး။ ဒေါ်လီသည် ထိုင်ရာမှ ထလိုက်၏။ တူးတူးကို လှမ်းကြည့်ရင်း…

တူးတူး ဒေါ်လီတို့ ပြန်မယ်နော်၊ ကဲ… ရှယ်လီ ပြန်ကြစို့…'ဟုပြောကာ ရှယ်လီ့လက်ကို ဆွဲထူလိုက်သည်။ ရှယ်လီက ဖြေးညှင်းစွာ ထလိုက်သည်။ တူးတူးအနီးကပ်သွားကာ တူးတူးလက်ကိုယူ၍ သူ့ပါးမှာ ဖြည်းညှင်းစွာ ကပ်ထားသည်။ ရှယ်လီ၏ပါးပေါ်မှစိမ့်၍ စီးလာသော မျက်ရည်များသည် တူးတူးလက်ကို စွတ်စိုလာသည်။ ရှယ်လီ၏ နှလုံးသားမှ ခံစားချက်ကို လက်များမှတစ်ဆင့် တူးတူးသဘောပေါက်နားလည်ပါသည်။ စကားတစ်လုံးမှ မဆိုလဲ မျက်လုံးများဖြင့် ရှယ်လီက တောင်းပန်နေသည်။ စိုးလက် မခြောက်စေရဆိုသလို သူနှင့်တူးတူး ဆက်ဆံရေး ခန်းခြောက်ပြတ်တောက်စေသော သူ့စကားလုံးများအတွက် နှလုံးသားမှ ကျဆင်းလာသော မျက်ရည်များဖြင့် သူတောင်းပန်ရင်း ဒေါ်လီနှင့်အတူ ဧည့်ခန်းအပြင်ထွက်လာသည်။

တူးတူးသည် ဆိုဖာနားမှာ ရပ်နေမိသည်။ ဧည့်ခန်းဝအထိ လိုက်ပို့ရမည့် ဝတ္တရားကို သူသိပေမယ့် လိုက်ပို့ချင်သောဆန္ဒ သူ့မှာမရှိ။ ဒီတစ်ခါ သူ့စိတ်ကို သူဆုံးမ၍မရ။

သူ၏နှလုံးသားရေစင်ဦးကို မွှေနှောက်ခဲ့သော မိန်းမတစ်ယောက်၊ ယေစိတ်နှင့်ဆိုလျှင် သူခွင့်လွှတ်နိုင်စရာမရှိ။

သို့သော် တစ်ခါက ဒီစိတ်ရိုင်းကို သူထိန်းချုပ်နိုင်နင်းခဲ့သည်။ အခါ

www.burmeseclassic.com

www.burmeseclassic.com



အားလျော်စွာ ရရှိခဲ့သော လင်သား၏အာဏာ လုပ်ပိုင်ခွင့်ကို ရှယ်လီအတွက် အသုံးချကူညီခဲ့သည်။

ခွင့်လွှတ်ခြင်း၊ သည်းခံခြင်းစိတ်များက လုပ်ပိုင်ခွင့်ကို ထိန်းချုပ်နိုင်ခဲ့ဟန်းက အေးမြခြင်းငြိမ်းစွာ ရှယ်လီ့ပြဿနာကို ဖြေရှင်းကူညီနိုင်ခဲ့သည်။

ရှယ်လီစကားကြောင့် သူ၏အနည်ကျနေသောစိတ်ကို ပြန်၍ နောက်ကျိလာပြန်သည်။ ရှယ်လီအပေါ် နာကြည်းစိတ်တွေ ပြန်ပေါ်လာပြန်သည်။

သို့သော် သူက ချစ်ဦးသူကို လက်လွှတ်ရပေမယ့် တရားမျှတသောနေရာမှာ ခိုင်မြဲစွာ ရပ်တည်နေနိုင်သူ။ သူ့အချစ်ကို လုယူပြီး ရပ်တည်ရာမရဖြစ်နေသူက ရှယ်လီ။

အထက်စီးနေရာရနေတိုင်း အကြင်နာမဲ့စွာ ရှယ်လီကို ထိုးနှက်ဖို့တော့ သူ စိတ်မရှိပါ။ ဒါပေမယ့် တခါးဝအထိ လိုက်ပို့ဖို့ သူ့စိတ်က မလိုက်လျောနိုင်။

သူသည် ဆိုဖာမှ ပြန်ထိုင်လိုက်၏။ ရှယ်လီ၏မျက်ရည်များဖြင့် စိုစွတ်ခဲ့သောလက်ကို သူပြန်ကြည့်နေ၏။ မျက်ရည်များမှာ လက်မှာမရှိ၊ ခန်းခြောက်သွားပြီ။

ဤလက်ဖြင့် ရှယ်လီပါးကို ထိတွေ့ခဲ့၏။ ဤလက်သည် ရှယ်လီ၏ ပူပန်သော မျက်ရည်ကိုသုတ်ရမည်။ သူ့လက်များသည် မျက်ရည်ကိုသုတ်ရင်း ပါးပြင်မှတစ်ဆင့် ရှယ်လီ၏နှလုံးသားတိုင် အေးမြမှုကိုပေးစွမ်းနိုင်အောင် သူ့စိတ်ကို ထိန်းချုပ်ရဦးမည်။

ခံခက်နာကြည်းသောစိတ်ကို မထိန်းချုပ်နိုင်ဘဲ သူပြတ်ပြတ်သားသား ပြောခဲ့စဉ်က သူ့မျက်နှာကို ငေးကြောင်ကြောင် ကြည့်နေသော ရှယ်လီ့ပုံပန်းကို သူ ပြန်သတိရလာသည်။

လှပသော မိန်းကလေးတစ်ယောက် ငိုကြွေးနေသည်။ ယုယကြင်နာသော နှစ်သိမ့်စကားကို သူမဆိုမိ။ သူ့ခံစားချက်ကို ရှေ့တန်းတင်ကာ သူ ရန်တွေ့စကားဆိုခဲ့မိသည်။



ဒေါ်လီပြောသလိုပါပဲ၊ လင်း၏ စွန့်ပစ်လျစ်လျူရှုထားသော နယ်ပယ်မှာ သူနှင့်ရှယ်လီသည် အပယ်ခံ ဘဝတူ မိန်းမသားချင်း ဖြစ်သည်ကို သူ မေ့လျော့သွားသည်။

ချစ်သူကို ဆုံးရှုံးရခြင်း၊ နာကြည်းမှုနှင့် သူဘဝတူချင်းအပေါ် ရက်စက်စကား ဆိုခဲ့မိလေသလား။

လင်းသာ သူနှင့်လက်ထပ်ပြီး ခုလိုခြေလှမ်းနှင့် နည်းမျိုးစုံပွေနေလျှင် သူဘယ်လိုခံစားရမလဲ။ သူ ရှယ်လီနေရာမှာ နေကြည့်သည်။

ရှယ်လီ၏ မျက်ရည်စိုစိုနှင့် ပါးပြင်သည် ဝင်းပလာသလို ထင်လာသည်။ ဤမျက်နှာတွင် တန်ဖိုးရှိသော ရတနာကို သူတွေ့ရှိလိုက်သည်။

ယောကျ်ားတွေသည် သားအဖြစ်နှင့်လည်း ဆိုးကြတေကြ။ အရက်သောက် ဖဲရိုက်။ ဆိုးသောသားကို မိခင်က အချစ်ပိုခဲ့သည်။ သားဆိုးအမေ တတေတေဆိုသော စကားပင် ရှိခဲ့သည်။ မပစ်ပယ်နိုင်ခဲ့ကြပါ။

ယောကျ်ားတွေ လင်သားအဖြစ် ဆိုးတေလာတော့လည်း မိန်းမက သည်းခံပေါင်းသင်း ခွင့်လွှတ်နိုင်ကြခြင်းမှာ သားအပေါ်ထားခဲ့သော မိခင်မေတ္တာမျိုး လင်အပေါ်ထားနိုင်၍ဖြစ်သည်။

ရှယ်လီသည် တကယ်တော့ မိခင်စိတ်ရှိခဲ့သူ။ လင်းအပေါ် လင်သားတစ်ယောက်လို ရာဂနှင့်ယှဉ်သောစိတ်နှင့်သာ ချစ်သည်ဆိုလျှင် အိမ်ထောင်ရေး ဖောက်ပြန်မှုကို ခွင့်လွှတ်နိုင်မည်မဟုတ်။ ကရုဏာနှင့်ယှဉ်သောမေတ္တာစိတ်ကြောင့် ရှယ်လီ လင်းအပေါ် သည်းခံခွင့်လွှတ်ခဲ့သည်။

လင်ကောင်းစားရေးအတွက် တစ်ခါက ရည်းစားလုဘက်ဖြစ်ခဲ့သော သူ့အပေါ် မျက်နှာအောက်ချ ဒူးထောက်ဝင်ရောက်လာခဲ့သည်မှာ သား

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက် မလုပ်နိုင်သော အလုပ်တစ်ခု။ လင်အပေါ်ထားရှိသော ကရုဏာစိတ်၏ အတိုင်းအတာကို ရှယ်လီ၏အပြုအမူက ဖော်ပြနေပြီဖြစ်သည်။

မိခင်စိတ်ဟူသော မေတ္တာရတနာက ရှယ်လီ့နှလုံးသားမှာ ရှန်းပင်းလက် နေလေတော့သည်။ ရှယ်လီ့မျက်နှာမှာလည်း ရောင်ပြန်ဟပ်နေသည်ကို သူ ခုမှသတိပြုမိ၏။

'တူးတူးကို ခွင့်လွှတ်ပါ ရှယ်လီ'

သူ့ရင်ထဲမှ တီးတိုးရေရွတ်ကာ တောင်းပန်စကား ဆိုမိသည်။ လင်းကို မမေ့နိုင်သည်ကတော့ အမှန်။

ကံ့ကော်ပန်းရနံ့များ သင်းပျံ့လာသောနွေဦး။ ရွှေရည်ရော်ရွက်တို့ ကြွေလွင့်ကြပြီ။ မြတ်ဝတ်လွှာကို ခြုံထားသော ရွက်သစ်နုတို့ နိုးထလာသောရာသီ။

လေရူးက သစ်လွင်သော နွေဦးကိုကြိုဆိုရင်း မြူးပျံ့လှုပ်ရှားနေသော်လည်း ဉသြငှက်၏ သာယာချိုမြသောတေးသံသည် နွေလေရိုင်းကို ထိန်းထိန်းသိမ်းသိမ်းနှင့် အေးမြသက်စေသည်။

ထိုနွေဦးကိုရောက်ရင်တော့...

'ပတ္တမြားရောင်ဝါ... ကံ့ကော်ဖူးတွေနဲ့... ဆုထူး... ပန်ရှယ်ကာ'

ဆိုသော သီချင်းလေးလိုပင် မြသပိတ်တောင်ပေါ်မှာ လင်းနှင့်အတူ ဆုထူးပန်ခဲ့သည်ကို အစဉ်သတိရသည်။

ကံ့ကော်ရနံ့ သင်းပျံ့တိုင်း တူးတူးရင်ထဲမှာ လှုပ်ရှားမှုက တိုးတိတ်စွာ ပေါ်လာမြဲ။ လင်းကို မမေ့သေးကြောင်း တီးတိုးစွာပြောလာပေမယ့် ပစ္စုပ္ပန် လင်းလိုလူအပေါ်မှာတော့ သူသည် ရှယ်လီလို သဘောမထားနိုင်ပါ။

ရှယ်လီ တော်ပါသည်။ သူထက် မိခင်စိတ်ရှိသည်။ လူကောင်းအပေါ် သည်းခံနိုင်သည်ထက် လူဆိုးကို ခွင့်လွှတ်နိုင်ဖို့က လွယ်သည့်အလုပ်မဟုတ်၊



ရင့်ကျက်သော စိတ်ရှိဖို့လိုသည်။

သူသည် စကားတစ်ခုကို သတိရ၏။

'ဘုရားသခင်သည် နေရာတိုင်းမှာ မရှိနိုင်သောကြောင့် မိခင်များကို ဖန်ဆင်းထားသည်'တဲ့။ မိခင်စိတ်ရှိသော ရှယ်လီ။ သူ့ထက်တော်ပါသည်။

ဒီမိန်းမနှင့် တက္ကသိုလ်မှာ ခွဲခွာလာရပြီးကတည်းက ကိစ္စပြတ်ပြီထင်သည်။ ပြန်လည်၍တွေ့ဆုံကြရန် ဖန်တီးမှုတွေကြုံရသည်။

ပြန်လည်တွေ့တိုင်း သူ့ရင်မှာ နည်းကြည်းခံခက်မှုကြောင့် အာဃာတက ပြန်လည်နိုးကြွလာရပြန်သည်။

ခွင့်လွှတ်စိတ်နှင့် အာဃာကိုချိုးနှိမ်ရတိုင်း ရင်ထဲမှာ ပဋိပက္ခဖြစ်နေသော စိတ်နှစ်ခု၏တိုက်ခိုက်မှုကြောင့် သူ ပြင်းပြသော ဝေဒနာကို ခံစားရသည်။

ရှယ်လီနှင့် နောက်တစ်ဖန် မတွေ့ပါရစေနှင့်တော့။

ꕥ ꕥ ꕥ ꕥ ꕥ

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

ရှယ်လီသည် အိမ်မှာ တစ်ယောက်တည်း ထိုင်မနေချင်။ ကလေးများ
ည်း သူတို့ဘိုးဘွားအိမ်မှ ပြန်မလာကြသေး။

အိမ်ထဲမှာ နေရသည်မှာ ခြောက်ကပ်သည်ထက် ချောက်ချားနေသလို
ားရသည်။

တစ်ဖက်ခန်းက ဒေါ်လီကိုလည်း သူ သွား၍မတွေ့ချင်။ တူးတူးအိမ်
ကို ဒေါ်လီနှင့်နှစ်ယောက် သွားခဲ့သောအဖြစ်က သူ့ကိုသရဲခြောက်သလို
ံအပေါ်ကိုလည်း ဒုက္ခပေးသလို သူ ဖြစ်နေသည်။

ဟုတ်သည်။ ဒေါ်လီ့ကို သူဒုက္ခပေးပေါင်းများခဲ့ပြီ။ သူ့ခမျာ ကလေး
အမေ အိမ်ထောင်ရှင်မဖြစ်၍ သူ့အလုပ်နှင့်သူ ရှုပ်နေပေမယ့် ရှယ်လီက
ရေးအကြောင်းရှိတိုင်း ခေါ်လိုက်လျှင် အချိန်မရွေး တကောက်ကောက်နှင့်
နောက်ကပါတတ်သည်။

တူးတူးကို သူပိုးစိုးပက်စက်ပြောမိသည့်အတွက် ဒေါ်လီ့ခမျာ ကြား
က တောင်းပန်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတာလော ဒေါ်လီကို သူ မျက်နှာမပြချင်သေး။ အိမ်ထဲမှာလည်း မနေချင်။

နေ့လယ်ဘက် ဒေါ်ခင်သက်တင်ဆိုင် ထွက်လာခဲ့သည်။ ဘာပဲဖြစ်ဖြစ် ဈေးဘာတွေလုပ်သင့်သည်ကို ဒေါ်ခင်သက်တင်သည် တိုင်ပင်ဆွေးနွေးဖို့ အကောင်းဆုံး မိတ်ဆွေဖြစ်သည်။

အလုပ်လုပ်နေရသည်ကမှ စိတ်သက်သာဦးမည်။

သို့သော် ဒေါ်ခင်သက်တင်ဆိုင်ရောက်တော့ သူ ချက်ချင်း ဒေါ်ခင်သက်တင်ကို မတွေ့ရသေးပါ။ ရုံးခန်းလေးထဲမှာ ဒေါ်ခင်သက်တင် ဧည့်သည် တစ်ယောက်နှင့် စကားပြောနေ၍ဖြစ်သည်။

သူသည် အထည်များထားရာ မှန်ဗီရိုတစ်ခုနောက်နားမှာ ထိုင်၍ စောင့်နေသည်။

အရောင်းမိန်းကလေးများ သွက်လက်ဖျတ်လတ်စွာ လှုပ်ရှား၍ ဖော်ဖော်ရွေရွေ ဝယ်သူကို ဆက်ဆံနေကြပုံ။ အထည်များကို ကိုက်ထိုးခေါက်၍ ထုပ်ပိုးသည့်ကာ ယဉ်ကျေးနိမ့်ကျသော အမူအယာနှင့် ဝယ်သူလက်ထဲ ပေးနေပုံတွေကို သူ စိတ်ဝင်စားစွာ ကြည့်နေမိသည်။

အကြာခင် အမျိုးသမီးတစ်ယောက်နှင့် ဒေါ်ခင်သက်တင်ထွက်လာ၍ ဆိုင်ဝအထိ အမျိုးသမီးကိုလိုက်ပို့သည်။

အမျိုးသမီးသည် ဒေါ်ခင်သက်တင်နှင့် အရွယ်မတိမ်းမယိမ်း။ အသား ဖြူဖြူ၊ ပုပုမျှပ်မျှပ်၊ မျက်နှာကတော့ ကြည်ကြည်လင်လင်မရှိပေမယ့် ချော လှပသော မိန်းမတစ်ယောက်ဖြစ်သည်။

သူ့အမူအရာသည် လန်းလန်းဆန်းဆန်းမရှိ။ ဝတ်စားထားသည်က လည်း ခပ်နွမ်းနွမ်းအဝတ်များဖြစ်၍ ကတော်တစ်ယောက် သို့မဟုတ် အထက် တန်းလွှာထဲက မဟုတ်ဟုတော့ သူထင်သည်။



ဒေါ်ခင်သက်တင်က ဆိုင်ထဲဝင်လာတော့မှ သူ့ကိုမြင်သည်။

'ရှယ်လီ ဘယ်ကလှည့်လာလဲ၊ လာ... လာ...'

ပြောပြောဆိုဆို ရှယ်လီ့ကိုခေါ်ကာ ရုံးခန်းလေးထဲသို့ ခေါ်ဝင်သွားသည်။

'ရောက်နေတာ ကြာပြီလား...'

ရှယ်လီ့ကို စားပွဲရှေ့ကုလားထိုင်မှာ နေရာပေးကာ သူက စားပွဲနောက် ဆုံလည်ကုလားထိုင်မှာ ဝင်လိုက်သည်။

'ကဲ... ဆိုစမ်းပါဦး'

'အထူးအကြောင်းမရှိပါဘူး မမရယ်၊ မမ အနှောင့်အယှက်ဖြစ်မှာစိုးလို့ အပြင်မှာ ရှယ်လီထိုင်ရင်း အရောင်းမိန်းကလေးတွေကို ကြည့်နေတာ'

'မမလဲ အားနာလိုက်တာ ရှယ်လီ၊ ကြာသွားတယ်။ ဒီလိုလေ၊ သူက မမတို့နဲ့ ညီအစ်မဝမ်းကွဲ မေသဇင်တဲ့။ အောင်လံကအမျိုး။ သူ့မှာ အခု လိုနိမ့်ကျနေတဲ့အခါ ကိုယ်က ဖော်ဖော်ရွေရွေဆက်ဆံရတယ်။ ကိုယ့်မှာက အရောင်းအဝယ် အခြေကျနေတယ်မို့လား။ မမကို မာနကြီးတယ် ထင်မှာစိုးလို့ သူ့ဘဝက အကျနာခံထားရတာမို့လား'

ရှယ်လီသည် ဒေါ်ခင်သက်တင်ပြောသမျှ ငြိမ်သက်စွာ နားထောင်နေသည်။

'ဘယ်တော့မှ အိမ်ထဲကထွက်တဲ့ မိန်းမမဟုတ်ဘူး။ အောင်လံက ပွဲစားကြီး ဦးဘဖိုးရဲ့ တစ်ဦးတည်းသောသမီး၊ မမတို့ညီအစ်မတွေက အနည်းဆုံး ၁၀တန်းအထိ ပညာသင်ကြတယ်။ မမကတော့ ဒီဂရီရအောင် သူခဲ့တယ်၊ မေ့ကို သူ့အဖေကြီးက ၇ တန်းကနေ ကျောင်းထုတ်၊ အိမ်မှာ ရွှေပေါ်မြတင်ထား၊ အိမ်ထောင်ပြုတော့လည်း သူဌေးသား ကိုစောဟန်နဲ့ ပေးစားတာ၊ ယောကျ်ားကလည်း ဖူးဖူးမှုတ်ထားတော့ အပြင်လောက အကြောင်းလည်း မေက ဘာမှမသိဘူး။ ကိုစောဟန်က အပေါင်းအသင်းနဲ့

www.burmeseclassic.com



အခြေအရံနဲ့ စားကာသောက်ကာ နေပေမယ့် မိန်းမကို သိပ်အရေးပေးတာ…'

ဒေါ်ခင်သက်တင်က စိတ်ပါလက်ပါ ပြောနေရာမှ မှေ့ဘာရုပ်လိုက်ကာ အံကြိတ်လိုက်ရင်း ရှယ်လီကို လက်ညှိုးထိုးကာ ပြောပြန်သည်။

'ရှယ်လီလည်း ကျပ်ကျပ်သတိထား'

ရှယ်လီမှာ ဘာမှန်းညာမှန်းမသိ။ နည်းနည်းတော့ ကြောင်သွားသည်။ ဒေါ်ခင်သက်တင်စကားက အဆက်အစပ်မရှိပါ။

'မေ့လိုတော့ ရှယ်လီက အူအူအအ မဟုတ်ပါဘူးလေ။ မမက မိုးရိမ်လို့၊ ရှယ်လီက အိမ်ထောင်ကိုနိုင်တဲ့မိန်းမတစ်ယောက်ပဲ။ မေက ထမင်းကောင်း ဘယ်ကဖြစ်မှန်းမသိအောင် ကံကောင်းခဲ့တယ်လေ။ ဒါပေမယ့် ကာလေးသုံးယောက်ရတော့ ကိုစောဟန်ဆုံးသွားရော၊ သူ့ကံက ကောင်းတယ်ဆိုမလား၊ မကောင်းဘူး ဆိုမလား၊ ကိုစောဟန်တပည့် အေးမောင်က မိးဖိုကအစ တာဝန်ယူထမင်းပွဲရှေ့ရောက် မေ့ကိုကျွေးတာ။ မိန်းမတစ်ယောက်ဖြစ်ပြီး ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေတာလောက် မခံပြင်းတာ မရှိဘူး။ နောက်ဆုံး အေးမောင်က အပြုအစု အစောင့်အရှောက်ကောင်းလိုက်တာ မေ့ရဲ့ဆံပင်မွေး မီးလောင်တာပဲ'

ဒေါ်ခင်သက်တင်ဟန်က ကရုဏာဒေါသောနှင့် မခံချိမခံသာ ဖြစ်နေပုံရသည်။

'အဲဒီတပည့်ကျော် အေးမောင် သိမ်းပိုက်တာကို မေကခံလိုက်ရတယ်လေ။ အေးမောင်ကလည်း စီးပွားရေးနားမလည်၊ မေကလည်း ခြေမွေး မီးမလောင်ချင်တဲ့ မိန်းမဆိုတော့ ရှိတဲ့ပစ္စည်းကုန်၊ အခု အေးမောင်က ပွဲရုံကကားကိုမောင်းပြီး ရှာကျွေးနေတယ်လေ။ ရင်နာလိုက်တာ ရှယ်လီရယ် အခု သူ့သားကြီး တက္ကသိုလ်တက်ချင်လို့ မမဆီ ငွေလာဆွဲတာ၊ အောင်လံက ရန်ကုန်ကို သူထွက်လာတာ ၅ွန့်စားခန်းပဲ…'



'မမပြောချင်တာက ရှယ်လီရေ… တို့ကမိန်းမ၊ တစ်ခုသတိထား၊ လင်သားမရှိတဲ့အခါ တပည့်လူယုံဆိုတာတွေက မှီကြောက်ဖို့ကောင်းတယ်။ ပြီးတော့…'

'အန်တီ… အပြင်မှာ နိုင်ငံခြားသားတွေ အန်တီ့ကို တွေ့ဖို့ ရောက်နေပါတယ်'

အရောင်းစာရေးမလေးက လာရောက်ပြော၍ ဒေါ်ခင်သက်တင်မှာ စကားမဆက်နိုင်တော့ဘဲ အပြင်ထွက်သွားသည်။ ရှယ်လီပါနောက်က လိုက်လာပေမယ့် အနှောင့်အယှက်ဖြစ်မှာစိုး၍ နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

ထိုညက အိပ်မရ။ ညဥ့်လူခြေတိတ်မှ အိမ်ရှေ့ဝရန်တာက ပက်လက်ကုလားထိုင်မှာ တစ်ယောက်တည်း ထိုင်နေမိသည်။

မြေပြင်ကို မကြည့်။ မြေပြင်မှာ လူသားများအိပ်ကြပြီး ဤနေရာမှာ တစ်နေ့လုံး လှုပ်ရှားဆူညံခဲ့သည်ကို မယုံနိုင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုတိတ်ဆိတ် ငြိမ်သက်ခြင်းကို အခွင့်ကောင်းယူကာ ဆေးရုံထောင့်နှင့် သိမ်ကြီးဈေးထောင့်မှာ လုယက်မှုတွေ၊ လူသတ်မှုတွေ ဖြစ်ပွားခဲ့သည်။

ဤနေရာနှင့် အုတ်တံတိုင်းတစ်ခုသာခြားသော သူတို့အိမ်ဆေးရုံဝင်းမှာ လုံခြုံမှုရှိ၍ တော်ပါသေးသည်။ မိသားစုတစ်စုအတွက် လုံခြုံမှုဆိုသည်ကလည်း လိုအပ်ပါတကား။

သူ ကောင်းကင်ကိုကြည့်ပြန်တော့လည်း တူးတူးနှင့် အောင်လံမှာ ဆုံခဲ့သော လက်ဖက်ရည်ပွဲကျင်းပသည့် ညဥ့်ကို သတိရမိပြန်သည်။ ထိုညကလည်း သူ အိပ်မပျော်။ ဒီလိုပဲ ညဥ့်ကောင်းကင်ပြင်ကို ကြည့်နေမိသည်။ တစ်နေ့က တူးတူးပြောခဲ့သောစကားအရ 'တူးတူးလည်း အိပ်မပျော်ခဲ့ဘူး'တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှာပါ။ ခုတော့ တူးတူးအပေါ် သူလည်း စာနာတတ်လာပါပြီ။ တူးတူးကို အေးစက်သည်ထင်ပေမယ့် တူးတူး စကားတတ်သားပဲ။ 'တူးတူး နှလုံးသားမှာ အမြစ်တွယ်နေပြီဖြစ်သော အချစ်ပင်ကို ရှယ်လီက အမြစ်မှ ဆွဲနုတ်သွားသတဲ့' အခုမှ ရှယ်လီ ဝင့်လည်ပါပြီ။ သလ်မာက သူ့နှလုံးသားမှ အပင်ကို ဆွဲနုတ်သွားသည်မဟုတ်။ တူးရွှင်း၊ ပေါက်ပြားကိုသုံးကာ အမြစ်က ကလော်ပြီးမှ ယူသွားလေတော့ အချစ်မြေဆုံပြိုကွဲကာ သူ တူးတူးထက် ပို၍ခံစားရသည်။

ရှယ်လီနှင့် တူးတူးကသာ မြန်မာပြည်၏ ညဉ့်တစ်ညမှာ အိပ်မပျော် နိုင်သော ဓာတ်ခင်းနေပေမယ့် လင်းကတော့ သလ်မာနှင့်အတူ အေးမြသော အင်္ဂလန်၏ညဉ့်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေမှာပါ။

ကောင်းကင်မှာ လဝန်းက ပြည့်လုနီးနီး၊ ဒါပေမယ့် မိုးတိမ်မည်းမည်း တွေက ကောင်းကင်မှာ အနှံ့နေရာယူထားလေတော့ လမင်းအားသည် မှေးတော့လှသည်။ အဝေးတွင် ကြယ်လေးများကိုလည်း မမြင်ရ။ သူတို့ ပုန်းကွယ်နေကြလေသလား။ တစ်လုံးတလေ ကျန်ရစ်သောကြယ်လေးတွေက မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်နှင့် ကြောက်ရွံ့ထိတ်လန့်စွာ တိမ်ညိုများကို ကြည့်နေပုံရသည်။

လေအေးများ ခပ်ပြင်းပြင်းတိုက်ခတ်လာသည်။ အေးစိမ့်သောလေထဲမှာ မိုးသက်က ပါလာသည်။ လေရှိန်ပြင်းထန်လာပေမယ့် တိမ်ညိုများက လွင့်စင်မသွား။ တောင်ဘက်မှ ထပ်မံ၍ တက်လာသောမိုးသားများနှင့် ပူးပေါင်းကာ လမင်းကို ဖုံးအုပ်လိုက်ကြသည်။ မိုးသက်လေရှိန်ဖြင့် မိုးစက်တွေ သွန်ကျလာသည်။

သည်းသည်းမည်းမည်း ရွာလာသည်။ ဝရန်တာထဲကိုပင် မိုးစက်များ စင်ကျလာကာ သူ မျက်နှာကို ထိခတ်သွားကြသည်။ အေးစိမ့်သောအတွေ့



ကို ခံစား၍ကောင်းသလို ငြိမ်သက်နေမိသည်။ တဖြည်းဖြည်းနှင့် မိုးကပို၍ သည်းထန်လာသောကြောင့် သူထိုင်ရာမှထကာ အိပ်ခန်းထဲဝင်လာသည်။ မကြည်များ အိပ်ပျော်နေပြီလား၊ ဟဲအေးကတော့ ညဉ့်ဦးက ရုပ်ရှင်ကြည့်ဖို့ ခွင့်တောင်းကာ ထွက်သွားသည်။

မကြည်က မအိပ်သေး။ မီးဖိုထဲက စားပွဲဘေးမှာ ငုတ်တုတ်ထိုင်နေ သည်။

'မမ ကော်ဖီပူပူတစ်ခွက်လောက် သောက်ချင်တယ်ကွယ်'

'ဟုတ်ကဲ့... ယူခဲ့ပါမယ်... မမ'

သူသည် မကြည်ကို ကော်ဖီမှာခဲ့၍ ဝရန်တာမှာ ပြန်ထိုင်လိုက်သည်။ မိုးနည်းနည်းစဲသွားပြီ။ တိမ်ညိုမည်းများကြားမှာ လရောင်ရေးရေးကိုပင် မြင်ရပြီ။

မကြည်သည် ကော်ဖီတင်ထားသော စားပွဲလေးကိုမကာ ရှယ်လီ့ဆီမှာ လာချရင်း သမံတလင်းပေါ်မှာထိုင်ချလိုက်သည်။ ကော်ဖီပန်းကန်ကိုယူရင်း မကြည်မျက်နှာကို ရှယ်လီက လှမ်းကြည့်မိသည်။ မကြည်သည် တစ်စုံတစ်ခု ပြောလိုဟန်ရှိသည်။ ကော်ဖီသောက်ရင်း ရှယ်လီက စကားကိုစလိုက်၏။

'မကြည် မမကိုပြောစရာရှိလို့လား'

'ဟုတ်ပါတယ် မမ...'

မကြည်အသံက တိုးလွန်းသည်။ ပြီးတော့ ကတုန်ကယင်နှင့် ဆက်၍ မပြောဘဲ ငြိမ်သက်နေသည်။

'ပြောလေ... ဘာပြောချင်လို့လဲ'

တစ်စုံတစ်ခု ပြောလိုဟန် အားယူနေပေမယ့် မကြည်ပါးစပ်က ဘာသံမှ ထွက်မလာ။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... မကြည်၊ ဘာဖြစ်နေတာလဲ'

'မမ ဆူမှာစိုးလို့ပါ'

'ငါက ဘာလို့ဆူရမှာလဲ'

မကြည်သည် ထစ်အထစ်အနှင့် မဝံ့မရဲ ပြောလာသည်။

'ကျွန်မ... ကိုဟံအေးနဲ့ ယူမလို့'

'ဘာ...'

မကြည်က ဘာမှထပ်မပြော။ ပြောစရာမလို၊ မကြည် ဘာဆိုလိုသည်ကို သူသိပြီးသား။ သူကသာ ရင်ထဲမှာ အထိတ်တလန့်နှင့် 'ဘာ'ဟု အော်လိုက်မိခြင်းဖြစ်သည်။

'ဟံအေးက အဆင်သင့်ဖြစ်လို့လား၊ ကဲ... သွား၊ မနက်ကျတော့ မမ အဖြေပေးမယ်။ ဟံအေး အပြန်ကို တံခါးစောင့်ပြီးဖွင့်ပေး'

သူက ဒါပဲပြောလိုက်သည်။ မကြည်သည် သူ့အပါးမှ ထသွားသည်။ အမှန်တော့ သူ့ရင်မှာ ဘာမှအထိတ်တလန့်ဖြစ်စရာမရှိပါ။ အိမ်ဖော်မိန်းကလေးနှင့် ဒရိုင်ဘာကြိုက်ကြသည်ပဲ။ အဆန်းမှမဟုတ်၊ လွတ်လပ်သူချင်းမေတ္တာ မျှကြလျှင် တင့်တောင့်တင့်တယ်လုပ်ပေးဖို့ သူ့မှာ တာဝန်ရှိသည်။

ခက်သကို။ သူ့ရင်က ဘာမဆို အထိတ်တလန့်ဖြစ်ချင်နေသည်။ ကော်ဖီအကုန်သောက်လိုက်တော့ သူ့ရင်ထဲမှာ ပူနွေးသွားသည်။ လမင်းသည် တိမ်ထဲမှ တစ်စွန်းတစ်စထွက်လာပြီ။ သူသည် လမင်းကိုကြည့်ရင်း တစ်စုံတစ်ရာတွေးမိသလို လန့်သွားပြန်သည်။

'ဘုရား... ဘုရား... တော်ပါသေး'

သူ့ရင်ထဲမှာ ရေရွတ်မိ၏။

'တစ်ခု သတိထား၊ လင်သားမရှိတဲ့အခါ တပည့်လူယုံဆိုတာတွေကို ပိုပြီးသတိထားရတယ်'



ဒေါ်ခင်သက်တင်၏စကား။ နေ့လယ်ကမှ ပူပူနွေးနွေး ပြောသွားခဲ့သည်။ ဟုတ်ပါ့။ မေသဇင်လိုပဲ လင်၏တပည့်အဖြစ် ဟံအေးကို ယုံကြည်ခဲ့သည်။ အတွင်းလူ အိမ်သားတစ်ယောက်လို ဆက်ဆံခဲ့သည်။ ယခုသူ လင်သားမရှိ၊ ကွဲကွာသည်ဟုလည်း မဆိုနိုင်။ လင်းက သေသည်လည်း မဟုတ်။ ဒါပေမယ့် မရှိတာတော့အမှန်။

ဒီလို အကာအကွယ်မဲ့ အခွင့်အရေးကို အချိန်မရွေး ဟံအေးက အရယူနိုင်သည်။ သူတို့အိမ်မှာ အစေခံတန်းလျားရယ် ဘာရယ်ရှိသည်မဟုတ်။ ဟံအေးသည် သားဂျင်မီနှင့် တစ်ခန်းတည်း အတူအိပ်ခြင်းဖြစ်သည်။ ကလေးများမရှိချိန် ဟံအေးက ကြံစည်နိုင်သည်။ ဘုရားတန်ခိုးတော်ပေပဲ။ ဟံအေးက မကြည်ကို ကြိုက်သည်ကိုပဲ ကျေးဇူးတင်ရပါဦးမည်။

မြန်မြန်ပေးစားလိုက်ခြင်းဖြင့် ဟံအေးရန်ကို ကာကွယ်ပြီးသား ဖြစ်သွားမည်။ ဒေါ်ခင်သက်တင်ညီမ မေသဇင်လို မဖြစ်ပါဘူးဟု ဘယ်သူမှ အာမခံနိုင်သော ကိစ္စမဟုတ်။ သတိတစ်ချက်အလစ်တွင် ဖြစ်နိုင်ခြေတွေ အများကြီးရှိသည်။

မနက်ကျရင်တော့ မကြည်ကို ဟံအေးနှင့်ပေးစားမည်ဟု သူဖွင့်ဟပြောလိုက်တော့မည်။

'ကဲ... ပေးစားပါပြီတဲ့'

သူ ဆက်လက်စဉ်းစားမိသည်။ သူတို့လင်မယားကို ဘယ်နေရာမှာ ထားမလဲ။ သားဂျင်မီအခန်းမှာ မသိပ်နိုင်။ ညားစလင်မယားကို အရှယ်မရောက်တရောက် သားနှင့်အတူထားက ကလေးအတွက် အန္တရာယ်တွေ အများကြီးဖြစ်နိုင်သည်။ ဟံအေး တံခါးခေါက်သံကြားမှ သူအတွေးရပ်သွားသည်။ ဟံအေးသည် သူ့ကိုနှုတ်ဆက်ကာ ခြေရင်းခန်းသို့ဝင်သွားသည်။

ရှယ်လီကတော့ မအိပ်နိုင်။ အခန်းထဲဝင်သွားတော့ မကြည်သည်

www.burmeseclassic.com

www.burmeseclassic.com



သံခုတင်ပေါ်မှာ ကွေးကွေးလေးအိပ်နေသည်။ သူသည် တံခါးချက်များကို သေသေချာချာကြည့်ပြီးမှ မီးခလုတ်ကိုပိတ်လိုက်သည်။

ခုတင်ပေးမှာလှဲချရင်း အိပ်မရ။ မထင်မှတ်ဘဲ ရောက်လာတတ်သော အန္တရာယ်ကို တွေး၍ကြောက်လာသည်။

နောက်နေ့ နံနက်မှာတော့ ရှယ်လီသည် ဒေါ်လီတို့ အိပ်ခန်းဘက် ကူးသွားရပြန်သည်။

'ဒေါ်လီရယ် ရှယ်လီ့ကို အလိုက်မသိတတ်ဘူး မထင်ပါနဲ့နော်၊ စော စောစီးစီး ရောက်လာလို့'

ရှယ်လီက တောင်းပန်ရင်း ထိုင်လိုက်သည်။

'ဘာတွေပြောနေလဲ ရှယ်လီ၊ ကိစ္စရှိတာသာပြော၊ စကားခံမနေနဲ့ ကိုယ်နဲ့ရှယ်လီက ဒီစကားတွေ ပြောနေရမယ့်လူတွေမှ မဟုတ်ဘဲ'

ကော်ဖီငုံ့ပေးရင်း ဒေါ်လီက ပြောလိုက်သည်။ ရှယ်လီသည် ကော်ဖီ မသောက်သေးဘဲ မကြည်နှင့်ဟံအေးအကြောင်း ပြောပြလိုက်သည်။

'အဲဒါကို ရှယ်လီက ဘာဖြစ်စေချင်သလဲ'

'သူတို့ကို ပေးစားလိုက်ချင်တယ်'

'ပေးစားချင်တာ ပေးစားလိုက်ပေါ့ ရှယ်လီရယ်၊ ဒေါ်လီက ဘာလု ပေးရမလဲ'

ရှယ်လီသည် ဒေါ်ခင်သက်တင်တူမ မေသဇင်အကြောင်း ပြောပြ သည်။

'တကယ်တော့ ဟံအေးဟာ လင်းရှိတုန်းတော့ တပည့်ပဲ၊ လင်းမရှိ အခါ တစ်အိမ်တည်း အတူမနေရဲဘူး။ ပြီးတော့ သူတို့ ညားစလင်မယား သားဂျင်မိနဲ့ အခန်းထဲမှာ မသိပ်ချင်ဘူး… ကလေးက မတော်တာ အတူယူမှ'



ဒေါ်လီသည် ရှယ်လီပြောစကားကို စဉ်းစားနေစဉ် ကိုဖေသိန်းက စားပွဲမှာ လာထိုင်သည်။

'ရှယ်လီ ကော်ဖီသောက်လေ'

ရှယ်လီက ကော်ဖီပန်းကန်ယူ၍သောက်လိုက်၏။

'ကိုသိန်းရေ… မိရှယ်လီလာတဲ့အကြောင်းက'

ဒေါ်လီကအစချီကာ ရှယ်လီပြောသမျှ ပြောပြလိုက်သည်။ ကိုဖေသိန်းက ရုတ်တရက် ဘာမှ ပြန်မဖြေသေးဘဲ ပေါင်မုန့်ထောပတ်သုတ်ကိုစားကာ ကော်ဖီသောက်လိုက်၏။ ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားသလိုလုပ်ရင်းမှ စကားစပြောသည်။

'ကို… အခု ဆေးရုံသွားလိုက်ဦးမယ် ဒေါ်လီ၊ နေ့လယ်ထမင်းစားချိန်ကျ ကိုယ်ပြန်မလာဘူး။ မေမေတို့အိမ်ကို ကိုသိန်း သွားမယ်။ မေမေတို့ အိမ်က ဘုရားလမ်းမှာ နီးတယ်၊ အစေခံတန်းလျားတစ်ခန်း အားနေတယ် ထင်တယ်၊ အဲဒါ သေချာအောင် မေးခဲ့မယ်၊ အားနေရင် မေမေ့ကို အကျိုးအကြောင်း ဖွင့်ပြောလိုက်မယ်။ ဟံအေးတို့ ပေးစားပြီး အဲဒီမှာထားမယ်၊ မကောင်းဘူးလား ရှယ်လီ'

ရှယ်လီသည် သက်ပျင်းချလိုက်၏။

'ကောင်းပါတယ်၊ အစေခံတန်းလျား အားတယ်ဆို ရှယ်လီဆီ ဖုန်းဆက်လိုက်ပါ။ ရှယ်လီ ဒီမှာ မုန့်တွေဝယ်ထားမယ်'

'ဘာလုပ်ဖို့လဲ'

ဒေါ်လီက ထောက်လိုက်သည်။

'ညနေပဲ အိမ်နီးနားချင်းဖိတ်ပြီး ကော်ဖီနဲ့မုန့်တိုက်ပြီး ပေးစားလိုက်မယ် ကွာ၊ ညကျ အဲဒီသွားအိပ်ပေါ့'

'အောင်မလေး ရှယ်လီရယ် အဖြစ်သည်းလိုက်တာ

www.burmeseclassic.com

www.burmeseclassic.com



'မသဲနဲ့၊ ရှယ်လီ ရှေ့ဆက်ပြီး ဟံအေးနဲ့အတူ မနေရဲတော့ဘူး- ရှယ်လီ ပြန်ဦးမယ်၊ အကျိုးအကြောင်းကို သူတို့နှစ်ယောက်ကိုလည်း ပြောပြရဦးမယ်'

ရှယ်လီထသွားရာသို့ လင်မယားနှစ်ယောက် ငေး၍ကျန်ရစ်ကြသည်။

ညနေမှာတော့ ဟံအေးနှင့်မကြည် မင်္ဂလာအခမ်းအနား အကျဉ်းရုံး ပြီးမြောက်သွားသည်။ အထုပ်အပိုးတွေနှင့် ဟံအေးတို့ထွက်သွားတော့ ရှယ်လီ အနား ဒေါ်လီက ကပ်လာသည်။

'မင်းတစ်ယောက်တည်း ညကျအိပ်ရဲလား'

ဒေါ်လီက မေးလိုက်၏။

'ခုလိုနေရတာ ပိုလုံခြုံသလိုပါပဲ'

'မဟုတ်ပါဘူး၊ မနိုင်ကို ဒီည မင်းနဲ့အတူအိပ်ဖို့ လွှတ်လိုက်မယ် ဟုတ်လား'

'ကျေးဇူးပဲ ဒေါ်လီ'

✕ ✕ ✕ ✕ ✕

[ ၁၄ ]

နောက်နေ့များတွင် ဟံအေးတို့ လင်မယားနှစ်ယောက် နံနက် ၆နာရီ ရောက်လာကြကာ အလုပ်ဆင်း၍ ည ၇နာရီမှာ ပြန်ကြသည်။ ဘုရား ...မ်းနှင့် ဆေးရုံကနီး၍ အသွားအလာလွယ်ကူသည်။

သားနှင့်သမီး ပြန်ရောက်ချိန်မှာတော့ သူသည် ဟံအေးတို့ကို အိမ်ခွဲ ...းလိုက်ကြောင်း ရှင်းလင်းပြောပြလိုက်သည်။

ဟံအေးတို့မရှိတော့ စောစောထဖို့လိုသည်။ ည၇ဘက် ဟံအေးတို့ ...ကြည်တို့ပြန်လည်း လုပ်စရာအလုပ်တွေ ကျန်မည်။ အတော်ပဲ သားတို့ ...မီးတို့ကို အပိုးကျိုးအောင် ခိုင်းဖို့ဖြစ်လာသည်။ သ... ...ခြအနေကိုပြောပြ ...ီး သားနှင့်သမီးကို တာဝန်ခွဲ၍ ချထားပေးသည်။

'သားရော သမီးရော တစ်ခုနားလည်ရမှာက သူတို့က သူတို့အိမ်နဲ့ ...တို့ဖြစ်သွားပြီ၊ မနက် ၆နာရီအရောက်လာမယ်ဆိုပေမယ့် နောက်ကျရင် ...ည်း နောက်ကျမယ်၊ ညနေဘက်လည်း ည ၈နာရီမှ ပြန်မယ်ဆိုပေမယ့် ...ရှိရင် စောပြန်ချင်ပြန်မှာ၊ ဒီတော့ သားတို့ မနက်စောစောက ရေနွေး

www.burmeseclassic.com



ကျိုးစရာရှိကျိုး၊ ကိုယ့်ဘာသာ တတ်နိုင်သလောက် လုပ်ထား၊ ညလ
သူတို့စောပြန်ရင် ညစာစားပြီး ကိုယ့်ပန်းကန်ကိုယ်ဆေးရမယ်'

မောင်နှမနှစ်ယောက်လုံး သူပြောသည်ကို သဘောပေါက်သည်။
အိပ်ရာဝင်ကာနီး အိပ်ရာပြင်၊ ခြင်ထောင်ချသည်တို့ကို ဂျင်မီကလုပ်သ
အင်နိုက မကြည်လုပ်မသွားနိုင်သော မီးဖိုချောင်ကိစ္စကို လက်စသတ်ရ
မောင်နှမနှစ်ယောက် ခွဲတမ်းချလုပ်ကြသည်။

ဒီလိုပဲ တဖြည်းဖြည်း သူတို့ကို လေ့ကျင့်ပေးရမည်။ တစ်နေ့ အ
မရှိ ဘာမရှိဖြစ်ကို ရောက်ချင်လည်းရောက်နိုင်သည်။ လင်း၏အခြေအ
ဘာမှ မရေရာသေး။ ရှယ်လီကို ယခုထက်တိုင် ဘာမှ အဆက်အသွယ်
သေးလေတော့ လင်းပြန်လာဖို့ကို သူ မမျှော်မှန်းနိုင်။ လင်းက အလုပ်မ
ဘဲ ကိုယ့်စရိတ်နှင့်ကိုယ် ပညာသင်သွားသည့်အတွက် ပထမနှစ်လ
အစိုးရပေးသောငွေကို တစ်ဝက် သူတို့မိသားစု ခံစားနိုင်ခွင့်ရှိသည်။
နှစ်တွေ နှောင်နှစ်တွေ ပြဿနာကို ဘယ်လိုရင်ဆိုင်ရမည်ကို မတွေးနိုင်

ကလေးတွေကိုတော့ သူ ဘာမှအသိမပေး။ ကလေးတွေ စိတ်
မကျဖို့ပဲ အရေးကြီးသည်။ ကလေးတွေ ကျောင်းစရိတ်၊ အိမ်စရိတ်၊မ
တို့ လင်မယားစရိတ်နှင့် အောင်လံတုန်းက လင်းဝယ်ယူထားသော ကား
ကိုလည်း ဆက်လက်ထိန်းသိမ်းထားရဦးမည်။

ရှေ့နှစ်တွေအတွက် ကြိုတင်ပြင်ဆင်ရဦးမည်ဖြစ်၍ သူ တစ်ခုခ
လုပ်ရမည်။ အိမ်ကတော့ ဆက်လက်နေထိုင်ခွင့် ရနေဦးမည်ဖြစ်သည်။
နှစ်စေ့၍ မပြန်လာတော့လည်း ဒီအိမ်မှ တစ်နေရာသို့ ပြောင်းရွှေ့သွား
ဖြစ်သည်။

ဒေါ်ခင်သက်တင်ကြီးပြောသလို သူစိတ်သောကတွေနှင့် အိပ်မ
နေရာမှ ယနန်းထလာတော့မည်။ အိပ်မောကျနေတော့ကော ဘာအကျိ



မှာလဲ။ နိုးလာသောအချိန်မှာ လက်တွေ့လောကကို ရင်ဆိုင်ရမည့်အတူတူ တော့ ခုကတည်းက ကြိုတင်ပြင်ဆင်ဖို့ပဲလိုသည်။

နေ့တိုင်း သူ့အလုပ်က သားနှင့်သမီးကို ကျောင်းပို့ ကျောင်းကြို၊ ကျောင်းက အင်္ဂလိပ်မက်သဒစ်ဖြစ်၍ ဆေးရုံကြီးနှင့်နီးသည်။ ညဥ့်တိုင်ကျ သူကိုယ်တိုင် သားနှင့်သမီးကို စာပြသည်။ ကျူရှင်မပေး၊ နေ့လယ်တစ်ချိန် လုံး အားနေသည်။ ထိုအချိန်ကို အသုံးချဖို့ သူသတိရသည်။

နောက်နေ့ ကလေးများကို ကျောင်းပို့ပြီး ဒေါ်ခင်သက်တင် ကုမ္ပဏီကို ဝင်ခဲ့သည်။ အဆင်သင့်ပဲ ဒေါ်ခင်သက်တင်ကို တွေ့ရသည်။

'မမ– ရှယ်လီ့ကို အလုပ်တစ်ခုပေးပါ၊ မမဆိုင်မှာ အရောင်းစာရေးမပဲ လုပ်ရလုပ်ရ လုပ်ပါရစေ၊ ပြီးတော့ ရှယ်လီ့ကို မမက ကုမ္ပဏီအလုပ်တွေလည်း နိုင်းပါ'

ဒေါ်ခင်သက်တင်မှာ သူ့တူမ သလ်မာ၏လုပ်ရပ်ကြောင့် သူ့မျက်နှာ ပူခဲ့ရသည်။ သလ်မာကြောင့် ဖရိုဖရဲဖြစ်နေသော ရှယ်လီ့ဘဝကို ကူညီရမည်။ ရှယ်လီ၏တင်ပြချက်ကို သူလက်ခံလိုက်ပါသည်။ ရှယ်လီကလည်း အလုပ် မရွေး၊ အရောင်းကလေးမများနှင့်အတူ အထည်ကိုက်ထိုးရောင်းသည့်အလုပ် ကအစ မန်နေဂျာခိုင်းသမျှ ရုံးကိစ္စတွေလည်း လုပ်ပေးသည်။

မန်နေဂျာ ကိုထွန်းမြင့်ကလည်း အင်္ဂလိပ်စကား သွက်လက်စွာပြော တတ် ရေးတတ်သော ရှယ်လီ၏အကူအညီရ၍ ဝမ်းသာသည်။ အတွင်းဝန် ရုံး၊ ကုန်သွယ်ရေးဝန်ကြီးဌာနကိုလည်း ဝင်ထွက်ဆက်ဆံ၍ လိုင်စင်တစ်ခု ဘယ်လိုတင် ဘယ်လိုရအောင် လုပ်ရမည်ကိုလည်း ရှယ်လီ့ကို မန်နေဂျာက သင်ပေးသည်။

သွင်းကုန်လိုင်စင်တခုကျလာလျှင် နိုင်ငံခြားကုမ္ပဏီများမှ တောင်းပုံ နိုင်ငံခြားဘဏ်များမှာ ငွေစာရင်းဖွင့်ပုံတွေကိုလည်း မန်နေဂျာနှင့် တွဲဖက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်း သူ ကျွမ်းကျင်လာသည်။ ကုန်ပစ္စည်းများရောက်၍ ဂိုဒေါင်မှထုတ်ကာ ဆိုင်ပေါ်ရောက်သည်အထိ သူ အောက်ခြေသိမ်းလုပ်တတ်လာသည်၊

ဒေါ်ခင်သက်တင်၏ ကုန်သွယ်ရေးဝါဒကိုလည်း သူက ကြိုက်နှစ်သက်သည်။

'ရှယ်လီရယ်– အခု ရှယ်လီ မမဆီမှာလုပ်လာတော့ မြန်မာကုန်သည်တွေနဲ့ နိုင်ငံခြားသား တရုတ် ကုလားကုန်သည်တွေ လုပ်ပုံလုပ်နည်း သိလာပြီပေါ့။ မမကတော့ ကုန်သည်သစ္စာဆိုတာ ရှိတယ်လို့ယူဆတယ်၊ ဘုရားဟောစကားကတော့ ကောင်းသောကုန်သွယ်ခြင်းပေါ့။ ဒီသစ္စာတရားကို မမစောင့်ထိန်းတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်း တရုတ်၊ ကုလားနိုင်ငံခြားသားတွေ လက်ဝါးကြီးအုပ်နေတဲ့ စီးပွားရေးကို မြန်မာတိုင်းရင်းသားတွေလက်ထဲ ရောက်စေချင်တဲ့ ရည်ရွယ်ချက် အစိုးရမှာရှိတယ်။ ဒီရည်ရွယ်ချက်အတိုင်း မြန်မာကုန်သည်တွေကို အားပေးတယ်။ မြန်မာတွေကို ဦးစားပေးပြီး သွင်းကုန်လိုက်စင်တွေ ချပေးတယ်။ မြန်မာကုန်သည်တွေတချို့ပဲ ရိုးရိုးသားသားလုပ်ကြတယ်။ ကျန်ကုန်သည်တွေက ရှေ့ကဆိုင်းဘုတ်ကသာ သူတို့ကိုယ်ပိုင် မြန်မာအမည်တပ်ထားတယ်၊ ငွေရင်းက တရုတ်၊ ကုလား။ တချို့ကတော့ ကိုယ့်ငွေရင်းနဲ့ဆိုပေမယ့် လိုင်စင်လည်းကျရော တရုတ် ကုလားကုမ္ပဏီတွေကို လိုင်စင်တစ်ခါတည်းရောင်းလိုက်တယ်၊ တချို့က ငွေရင်းမတတ်နိုင်လို့၊ တချို့က စိတ်ရှည်လက်ရှည် မမတို့လိုဆိုင်ပေါ်တင်ပြီး မရောင်းချင်လို့၊ ဒီလိုလုပ်တော့ တရုတ် ကုလားပဲ အကျိုးအမြတ်ခံစားရတယ်။ သူတို့အဆီအသားစားပြီးမှ မြန်မာက အရိုးအရင်းကိုအသားလေးစားရတာ၊ အစိုးရရဲ့ရည်ရွယ်ချက်လည်း မထိရောက်ဘူး'

ဒေါ်ခင်သက်တင်သည် သူ့ဝါဒအတိုင်း လိုင်စင်ရောင်းမစား၊ ရောက်လာသောကုန်ကို သူ့ဆိုင်ပေါ် တင်ရောင်းသည်။ သူက ကုန်ပစ္စည်းနှစ်မျိုး



တင်သွင်းသည်။ အထည်အလိပ်လိုင်းနှင့် စားကုန်သောက်ကုန်ဖြစ်သည်။ လက်လီအထည်များရောင်းချသလို လက်ကားဖောက်သည်ကိုလည်း တခြားကုမ္ပဏီများနှင့် တရုတ် ကုလားကို ရောင်းချသည်။ တရုတ် ကုလားက ပြေးမလွတ်။ ဒါပေမယ့် သူ့လက်ဝေခံဖြစ်သည်။ သိမ်ကြီးဈေးတစ်ဝိုက်တွင် စည်သွတ်ဘူးတွေ ဖောက်သည်ပေးရသော တရုတ်ကုန်သည်တွေရှိသလို မောင်ထော်လေးလမ်း (ယခု ဗိုလ်ဆွန်ပက်လမ်း)နှင့် ဖရေဇာ(ယခု အနော်ရထာ) တစ်ဝိုင်မှာလည်း ကုလား အထည်ကုန်သည်တွေအပြည့်။ တစ်ခါကစ်ရဲ့ ပွဲစွန်ခြောက်တင်သွင်းခွင့် ရလာလျှင်တော့ လမ်းမတော်အောက်လမ်း ရော့ဝတီကုမ္ပဏီမှာ ဒေါ်သန်းရီနှင့် ဆက်သွယ်ရသည်။ ဒေါ်သန်းရီက ရေချိုရေငံငါးခြောက် ပုစွန်ခြောက်ပွဲရုံ ပိုင်ရှင်ဖြစ်သည်။

မန်းသီရိ ကုမ္ပဏီပိုင်ရှင်ဖြစ်သူ ဦးခင်ဆွေကလည်း မောင်ထော်လေးလမ်းမှာ ကုမ္ပဏီရှိသည်။ ဒေါ်ခင်သက်တင်ဆိုင်မှ ဖောက်သည် အထည်များအပ်လိုက်ယူနေကျ။ သူ့ထံမှလည်း ဒေါ်ခင်သက်တင်ကလည်း ဘရိုကိတ်များဝယ်ယူရောင်းရသေးသည်။ ရှယ်လီတို့ဆိုင်သို့ လာနေကျ။ ရင်းနှီးသည်။ ဦးခင်ဆွေသည် မကိုလ်ကုလား၊ နှာတံပေါ်ပေါ် မျက်လုံးလှလှ၊ အသားကဖြူသည်။ အဝတ်အစားဝတ်တော့ မြန်မာတိုက်ပုံနှင့် ပုဆိုးနှင့်။ စကားပြောရှ နှုန်လိုက်သည်မှာ မြန်မာကတောင် လက်မြှောက်ရမည်။

ဦးမောင်မောင်မြ၏ မင်းစည်သူကုမ္ပဏီကတော့ စည်သွတ်ဘူးများဖောက်သည်။ သူ့နာမည်ရင်းက ကိုအိရှန်း။ လူမျိုးစုံကို ရှယ်လီဝင်ဆံ့အောင်ဆက်ဆံရသည်။ ကုန်သည်ကြီးတွေဆိုတော့ ပစ္စည်းယူသွားပြီး ငွေကိုနောက်မှတောင်းခံရတာလည်း ရှိသည်။ ငွေများလျှင် ဦးထွန်းမြင့်ကိုယ်တိုင် တောင်းခံ၍ တစ်ခါတစ်ရံ ရှယ်လီသွားရသည်။

ထိုနေ့က အတွင်းဝန်ရုံးကို ကိစ္စတစ်ခုအသွား ရှယ်လီ လမ်းကြုံသည်နှင့် မောင်ထော်လေးလမ်းထဲမှ ဦးခင်ဆွေထံမှာ ရစရာငွေရှိ၍ ဝင်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်ဆွေ၏ မန်းသီရိကုမ္ပဏီက အရောင်းခန်းမကြီးနှစ်ခန်း၊ ပြင်သစ်၊ အင်္ဂလန် ဘရိုကိတ်မျိုးစုံ၊ နိုင်လွန်မျိုးစုံနှင့် ဇာခန်းဆီးများရောင်းသည်။ ရုံးခန်းက အရောင်းခန်းနှင့်ကပ်လျက် တစ်ခန်းသတ်သတ်။ ရုံးခန်းအဝဘက်တွင် လှပသော အထည်ဗီရိုများ ခင်းကျင်းပြသထား၍ ရုံးခန်းကို ရုတ်တရက် မမြင်ရ။ မှန်ဗီရိုများက ကွယ်နေသည်။

ဆိုင်ခန်းထဲမှ အရောင်းစာရေးများက ရှယ်လီကို ဦးခင်ဆွေရှိရာ ညွှန်လိုက်၍ သူရုံးခန်းထဲဝင်သွားသည်။ ရုံးခန်းထဲမှာ တောက်ပသော မဟော်ဂနီစားပွဲနောက်မှာ ဦးခင်ဆွေ ထိုင်လျက်ရှိသည်။ သူ့စားပွဲအားမှာ လေးထောင့်စားပွဲတစ်လုံးရှိပေမယ့် ဘယ်သူမှမရှိ။

သူ့ကိုမြင်မြင်ချင်း ဦးခင်ဆွေက ဝမ်းပန်းတသာ ကုလားထိုင်မှ ထ၍ ကြိုဆိုသည်။

'ရှယ်လီ လာလာ… ကိုယ်တိုင်လာနေရသေးတယ်ကွယ်၊ ထိုင်ပါဦး… အားနာလိုက်တာ'

ရှယ်လီက စားပွဲရှေ့ ကုလားထိုင်မှာထိုင်လိုက်သည်။

'အတွင်းဝန်ရုံး သွားစရာကိစ္စရှိနေလို့၊ နည်းနည်းစောနေတာနဲ့ ဒေါ်ခင်သက်တင်ကလည်း ဦးခင်ဆွေဆီ ဝင်ခဲ့ပါဆိုလို့ပါ'

ရှယ်လီသည် လက်ကိုင်အိတ်ကိုဖွင့်ကာ ဘောက်ချာကိုထုတ်ပြီး ပေးလိုက်၏။ ဦးခင်မောင်ဆွေက လှမ်းယူရင်း ရှယ်လီကို ပြုံး၍ကြည့်နေသည်။

'အတွင်းဝန်ရုံးကို ကိုဆွေလည်း သွားစရာရှိတယ်၊ ရှယ်လီလို လူမျိုးတစ်ယောက် ဒေါ်ခင်သက်တင်ရထားတာ သိပ်ကံကောင်းတာပဲ။ ရှယ်လီက လေ ဆက်ဆံရေး သိပ်ရည်မွန်တယ်လို့ ကုန်သည်လောကမှာ နာမည်ကြီးတယ်။ အလုပ်အကိုင်လည်း သိပ်တော်တာပဲတဲ့'



ရှယ်လီက နားသာထောင်နေရသည်။ ဒါလောက်ချီးမွမ်းနေတော့ မျက်…မထားတတ်။

'စေ့စပ်သေချာတဲ့အကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနကလည်း ပြော…တယ်။ ရှယ်လီကို ကိုယ်ပိုင်အရင်းအနှီးနဲ့ ကုမ္ပဏီထောင်ရင်တောင် ရပြီ'

'ဦးခင်ဆွေပြောသလောက် ရှယ်လီ မကျွမ်းကျင်သေးပါဘူး'

'အို… ကိုဆွေ မြှောက်ပြောနေတာမဟုတ်ဘူး။ ဒေါ်ခင်သက်တင်မှာ …ယ်လီရောက်လာတာ လာဘ်ဝင်တာပဲ။ တကယ်လို့များ ရှယ်လီ ကိုယ်ပိုင် …မ္ပဏီထောင်ချင်တယ်ဆိုရင် ကိုဆွေ့ကိုပြောပါ။ တိုက်ခန်းရော၊ ငွေရင်း…နှီးရော ကိုဆွေကူညီနိုင်တယ်၊ အားမနာနဲ့နော်'

ပြောပြောဆိုဆို ထိုင်ရာမှထကာ နောက်ဘက် မီးခံသေတ္တာထဲမှ …ငွေများကို ထုတ်ယူနေသည်။

'ကျေးဇူးတင်ပါတယ်'

တစ်လုံးသာ ရှယ်လီကပြော၍ထိုင်နေသည်။ ဦးခင်ဆွေသည် ငွေများ…ပြီး စားပွဲရှေ့ဘက် ထွက်လာကာ ရှယ်လီရှေ့ စားပွဲပေါ် ငွေများပုံလိုက်…သည်။ ရှယ်လီက ငွေများရေတွက်ကာ လက်ကိုင်အိတ်ထဲ ထည့်လိုက်သည်။

'ရှယ်လီ… ကိုဆွေ… အတွင်းဝန်ရုံးကို လိုက်ပို့မယ်လေ'

ရှယ်လီက မတ်တတ်ရပ်လိုက်တော့ ရှယ်လီဘေးမှာ ဦးခင်ဆွေက …တတ်ရပ်နေသည်။ ရှယ်လီ့ရင်ထဲမှာ ထိတ်သွားသည်။ ဦးခင်ဆွေ မျက်လုံး…တွက ဝင်းဝင်းတောက်နေသည်။ ဒီမျက်လုံးအဓိပ္ပာယ်ကို ရှယ်လီနားလည်…သည်။ ကုလားထိုင်ကို နောက်တွန်းလိုက်ရင်း သွားမည့်ဟန်ပြင်လိုက်၏။

'မလိုပါဘူး ဦးခင်ဆွေ၊ ရှယ်လီမှာ ကားပါပါတယ်'

ဦးခင်ဆွေက လမ်းကိုပိတ်၍ရပ်နေသည်။

'မဟုတ်ဘူးလေကွယ်၊ တစ်နေရာသွားပြီး တစ်ခုခုစားပြီးမှ ရုံးသွား

www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့။ ငွေအိတ်ကလည်း လေးလှပါတယ်၊ ကိုဆွေကိုင်ခဲ့မယ်'

အသံက ချိုမြညွတ်ပြောင်း၍ မျက်လုံးများက သားစားသားရဲကောင်၏ မျက်လုံးမျိုး။ သူ့လက်က ငွေအိတ်ကို ကိုင်သလိုနှင့် ရှယ်လီ လက်ဖမိုးကို သုပ်ကိုင်လိုက်သည်။ သူ့မျက်နှာဘက်ကို ဦးခင်ဆွေက ကိုင်းညွတ်လာသည်၊ ရှယ်လီသည် လက်ကိုရုန်းလိုက်ကာ ကုလားထိုင်တခြားတစ်ဖက်သို့ ကိုယ်ကို အမြန်ရွှေ့လိုက်သည်။ လွတ်နေသော ညာလက်နှင့် ဦးခင်ဆွေပါးကို ဖြန်းခနဲရိုက်ကာ အခန်းပြင်ကို အပြေးအလွှားထွက်လာသည်။ ဈေးရောင်းနေသူတွေ သူ့ကိုကြည့်မကြည့် သူဘာမှမသိ။ ဗိုက်ကွယ်နေ၍ ဘာမှတော့ သိပုံမရ။ သို့သော် လမ်းလျှောက်သည်ကိုတော့ ဟန်မပျက်ထိန်းကာ ကားရှိရာ ထွက်လာခဲ့သည်။

ရင်ထဲမှာ မကျေမချမ်းနှင့်ခံလိုက်ရလေခြင်းဟူ၍သာ နာကြည်းသွားသည်။ အတွင်းဝန်ရုံးကိုဆက်မသွား။ ဆိုင်ကို လှည့်ပြန်လာခဲ့သည်။ ဆိုင်မှာလည်း ဝယ်သူတွေ များနေသည်။ သူသည် ဒေါ်ခင်သက်တင်ရှိရာ နောက်ခန်းလေးသို့ဝင်လာခဲ့သည်။ ဒေါ်ခင်သက်တင်ရှေ့စားပွဲပေါ် ငွေအိတ်တင်လိုက်၏။

မျက်စိမျက်နှာပျက်နေသော ရှယ်လီကိုကြည့်ရင်း ဒေါ်ခင်သက်တင်က အံ့အားသင့်နေသည်။

'ဘာဖြစ်လာတာလဲ ရှယ်လီ၊ အတွင်းဝန်ရုံးရောက်ခဲ့ပြီလား၊ ဘာအဆင်မပြေလဲ'

ရှယ်လီသည် ကုလားထိုင်မှာထိုင်ရင်း ခရီးဝေးက ပြေးလာသလို မောနေသည်။

'အတွင်းဝန်ရုံးကို မရောက်ခဲ့ဘူး။ ဦးခင်ဆွေဆီ ငွေဝင်ယူလာခဲ့တယ်၊ ငွေရခဲ့ပါတယ်။ သူ့ပါးကိုလည်း ရှယ်လီရိုက်ခဲ့တယ်။ ဆက်ဆံရေးမပြေလည်တဲ့အတွက် ရှယ်လီကို အလုပ်ကထုတ်ချင်ရင် မမ— ထုတ်ပစ်နိုင်ပါတယ်'



ဦးခင်ဆွေ သူ့လက်ကို ကိုင်စဉ်က ရုန်းထွက်ပြေးလျှင် ရနိုင်သား။ ပါးကိုချခဲ့သော သူ့အပြုအမူကြောင့် ဒေါ်ခင်သက်တင်က သူ့ကို အလုပ်ထုတ်ပစ်နိုင်ကြောင်း ပြောမိသည်။

ရှယ်လီသည် မျက်ရည်များဝိုင်းကာ ဖြစ်သမျှကို ပြောပြသည်။ ဒေါ်ခင်သက်တင်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

'နောက် ကိစ္စရှိရင် မောင်ထွန်းမြင့်ကိုပဲ ကိုခင်ဆွေဆီ မမလွှတ်ပါ့မယ်၊ မမတို့ စကော့ဈေးထဲမှာကို တချို့အမျိုးသမီးတွေက ကုလားတွေ ငွေရင်းနဲ့ ကုမ္ပဏီဖွင့်နေကြတာ၊ တချို့အမျိုးသမီးတွေကလည်း ခြေတော်တင်ခံနေကြတော့ ကိုခင်ဆွေ ရှယ်လီကို စမ်းကြည့်တာဖြစ်လိမ့်မယ်၊ မမ စိတ်မကောင်းပါဘူး ရှယ်လီ—၊ မမမှာ တာဝန်ရှိပါတယ်'

'မမကို ရှယ်လီ တောင်းပန်ပါတယ်၊ မမဖောက်သည်များ ပျက်သွားလား'

'ဒီစားနေကျကြောင်ပါးတွေက မျက်နှာပြောင်ပါတယ်။ စီးပွားရေးနဲ့ ပတ်သက်ရင် သူတို့အောက်ကျို့လာမှာပါ။ မမတို့ ငယ်ငယ်ကကြားဖူးတဲ့ သီချင်းလိုပဲ၊ 'ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်'ဆိုတဲ့ သီချင်းလိုပဲ၊ သူတို့ခြေလှမ်းက စီးပွားရေးလုပ်ရင်း လူကိုမျှော်—။ ရှယ်လို အရွယ်ကလည်းငယ်၊ လှကလည်းလှတော့ ဒီအန္တရာယ်တွေရှိမှာပဲ၊ ရှယ်လီ ကိုယ်ကို တရားသဖြင့် ကာကွယ်ရမှာပေါ့။ ကိုယ့်စီးပွားရေးအတွက် ဒီလမ်းက မလျှောက်ဘဲ နေလို့မှမရဘဲ၊ ရှယ်လီ သတိထားတာ မမှားပါဘူး'

ဒေါ်ခင်သက်တင်က ငွေများသိမ်းကာ အလုပ်ဆက်လုပ်နေသည်။ ရှယ်လီရင်ထဲမှာ တနုံ့နုံ့။ ဒီကုလားကို သတ်ပစ်ချင်အောင် ခံပြင်းနေသည်။ တပည့်ကျော် ဟံအေး လူရိုးတစ်ယောက်ဖြစ်မှန်းသိပေမယ့် သူ ကြိုတင်ကာကွယ်မှု ယူခဲ့သည်။ ဒီဦးခင်ဆွေကြောင်သူတော်ကို သူသတိမထားလိုက်မိ။

www.burmeseclassic.com



တစ်ချက်ကလေးသတိလစ်သည်နှင့် ထောင်ချောက်ကိုဝင်တိုးမိသည်။ တော်ပါသေး၏ သူ့ထောင်ချောက်မှာ မမိသေးပါ။

ꕤ ꕤ ꕤ ꕤ ꕤ

## [ ၁၅ ]

ရုယ်လီ၏စိတ်တွေ ကမ္ဘာကြီးမှာ မြှုပ်နှံထား၍ အိမ်ရောက်သောအချိန် တွမှာလည်း သားသမီးတွေကို ကိုယ်တိုင်စာပြနှင့် အချိန်ပြည့်လိုလို အလုပ် လုပ်နေရ၍ လင်းကြောင့် ခံစားနေရသော ဝေဒနာသည် ရင်ထဲမှာ သက်သောင့် က်သာ ဖြစ်လာသည်။

ဦးခင်ဆွေနှင့် တွေ့ပြီးသောညကတော့ ခံပြင်းသောစိတ်နှင့် ဒေါသစိတ် ကြောင့် ကော်တော်နှင့် အိပ်မပျော်။ ကလေးများစာကျက်ပြီး အိပ်ရာဝင် ကြသည်။ သူကတော့ အိပ်မပျော်နိုင်သေး။ ဒေါ်ခင်သက်တင်ကမ္ဘာကြီးမှ ထွက် ကောင်းမလား။

ဒေါ်ခင်သက်တင်က သူ့အကြောင်းကိုသိ၍ ထိုင့်သင့်သောလခ သူ့ကို ပေးပါသည်။ သူ့လခနှင့် လင်းလခ ပေါင်း၍ သားတို့သမီးတို့ အခြေအနေ ချက် ထားနိုင်ခဲ့သည်မဟုတ်ပါလား။

ဒီသားနှင့်သမီးအတွက် သူ ရှေ့ဆက်ခရီးသွားရဦးမည်။ ရှေ့နှစ်တွေ အတွက် ငွေရေးကြေးရေး အခြေအနေက ဘယ်လိုဖြစ်လာလိမ့်မည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရလခ မပြတ်ပေမယ့် ပထမနှစ်ပဲ လစာပြည့်ရမည်။ ဒုတိယနှစ်ကျတော့ လစာတစ်ဝက်။

ဒီတော့ သူတစ်ဖက်တစ်လမ်း အလုပ်လုပ်မှဖြစ်မည်။ ဆေါခင်သက်တင် ကျေးဇူးကလည်း ရှိသေးသည်။ ဘယ်ခရီးပဲသွားသွား ပန်းမွေ့ရာခင်းကော်ဇော ကတော့ အစဉ်ခင်းကျင်းသည်မှ မဟုတ်။ ဦးခင်ဆွေတို့လို သားရဲပေါသော လမ်းကိုလည်း ဖြတ်သန်းလျှောက်ရဦးမှာပဲ။ ဘာပဲဖြစ်ဖြစ် တတ်နိုင်သလောက် ကာကွယ်ဖို့က သူ့တာဝန်။

သူ့မှာ ယခုအချိန်သည် မောင်တစ်ထမ်း မယ်တစ်ရွက်မဟုတ်။ မောင် မရှိလေတော့ မယ်ကိုယ်တိုင် နှစ်ဖက်ထမ်းရပေတော့မည်။

လင်းသွားသည်မှာ တစ်နှစ်ပြည့်ပြီ။ နောင်နှစ်မှာ ပညာတော်သင်နှစ် ပြီးဆုံးတော့မည်။ ထိုအချိန်ကို ရင်ဆိုင်ဖို့ သူအသင့်ပြင်ရမည်။

သားဂျင်မီက ၉တန်းရောက်ပြီ။ အင်နီက ၇တန်း။ ဂျင်မီသည် ထောင် ထောင်မောင်းမောင်းနှင့် အရပ်မြင့်ပုံမှာ သူ့ဘိုးဘော မစ္စတာ ဆင်မြူရယ်နှင့် တူသည်။ အသားကတော့ သူနှင့်တူ၍ ဖြူသည်။ မျက်လုံးစိမ်းစိမ်းတွေကတော့ မောင်နှမနှစ်ယောက်စလုံး လင်းထံမှ အမွေရယူထားသည်။ အင်နီက ညိုချော လေး။ ဂျင်မီလို အသားမဖြူ။ ဂျင်မီလိုလည်း နှုတ်မသွက်။ အေးအေးဆေး ဆေး နေတတ်သည်။ သူ့အဖေလိုများ အေးအေးလေးနှင့် သူ့ပတ်ဝန်းကျင်ကို ပူလောင်အောင်လုပ်သူများ ဖြစ်နေမလား။

တစ်ခါတစ်ခါ ဂျင်မီ တမ်းတမ်းတတပြောတတ်သည်။

'ဒက်ဒီဆီက စာလည်းမလာဘူး မာမီ...'

ဟုတ်၏။ ဂျင်မီသည် သူ့ဒက်ဒီထံကစာမျှော်မည်။ သူလည်း အရွယ် ငယ်တော့သည်မဟုတ်။ တွေးခေါ်စဉ်းစားတတ်လာပြီ။ သားကိုမလှည့်စားချင် ပေမယ့် သားတို့မှာ နောက်က အင်အားရှိဖို့လိုသည်။ တက်သစ်စ အားယူ ချိန်မှာ သားတို့စိတ်ငယ်စရာ မဖြစ်စေချင်။



'သားရယ်... ဒက်ဒီယူတဲ့ ဆေးပညာက ခက်ခဲကယ်၊ အင်္ဂလိပ်တွေ ကြားထဲမှာဆိုတော့ မြန်မာတွေညံ့တယ်မဖြစ်အောင် ဒက်ဒီက ကြိုးစားရတာ ဆိုတော့ စာမရေးအားဘူးထင်ပါရဲ့'

သူပြောသည်ကို ဂျင်မီက ယုံကြည်ပုံမရ။ သို့သော် ဘာတစ်ခွန်းမှ ပြန်လည်မပြော။ သူ့ရင်ထဲမှာတော့ သံသယနှင့် ပြည့်နေမှာပဲဖြစ်သည်။

ယောက္ခမကြီးများက ကလေးများကို ကျောင်းအားရက်တွက်၍ လာခေါ်ကာ သူတို့၏တခြားမြေးများနှင့် အိမ်မှာတွေ့ဆုံပေးသည်။ သူတို့မှာ လည်း သားနှစ်ယောက်နှင့် သမီးတစ်ယောက်က နိုင်ငံခြားထွက်သွားပြီဖြစ်၍ သမီးထွေးနှင်းနုခိုင်တစ်ယောက်ပဲ ရန်ကုန်မှာ ကျန်ရစ်သည်။ ဒါပေမယ့် အိမ်ခွဲနေသည်။

အဖေတစ်ယောက်က နိုင်ငံခြားမှာ တစ်နှစ်ကျော် နှစ်နှစ်နီးပါးနေနေဆဲ၊ သားသမီးဇနီးမယားဆီကို အဆက်အသွယ်မလုပ်ဘူးဆိုတော့ ဂျင်မီ ဘာပဲ ပြောပြော သံသယရှိနေမှာပါ။

အမေကို ဘာမှမမေးဘဲ တိတ်တိတ်ဆိတ်ဆိတ် နေကြသည်။ ဒါ အတွက်ပဲ ကလေးတွေကို ကျေးဇူးတင်ရသည်။ ကလေးတွေက စိစစ်ဆေး ဆေး မေးလာလျှင် သူဘယ်လိုဖြေရပါ့။ ကလေးများ သူတို့ဘိုးဘွားဆီသွား လျှင် သူတို့အဖေအကြောင်းကို မေးကြမည်ပဲဖြစ်သည်။

အဘိုးအဘွားများက ဘယ်လိုဖြေမည်မသိ။ သူလည်း ယခုထက်တိုင် ယောက္ခမကြီးများဆီ ရောက်ပေမယ့် လင်းအကြောင်းကို မမေးမိ။ သတိမေ့ ၍မဟုတ်။ မမေးချင်၍ဖြစ်သည်။

ယောက္ခမကြီးများကလည်း ပါးနပ်ရည်မွန်သူတွေပါ။ လန်ဒန်မှာရှိသော မာမီ့မောင် ဦးထွန်းလှအောင်ထံမှ သူတို့သတင်းကို ကြားပြီးဖြစ်မည်။ အပြောရ ခက်နေ၍ သူတို့လည်း ငြိမ်သက်နေကြခြင်းဖြစ်ကောင်းဖြစ်မည်။ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ဓေ့၍ ပညာတော်သင်နှစ်ဆုံးလျှင် လင်းတစ်ယောက် ပါရဂူဘွဲ့ရ
ပြသနာက ဒီလိုနေ၍မရ။ အဖြေတစ်ခုခုထွက်လာမည်ပဲဖြစ်သည်။ ထိုအ
ကျမှ မီးစင်ကြည့်ကရမည်။ လင်းပြန်မလာတော့ဘူးဆိုလျှင် အစိုးရအိမ်
သူတို့ပြောင်းရွှေ့ရတော့မည်။ ဒီအခြေအနေကို သူကြိုတင်တွက်ပြီးသား
သားတို့ ဧတန်း စားမေးပွဲပြီးသောနေ့က သူ ဆိုင်မှအပြန် သား
ဆီးပြောသည်။
'ဒီတနင်္ဂနွေ သားတို့ကို ထမင်းလာစားဖို့ ဘွားဘွားကြီးက ဖိတ်တယ်
မာမီလည်း လာခဲ့ပါတဲ့။ မနက်စာကျွေးမှာတဲ့'
ရှယ်လီ ဝမ်းသာသွားပါသည်။ သူတို့ဖခင်နှင့်ဝေးကွာနေချိန် ဖခင်
က အဘိုးအဘွားများက ဂရုတစိုက်ရှိသည်ဆိုတော့ သူ့သားသမီးများ
တအားတက်မည်ဖြစ်သည်။
တနင်္ဂနွေနေ့မှာ မိသားစုရောက်သွားတော့ ခါတိုင်းထက် ဒက်ဒီ
မာမီတို့က ကြိုဆိုပုံ လှိုက်လှိုက်လှဲလှဲရှိသည်။ နံနက်စာစားပြီး ဒက်ဒီ
သူ့အိပ်ခန်းထဲဝင်သွားသည်။ ပြန်ထွက်လာတော့ လက်ထဲမှာ စက္ကူဘူးနှ
ပါလာသည်။
'သားတို့ ဒက်ဒီက ပေးလိုက်တဲ့လက်ဆောင်လေ'
ဂျင်မီနှင့် အင်နီက 'ဟေး' ဟု ဝမ်းသာအားရ အော်ကာ အဘိုး
ပြေးသွားကြသည်။ အဘိုးလက်မှ တစ်ခုစီလှမ်းယူကာ ဆိုဖာပေါ်ထိုင်
ဘူးကိုဖွင့်ကြသည်။ ဂျင်မီဘူးထဲက မီးရထားလမ်းပေါ်မှာ ခေတ်ခဲနှင့်ပြေး
မီးရထားလေးထွက်လာသည်။ အင်နီဘူးထဲက သံပတ်ပေးရသော လေယာဉ်
နှင့် ဘိုမရုပ်အသေးလေး။
သူတို့ ဝမ်းသာအားရအော်ဟစ်ကာ ကစားစရာများပိုက်၍ တစ်ဖ
ခန်းကို ပြေးသွားကြသည်။ အဘိုးအဘွားတွေက မြေးများကိုကြည့်ပြီး ရှယ်



မျက်နှာကိုကြည့်ကြသည်။ ရှယ်လီမျက်စိကလည်း ယောက္ခမများ မျက်နှာပေါ်ကိုရောက်သွားသည်။ သူ့စိတ်ထဲမှာ ယောက္ခမများမျက်လုံးထဲမှာ တစ်စုံတစ်ရာ တွေ့နေရသလို ထင်မိသည်။ ရင်ထဲမှာ တွေးနေသည်ကတော့ ကလေးများအတွက် လက်ဆောင်ပစ္စည်းများကို လင်းက ပေးပို့သည်ဆိုသည်ကို နည်းနည်းမှ မယုံ။ ဤလက်ဆောင်ပစ္စည်းများနှင့်အတူ သားတို့အတွက် စာလေးတစ်စောင်ပါမလာ၍ ယုတ္တိမရှိလှပါ။ ယောက္ခမဖြစ်သူ ဦးရွှေအောင်က သူ့မြေးတွေ စိတ်ဓာတ်တက်ကြွအောင်၊ အခြေအနေပြေလည်အောင် ကြားက လုပ်ခြင်းများလား။

အခြေအနေတွေက သက်မကင်းစရာ။ သူတွေးနေမိ၏။ သားဂျင်မီသည် မီးရထားနှင့် ကစားစရာအရွယ်မဟုတ်တော့။ သို့သော် သူတို့ဖခင်က ပို့သော လက်ဆောင်ဖြစ်၍ မြတ်မြတ်နိုးနိုး ဂျင်မီက ကိုင်တွယ်ကစားနေသည်။ ကလေးများ ထွက်သွားရာကိုကြည့်ရင်း မာမီက စကားစသည်။

'ရှယ်လီ… စကော့ဈေးမှာ ဆိုင်ထွက်နေတယ်ဆိုတာ နေရာကျလား'

'ဒေါ်ခင်သက်တင်ဆိုင်မှာ ဝင်ကူတာပါ။ သွင်းကုန်ထုတ်ကုန်လိုင်စင်လုပ်တော့ ရိုးရိုးဈေးရောင်းတာတင် မဟုတ်ဘူး၊ ရှယ်လီ ရုံးလုပ်ငန်းတွေပါ လေ့လာနိုင်ပါတယ်'

'အင်းပေါ့လေ၊ လုပ်ငန်းကျွမ်းကျင်လာရင် ရှယ်လီ ကုမ္ပဏီထောင်နိုင်တာပေါ့။ ကောင်းပါတယ်၊ လောလောဆယ် ဂျင်မီနဲ့ အင်နီတို့ကျောင်းစရိတ် မာမီတို့ တာဝန်ယူပါ့မယ်'

မာမီ့စကားကြားတော့ ရှယ်လီဝမ်းသာပါ၏။ ဒါပေမယ့် ရင်ထဲမှာ မေးခွန်းတွေ မေးနေမိသည်။ မာမီတို့ဆီကိုရော လင်းထံမှ စာလေးဘာလေး မလာဘူးလား။ နှုတ်က ဖွင့်မေးဖို့က မမေးရက်ပါ။ သူ လက်ထပ်စဉ်က လှိုက်လှိုက်လှဲလှဲမရှိ။ စိတ်မဝင်စားသလိုနေသော ယောက္ခမများက သူ့သား

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး တွေကို အထူးဂရုစိုက်လာ၍ ဝမ်းသာပါသည်။ ဒါပေမယ့် လင်းထံမှ ဘာသတင်းမှ မကြားရသည်ကိုတော့ ဒက်ဒီတို့ ဘယ်လိုယူဆပါသလဲ။ မာမီ၏မောင် ဦးထွန်းလှအောင်က လန်ဒန်မှာရှိသည်ပဲ။ လင်းနှင့်အဆက်အသွယ် မပြတ်ဆိုတာ့ လင်းသတင်းကိုတော့ သူတို့ဆီပို့နေမှာပါ။ သလ်မာကို လက်ထပ်သွားပြီဆိုတာကိုလည်း သိကြမှာပါ။ သူတို့မပြောသင့်သော သတင်းများဖြစ်နေ၍ ဘာမှမပြောကြခြင်းဖြစ်ကောင်း ဖြစ်နိုင်သည်။ အားလုံးနားလည်မှု တွေနှင့် မျိုသိပ်တော့ ဣန္ဒြေဆောင်နေကြသည်။

အိမ်ရောက်တော့ တစ်ဖက်ခန်းမှ ဒေါ်လီကို ယောက္ခမများအကြောင်း ပြေးပြောရသေးသည်။ ဒေါ်လီကလည်း ဝမ်းသာအားရဖြစ်ပေမယ့် ရှယ်လီမေးလိုက်သော မေးခွန်းအတွက် အံ့အားသင့်နေသည်။

'ကိုယ့်ရင်ထဲ မကျေမလည်ဖြစ်နေတာက သူတို့ လင်းအကြောင်း တစ်လုံးမှ မပြောကြဘူး။ သိပ်ထူးဆန်းတယ်နော်။ ပြန်လာမယ် မလာဘူးဆိုတာ မသိသလိုဘဲ'

ဒေါ်လီကလည်း ရှယ်လီစကားကို နားထောင်ရင်း ဝမ်းသာပေမယ့် ဝမ်းသာဝမ်းနည်းဖြစ်နေသည်။ လင်းအကြောင်းကို ရှယ်လီသိတာထက် ဒေါ်လီ ပိုသိပါသည်။

အင်္ဂလန်ကို ကိုယ့်စရိတ်နှင့်ရော အစိုးရစရိတ်နှင့်ရော ပညာတော်သင်သွားကြသည့် ဆရာဝန်တွေအများကြီး။ ပြန်လာသူများအထဲမှ ကိုမေသိန်းသူငယ်ချင်းတွေက သလ်မာနှင့် လင်းအကြောင်း သတင်းများကို သယ်ယူလာခဲ့ပြီးဖြစ်သည်။ ယောက္ခမတွေက သလ်မာနှင့်သတင်းကို သိပြီးဖြစ်မည်။ ကာယကံရှင် ရှယ်လီကို မပြောရက်၍ နှုတ်ပိတ်နေကြခြင်းဖြစ်မည်။ သူကိုယ်တိုင်ကလည်း နောက်ဆက်တွဲသတင်းများကို ရှယ်လီကို မပြောရက်။ ရှယ်လီက ဆက်ပြောသည်။



'ဒက်ဒီတို့ မာမီတို့က မပြောဘူးဘဲထား၊ ကိုယ့်သားနဲ့သမီးက သူတို့ဒက်ဒီအကြောင်း ကိုယ့်ကို လေသံမှမဟဘူး။ မမေးဘူး။ သွားစကမှ ဂျင်မီက 'ဒက်ဒီဆီက စာမရဘူး' လို့ မေးသေးတယ်။ ကလေးတွေအပေါ်မှာရောမင်း ဘယ်လိုထင်လဲ'

ဒေါ်လီက ဘာမှမဖြေပါ။ ဘယ်လိုဖြေရမှန်းလည်းမသိ။ သူ့စကားကို ပြောင်းပြောလိုက်၏။

'ဂျင်မီနဲ့ အင်နီတို့ ဘာပြဿနာမှမပေါ်ဘဲ စာကြိုးစားကြတာပဲ ကျေးဇူးတင်ပါဦး'

'ဟုတ်တယ်၊ သူတို့စာကြိုးစားအောင် စိတ်ဓာတ်မကျအောင်တော့ ရှယ်လီ ဖန်တီးပေးမှာပါ။ သလ်မာကို လက်ထပ်တော့ သွားပြီပေါ့လေ... ဒါပေမယ့် လင်းဟာ သူတို့ဖခင်ပဲပေါ့။ သွေးဆိုတဲ့ အတွယ်အတာကို ဘာနဲ့မှ ဖြတ်တောက်လို့မရပါဘူး။ ကိုယ့်ကို ဖြတ်ချင်ဖြတ်ပေါ့လေ၊ သူပြန်လာခဲ့ရင်တော့ ကလေးတွေအတွက် ပိုကောင်းမှာပေါ့လေ ဒေါ်လီရယ်'

ရှယ်လီသည် ခေတ္တတွေ၍ စဉ်းစားနေ၏။ ပြီးမှ ဆက်ပြောသည်။

'ရှယ်လီမှာ မိန်းမကောင်းတစ်ယောက် ရှိရမယ့် အရည်အချင်းတွေပြည့်စုံတယ်လို့ မထင်ပါဘူး။ ကျောင်းတုန်းက ရှယ်လီ အမှားတွေ အများကြီးလုပ်ခဲ့တယ်။ ဒါကြောင့် လင်းနဲ့လက်ထပ်ပြီးတော့ ရှယ်လီလိုချင်သမျှရလိမ့်မယ်လို့ ရှယ်လီ မမျှော်လင့်ခဲ့ပါဘူး။ ကိုယ့်ရှိ...ှင်းချက်ကရှိခဲ့တော့ ရှယ်လီ သူ့အလိုလိုက်ခဲ့တယ်၊ ပျော်ကွက်တွေကို သည်...ခံခွင့်လွှတ်ခဲ့ပါတယ်။ ရှယ်လီ့အပေါ် သူ တစ်စုံတစ်ရာ ခွင့်မလွှတ်နိုင်တဲ့အကြောင်း ရှိတောင်မှ ကလေးတွေအတွက်တော့ သူ မြန်မာပြည်ပြန်လာဖို့ ကောင်းတယ်'

ဖြတ်သန်းလာသောခရီး... သင်ခန်းစာရခဲ့ပြီးသော သူ့သူငယ်ချင်းရှယ်လီ၏စကားကို နားထောင်ရင်း ဒေါ်လီရင်ထဲမှာ နင့်သွားသည်။ သလ်မာ

www.burmeseclassic.com



ကို လက်ထပ်သွားပြီဆိုသည်ကို ရှယ်လီတစ်ယောက် သိသင့်ကြီးနှင့်ပဲ လင်းကို မျှော်လင့်လျက်ရှိသေးသည်။

✕ ✕ ✕ ✕ ✕

[ ၁၆ ]

BURMESE CLASSIC .com

သားဂျင်မီ တက္ကသိုလ်ဝင်တန်း မက်ထရစ်အောင်မြင်သောနေ့က ...ကောင်းသတင်းကို ပြောကြားလာသော သားလည်ပင်းကိုဖက်ကာ ရှယ်လီ ...ခဲ့သည်။

'သားတို့ဒက်ဒီ သားစာမေးပွဲအောင်တာကို သိစေချင်လိုက်တာ'

ရှယ်လီ ဘာကြောင့်ငိုသည်ကို ဂျင်မီလည်း သဘောပေါက်နားလည် ...သည်။

'ဘိုးဘိုးနဲ့ဘွားဘွားက ဘိုးလေးဦးထွန်းလှအောင်ဆီ စာရေးမှာပေါ ...။ သူတို့က ဒက်ဒီဆီ အကြောင်းကြားမှာပါ'

'မာမီ သားအောင်တာကို ဝမ်းသာပါတယ်သား၊ ဝမ်းသာလွန်းလို့ ...တာပါ၊ လူတွေကပြောကြတယ်၊ မိစုံဖစုံမွေးမှ သားသမီးတွေဟာ မိခင် ...တ္တာလည်းရ၊ ဖခင်ရဲ့ အထာအကွယ်လည်းရလို့ ကြီးပွားတိုးတက်တယ်။ ...တို့ဘဝအဆင်ပြေတယ်တဲ့။ မာမိရဲ့သားတွေမှာ အဖေရှိရက်နဲ့ အဖေးမှာ ...ရလို့ သားတို့မှာ စိတ်ဓာတ်ကျတယ်။ တစ်စုံတစ်ရာ ချို့ယွင်းရတယ်ဆို ...ာ မဖြစ်စေချင်ဘူး။ မာမိ ကြိုးစားပြီး စီးပွားရှာမယ်၊ သားတို့ကသာ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၊ သားကြိုးစားတာမြင်ရင် ညီမလေးအင်နီကလည်း အတုယူမှာ မ်းသာပါတယ်သား'

မျက်ရည်တွေနှင့် သူပြုံးလိုက်ကာ သားပါးပြင်ကို နမ်းလိုက်သည်။

နောက်အပတ်ထဲမှာ ဦးရွှေဇံအောင်က ဂျင်မီစာမေးပွဲအောင်သည့် အထိမ်းအမှတ် ပါတီပွဲလေး ခြံထဲမှာ ကျင်းပပေးသည်။ လူကြီးတွေမပါ၊ ဂျင်မီနှင့် အင်နီသူငယ်ချင်းများနှင့် ဦးရွှေဇံအောင်၏ သမီးအငယ်ဆုံး နှင်း ထွေးမွှေးသော မြေးသုံးယောက်။ ဒေါ်လီ၏သားသမီးများဖြစ်သော ဖိုးထော် (ခေါ်) မြင့်ဆွေသိန်း၊ နမ စုစုသိန်း၊ မာမာသိန်းတို့ကိုပဲ ဖိတ်သည်။

ခြံထဲမှာ မီးရောင်စုံထွန်းညှိကာ စားပွဲလေးတွေချပေးသည်။ ကြိုက်ရာ ယူစားစနစ်နှင့် အစေခံများကို တာဝန်ချထားပေးသည်။ ကလေးတွေချည်းပဲ လွတ်လပ်စွာ စားသောက်ပြောဆိုခွင့်ပေးထားသည်။

ရှယ်လီကတော့ ပါတီပွဲနှင့် မနီးမဝေး သရက်ပင်အောင်မှာ တစ် ယောက်တည်း ထိုင်နေသည်။ မီးရောင်စုံများက သူ့အနားသို့ မရောက်လာ။ နွေနှောင်း၏ လေပြည်သည် ညဦးအပူရှိန်ကို သက်သာစေသည်။ သားနှင့်သမီး ကို သူငယ်ချင်းများအလယ်မှာ ထင်ထင်ရှားရှား သူတွေ့မြင်ရသည်။

လင်းသာရှိရင် သား၏အောင်မြင်မှုကို မိဘနှစ်ပါးခွဲဝေခံစားနိုင်မှာ ဖြစ်သည်။ သူ့ယောက္ခမများအကြောင်းကို လင်းနှင့်လက်မထပ်ခင် သတင်း ကြားစဉ်က ဘိုဆန်သူများ၊ များသောအားဖြင့် ဆွေစဉ်မျိုးဆက် အနောက် တိုင်းမှာ ပညာသင်ယူခဲ့သူများဖြစ်၍ အနောက်တိုင်းကို အထင်ကြီးသူများဟု နာမည်ကြီးခဲ့သည်။ ပါတီပွဲပေးကာ ကလေးများကို လွတ်လပ်ပျော်ရွှင်စွာ ထားသည်ကလွဲ၍ အနောက်တိုင်းဆန်သော အပြုအမူမျိုး သူ့ယောက္ခမများ ကြောင် မတွေ့ရ။

သားဂျင်မီ စာမေးပွဲအောင်ကြောင်း အဘိုးအဘွားများကို သူတို့သား



အမိတစ်တွေ သွားပြောသောနေ့က ဦးရွှေဇံအောင်က အင်္ဂလိပ်လို Con- gratulation ဟုတော့ ဆိုသည်။

ဒါပေမယ့်...

'ငါ့သား တက္ကသိုလ်ရောက်ရင် နာမည်ပြောင်းကွာ၊ ဂျင်မီဆိုတဲ့ အမည်က ၁၀တန်းထိ ကျောင်းအမည်။ တစ်သက်လုံး သားခံယူရမယ့် အမည်က မြန်မာနာမည်ပဲဖြစ်ရမယ်၊သားနာမည် **'သာဇံလင်း'**လို့ တက္ကသိုလ် မှာ တရားဝင်ပြောင်းပါ' ဟုဆိုခဲ့သည်။

ယခု ညနေပါတီညစ်ခံပွဲမှာ သူ့မြေးများ ဝတ်ဆင်ဖို့ ဒေါ်စံကျော့ခိုင် က ကိုယ်တိုင် အဝတ်အစားရွေးချယ်ပေးသည်။ သားဂျင်မီကို နံ့သာရော တိုက်ပုံအင်္ကျီ၊ ရခိုင်ပိုးလုံချည် ပန်းရောင်နုကို ဝတ်စေသည်။ သမီး အင်နီက လည်း နိုင်လွန်အဖြူလက်ရှည်၊ ရခိုင်ထဘီ ပိုးချိတ်ဖက်ဖူးရောင်ကို ရွေးပေး သည်။

'သားတို့မောင်နှမ မြန်မာဆန်ဆန်ဝတ်တဲ့ ဓာတ်ပုံရိုက်ပြီး မင်းတို့ ဒက်ဒီဆီ ပို့ရမယ်' ဟု သူတို့ဘွားဘွားက ပြောသည်။ ပါတီပွဲမှာ ဓာတ်ပုံ ဆရာလေးက တဖျပ်ဖျပ် မီးလင်းကာ ကင်မရာတစ်လုံးနှင့် ပါတီပွဲကို ရိုက်ပေးနေသည်။

'မမရှယ်လီကို... ဖေဖေကြီးတို့က ခေါ်ခိုင်းပါတယ်'

ဟဲအေး သူ့အနားရောက်လာ၍ ပြောကြား ဘာမှ သူသည် ခြံထဲမှ သူ့ညစ်ခန်းရှိရာကို ထွက်လာခဲ့သည်။ ဒက်ဒီနှင့်မာမီ သည် ဆိုဖာနှစ်ယောက်တွဲ မှာ မထိုင်၊ တစ်ယောက်ထိုင် ဆိုဖာတစ်ခုစီပေါ်မှာ ထိုင်နေကြသည်။ သူတို့ နှစ်ယောက်အလယ်မှာ ဆိုဖာတစ်ခုလွတ်နေသည်။ ရှယ်လီ ဧည့်ခန်းထဲဝင်လာ လျှင် အလယ်ကဆိုဖာကို သူတို့ညွှန်ပြ၏။ သူ့ကိုအလယ်မှာထား လင်မယားနှစ်ယောက် စကားပြောလိုဟန်ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဆိုဖာပေါ်မှာ ဝင်ထိုင်ကာ မျက်လွှာချနေသည်။ ဘာပြောရမှန်းမသိ။ ဒက်ဒီကာစ၍ စကားပြောသည်။

'ဂျင်မီရှေ့ရေး ရှယ်လီဘယ်လိုစီစဉ်လဲ'

ရှယ်လီက ယောက္ခမကြီးမျက်နှာကို မော်ကြည့်လိုက်၏။

'ဂျင်မီက ဂုဏ်ထူးနှစ်ခုပဲပါပေမယ့် အမှတ်တွေက များနေပါတယ်၊ ကျန်ဘာသာတွေကလည်း ဂုဏ်ထူးအမှတ်နီးနီးရလေတော့ သား ဆေးဘက္ကသိုလ်ဝင်ခွင့်ရမှာ သေချာတယ်။ ရှယ်လီတော့ သားကို ဆေးဘက်ပဲလိုက်စေချင်တယ်'

'ကောင်းပါတယ်လေ၊ သူ့အဖေခြေရာနင်းနိုင်ရမှာပေါ့၊ လင်းရွှေအောင်ငယ်ငယ်ကလည်း စာအလွန်တော်တယ်...'

မာမီက သူ့သားအကြောင်း သတိတရထည့်ပြောရင်း စကားဆက်သည်။

'မင်းဒက်ဒီက ဂျင်မီအကြောင်းမေးတာက အကြောင်းရှိလို့ပါ။ မာမီရော ဒက်ဒီရော တိုင်ပင်ကြတယ်။ မာမီတို့မှာ လင်းရွှေအောင်အထက်သားနှစ်ယောက်ရော အောက်က သမီးနှစ်ယောက်ကိုပါ အမွေခွဲဝေပေးပြီးပြီ၊ သူတို့လက်ထပ်ကတည်းက ဟိုက်တစ်လုံးစီလည်း လက်ဖွဲ့လိုက်တယ်၊ လင်းရွှေအောင်ကို မာမီတို့ ဘာမှမပေးရသေးဘူး။ လင်းရွှေအောင် အမွေကိုသူ့သားသမီးတွေ ဆက်ခံစေရမှာပေါ့...'

မာမီစကားနားထောင်ရင်း ရှယ်လီနားမလည်ဖြစ်သွားသည်။ မာမီတို့အမွေကို လင်းကဆက်ခံပိုင်ခွင့်မရှိတော့လို့လား။ မာမီစကားက အဓိပ္ပာယ်များလိုက်တာ။

'ဒါကြောင့် ဂျင်မီရဲ့ တက္ကသိုလ်စရိတ်နဲ့ အင်ဒီ ၁၀တန်းအောင်လည်းတက္ကသိုလ်ဆက်တက်ရမယ့် စရိတ်ကို မာမီတို့ တာဝန်ယူမယ်'



'ကျေးဇူးတင်ပါတယ် မာမီ...'

ရှယ်လီက ပြောလိုက်သည်။

'ဒါပေမယ့်...'

တစ်ဖက်က ဦးရွှေဇံအောင်က စကားစပြန်သည်။

'သားကို ရန်ကုန်တက္ကသိုလ်မှာ ဆက်ထားတာထက် လန်ဒန်မှာကျောင်းဆက်ထားချင်တယ်။ အဲဒါ ရှယ်လီသဘောတူ မတူ ဒက်ဒီတို့က မေးတာပါ'

ရှယ်လီက ငိုင်နေသည်။ အဘိုးကြီးအဘွားကြီး စေတနာကို သူနားလည်ပါသည်။ ဒါပေမယ့် သူ့သားကို လောလောဆယ် အင်္ဂလန်ကို သူမလွှတ်ချင်ပါ။ သူ့သားသည် ဆယ်ခြောက်နှစ်ကျော်ကျော်ပဲ ရှိသေးသည်။ အင်္ဂလန်ကို ရောက်သွား၍ ရင်ဆိုင်ရမည်က ဖခင်ဖြစ်သူ လင်းရွှေအောင်တစ်ယောက်တည်းမဟုတ်။ မိထွေးဖြစ်သူ သလ်မာကိုပါ တွေ့ကြုံဆက်ဆံရမည်။ သား၏နုလုံးသားနုနုမှာ ဒီမိထွေးဟူသော ပြဿနာရိုက်ခတ်မှုကို သူမလိုလားနိုင်ပါ။ သူတို့သား သလ်မာနှင့်ယူထားသည်ကို အဘိုးကြီးတွေက တစ်လုံးမှမဟလေတော့ သူအကြောင်းပြဖို့ခက်သည်။ သူ အလှပဆုံးစကားလုံးကို သုံးရပေမည်။

'ဂျင်မီကို အင်္ဂလန်လွှတ်လိုက်ရင် သူ့ဒက်ဒီနဲ့တော့ တွေ့ရမှာပါ။ တစ်ခုက မာမီနဲ့ဒက်ဒီတို့ ရှယ်လီကို တိတိလင်းလင်း ဖွင့်ပြောစေချင်ပါတယ်။ လင်းဟာ လန်ဒန်ကိုထွက်သွားကတည်းက ရှယ်လီကို စာတစ်ကြောင်းမရေးပါဘူး။ သားတို့ဆီလည်း အဆက်အသွယ်မလုပ်ပါဘူး။ ဒက်ဒီတို့ ဟိုနှစ်ကခေါ်ပေးတဲ့ ကလေးတွေအတွက် လက်ဆောင်ကိုတောင် ရှယ်လီ သံသယဖြစ်မိပါတယ်။ လင်းပေးတာဟုတ်ရဲ့လားလို့'

ဒက်ဒီသည် မျက်နှာတစ်ချက်ပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှယ်လီ လင်းကိုခွဲ ရတာ နှစ်နှစ်ကျော်ပါပြီ။ လင်းဘယ်တော့ ပြန်လာမယ်ဆိုတာ ရှယ်လီ သိချင်တယ်'

အဘိုးကြီးရော အဘွားကြီးပါ ငိုင်နေရာမှ သက်ပြင်းပြိုင်တူချလိုက်သည်။ အဘွားကြီးက တုဘ်တုတ်မျှမလှုပ်။ ဒက်ဒီကသာ စကားဆက်ပြောသည်။

'လင်းရွှေအောင် သတင်းပြောရဦးမယ် ရှယ်လီ၊ သူ ခွဲစိတ်ကုသတဲ့ ပါရဂူဘွဲ့ရသွားပြီ။ အခု ဆွမ်းဆီးဆေးရုံ အင်္ဂလန်တောင်ပိုင်း ဝေးလ်နယ်မှာ အလုပ်လုပ်နေတယ်။ သူကလည်း သူ့သားလာစေချင်မှာပါ။ ဂျင်မီသွားရင် ရှယ်လီနဲ့ အင်နီပဲ ကျန်တော့မှာမို့ ဆေးရုံအိမ်မှာမနေတော့ဘဲ ဒက်ဒီတို့အိမ်ကို ပြောင်းလာစေချင်တယ်'

ဒီစကား ဘာကိုဆိုလိုသည်ကို ရှယ်လီ နားလည်လိုက်ပါသည်၊ နေ့ကုန်ဆေးရုံကြီးအိမ်တွင် နေခွင့်မရှိတော့ဟူသော စကားက လင်းရွှေအောင် မြန်မာပြည် ပြန်မလာတော့ဘူး…ဟူသောစကားကို သွယ်ဝိုက်၍ ဒက်ဒီက ပြောလိုက်ခြင်းပဲဖြစ်သည်။ ရှယ်လီသည် မျက်ရည်တွေစိမ့်ကျလာ၏။

'ဒက်ဒီရော မာမီရော ရှယ်လီကို တစ်နှုခုဖုံးကွယ်ထားကြတာပါ၊ လင်းအကြောင်းကို ဒက်ဒီတို့က ရှယ်လီထက် ပိုသိမှာပါ။ မာမီ့မောင်ကလည်း ယန်ဒန်မှာ ရှိနေ ပါ၊ မာမီတို့အစီအစဉ်အတ ပ်လီဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်။ လင်းထွက်သွားကတည်းက ရှယ်လီ ဘယ်လို ခံစားနေရတယ်ဆို ာမီတို့သိနိုင်မှာမဟုတ်ဘူး၊ အခု ထပ်မံပြီး ရှယ်လီ လောလောလတ် ်သားကိုမခွဲပါရစေနဲ့၊ သားကို ရန်ကုန်ဆေးတက္ကသိုလ် မှာပဲ ဆရာဝန်ဖြ အောင်ထားပြီးမှ အမ်ဘီဘီအက်စ်ဘွဲ့ကိုပြီးတော့ နောက် ထပ် ပါရဂူဘွဲ့ယူဖို့ ဒက်ဒီတို့ဆန္ဒအတိုင်း လန်ဒန်ကို ပို့ချင်ပို့နိုင်ပါတယ်'

ရှယ်လီက လက်ကိုင်ပဝါနှင့် မျက်လုံးကိုတို့ကာ ခေါင်းငုံ့နေသည်၊ ကြီး အ ြ နှုတ်ပိတ်လုံး ငိုင်နေသည်။



ရှယ်လီသဘောကတော့ မြန်မာပြည်မှာ အမ်ဘီဘီအက်စ်အောင်ပြီးမှ ဂျင်မီ လန်ဒန်သွားလျှင် သူ့အဖေ အခြေအနေကို မိတွေ့နိုင်ပဲ အတူတွေ့ရသည့်ဖြစ်စေဦးတော့ သားသည် ရင့်ကျက်တည်ငြိမ်သော အရွယ်ရောက်ပြီဖြစ်၍ အခြေအနေကို ရင်ဆိုင်နိုင်မည်။ ဒါကြောင့် သားကို ဆရာဝန်ဖြစ်သည်အထိ မြန်မာပြည်မှာပဲ ထားချင်သည်။

'အေးပေါ့လေ… ဒါလဲ တစ်မျိုးကောင်းပါတယ်။ ဒက်ဒီတို့ ရှယ်လီ ဆန္ဒကို လိုက်လျောပါတယ်။ ဂျင်မီသွားသည်ဖြစ်စေ မသွားသည်ဖြစ်စေ ရှယ်လီ ဒက်ဒီတို့အိမ်ကိုပြောင်းလာဖို့ စီစဉ်စေချင်တယ်။ ရှယ်လီ အခုလုပ်နေတဲ့ ကုမ္ပဏီမှာ ကျွမ်းကျင်လာပြီဆိုရင် ရှယ်လီအပိုင် ကုမ္ပဏီတစ်ခု သီးသန့် ထူထောင်ဖို့ ဒက်ဒီတို့ကူညီမယ်။ ဒက်ဒီတို့မှာလည်း ရှယ်လီနဲ့ ဒီမြေးနှစ်ယောက်ကို စောင့်ရှောက်ဖို့ တာဝန်ရှိတယ်'

'ရှယ်လီ စဉ်းစားပါဦးမယ်'

သူတို့ စကားပြောနေစဉ် ဂျင်မီ ဧည့်ခန်းထဲပြေးဝင်လာ၏။

'ဘိုးဘိုး ဘွားဘွားရော မာမီပါ ခြံထဲလာခဲ့ပါဦး၊ သား သူငယ်ချင်းတွေ ပြန်တော့မှာမို့ လာနှုတ်ဆက်ပါဦး'

ရှယ်လီနှင့် အဘိုးအဘွားပါ ခြံထဲဆင်း၍ ကလေးများကို နှုတ်ဆက်သည်။ ကလေးများအားလုံး ပြန်ကုန်မှ ရှယ်လီတို့မိသားစု ဦးရွှေဇံအောင်နှင့် ဒေါ်စံကျော့ခိုင်ကို ကန်တော့ကာ အိမ်ပြန်လာခဲ့ကြသည်။

ရှယ်လီကတော့ ထိုညက အိပ်မပျော်ပါ။ ယောက္ခမများနှင့်အတူ နေရေးကို သူတွေးနေမိသည်။

တကယ်တော့ သူမနေချင်။

အဝေးမှာနေကြစဉ် ယခုလိုဆက်ဆံရေးက ကောင်းနေပေမယ့် အတူ နေကြသောအခါ ပြဿနာတက်လာမှ သူစိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီတို့ မာမီတို့သည် ပညာတတ် ဥစ္စာကြေးငွေပြည့်စုံကြသူပီပီ စကားပြောလျှင်လည်း ထိန်းထိန်းသိမ်းသိမ်း ဣန္ဒြေရရနှင့် ပရိယာယ်ကြွယ်ကြသည်။ သူ့မှာက ငွေကြေးမရှိ။ ပွင့်ပွင့်လင်းလင်းပြောဆိုဆက်ဆံတတ်သည်။ ပရိယာယ်ကို မသုံးတတ်။

ပြီးတော့ သူက တစ်ချိန်တုန်းက သူတို့၏သားကို သူတို့ဆန္ဒမယူဘဲ လက်ထပ်လာခဲ့သူ။ အရှည်သဖြင့် ဖြစ်ပါမည်လား။

✕ ✕ ✕ ✕ ✕

[ ၁၇ ]

'ရှယ်လီရေ...'

နောက်နေ့နံနက်စောစော ဒေါ်လီ သူ့အခန်းကိုကူးလာသည်။ ရှယ်လီက နံနက်လက်ဖက်ရည်ပွဲပြင်ဆင်နေဆဲဖြစ်၍ ဒေါ်လီကပါ စားပွဲမှာဝင်ထိုင်သည်။ ထိုနေ့က တနင်္ဂနွေနေ့အားဖြစ်သည်။

'ဘာဖြစ်တာလဲ ဒေါ်လီ။ တို့နှစ်ယောက် ဒီဆေးရုံအိမ်ခန်းရောက်မှ ရှယ်လီကပဲ ဒေါ်လီဆီ အပြေးအလွှားရောက်ရောက်လာရတာ၊ အခုတစ်ခါပဲ ဒေါ်လီက လာရတယ်၊ ကဲ... လက်ဖက်ရည်သောက်ဦး'

အင်နီက ပေါင်မုန့်မီးကင်ကာ ထောပတ်သုတ်၍ စားပွဲပေါ်လာချပေးသည်။ တနင်္ဂနွေနေ့ဖြစ်၍ မကြည်တို့ အလုပ်မဆင်းပါ။

'ကိုယ်တို့ မန္တလေးပြောင်းရမယ်'

'ဟယ်'

ရှယ်လီ အံ့အားသင့်သွားသလို ဂျင်မီနှင့် အင်နီကလည်း အံ့ဩသွားသည်။

'ဟင်... အန်တီ ဒေါ်လီတို့မရှိရင်တော့ မာမီပျင်းနေတော့မယ်။ သားတို့လည်း ဖိုးထောင်တို့နဲ့ မကစားရတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဂျင်မီက ဆိုလိုက်၏။

'အစိုးရအလုပ်ကိုးကွယ့်၊ သားတို့ငယ်ငယ်ကတည်း သားတို့မာမီနဲ့အတူ ပြောင်းခဲ့ရတာပဲ'

ရှယ်လီက ဒေါ်လီစကားကို လက်ဖက်ရည်သောက်ရင်း ငြိမ်သက်စွာ နားထောင်နေသည်။

'မာမီတို့ စကားပြောရစ်ကြဦး၊ မကြည့်မလာတော့ ဒီနေ့ သားတို့ ရှင်းရေး လုပ်ရမယ်'

ဂျင်မီက ဧည့်ခန်းထွက်သွားသလို အင်နီကလည်း မီးဖိုထဲဝင်သွားသည်။

'ဒေါ်လီရယ် မင်းသွားရတော့မယ်နော်၊ ရှယ်လီ သိပ်အားငယ်တယ်ကွယ်၊ တကယ်ပဲ မင်းတို့လင်မယားကို ရှယ်လီအားကိုးနေရတာ'

ရှယ်လီက ဝမ်းနည်းစကားဆို၏။ ဒေါ်လီသည် သူ့အပေါ် တွယ်တာသော ရှယ်လီ၏ သံယောဇဉ်အတိုင်းအတာကို သူ နားလည်ပါ၏။

'ကိုယ်ကလည်း မခွဲချင်ပါဘူးကွယ်၊ ဘာပဲဖြစ်ဖြစ် မင်းယောက္ခမတွေနဲ့ ပြေလည်လာပြီပဲ'

'ဟုတ်တယ်၊ ဒေါ်လီမလာရင် ရှယ်လီ ဒေါ်လီတို့အခန်းဘက် ကူးမလို့၊ မနေ့ညက ဂျင်မီ အဘိုးအဘွားတွေက ဂျင်မီစာမေးပွဲအောင်လို့ ပါတီပေးတယ်။ ကလေးတွေချည်းမို့ ဖိုးထောင်တို့ကိုပဲဖိတ်တာ၊ မင်းကိုမဖိတ်တာ စိတ်မရှိနဲ့နော်၊ ကလေးတွေ ခြံထဲမှာရှိနေတုန်း အဘိုးကြီး အဘွားကြီးက ရှယ်လီကို ဧည့်ခန်းမှာခေါ်ပြီး စကားပြောတယ်။ သူတို့အိမ်ပြောင်းလာဖို့'

'ဟယ်… ရှယ်လီရယ် ကံကောင်းလိုက်တာ၊ မင်းဒီမှာ အထီးကျန်မနေရစ်ခဲ့ရဘူးပေါ့။ ဘာပဲပြောပြော ဒေါ်လီတို့ပြောင်းသွားရင် နောက်လူသစ်က တို့လို ကျောင်းနေဘက်သူငယ်ချင်းမဟုတ်တော့ဘူးလေ…'

ဒေါ်လီက ဝမ်းသာအားရပြောလိုက်၏။ ရှယ်လီက ခေါင်းကိုဖြည်းညင်းစွာ ခါလိုက်သည်။



'တစ်ဖက်ကတွေးတော့လည်း ဝမ်းသာစရာပေါ့၊ ဒါပေမယ့် ဒေါ်လီ မင်းတွေးကြည့်စမ်း၊ မာမီတို့ ဒီစကား ဘာလို့ပြောလဲဆိုတာ…'

ဒေါ်လီက ရှယ်လီ့မေးခွန်းကို မဖြေ။ ငေးကြည့်နေသည်။

'သူ့သား ပြန်မလာဘူးဆိုတာ သေချာလို့ပေါ့၊ ရှယ်လီတို့ ဒီဆေးရုံအိမ်ခန်းမှာ နေခွင့်မရှိတော့ဘူးလေ။ အဘိုးကြီးနဲ့ အဘွားကြီးက စကားပြောသိပ်လိမ္မာတာပဲ။ သူတို့သား ပြန်မလာဘူးဆိုတာလည်း တစ်လုံးမှပြောဘူး။ သလ်မာအကြောင်းလည်း မဟဘူး။ ဒါပေမယ့် ဘာပြောသလဲဆိုတော့…'

'လင်းရွှေအောင် အင်္ဂလန်တောင်ပိုင်း ဝေးလ်နယ်က ဆွမ်းဆီးမြို့ ဆေးရုံမှာ အလုပ်လုပ်နေတယ်တဲ့။ ပြီးတော့ ရှယ်လီ သူတို့အိမ်ပြောင်းခဲ့ပါ။ ဂျင်မီနဲ့ အင်နီကျောင်းစရိတ်လည်း သူတို့တာဝန်ယူတယ်… နောက် ရှယ်လီ ကုမ္ပဏီအလုပ်ကျွမ်းကျင်ရင် သူတို့ငွေရင်းထုတ်ပေးမယ်။ ကိုယ်ပိုင် ကုမ္ပဏီ ထောင်တဲ့။ ဒါတွေအားလုံး ဆက်စပ်ကြည့်တော့— လင်း ပြန်မလာတော့ဘူးဆိုတဲ့ အဓိပ္ပာယ် ရှင်းနေတာပဲ'

ရှယ်လီက ဝမ်းနည်းစွာပြောနေသလို ဒေါ်လီက သက်ပြင်းကြီးချလိုက်၏။

'တစ်ခုရှိတာယ် ရှယ်လီ— သူတို့ဖွင့်မပြောဘဲ သလ်မာနဲ့ လင်းရွှေအောင် လက်ထပ်သွားတာက သေချာပြီ၊ မင်းအသိပဲ။ ကျန်ရစ်တဲ့သားသမီးကို အဘိုးအဘွားတွေက စွန့်ပစ်ထားရောတို့ ဘာတတ်နိုင်မှာလိုက်လို့၊ အခု သူတို့ဘက်က တာဝန်ကျေပါတယ်။ ရှယ်လီ ကစဉ့်ကရဲမဖြစ်တော့ဘူးလေ'

'ဒါတော့ ဟုတ်ပါတယ် ဒေါ်လီ—၊ ရှယ်လီ လက်ထပ်စဉ်က သူတို့ မကျေနပ်၊ သဘောမတူဘူး။ ရှယ်လီက ကပြား၊ သူတို့က ရခိုင်စစ်စစ်တွေ ဆိုတော့ ရေရှည်မှာ ရှယ်လီနဲ့ဖြစ်ပါ့မလားဆိုတာတွေလည်း တွေးမိတယ်။ ပြီးတော့ လက်ထပ်ပြီးကတည်းက ကိုယ့်အိမ်ထောင်ကို ဦးစီးလာတဲ့မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ ယောက္ခမလက်အောက် ခေါင်းလျှိုဝင်ရမယ်ဆိုတော့'

ရှယ်လီက တစ်ပိုင်းတစ်စ စကားရပ်ထား၏။

'လျှို့သင့် လျှို့ရမယ်ရှယ်လီ၊ တို့သူငယ်ချင်းချင်း ပွင့်ပွင့်လင်းလင်းပြောရရင် မင်းမှာ ကပြားသွေးပါတယ်။ ကျောင်းနေတုန်းက ကပြားဆန်ဆန်နေခဲ့တာ မှန်တယ်၊ အိမ်ထောင်ကျပြီး ဒေါ်လီမြင်သလောက်တော့ ရှယ်လီ မြန်မာအိမ်ထောင်ရှင်မတစ်ယောက်လို နေခဲ့တာပဲ။ ပြီးတော့ မင်းမှာ စုပြီးဆောင်းပြီး ဘာအခြေအနေမှ အသင့်မရှိသေးခင် ဒီအိမ်ကဆင်းရတော့ မင်းဘယ်သွားနေမလဲ။ သူတို့ခေါ်တာပဲ ကျေးဇူးတင်ရမယ်၊ နောက်တစ်ခုက ဒေါ်လီတစ်ခါကပြောသလိုပဲ မင်းအရေးထက် ကလေးတွေအရေးကို ဦးစားပေးရမယ်၊ လင်မယား စိတ်သဘောချင်း မတိုက်ဆိုင်လို့ ကွဲသွားကြလည်း ကျန်တဲ့ သားသမီးကို ကြက်မကြီးလိုအုပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရတာက ဘိုဒ့မိခင်တွေပဲ။ သူတို့ကတော့ ကျောကော့ဆင်းသွားကြတာပဲ။

BURMESE CLASSIC .com

ရှယ်လီ ကုမ္ပဏီခွဲထောင်ပြီး လုပ်ငန်းတွေစပြီဆိုရင် အိမ်ကိုလှည့်ကြည့်နိုင်မှာမဟုတ်ဘူး။ ဂျင်မီလည်း အရွယ်ရောက်ပြီ၊ အင်နီလည်း နောက်နှစ်ဆို တက္ကသိုလ်ရောက်တော့မယ်၊ အပျိုပေါက်လေးဖြစ်လာပြီ၊ မင်းအလုပ်တွေနဲ့ အပြင်မှာ ရှိနေချိန်မှာ ဒီကလေးတွေကို အုပ်ထိန်းဖို့ကိစ္စ ရှိတယ်လေ၊ သူတို့အဘွားဟာ သူတို့အတွက် အကောင်းဆုံး အုပ်ထိန်းသူပဲ။ ပြီးတော့ ဘာပဲဖြစ်ဖြစ် သူတို့အဘိုး ဦးရွှေဇံအောင်ရဲ့ အရိပ်က သူတို့အပေါ်မိုးပြီး အစစ အကာအကွယ်ဖြစ်တာပေါ့။ ကလေးတွေအတွက် အဘိုးအဘွား အရှိန်အဝါဆိုတာ ရှိသေးတယ် ရှယ်လီ…'

သူတို့နှစ်ယောက်သည် ဘာစကားမှဆက်မပြောဘဲ တိတ်ဆိတ်စွာ လက်ဖက်ရည်သောက်ရင်း ပေါင်မုန့်ထောပတ်သုတ်ကို စားနေသည်။

'ကလေးတွေ ကျောင်းသွားဖို့ လုပ်ပေးရဦးမယ်၊ ကိုဖေသိန်းကိုလည်းဘာမှလုပ်မပေးရသေးဘူး။ ဒေါ်လီ ပြန်မယ် ရှယ်လီ…'



ဒေါ်လီက ထလိုက်၏။ ရှယ်လီသည် ဒေါ်လီပခုံးဖက်ကာ တံခါးဝအထိ လိုက်ပို့သည်။

'ရှယ်လီ ထင်တယ်လေ၊ လင်းနဲ့လက်ထပ်ပြီး ရှယ်လီဘဝ ဝတ္ထုတစ်ပုဒ်လို နိဂုံးချုပ်ပြီအောက်မေ့နေတာ၊ ခုမှ ရှယ်လီရဲ့ဘဝဝတ္ထုကို စရမှာ ဒေါ်လီ'

'မင်းကံကောင်းမှာပါ'

ဒေါ်လီက နှုတ်ဆက်ကာ ပြန်သွားသည်။ ရှယ်လီက ညှော်ခန်းမှာထိုင်ရင်း ဒေါ်လီ့စကားတွေကို ပြန်တွေးနေသည်။ 'အုပ်ထိန်းခြင်း'တဲ့။ သူ့သားနှင့် သမီးအတွက် အဘွား၏အုပ်ထိန်းမှု လိုသတဲ့…။ သူငယ်စဉ်က စစ်မဖြစ်မီက ပြင်ဦးလွင်မြို့ ကွန်ဗင့်မှာ ကျောင်းအိပ်ကျောင်းစားအဖြစ် ငယ်ငယ်ကတည်းက နေရသည်။ ကျောင်းမှာက ကျောင်းယူနီဖောင်း ဂါဝန်ဖြူဝတ်ရသည်။ အင်္ဂလိပ်စကားပြောရသည်။

အိမ်ပြန်ရောက်လျှင်တော့ မာမီက သူ့ကို ပုံသွင်းသည်။ မာမီသည် ရှမ်းအမျိုးသမီး ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်သည်။ ဒက်ဒီ့အလိုကျ အဖေနှင့် အမေကို ဒက်ဒီ မာမီဟု ခေါ်ခွင့်ပြုသော်လည်း အဝတ်အစားနှင့်ပတ်သက်၍မူ…

'ကျောင်းမှာပဲ ဂါဝန်ဝတ်၊ အိမ်မှာ ထဘီဝတ်ရမယ်'ဟု ဆိုသည်။

အိမ်အလုပ်များ သူ့ကိုခွဲတမ်းချပေးရာမှာ နံနက်စောစော ဘုရားဆွမ်းတော်ကပ်၊ ရေချမ်းကပ်ရသည်။ မောင်လေးနှင့်အတူ ဘုရားရှိခိုး ဆွမ်းကပ်ပန်းကပ် မာမီက သင်ပေးသည်။ ညနေ ဘုရားပန်းအိုးလဲရသည်။ ဥပုသ်နေ့များ၊ ဥပုသ်စောင့်သွားလျှင် သားနှင့်သမီးကို မာမီက ခေါ်ဆောင်သွားသည်။

ဘခြားနေရာတွေမှာ မာမီသည် ဒက်ဒီအလိုကျ လိုက်လျောပေးယ်

www.burmeseclassic.com

www.burmeseclassic.com



သူ၏အယူဝါဒ ဗုဒ္ဓဘာသာမှမပြောင်း။ ဒက်ဒီကိုလည်း ဗုဒ္ဓဘာသာယူပါဟူ၍ ဘူမဆွယ်ပါ။

ဒက်ဒီက ကပြားပီပီ ခဏခဏ ပါတီပွဲတွေပေးလျှင်လည်း မာမီက မငြိုမငြင်။ ဒက်ဒီ့ စိတ်တိုင်းကျ လုပ်ပေးသည်။ ဆုတောင်းပွဲများ၊ ခရစ်စမတ်ပွဲများလုပ်လျှင်လည်း မာမီက လိုက်လိုက်လဲလဲ ဆောင်ရွက်ပေးသည်။ ခရစ်စမတ် ညစာစားပွဲမှာ ကြက်ဆင်သား (Turkey) ပါမှ ဒက်ဒီကြိုက်သည်ဖြစ်၍ မာမီက ပန့်သကူသားရအောင် တပည့်များကဲမှ ကြိုတင်စီစဉ်ပေးတတ်သည်။

သို့သော်ဒက်ဒီအရက်ကြိုက်သည်ကို မာမီခွင့်ပြုသော်လည်း လူကြီးလူကောင်းသောက်နည်း အလုသောက်ဖို့တော့ ခွင့်ပြုသည်။ အိမ်မှာ ဒက်ဒီအကြိုက် စီစဉ်ပေးသည်။ အဝသောက်ခြင်းကိုတော့ မာမီ ထိန်းချုပ်ထားသည်။

မာမီ ဘုန်းကြီးကျောင်းသွားသည်ကို ဒက်ဒီကလည်း မကန့်ကွက်။ မောင်လေး ဂျေဒိုင်းအေး အသက်ခုနစ်နှစ်တုန်းက ရှင်ပြုခွင့်ရခဲ့သည်။ သူတို့မောင်နှမမှာ ဗုဒ္ဓဘာသာအဖြစ် နေခွင့်ရခဲ့သည်။

ထိုစဉ်က အချိန်လေးကို သူ လွမ်းဆွတ်မိသား။ မာမီ၏ ထိန်းချုပ်ကွက်ကဲမှုအောက်မှာ စီးပွားရေးကအစ သူတို့မိသားစု ပြေလည်ခဲ့သည်။ ဒက်ဒီ၏ အင်ဂျင်နီယာတစ်ယောက် ဝင်ငွေက မနည်းခဲ့ပါ။ သို့သော် သူ အပျိုပေါက်အရွယ်မှာ မာမီကွယ်လွန်ခဲ့သည်။

နောက်မိထွေးက သဘောကောင်းသော ခရစ်ယာန်အမျိုးသမီးကြီးတစ်ယောက်။ ဒက်ဒီနှင့် မျိုးတူကပြား။ စိတ်တူသဘောတူလွန်းတော့ သောက်တာလည်းတူကြသည်။ ပါတီကိုကြိုက်တာလည်း တူကြသည်။ မိထွေးနှင့်ရသော သမီးတွေကတော့ ခရစ်ယာန်ဖြစ်နေသည်။

မိထွေးလက်မှာ ထိန်းချုပ်မှုမရှိတော့သော ဒက်ဒီသည် အရက်ကိုအဝသောက်စပြုလာသည်။ ကလပ်မှာ အချိန်ကုန်သည်ကများသည်။ ပါတီပွဲ



တွေမှာဆိုလျှင်လည်း စုံတွဲနဲ့ကြသည်။

ဘာသာကွဲပြားမှုကြောင့် သူတို့မိသားစုမှာ စိတ်ဝမ်းကွဲပြားမှုမရှိသော်လည်း မိထွေးကပြားလက်ထဲတွင် သူ အပျိုဖော်ဝင်ခဲ့သည်။ မိထွေးကသဘောထားကောင်းသည်ကလွဲ၍ အိမ်နှင့်လင်ကို ထိန်းကွပ်ရာမှာတော့ ညံ့သည်။ မာမီစုဆောင်းခဲ့သောပစ္စည်းများ တစ်စစ လျော့နည်းလာသည်။

သူ့ကိုတော့ ဒက်ဒီက ၁၀တန်းအောင်ရုံမက တက္ကသိုလ်ရောက်အောင်ထားပေးပါသည်။ သူ တက္ကသိုလ်ရောက်သည်အထိ ဒက်ဒီတို့ စီးပွားရေးကိုမသိ။ သူကောင်းကောင်းသုံးသည်။ လှလှဝတ်သည်။ ဒက်ဒီပို့သောငွေကိုကိုင်သုံး၍ ဆန်းသမျှ ဝယ်ဝတ်ခဲ့သည်။

မိထွေးပတ်ဝန်းကျင်မှာ သူကြီးပြင်းခဲ့သည်ဆိုလျှင် မှန်မည်။ ဗုဒ္ဓဘာသာမကူးပြောင်းတာပဲရှိသည်။ ကျန်တာက ကပြားတွေ၏ ဓလေ့မှာ သူပျော်မွေ့ခဲ့သည်။

နမ္မတူ၏ ဥရောပအငွေ့အသက်များ ပျော်ဝင်နေသော ပတ်ဝန်းကျင်မှာ ကြီးပြင်းလာခဲ့၍ စစ်ပြီးတက္ကသိုလ်ရောက်တော့လည်း သူ့ဟန်ပန် အမူအကျင့်က အနောက်ဆန်ခဲ့သည်။

အုပ်ထိန်းမှုမွေးဖွားရာ ပတ်ဝန်းကျင်သည် လူတစ်ယောက်၏အနာဂတ်ကို ဖန်တီးနေသည်ပဲ။ ဒေါ်လီကို ကျေးဇူးတင်ပါသည်။ သူမေ့လျော့သွားသော အကွက်လေးကို ထောက်ပြသွားသည်။

ဤသားနှင့်သမီးကို ကျောထောက်နောက်ခံရှိဖို့ အ[illegible]ရောက်စ ငယ်နုသူတို့အတွက် သင့်လျော်သော အုပ်ထိန်းမှုရယူဖို့ သူ့[illegible]မများ၏ အရှိန်အဝါကို ခိုလှုံရပေမည်။ သူအောက်ကျို့လိုက်ပါတော့မည်။

ꕥ ꕥ ꕥ ꕥ ꕥ

www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

အိမ်ပြန်ရောက်တော့ ဒေါ်လီက ကိုဖေသိန်းကို ရှယ်လီ့အကြောင်း ပြောပြသည်။ ကိုဖေသိန်းက ထိုင်းရင်းပဲ လင်းရွှေအောင်ကို သတိရနေသည်။ ဟိုတစ်ခါ ရှယ်လီ နမ္မတူပြန်စဉ်က သူ လင်းတို့ဘက်ခန်းသွားကာ အရက် သွားသောက်ကြသည်။

'ငါ့ဝေဒနာကို ဘယ်သူမှ မသိပါဘူးကွာ'

သူကသာ နည်းနည်းမြုံ့ရုံမြုံ့ကာ အရသာခံနေပေမယ့် လင်းရွှေအောင် က တစ်ဖန်ခွက်လုံး မော့ချကာ မူးမူးရူးရူးစကားပြောနေသည်ကို သတိရမိ သည်။ လင်းရွှေအောင်အပေါ် ဘာပဲပြောပြော သူငယ်ချင်းဆိုတော့ သူလည်း ကြွယ်တာမိပါသည်။

လင်းရွှေအောင်အဖြစ်ကို စိတ်မကောင်း။ သူ့သူငယ်ချင်းသည် ဆရာဝန် တစ်ယောက်အနေနှင့် လူနာအပေါ်မှာတော့ ဆရာဝန်ကောင်းတစ်ယောက်။ ရှယ်လီအပေါ်မှာတော့ သူ့အပြုအမူတွေကတော့ လင်သားကောင်းတစ် ယောက် မပီသခဲ့။ အရက်မူးမူးနှင့် လင်းရွှေအောင် ပြောခဲ့သောစကား သူ ပြန်တွေးမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လူနာတွေအပေါ်မှာသာ မေတ္တာ ကရုဏာရှေးရှုပြီး ရင်ဝယ်သားလို သနားရမယ်လို့ သစ္စာဆိုခဲ့တာကွာ၊ မိန်းမအပေါ်မှာ သစ္စာရှိရမယ်လို့ ငါ သစ္စာမဆိုခဲ့ပါဘူး' တဲ့။ သတိလက်လွတ်စွာ လင်းရွှေအောင်ပြောခဲ့သည်။ သူတို့ ဆရာဝန်ဘွဲ့ယူစဉ်က အဓိဋ္ဌာန်ပြု ကတိသစ္စာဆိုရာမှာ လူနာတွင်သာ မဟုတ်။

**'ကျွန်ုပ်သည် လူသားအားလုံး၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ချမ်းသာရေးကို ကျွန်ုပ်၏အရေးကဲ့သို့ ယူဆပါအံ့'**

ဟုဆိုခဲ့သည်။ ရှယ်လီသည် လူသားများအားလုံးတွင် ပါဝင်ခဲ့သည် မဟုတ်ပါလား။ သြော်… လင်းအဖြစ်က တစ်မြစ်ရိုးလုံးကြည်ပြီး သောက်ရေအိုးမှာ ကွက်၍နေခဲ့သော သူ့အပြုအမူကို ကိုဖေသိန်းလည်း နားမလည်။ သောက်ရေအိုးမှ ကွက်၍နေခဲ့ခြင်းကို သူပြောစဉ်ကလည်း လင်းရွှေအောင်က ရှယ်လီ၏ ကံကြမ္မာတဲ့။

'ကိုတော့ စိတ်ပူမိသေးတယ်၊ အင်္ဂလန်မှာရော လင်း အရက်ဖြတ်ပါ့ မလား'

ဇနီးဖြစ်သူကို ပူပူပန်ပန် သူကမေးလိုက်သည်။ ဒေါ်လီက ကလေးများ ကျောင်းသွားဖို့ ပြင်ဆင်ပေးပြီးမှ သူ့အနားရောက်လာသည်။

'ခက်သားလား ကိုကိုသိန်းရာ၊ ရာသီဥတုအေးတော့လည်း အေးတာကို အကြောင်းပြ၊ စိတ်ညစ်တော့လည်း စိတ်ညစ်တာအကြောင်းပြ၊ ကိုကို့ သူငယ်ချင်းက အမျိုးမျိုးအကြောင်းပြပြီး သူသောက်ချင်လို့ သောက်နေတာ၊ ဒေါ်လီတော့ လင်းကို အားမရပါဘူး'

ကိုဖေသိန်းက ဘာမှပြန်မဖြေ။ သူ့ သူငယ်ချင်း ဒေါက်တာမြင့်မောင်ဦး ပြန်လာတုန်းကလည်း လင်းသတင်းကို ပြောပြသည်။ သလ်မာက သူနာပြု သင်တန်းအောင်သွားပြီး အလုပ်လုပ်နေသတဲ့။ ဆွမ်းဆီးမြို့ ဆေးရုံကိုပြောင်း



သွားမှ သူနှင့်မတွေ့တော့။ လန်ဒန်မှာနေစဉ်က အနားယူချိန်မှာ လင်းရွှေအောင် အရက်သောက်သည်မှာ စိုးရိမ်စရာကောင်းကြောင်း ပြောပြသည်။

'လင်းကို ကိုကိုနမြောတယ်၊ သူဟာ လူတော်တစ်ယောက်'

'လူကောင်းတစ်ယောက်ဖြစ်ဖို့လည်း လိုတယ်လေ ကိုကို…'

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဖြေမရအောင် သူ့ရင်ထဲ ဘာတွေခံစားနေရလဲမှ မသိ'

'ဖြေမရအောင်'

ဒေါ်လီက ကိုဖေသိန်းစကားကို လိုက်ဆိုသည်။ ကိုဖေသိန်းက လင်းရွှေအောင် သူငယ်ချင်းဖြစ်သလို ဒေါ်လီက တူးတူးနဲ့ရော ရှယ်လီနဲ့ရော သူငယ်ချင်း အကြောင်းသိတွေဖြစ်ကြသည်။

'ဖြေမရအောင်လို့ ကိုကိုကပြောတယ်၊ ဖြေမရအောင် သူ့မှာ ဘာတွေဖြစ်နေလို့လဲ'

'ခက်ပါတယ် ဒေါ်လီရာ၊ မင်းကလည်း လင်းဘာတွေသူ့မှာ ခံစားနေရလဲမှ မသိဘဲနဲ့'

'လင်းဟာ ခံစားတတ်တဲ့သူတစ်ယောက်လို့ ကိုကို ထင်လား…'

'ထင်တာပေါ့၊ သူ တူးတူးကို တော်တော်ချစ်ခဲ့တယ်။ ပြီးတော့ တူးတူးဟာ သူ့ရဲ့အချစ်ဦး။ ကိုကိုအသိဆုံးပေါ့။ ရိုးရိုးသားသား သူ့အပေါ် တစ်ယောက်ဆိုတစ်ယောက်အဖြစ်နဲ့ တူးတူးကလည်း ချစ်ခဲ့တာ။ တူးတူးမှာ ဘာအပြစ်မှမရှိဘဲ သူ သစ်စိမ်းချိုးခဲ့တာကိုတွေးမိတိုင်း ခံစားနေရမှာပေါ့'

ဒေါ်လီက ခေါင်းယမ်းလိုက်၏။

'ဒေါ်လီ ကိုကိုဆိုလိုတာကို နားလည်ပြီ၊ တူးတူးကို မေ့မရနိုင်လို့ အရက်နဲ့ဖြေတယ်ပေါ့ ဟုတ်လား'

'မေ့မရတာထက် သူ တူးတူးကို ရက်စက်မိတယ်ဆိုတဲ့ နောင်တက ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေမှာပေါ့။ ရှုဋ္ဌသုဘာဒ္ဒါသေရတာ နောင်တပေါက်ကွဲမှုကို

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်လို့ ရင်ကွဲနာကျသေရတာ။ နောင်တတရားဟာ သိပ်ကြောက်ဖို့ကောင်းတယ်'

ဒေါ်လီက ကိုဖေသိန်းပြောသည်ကို ဘဝင်မကျနိုင်ပါ။

'အင်းပေါ့လေ နောင်တတရားကိုတော့ ဒေါ်လီ ဘာမှမပြောလိုပါဘူး။ ခံစားမှုဆိုတာကိုတော့ ဒေါ်လီပြောချင်တယ်၊ ရှယ်လီ့ကို လင်းယူသွားတုန်းက တူးတူးဘယ်လိုခံစားရလဲဆိုတာ ကိုကိုသိစေချင်တယ်၊ ကိုကို့သူငယ်ချင်းရဲ့ ခံစားမှုထက်တော့ တူးတူးမသေးပါဘူး။ တူးတူးလည်း အလူးအလိမ့်ခံရတာပါပဲ။ ဒေါ်လီသိတယ်။ သလ်မာကို လင်းယူသွားတော့လည်း ရှယ်လီ မပြောသင့်တဲ့စကားတွေ ပြောတဲ့အထိ ကယောင်ချောက်ချားကို ဖြစ်သွားတာပဲ။ ဒါပေမယ့် တူးတူးလည်း တိုင်းမင်းကြီးကတော်ဘဝမှာ သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်း နေသွားတာပဲ။

ရှယ်လီလည်း သူ့သားသမီးနှစ်ယောက်ကို ကြက်မကြီးလို အုပ်ထိန်းပြီး ဘည်တည်ငြိမ်ငြိမ် နေသွားတာပဲ။ ရှယ်လီ အနေအထိုင်ပြောင်းသွားတာကို ဒေါ်လီတောင် အံ့သြမိတယ်။

ကိုကို့သူငယ်ချင်းကျမှ ခံစားမှုကို အရက်နဲ့ကုရတယ်လို့။ ပြီးတော့ သူကပဲ စတင်ခွဲခွာခဲ့တဲ့လူ… မိန်းမတွေမှာတော့ ခံစားမှုအသည်းနှလုံး မရှိ တော့သလိုပဲ…'

ကိုဖေသိန်းက ဖန်းသည်ကို မော်ကြည့်လိုက်၏။ သူ့သူငယ်ချင်းတွေဘက်က ဒေါ်လီက နာကြည်းဟန်ရှိသည်။ သူဘာမှ ပြန်မဖြေလိုတော့ပါ။ ဘာပဲပြောပြော မိန်းမနှင့်ယောက်ျားမှာ ဣန္ဒြေဟူသော ထိန်းသိမ်းမှုက မိန်းမတွေက သာကြသည်။ ဝမ်းနည်းကြေကွဲမှုကို ခံစားရစဉ်ဖြစ်ဖြစ်၊ ဝမ်းသာမှုကို ခံစားရစဉ်ဖြစ်ဖြစ် ဣန္ဒြေထိန်းချုပ်မှုကြောင့် သူတို့ ဖရိုဖရဲ ပေါက်ကွဲမှုမဖြစ်ကြ။ ဖြစ်သူတွေရှိပေမယ့် နည်းသည်။



ဣန္ဒြေအဓိပ္ပာယ်ကိုက ကြီးစိုးခြင်း၊ ထိန်းချုပ်ခြင်း။ ယောက်ျားတွေက ထိန်းချုပ်စရာမလို၊ လွတ်လပ်ခြင်းက ယောက်ျားများကို သဘာဝက ပေးထား၍ ဖြစ်စရာရှိလျှင် အလွန်အကျွံ ထိန်းချုပ်မဲ့ဖြစ်တတ်သည်ဟု သူယူဆသည်။ ခံစားရတာခြင်းတူတူ ခံစားမှုဝေဒနာကို မိန်းမတွေက ဣန္ဒြေနှင့် ထိန်းချုပ်နိုင်စွမ်းပေမယ့် ယောက်ျားတွေက အစားထိုးဖြေဖျောက်ကြသည်။ ဒီလိုနှင့် ကောင်းသောအစားထိုးမှုမရသောအခါ သူတို့သည် ဝေဒနာကျွန်ဖြစ်ကာ ပျက်စီးရသည်ပဲ…။

ကိုဖေသိန်း သက်ပြင်းချလိုက်၏။

'အင်းပေါ့လေ… ယောက်ျားမှာလည်း အသည်းနှလုံးနဲ့ဆိုတဲ့ သီချင်းလိုပေါ့၊ 'ဓမ္မဒွါပေါကြားတဲ့ လောကဓမ္မရာတရားနဲ့ ဖြေသော်လည်း မပြေ' ဆိုတဲ့သီချင်း ကြားဖူးတယ်မို့လား၊ လင်းလည်း လောကဓမ္မရာတရားနဲ့ ဖြေမရတော့ အရက်နဲ့ဖြေရင်း အရက်ကနိုင်သွားတာပါပဲ…'

'ဟုတ်ပါ့လေ…ကိုကို့သူငယ်ချင်းလား၊ လောကဓမ္မရာတရားနဲ့ဖြေမှာ၊ မိန်းမတွေမှာတော့ ချစ်သူနဲ့မရ မိဘပေးစားတာယူရလည်း လက်ထပ်တဲ့လင်ကို သစ္စာရှိရှိ ဆောင်းရတာပဲ။ အရက်လည်းမသောက် ဘာလည်း မသောက်ပါဘူး…'

ဒေါ်လီက ငေါ့ငေါ့လေး ပြောလိုက်သည်။

'ဒေါ်လီကလည်းကွယ်၊ တူးတူးဟာ ဦးဘဇံကြီးကို လက်ထပ်ထားပေမယ့် လင်းကိုမေ့ရမယ်ထင်သလား…'

'မထင်ပါဘူး၊ မထင်ပါဘူး၊ မေ့သွားတယ်လို့လည်း ဒေါ်လီမပြောပါဘူး။ မေ့မရပေမယ့် ရင်ထဲမှာ သိမ်းဆည်းထားပြီး သစ္စာရှိရှိ ဦးဘဇံကို ဆောင်းသွားတယ်လို့ ဒေါ်လီပြောတာ…'

ဒေါ်လီက စကားစဖြတ်ကာ ရှယ်လီနှင့်သူ တူးတူးဆီသွားသောနေ့ကို သတိရသည်။ ရှယ်လီက စိတ်ကယောက်ကယက်နှင့် ပြောချင်တာတွေပြောစဉ်က တူးတူး၏အဖြေက ရှင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'လင်းကို ချစ်နေသေးလားမေးရင် တူးတူး ချစ်နေသေးတယ် ဖြေမယ်၊ ဒါပေမယ့် လက်ထပ်မလားမေးရင် တူးတူးနဲ့ ပထမတွေ့စဉ်က လုံးဝမတူတော့တဲ့ လင်းကို လက်မထပ်နိုင်ဘူး...'

ဒေါ်လီသည် ကူးတူးသဘောထားကို သူသိခဲ့သမျှ ကိုဖေသိန်း ပြောပြလိုက်သည်။ ကိုဖေသိန်း နားလည်ပါသည်။ တူးတူးခံစားရမှုက ချစ် က ဖွန့်ပစ်သွားခြင်းကြောင့် ခံစားရသော ဝေဒနာ၊ လင်းခံစားရမှုက အပြ သော ချစ်သူအပေါ် ရက်စက်ခဲ့သောပြစ်မှု၏ နောင်တဝေဒနာဖြစ်သည်

အရက်မူးတယ်ဆိုပေမယ့် သူ့သူငယ်ချင်းလင်း၏ အဘိဓမ္မာဆန် စကားလုံးများကိုတော့ သူ သတိရနေဆဲပါ။

ရှယ်လီကလည်း ကိုယ့်ကိုလိုချင်တယ်၊ လိုချင်တဲ့အတွက် ရအေ အားထုတ်ကြိုးပမ်းတယ်၊ သူ့အလှအပ မာယာဆွဲဆောင်မှုတွေနဲ့ပေါ့။ ကို ကလည်း သူ့ကိုသာယာတယ်။ ရမ္မက်ကို မထိန်းနိုင်ဘူး။ သူ့ကိုလိုချင် တယ်။ တစ်ယောက်တစ်ယောက် စွဲလမ်းမှုပြင်းထန်လာတော့ တို့နှစ်ယော လိုချင်တာကို ရအောင်လုပ်ကြတယ်။ တို့လိုချင်တာရလို့ ရလာတဲ့ နောက်ဆက်တွဲ အကျိုးဆက်တွေ တို့နှစ်ယောက်ခံစားကြရတာပဲ။ မဆန် ဘူး သူငယ်ချင်း'

ဩော်... လင်းရွှေအောင် ပဋိစ္စသမုဒ်ပတ်ကို ပါဠိုလိုမသိ၊ သူ့ကိုယ် နှင့် ပြောပြသွားခြင်းဖြစ်သည်။

လိုချင်လာမှု ပြင်းပြလာတော့ စွဲလမ်းသည်။ စွဲလမ်းတော့ ရအောင် သည်၊ ရအောင်လုပ်တော့ ဖြစ်လာသည်။ ဖြစ်လာတော့ ဘဝအကျိုးဆက် ကို ခံစားကြပေတော့။

⁂ ⁂ ⁂ ⁂ ⁂

[ ၁၉ ]

ဆေးရုံအိမ်ခန်းလေးမှ ဒေါက်တာဖေသိန်းတို့ လင်မယားနှစ်ယောက် မန္တလေးကို ပြောင်းရွှေ့သွားကြရသည်။ ရှယ်လီတို့မိသားစုလည်း ဦးရွှေဖ အောင်အိမ်ကို ပြောင်းဖို့ ပြင်ဆင်နေကြသည်။

ရှယ်လီသည် ပစ္စည်းများကို မကြည်တို့လင်မယားနှင့် ကူညီထုပ်ပိုးရင်း သားနှင့်သမီးကိုလည်း အကျိုးအကြောင်းပြောပြရဦးမည်။ သူ့သားနှင့်သမီး သည် ဆိုနိုင်ခက်ခဲသောကလေးများ မဟုတ်ကြ။ ဂျင်မီက ၁၀တန်းသာရောက် လာသည်၊ ဒေါ်လီ သားသမီးများဖြစ်သော ဖိုးထောင်၊ စုစုသိန်း၊ မာမာသိန်း တို့နှင့် ကစားသည်ကလွဲ၍ အပြင်ထွက် လည်ပတ်တတ်သူမဟုတ်။

အင်နီက သာ၍အေးသေးသည်။ သို့သော် သူတို့ယခု ပတ်ဝန်းကျင် အသစ်ကို ဝင်ရတော့မည်။ အဘိုးအဘွားဆိုပေမယ့် ဦးရွှေဖအောင် ဒေါ်စံကျော့ နှင့် လက်ပေါ်တွင် သူတို့ကြီးပြင်းလာကြသူများမဟုတ်။ ဒါကြောင့် သူက သတိပေးရသည်။

'ခု မာမီတို့ ဆေးရုံအိမ်ကနေ ဘိုးဘိုးတို့ ဘွားဘွားတို့အိမ်ပြောင်းရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက အင်္ဂလန်မှာ အလုပ်ဆက်လုပ်တော့ ဒီအိမ်မှာ မာမီတို့ နေခွင့်မရှိတော့ဘူး…'

ထိုစကားကိုတော့ သူ ထိန်း၍ပြောလိုက်သည်။

'မာမီက နောက်ကို စီးပွားရေးဆောက်ချလုပ်ရမှာဆိုတော့ သားတို့ကို နောက်ပိုင်းက အုပ်ထိန်းဖို့ဆန္ဒ ဘွားဘွားကရှိတယ်။ ဘိုးဘိုးကရော သားတို့နဲ့ အတူနေချင်လို့ မာမီတို့ပြောင်းရမယ်။ သားတို့ တစ်ခုနားလည်ရမှာက ဘိုးဘိုးဘွားဘွားတို့ဟာ သားတို့အပေါ် စေတနာ အင်မတန်ထားပါတယ်။ ဒါပေမယ့် ဘိုးဘိုးဘွားဘွားတို့အိမ်ဟာ ခေတ္တခဏ သားတို့နေရမယ့်အိမ်။ ကိုယ့်အိမ်ကိုယ့်ရာမဟုတ်ဘူး။ တစ်နေ့ သားရယ်၊ သမီးရယ်၊ မာမီရယ် ကိုယ့်အိမ်လေးနဲ့နေနိုင်အောင် သားတို့ကြိုးစားပါ။ မာမီလည်း ကြိုးစားမယ်။ ပြီးတော့ ဘိုးဘိုးဘွားဘွားတို့နဲ့နေတဲ့အခါ အမြဲပဲ သူတို့ဆန္ဒကို ဦးစားပေးရမယ်။ သူတို့က သားတို့ရဲ့ဒက်ဒီအစား ကျေးဇူးရှင်တွေ။ အခု ဒီအိမ်မှာနေသလိုပဲ သားတို့တာဝန် သားတို့လုပ်ရလိမ့်မယ်။ ဘွားဘွားကပြောတယ်၊ ဟံအေးနဲ့ မကြည်ပါခေါ်လာဖို့၊သူတို့မှာအစေခံတန်းလျားရှိတယ်တဲ့။ မကြည်ရှိနေနေ၊ ဘွားဘွားတို့အစေခံတွေလည်း ဘယ်လိုပဲနေနေ မီးဖိုထဲကို သမီးဝင်ရမယ်။ နံနက်စာ နေ့လယ်စာတွေကို ကျောင်းမသွားတဲ့နေ့တွေမှာ ကိုယ်တိုင်ဝင်လုပ်ရမယ်။ ဂျင်မီလည်း ဘိုးဘိုးရဲ့ဝေယျာဝစ္စကို မင်းအားလုံး တာဝန်ယူရမယ်။ ညအိပ်ရာဝင်ကာနီး ဘိုးဘိုးနဲ့ဘွားဘွားကို ကန်တော့ရမယ်။ အဘိုးအဘွား ချမ်းသာတာနဲ့ သားတို့အောက်ခြေလွတ်လို့မဖြစ်ဘူး။ သားတို့အရည်အချင်းပဲ သားတို့ကိုယ်ပိုင်ရှိတယ်'

သားနှင့်သမီးသည် ထုံးစံအတိုင်း သူပြောတာကိုသာ နားထောင်သည်။ 'ဒက်ဒီ ဘယ်တော့ပြန်လာမလဲ'ဟူ၍ မမေးကြ။

ဦးရွှေဓံအောင်တို့အိမ် မပြောင်းခင်နှစ်ရက်က သူ ဒေါ်သန်းရီဆိုင်ကို



အကြိုဥက်တောင်းရင်း စာရင်းရှင်းစရာရှိ၍ ထွက်လာခဲ့သည်။ ဒေါ်သန်းရီ ပွဲရုံက လမ်းမတော် အောက်လမ်း၊ ညောင်ပင်လေးဈေးနှင့် မျက်နှာချင်းဆိုင် တိုက်ခန်းများမှာ ဖွင့်ထားသည်။

တိုက်ခန်းက နှစ်ခန်းတွဲလျက်။ တစ်ခန်းက ဒေါ်သန်းရီ ကိုယ်တိုင် ဦးစီး၍ လပွတ္တာ၊ မှာပုံ၊ ပန်းတနော်စသည်တို့နှင့် မြိတ်၊ ထားဝယ်၊ ရခိုင်တို့မှ လာသောရေချို၊ ရေငံခြောက်ကို ရောင်းဝယ်သည်။ ပွဲစားလည်းလုပ်သည်။ သူက လက်ကားဖြစ်၍ အရင်းအနှီးကြီးသည်။

တစ်ခန်းက သူ့တမကို ဖွင့်ပေးထားသည်။ ငါးခြောက်၊ ပုစွန်ခြောက်ကို လက်လီကုန်သည်လေး တွေနှင့် ဈပ်ထိုးရောင်းသူတွေအထိ ရောင်းဝယ်သည်။

ကဗ္ဗားကြီးနှစ်ခုရှေ့မှာ စားပွဲကြီးနှင့်ထိုင်နေသော ဒေါ်သန်းရီကို သူ အဆင်သင့်တွေ့ရသည်။ ဒေါ်သန်းရီက ဝဝဖိုင့်ဖိုင့်၊ အသားဖြူဖြူ မျက်နှာ ဝိုင်းဝိုင်း၊ နှာတံကပေါ်ပေမယ့် မျက်လုံးများက အနည်းငယ်မှေးသည်။ ပြုံးပြုံး ရယ်ရယ် စကားပြောတာကတော့ ကုန်သည်ဆန်သည်။ ဆံပင်ကို ရွှေဘီး ကြီးနှင့် ပတ်ထားသည်မှာလည်း ဝင်းလက်နေသည်။

'ရှယ်လီရေ… လာ… ထိုင်ထိုင်'

ဒေါ်သန်းရီက သူ့ရှေ့မှာ ကုလားထိုင်ကိုထိုးပေးသည်။

'ကိစ္စအထူးရှိလား ရှယ်လီ'

ရှယ်လီက ပြည်းဆေးစွာထိုင်ရင်း ပွဲရုံတစ်ခုလုံးကို အကဲခတ်နေသည်။

'စာရင်းရှင်းစရာလေး ဒေါ်ခင်သက်တင်က နိုင်းလိုက်လို့ပါ။ ပြီးတော့ ကိုချင်( အိန္ဒိယတောင်ပိုင်း)က ပုစွန်ခြောက်တွေလည်း ရှေ့အပတ်မှာရောက်မယ်'

'ဟုတ်ပါရဲ့၊ မြန်မာ ရေချို ရေငံခြောက်တွေကတော့ မြို့သုံးပေါ့လေ၊ ကိုချင်ခြောက်တွေကတော့ နယ်က အနတ်များတယ်၊ စာရင်းတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပေးလိုက်ပါ့မယ်'

သူတို့နှစ်ယောက် စကားပြောနေစဉ် ဆိုင်ထဲမှ ငါးခြောက်အိတ် ကား
ပေါ် တင်သူတွေနှင့် သင်္ဘောဆိုက်၍ ငါးခြောက်များ ပွဲရုံတင်လာသူတွေ
ကတ္တွားနှင့်ချိန်သော အလုပ်သမားများနှင့် စာရေးတွေ၏ ပြောသံဆိုသံတေ
မှာ ဆူညံနေသည်။ ဒေါ်ခင်သက်တင်၏ ဗိုလ်ချုပ်ဈေးလိုတော့ သန့်ပြန့်ခေ
သေးမှုမရှိ။ ငါးခြောက်၊ ပုစွန်ခြောက်အနံ့များကလည်း ပွဲရုံတစ်ခုလုံးနံနေသည်

'မမရီနဲ့လည်း ရှယ်လီ တိုင်ပင်ချင်လို့ပါ။ ရှယ်လီ မမဒေါ်ခင်သက်တင်
အထည်အလုပ် တွဲလုပ်ခဲ့တယ်။ မမကလည်း သင်ပေးပါတယ်။ မမရီဆီကော
ကိစ္စရှိမှပဲရောက်တယ်၊ပုစွန်ခြောက်လည်း လက်လွှဲရောင်းတာပဲ များတယ်
အခု ရှယ်လီရဲ့ ယောက္ခမတွေက ငွေရင်းငွေနီးထုတ်ပေးမယ်တဲ့
ရှယ်လီ သီးသန့်ကုမ္ပဏီထောင်မလို့ အထည်ဆိုင်ပဲ လိုက်ရကောင်းမလား
ငါးခြောက်၊ပုစွန်ခြောက်လိုင်းပဲ လိုက်ရကောင်းမလားစဉ်းစားရင်း မမရီနဲ့လည်း
တိုင်ပင်ချင်လို့'

ဒေါ်သန်းရီက စဉ်းစားရင်း အလုပ်သမားတွေကို လှမ်းကြည့်လိုက်
'မြင်တဲ့အတိုင်းပဲ ရှယ်လီရေ၊ သင်္ဘောဆိုက်တော့ တစ်မျိုး၊ ကားဆိုက်
တော့ တစ်မျိုး၊ ကုန်တင်ကုန်ချနဲ့ အလုပ်သမားနဲ့ကလည်း ဆက်ဆံရတယ်
စည်းရုံးရတယ်၊ ဟိုဘက်က မမတူမကတော့ လက်လီဝယ်သူတွေကို ရော
တယ်။ ပြီးတော့ ဖျပ်ထိုးရောင်းတဲ့ လမ်းဘေးဈေးသည်လေးတွေကို ရော
တယ်။ သူတို့ကတော့ တစ်ယောက်မှ တစ်ပိဿာလောက်စီကိုတောင် ယူ
တဲ့လူ နည်းပါတယ်။

မနက် ပုစွန်ခြောက် ယူသွားပြီး ညနေရောင်းလို့ကျန်တဲ့ ပုစွန်ခြော
ပြန်သွင်း၊ ငွေလည်းချေတာပေါ့။ တချို့ကလည်း ပုစွန်ခြောက်အမှုန့်ကြိတ်
သားဝယ် တစ်မတ်တန်အထုပ်လေးတွေ ထုတ်ရောင်းတယ်။ တစ်မတ်



အချိုမှုန့်ထုပ်လေးတွေနဲ့ တွဲရောင်းတယ်။ (ထိုစဉ်က ဝါစ်မတ်ဖိုး အရောင်း အဝယ်ရှိသည်)။

ဒါကတော့ မမအနေနဲ့ ငွေရင်းမတတ်နိုင်တဲ့ လမ်းဘေးဈေးသည်လေး တွေကို ကူတဲ့သဘောပါ။ နေပြန်တိုးနဲ့ လုပ်စားရင် ခများများ နှစ်နာလွန်းလို့ တချို့ဈေးသည်လေးတွေကတော့ မမနဲ့ မပတ်သက်ပါဘူး။ တချို့ကတော့ သူတို့ယောက်ျားတွေက မမပွဲရုံမှာ ကူလီထမ်းတယ်။ ဒီတော့ သူတို့မိန်းမတွေ က ပုစွန်ခြောက် ငါးခြောက်ဗန်းလေးတွေနဲ့ ရောင်းပေါ့လေ။

သူတို့မှာလည်း သူတို့ဈေးကွက်နဲ့ သူတို့ရှိတယ်။ ကပ္ပလီကွက်သစ်တွေ နဲ့ ပလက်ဖောင်းတွေဟာ သူတို့ဈေးကွက်ပေါ့'(ထိုစဉ်က ကွက်သစ်များ ရန်ကုန်မြို့ထဲမှာ ရှိပါသေးသည်။)

ဒေါ်သန်းရီသည် စကားစရပ်လိုက်ရင်း ဆိုင်ထဲကို သုတ်သီးသုတ်ပျာ ဝင်လာသော အမျိုးသမီးတစ်ဦးကိုကြည့်လိုက်သည်။

'ခင်မေ— ဘာဖြစ်လာဟာလဲ'

အမျိုးသမီးက စားပွဲနား မျက်စိပျက်မျက်နှာပျက် ကပ်လာသည်။

'ဒေါ်ဒေါ်ရဲ့— ကျွန်မ ကျွန်မ ပုစွန်ခြောက်ဗန်းလေး မြူနီစပယ်ရဲ့ သိမ်းသွားလို့ ပုစွန်ခြောက်တွေ ပါသွားပြီ—'

'ခက်လိုက်တာ ခင်မေရယ်— နင်က မလျှင်ဘဲကိုး၊ ပလက်ဖောင်း ပေါ် ရောင်းတယ်ဆိုတာ အပြေးသန်ရတယ်—'

'ကျွန်မ ဝယ်သူတစ်ယောက် ရောင်းနေတာတဲ့ သူတို့လာတာ သတိ မထားလိုက်မိဘူး။ ညနေ ကျွန်မ ငွေမသွင်းနိုင်တော့ဘူး၊ အဲဒါ ဒေါ်ဒေါ့်ကို လာပြောတာပါ—'

'သွားသွား— ခင်မြကြည်ဆီသွားပြီး အကျိုးအကြောင်းပြောပြ'

ဒေါ်သန်းရီက တစ်ဖက်ခန်းတွင် ထိုင်နေသော သူ့တူမဆီ လက်ညှိုး ထိုးပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ခင်မြကြည်ရေ– ခင်မေကိုစွ ကြည့်ရှင်းလိုက်ပါ'

လှမ်း၍လည်း ပြောလိုက်သည်။

'မြင်တယ်မို့လား ရှယ်လီ၊ လူပေါင်းစုံ၊ ပြဿနာပေါင်းစုံ၊ မမတော့ ရှယ်လီကို အထည်လိုင်းပဲ လိုက်စေချင်တယ်။ ဆက်ဆံရတာလည်း လွယ်တယ်။ ရှယ်လီနဲ့ ဒီရေချို ရေငံ ကုန်တွေနဲ့ မလိုက်ပါဘူး။ တစ်ခုတော့ရှိတယ်၊ မမယောက်ျား မြိတ်ဘက်ကိုသွားနေတယ်၊ ငါးပုတ်ပြားကိစ္စ ဆက်သွယ်စရာ ရှိလို့။'

ဘယ်လိုလဲဆိုတော့ တို့က ငါးပုတ်ပြားကို ပြည်တွင်းမှာပဲရောင်းတာ၊ အခု အင်္ဂလန်မှာရော၊ ဟောင်ကောင်ကို၊ အမေရိကတို့နဲ့ နိုင်ငံခြားမှာ ငါးပုတ်ပြားခြောက်ကို ပလပ်စတစ်ထုပ်ကလေးတွေနဲ့ လေးလက်မလောက်ပေါ့လေ တစ်တစ်ပြီး ရောင်းကြတယ်။ နိုင်ငံခြားမှာ မြန်မာတွေ စားရတယ်။

ငါးခြောက်ထုပ်မှာ တံဆိပ်ကပ်ထားတော့ မလေးရှားမှာ လုပ်သည်လို့ ဘပ်ထားတယ်။ အမှန်တော့ မြိတ်၊ ထားဝယ်ခြောက်ကို မလေးရှားကဝယ်ပြီး သူတို့က ပက်ကင် (Packing) လုလုနဲ့ တစ်ဆင့်ပြန်ရောင်းတာ။

အဲဒါမျိုး ပို့ကုန်အဖြစ်လုပ်နိုင်ရင်တော့ရှယ်လီလုပ်ခုတော့ကိုထွန်းအေး ထားဝယ်နဲ့ မြိတ်က ကုန်သယ်တွေနဲ့ သွားဆွေးနွေးတယ်။ ငါးပုတ်ခြောက်က ထားဝယ်က ပိုကောင်းတယ်။ မမထင်တယ် ရှယ်လီနဲ့တော့ အထည်ပဲ ကောင်းပါတယ်။ ကဲ– မမရှင်းစရာရှိတာလေး ရှင်းပေးလိုက်မယ်။ မောင်သိန်းအောင် လာခဲ့ဦးဟေ့။ ပုစွန်ခြောက်ဖိုးတွေ ရှင်းရအောင်–'

စာရေးလေးသည် ဗီရိုဖွင့်ကာ ဖိုင်တွဲတစ်ခုကိုယူ၍ ဒေါ်သန်းရီ စားပွဲကို လာသည်။ ရှယ်လီက ပုစွန်ခြောက်ဗန်း အသိမ်းခံရသော မိန်းမကို စိတ်ဝင်စားနေသည်။

'မမ– အဆင်သင့်လုပ်ထားလေ၊ ရှယ်လီ ခင်မြကြည်ဆီ ခဏသွား



လိုက်ဦးမယ်'

ရှယ်လီသည် ခင်မြကြည်ဘက်ကို ကူးလာသည်။ ဇျပ်ထိုးသည် ခင်မေအနားသွားထိုင်သည်။ ခင်မေသည် သူ့ကို သတိထားနိုင်ပုံမပေါ်။ ခင်မေက ဆံပင်ကို ကော်ဘီးနှင့်ပတ်ထားသည်။ ရှုန်သားပွင့်ရိုက် အင်္ကျီ၊ လုံချည်က အနီရင့် ပေါ်ပလင်ပြောင်ကို ဝတ်ထားသည်။ မျက်နှာကတော့ သော်ကနှင့် ပွလောင်နေပုံရသည်။ နေရောင်အောက်မှာ ရောင်းဝယ်နေရသူမို့ နေလောင်သောမျက်နှာက ညိုမွဲမွဲဖြစ်နေသည်။

'အခု ပုစွန်ခြောက်မှုန့် တစ်ပိဿာထပ်ပေးလိုက်ပါ။ ဒီနေ့ငွေပြန်မသွင်းနိုင်တော့ဘူး။ နက်ဖြန်မှ တစ်ဝက်စီသွင်းသွားပါ့မယ်'

ခင်မြကြည် စာရင်းမှတ်နေသည်။

'မခင်မေကလည်း ဘာပဲဖြစ်ဖြစ် အပြေးသန်မှပေါ့။ မြူရဲလာရင် ဈေးသည်ချင်း သတင်းပေးတာပဲဟာ ရှင့်ကိုယ်က အလွန်းတယ်'

'အစ်မရယ် နက်ဖြန်တော့ အမှုန့်ထုပ်ကို ကွက်သစ်ဈေးတွေမှာပဲ သွားရောင်းမယ်၊ အန္တရာယ်ကင်းတယ်။ ဒါကြောင့် ကျွန်မ ပုစွန်ခြောက်အမှုန့် တောင်းတာ၊ ဒီနေ့တော့ ပုစွန်ခြောက်အကောင်က မြို့ထဲသုံးဆိုပြီး သံဈေးနားက ပလက်ဖောင်းပေါ် အရောင်းကောင်းလိုက်တာ မြူရဲနဲ့ တွေ့သွားတယ်။ ဗန်းပါ မရှိတော့ဘူး၊ အရင်းလည်းပြုတ်ပြီ'

ခင်မြကြည်က ပုစွန်ခြောက်မှုန့်တစ်ထုပ် ခင်မေကို လှမ်းပေးလိုက်သည်။

'ရှင်ဘယ်မှာနေလဲ'

ရှယ်လီက ရုတ်တရက်ဝင်မေးလိုက်၍ ခင်မေက အံ့အားသင့်သွားသည်။

'ကမ်းနားမှာ–'

ခင်မေက မရဲတရဲဖြေလိုက်သည်။

'ရှင် အိမ်ပြန်မှာမို့လား၊ အပြန် ကျွန်မလိုက်ပို့မယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



ခင်မေသည် တအံ့တသြ ရှယ်လီကိုကြည့်လိုက်၏။

'ကျွန်မလိုက်ပို့ပါရစေ၊ ရှင့်အိမ်ကို သိချင်လို့'

'အိမ်… အိမ်… ကျွန်မအိမ်က လမ်းဘေးတဲပါ…'

'ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျွန်မလိုက်ပို့ချင်လို့ပါ။ ယူစရာတွေ အဆင်သင့် လုပ်ထား'

ရှယ်လီသည် ဒေါ်သန်းရီထံမှ ငွေယူကာ နှုတ်ဆက်၍ ခင်မေနှင့်အတူ ပွဲရုံထဲမှ ထွက်ခဲ့သည်။ ခင်မေက ကားပေါ်ခင်ရှူ့ရှူ့တက်လာခဲ့၏။ ဟံ့အေးကလည်း ရှယ်လီလုပ်ပုံကို နားမလည်။

'မခင်မေအိမ် ဘယ်နားမှာလဲ… လမ်းပြနော်'

ခင်မေသည် မော်တင်ကမ်းနား၊ ဆိပ်ကမ်းနားဘက် ပလက်ဖောင်းပေါ်မှ သံစည်းရိုးတိုင်များကိုတွယ်၍ တာလပတ်မိုးထားသော တစ်ဘက်ရပ် သူ့အိမ်ကိုပြသည်။ (ယခု ထိုတဲများမရှိတော့ပါ) ရှယ်လီက လမ်းဘေးကားရပ်၍ ခင်မေနှင့်အတူ ဆင်းလာသည်။ သူ၏အိမ်လေးမှာ ရှယ်လီထိုင်စရာမရှိ။ လေးနှစ်ငါးနှစ်လောက်ရှိမည့် မိန်းကလေးတစ်ယောက် ဖျာစုတ်လေးပေးမှာ ထိုင်နေသည်။

'အစ်မကို အားနာလိုက်တာ၊ ဒါ ကျွန်မအိမ်ပဲ…'

'ရှင့်ယောကျ်ားကော'

'သူက အလုပ်ဆင်းနေတယ်၊ ကမ်းနားမှာ သင်္ဘောတွေဆိုက်ရင် ကူလီလုပ်တယ်။ ကျွန်မမှာ သားကြီးဆယ်နှစ်လောက်တစ်ယောက်ရှိတယ်။ သူ့အဖေ ကိုဘထွန်းက သူ့သားကို ကျောင်းထားချင်တယ်ဆိုတော့ ကျွန်မက ဈေးရောင်းတာပါ။ သူ ကူလီထမ်းလို့ရတဲ့ငွေက စားလောက်ပါတယ်။ သားကို ကျောင်းထားရတော့ အရက်ဖိုးမပိုဘူး။ ကျွန်မဈေးရောင်းတော့ သူ့အရက်ဖိုး ရတာပေါ့။ သူက မူးရင် အေးအေးအိပ်တာပါ။ ကျွန်မကိုလည်း



ကြင်နာပါတယ်။ မသောက်တော့လည်း မနက်ကျ အလုပ်မဆင်းနိုင်ဘူး။ သိမ်သင်္ဘောတွေက အစောကြီးကပ်တာ…'

'ကျွန်မကလေးတွေခေါ်လာပြီး မခင်မေအိမ် လာလည်ဦးမယ်၊ ခုကျွန်မပေးတဲ့ငွေ ၂၀ ယူပါ။ ပုစွန်ခြောက်ကြွေးဆပ်နိုင်တာပေါ့၊ ကျွန်မလာဦးမယ်'

ရှယ်လီသည် မခင်မေရှေ့ ငွေ ၂၀ ထားခဲ့ကာ ကားရှိရာ ထွက်လာခဲ့သည်။ ခင်မေက ရှယ်လီ လုပ်ပုံကိုနားမလည်။ ငေး၍ကျန်ရစ်သည်။

အိမ်အပြန်လမ်းတွင် ရှယ်လီက ခင်မေအကြောင်းကိုတွေးရင်း ခင်မေစကားကို ကြားယောင်လာသည်။

'ကျွန်မဈေးရောင်းတော့ သူ့အရက်ဖိုး ရတာပေါ့'တဲ့။ ခင်မေ… ခင်မေ၊ နေ့ သူ့ဈေးဗန်းလေး မြုပ်သွားတော့ သူ့ယောကျ်ားအရက်ဖိုး ဘယ်ကလဲ၊ အရက်ဖိုးမရလျှင် သူ့ယောကျ်ားကများ ခင်မေ့ကို ရိုက်ဦးမလား၊ လင်က ကြင်နာပါတယ်ဆိုတော့ မရိုက်တန်ကောင်းပါဘူး။

လင်းကို အရက်စားပွဲနှင့် အမြည်းနှင့်၊ ရှယ်လီ တည်ခင်းကျွေးမွေးသလို ခင်မေသည်လည်း သူ့ယောကျ်ား အရက်ဖိုးရအောင် ကြိုးကြိုးစားစား ဈေးရောင်းရှာသည်။ ဒီနေရာမှာ သူနှင့်ခင်မေ စေတနာတူကြသည်။

✕ ✕ ✕ ✕ ✕

www.burmeseclassic.com

www.burmeseclassic.com



[ ၂၀ ]

ပစ္စည်းများအားလုံး သိမ်းဆည်းပြီးကြပြီး နက်ဖြန်တနင်္ဂနွေနေ့ နံနက်စောစော ဦးရွှေဖံအောင်က ကားကြီးတစ်စီး ပစ္စည်းသည်ယူရန် လွှတ်လိုက်မည်ဆိုသည်။ ရှယ်လီက စနေနေ့ညနေ သားနှင့်သမီးကိုခေါ်ကာ ဟံအေးကဲကားမောင်း၍ ခင်မေတို့အိမ်ဘက်ကို ထွက်လာခဲ့သည်။

ခင်မေ့ကို အိမ်မှာ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရသည်။ ရှယ်လီတို့မိသားစုကို ခင်မေက ကြည့်နေသည်။

'လာပါ အစ်မ၊ ကျွန်မလည်း ခုမှ ဈေးရောင်းကပြန်ရောက်တယ်။ ဖျာပေါ်မှာထိုင်ပါ'

ခင်မေက ဖျာဟောင်းလေးတစ်ချပ် ခင်းပေးသည်။

'သား ဂျင်မီနဲ့အင်နီ... လာထိုင်'

ကလေးတွေသည် သူတို့မာမိလုပ်သည်ကို ဘာမှ နားမလည်။ ခပ်ကြောင်ကြောင်နှင့် ထိုင်ကြသည်။ အိမ်လေးသည် အိမ်ဆိုတာ မတ်တပ်ပါပဲ။ တာလပတ်မိုး၍ ထရံကာထားသည်။ ရှေ့မှာ ဝါးလုံးတိုင်နှစ်တိုင်ထောင့်ထောင်နှင့် တာလပတ်ကိုချည်ထား၍ နောက်က သံစည်းရိုးတိုင်ကို ချည်ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အောက်ခင်းက ပလက်ဖောင်း ကျောက်ပြားဖြစ်သည်။ ကျောက်ပြား ပေါ်မှာ ဖျာကြမ်းခင်းထားသည်။ အိုးခွက်နှင့် မီးဖိုက အိမ်ပြင် ပလက်ဖောင်း ပေါ်မှာ။ ပတ်ဝန်းကျင်အနံ့အသက်က ရေမြောင်းပုပ်နံ့ထွက်နေသည်။

'မခင်မေယောက်ျားရော၊ ဒါက သားလား'

ရှယ်လီက မေးလိုက်တော့ မီးဖိုနားမှာထိုင်နေသော သူငယ်လေးက အံ့အားသင့်သွားပုံရသည်။ သမီးငယ်ကတော့ ငေးကြည့်နေသည်။

'ကိုဘထွန်း အလုပ်က ပြန်မလာသေးဘူး။ ဒါက သားတင်မေပါ။ သူ ကျောင်းမှာ ၄-တန်းရောက်ပြီ။ ဒီနေ့ ညနေဘက်ထွက်မယ့် သင်္ဘောတွေမှာ သူက ဈေးရောင်းရတယ်။ တနင်္ဂနွေဆိုလည်း ကျောင်းအားတော့ မနက်ဘက်ထွက်တဲ့သင်္ဘောတွေမှာ ဆေးလိပ် မီးခြစ် အတိုအထွာလေးတွေ ဗန်းနဲ့ထည့်ပြီး သင်္ဘောပေါ်မှာ ရောင်းရတယ်။ သား လာလေ- ဟိုနေ့က အမေ့ကို ငွေ ၂၀ကျပ် ပေးသွားတဲ့အစ်မ'

သားဆိုသူသည် မဝံ့မရဲ သူတို့အနားလာကာ ဂျင်မီနှင့် ရှယ်လီကို ကြည့်နေသည်။ သူ့ပုဆိုးအနွမ်းနှင့် ရှပ်အင်္ကျီအစုတ်ကြောင့် ရုက်သလို ဖြစ်နေ သည်။

'ကိစ္စရှိရင် မခင်မေ ဒေါ်သန်းရီကတစ်ဆင့် ကျွန်မကိုဆက်သွယ်ပေါ့။ ကျွန်မက စကော့ဈေးထဲမှာ ဆိုင်ရှိတယ်။ 'အောင်လံ စတိုး'ပါ။ လာခဲ့နိုင် ပါတယ်။ မောင်တင်ဖေကလည်း မှတ်ထား၊ ဒါ အန်တီသားနဲ့သမီး၊ မောင် တင်ဖေတို့ ဒီတန်းမှာသင်ရတဲ့ စာအုပ်တွေ မရှိတော့ဘူး။ သား ၅တန်း တက်တော့ စာအုပ်ဝယ်ဖို့ စာအုပ်ဖိုး အန်တီငွေ ၅၀ကျပ် ပေးခဲ့မယ်'

ရှယ်လီသည် ငွေထုတ်ကာ ဖျာပေါ်ချလိုက်သည်။

'ကျေးဇူးတင်လိုက်တာ အစ်မရယ်၊ သင်္ဘောပေါ်မှာ သူဈေးရောင်းလို့ ရတာလေးက သူ့ကျောင်းမုန့်ဖိုး၊ စာအုပ်ဖိုး ပိုသုံးရတာပေါ့။ သူ့အဖေကလည်း



ပေးပါတယ်။ သူ့အဖေကတော့ အငယ်မကို ရှေ့နှစ်ကျရင် ကျောင်းထား မယ်တဲ့။ ဟိုနေ့က အစ်မပေးတဲ့ငွေ ၂၀ကျပ်၊ အစ်မပြောတဲ့အတိုင်း ပုစွန် ခြောက်ကြွေးကျန်တာလေး ဖွဲ့ဆပ်လိုက်တယ်။ ကျေးဇူးတင်လိုက်တာ'

'ဟုတ်တယ်- ကလေးတွေကိုတော့ ကျောင်းထားပါ။ ကဲ- ကျွန်မ ပြန်လိုက်ဦးမယ်'

မခင်မေတို့မိသားစုသည် တအံ့တဩ ငေး၍ကျန်ရစ်သည်။ ငွေ ၅၀ကျပ် လုံးခနဲ ရဖို့ဆိုတာ သူတို့မိသားစုမှာ မလွယ်။

အိမ်ပြန်ရောက်တော့မှ ရှယ်လီက ဂျင်မီနှင့် အင်နီကို ပြောပြသည်။

'သားနဲ့သမီးတို့က မာမီ ဘာတွေလုပ်နေလဲလို့ ထင်မှာပဲ။ နက်ဖြန် သားတို့ ဘိုးဘိုးဘွားဘွားအိမ်ကို ပြောင်းရတော့မယ်။ ဘိုးဘိုးတို့ဆီရောက် ရင် မခင်မေတို့ဆီ သွားဖို့မလွယ်တော့ဘူး။ မခင်မေသား မောင်တင်ဖေ ကျောင်းဘယ်လိုနေရတယ်ဆိုတာ သားတို့သိစေချင်လို့။ သူတို့နေရတဲ့အိမ် ဆိုတာလည်း သားတို့မြင်စေချင်လို့၊ ဒါပဲ'

ဂျင်မီကတော့ မိခင်ဖြစ်သူ ဘာဆိုလိုချင်သည်ကို သိကြောင်းမျက်လုံး နှင့်ဖော်ပြ၏။ အင်နီကတော့ ခပ်တွေတွေပဲ မိခင်ကိုငေးကြည့်နေသည်။ သူ့ သ[illegible]ချောင်းလေးများ ပွတ်သပ်နေသည်။ သူ့မျက်လုံးသည် မိခင်၏ဆိုလိုချက် ကို [illegible]သဘောပေါက်မပေါက် တစ်စုံတစ်ရာ အမူအရာမပြပါပေ။

နောက်နေ့ စနေနေ့မှာတော့ သူတို့ဆီ ထရပ်ကား[illegible]ကြီးတစ်စီးနှင့် ဒေါ့ဂျစ်တစ်စီး ဦးရွှေဖဲအောင်ကပို့လိုက်သည်။ တစ်နေ့တည်း အင်းလျားအိမ် ကို အပြီးပြောင်းကြသည်။ ဦးရွှေဖဲအောင်တို့အိမ်မှာ တစ်[illegible]ယောက်ကျယ် ဝန်းသော ခြံကြီးထဲမှာ ဆောက်ထားသော နှစ်ထပ်တိုက်[illegible]ကြီးဖြစ်သည်။

မာမီက ရှယ်လီနှင့် အင်နီကို အိပ်ခန်းတစ်ခန်း အပေါ်ထပ်မှာပေးသည်။ သားဂျင်မီကိုတော့ သီးသန့်လုံးချင်းအခန်းလေးပေးသည်။ ယောက်[illegible]နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး အမှုအရာက သူတို့မိသားစုတွင် အထူးသဖြင့် ဂျင်မီကို အထူး ဂရုတစိုက်ရှိကြောင်း ထင်ရှားသည်။

ဦးရွှေဖံအောင်က ထောင်ထောင်မောင်းမောင်း မျက်ခုံးမျက်လုံး နှာတံ တို့က ရှိုင်းဆန်သည်။ နှတံပေါ်ပေါ် မျက်ခုံးထူထူနှင့် မျက်လုံးက ညိုမှောင် တည်ငြိမ်သည်။ အရာရာကို လွှမ်းမိုးနိုင်စွမ်းသော စွမ်းအားရှိပုံရသည်။

စကားနည်းပုံရ၍ ပြောစရာရှိလျှင်တော့ အေးအေးဆေးဆေး အချိန်ယူ ၍ ပြောသည်။ အသားကတော့ ညိုသည်။

ဒေါ်စံကျော့ခိုင်က အသားဖြူသည်။ လင်း၏ခပ်စင်းစင်း မျက်လုံးမှာ ဒေါ်စံကျော့ခိုင်ထံမှ အမွေရထားပုံပေါ်သည်။ နှာတံသွယ်သွယ် နှုတ်ခမ်းပါးပါး လေးနှင့် စကားများများပြောတတ်သော်လည်း အေးအေးဆေးဆေး ပြောတတ် သည်။ ဘီးဆံပတ်ကြီးကြီးကို ခပ်မြင့်မြင့်ပတ်ထားပေမယ့် သူ့မျက်နှာ သွယ် သွယ်ဖြူဖြူနှင့် လိုက်ဖက်သည်။

အသက်ကြီးလာသော်လည်း ဗိုက်ရွဲတင်ကားသော ပုံစံမျိုးမဟုတ်။ ပိန်ပိန်သွယ်သွယ် နွဲ့ယဉ်သောကိုယ်လုံးနှင့် ငယ်စဉ်က အတော်လှပချောမော ဟန်ရှိသော ပုံစံမျိုးဖြစ်သည်။

တဖြည်းဖြည်းနှင့် နေသာထိုင်သာ အသက်ရှူရချောင်သလိုတော့ ရှယ်လီခံစားရသည်။ ယခင်က တွေးထင်ထားသလို မာကျောကျော ဟန်တခွဲ သားနှင့် အနေခက်တိုင်းဆန်ဆန် ပုံစံမျိုးမဟုတ်။ ဦးရွှေဖံအောင် ထမင်းမစား ခင် အရက်သောက်တတ်ဟန်ရှိသည်။ သီးသန့်အခန်းလေးမှာ ဒေါ်စံကျော့ခိုင် က စီစဉ်ပေးသည်။

ဒါပေမယ့် ဣန္ဒြေမပျက်။ လူကြီးလူကောင်းပီသစွာ သောက်ပုံရသည်။ ထမင်းစားခန်းကို ဝင်လာလျှင် တည်တည်ငြိမ်ငြိမ်ရှိသည်။ သောက်ထားသည် ဟု မသိရ။ ဒက်ဒီရော မာမီရော ထမင်းဝိုင်းမှာ မြေးများနှင့်အတူ စားချင်



ကြသည်။ သို့သော် ညစာမှ မိသားစု စုံစုံညီညီစားဖြစ်သည်။ ဖွန်း ခက်ရင်းနှင့် စားသည်ကလွဲ၍ ဟင်းစပ်ကအစ ရှိုင်းဆန်သည်။ ငရုတ်သီးများများသုံးသည်။

ထမင်းစားစဉ်ဆိုလျှင် ဒေါ်စံကျော့ခိုင်က ဦးရွှေဖံအောင်ကို အထူးဂရု စိုက်သည်။ ဒုတိယကတော့ ဂျင်မီကို အရေးပေးသည်။ ရှယ်လီကိုယ်တိုင် ယောက္ခမများကို ထမင်းဟင်း ဦးချပြီးမှ ထမင်းစားသည်။ ထမင်းစားပြီး ယောက္ခမကြီးနှစ်ယောက်လုံး လက်ဖက်သုတ်စုံကြိုက်တတ်၍ ရှယ်လီက အင်နီကို မှာထားသည်။ ထမင်းစားပြီးတိုင်း အဘိုးအဘွားအတွက် လက်ဖက် သုတ်နှင့် ရေနွေးကြမ်းကို အင်နီကိုယ်တိုင်ပြင်ကာ အဘိုးအဘွားရှေ့မှာ ချ ထားပေးရသည်။

အင်နီက အေးစက်စက်နေတတ်ပေမယ့် မီးဖိုမှာ ဘွားအေနှင့်အလိုက် သင့်စွာ ရှိုင်းဟင်း အချက်အပြုတ်သင်ယူ၍ အဘွားက ကျေနပ်ပုံပေါ်သည်။ ဘုရားသောက်တော်ရေလဲလှယ်၍ ဆွမ်းကပ် ပန်းကပ် တာဝန်ကိုတော့ ရှယ်လီယူကာ ကိုယ်တိုင်လုပ်သည်။

ညစာစားပြီးချိန်မှာတော့ စာဖန်ခန်းထဲမှာ သားသမီးတွေနှင့်အတူ ရှယ်လီ စာဖတ်သည်။ သူ စာဖတ်ချင်သည်ကလည်း တစ်ကြောင်း၊ သားသမီး တွေ မှန်မှန်စာကျက်မကျက် သိလို၍တစ်ကြောင်း မသိမသာ အနားမှာ ၍ စာဖတ်ပေးလိုက်သည်။

ဂျင်မီ တက္ကသိုလ်သို့ တက်ရောက်မည့်နေ့မတိုင်ခင်တစ်ရက်မှာ ဦးရွှေဖံ အောင်က မြေးများကိုပြောသည်။

'ဂျင်မီ ကျောင်းတက်ရင် ဆေးကျောင်းသားဆိုတော့ ရှိုးထုတ်ချင်မှာပဲ၊ အောင်းဘီဝတ်ချင်ဝတ်ပေါ့၊ နက်ဖြန်ကျောင်းစတက်တဲ့နေ့မှာတော့ ပုဆိုးနဲ့ တိုက်ပုံအင်္ကျီဝတ်စေချင်တယ်။ ဘိုးဘိုးတို့ခေတ်က ကောလိပ်ကျောင်းသားဆို တာ မပြောဘဲသိရတယ်။ လုံချည်ဆိုလည်း မန္တလေးပိုးလုံချည်၊ ဇန်ကော

www.burmeseclassic.com

www.burmeseclassic.com



လုံချည်နဲ့။ ဆံပင်ကလည်း သပ်သပ်ရပ်ရပ်ဖြီးပြောင်လို့၊ တိုက်ပုံအင်္ကျီနဲ့ မြင်ရုံနဲ့ လေးစားစရာ...'

'ဖေကြီးကလည်း ဘိုးတော်ဘုရားခေတ်ကို ပြောနေပြန်ပြီ။ ဘွားတို့ခေတ်က တက္ကသိုလ်ကျောင်းသူ ဘီးဆံထုံးထုံးရတယ်၊ ခုခေတ် ဒီလိုထုံးရင် ဘတ်စ်ကား ပြေးတက်ရတာနဲ့ အရှက်ကွဲရော'

ဒေါ်စံကျော့ခိုင် ဝင်ပြောရင်း ရယ်လိုက်သည်။

'ဘိုးဘိုးရဲ့ ဗန်ကောက်လုံချည်မဝယ်နိုင်တဲ့ကျောင်းသား ဘယ့်နှယ်လုပ်မလဲ' ဂျင်မီကမေးလိုက်သည်။

'ပလေကပ်လုံချည်ကိုပဲ သေသေသပ်သပ်ဝတ်ကြတယ်။ ဘိုးဘိုးပြောတာက အဘိုးတန်တဲ့အဝတ်မဟုတ်လည်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းဝတ်စေချင်တာပါ။ Neat and tidy ပေါ့... အမြဲတမ်း ပုဆိုးဝတ်ရမယ်မဆိုလိုပါဘူး။ ဘောင်းဘီလည်း ဝတ်နိုင်တယ်။ ပုဆိုးဝတ်ရင်တော့ ရှပ်အင်္ကျီအပေါ်မှာ တိုက်ပုံဝတ်စေချယ်တယ်'

ဦးရွှေဖံအောင် စကားဆုံးတော့ ရှယ်လီက ဝင်ပြော့ရသည်။

'ဂျင်မီတို့ ဒက်ဒီဝတ်သွားတဲ့ တိုက်ပုံတွေ ရှယ်လီသိမ်းထားပါတယ် ဒက်ဒီ၊ ဂျင်မီက ထွားလာတာနဲ့အတော်ပါပဲ၊ ရှယ်လီ ထုတ်ပေးလိုက်ပါမယ်

ထိုနေ့ညမှာတော့ ဂျင်မီအတွက် ရခိုင်ပိုးလုံချည်နှစ်ထည်နှင့် ချည်လုံချည်သုံးထည် ဦးရွှေဖံအောင်က ဂျင်မီအခန်းကိုပို့လိုက်သည်။ ဂျင်မီက ဝမ်းသာအားရ ရှယ်လီကိုပြ၍ ရှယ်လီ သားကိုပြောပြသည်။

'သားအတွက် ဘောင်းဘီလည်း သက္ကလပ်တစ်ထည်နဲ့ တက်ထရက်နှစ်ထည်ပဲ မာမီဝယ်ပေးနိုင်မယ်၊ ရှိရှိသေသေဝတ်နော်... ဘိုးဘိုးတို့က ချမ်းသာတာ၊ မာမီက ချမ်းသာတာမဟုတ်ဘူး။ အခါခပ်သိမ်း အဘိုးကြီး အဘွားကြီးကို တာဝန်ပေးလို့ မဖြစ်ဘူး'



'သားနားလည်ပါတယ် မာမီ'

'သားတို့ အဘိုးအဘွားက ချမ်းသာတာက တခြား၊ သားတို့ဟာ ငွေနှန်းကိုက်မွေးလာတာမဟုတ်ဘူး။ သားကိုယ်တိုင်ကြိုးစား၊ ပညာသင်ပြီး အလုပ်ကြိုးစားလုပ်လို့ ရလာတဲ့ငွေမှ သားငွေအစစ်၊ တို့ သူဌေးမြေးတွေဆိုပြီး အောက်ခြေမလွတ်စေချင်ဘူး။ တက္ကသိုလ်ဆိုတော့ ၁၀တန်းလို မဟုတ်ဘူး။ လွတ်လပ်တယ်လေ...'

သားအမိစကားပြောနေစဉ် ဒေါ်စံကျော့ခိုင် ဝင်လာသည်။ လက်ထဲမှာ စာအုပ်လေး အသေးနှစ်အုပ်ပါလာသည်။ ရှယ်လီက နေရာပေး၍ ခုတင်ဘေးကုလားထိုင်မှာ ဒေါ်စံကျော့ခိုင် ထိုင်လိုက်သည်။

'ဒီစာအုပ်နှစ်အုပ်က စာရင်းစာအုပ်၊ ဂျင်မီနဲ့အင်နီနဲ့ တစ်အုပ်စီယူ'

ဘွားအေလှမ်းပေးလိုက်သည်ကို အင်နီနှင့်ဂျင်မီက လှမ်းယူကြသည်။

'ဟိုတုန်းကတော့ ရှယ်လီ ကလေးတွေကို မုန့်ဖိုးဘယ်လိုပေးလဲ'

ဒေါ်စံကျော့ခိုင်က မေးလိုက်သည်။

'တစ်နေ့တစ်ကျပ်ပါ မာမီ၊ တစ်လစာပေးပေးထားပါတယ်။တက္ကသိုလ်ရောက်လည်း ရှယ်လီ တစ်ကျပ်ပဲပေးမှာပါ' (ထိုစဉ်က လက်သုတ်စုံ၊ မုန့်ဟင်းခါး ဘာစားစား တစ်ပန်းကန် ငါးမူး (ပြားငါးဆယ်)ဖြစ်၍ နန်းကြီးသုတ် တစ်ပန်းကန်စားပြီးတောင် ငါးမူးပိုသေးသည်။ လက်ဖက်ရည်တစ်ခွက်က နှစ်ဆယ့်ငါးပြား)

'အေးပေါ့...၊ မင်းတို့မာမီ ဘယ်လောက်ပေးပေး ဒီစာရင်းစာအုပ်မှာ မှတ်ရမယ်၊ ဘွားဘွားတို့ပေးလည်း မှတ်ရမယ်။ တစ်နေ့ ဘယ်လောက်သုံးတယ်ဆိုတာလဲ ရက်စွဲနဲ့မှတ်ရမယ်။ ဘွားဘွားကြည့်ချင်တဲ့အချိန် ကြည့်မယ်။ ဂျင်မီတို့ကျမှ ဘွားဘွားလုပ်တာမဟုတ်၊ ဘွားဘွား သားသမီးတွေအားလုံး ကျောင်းသားဘဝကတည်းက စာရင်းစာအုပ်ကလေးတွေ ကိုယ်စီပေးထားတယ်။ သူတို့သုံးစွဲသမျှ ရေးမှတ်ထားရတယ်။ ဒါပါပဲ ဘွားဘွားသွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စံကျော့ခိုင်သွားရာကို အင်နီနှင့် ဂျင်မီက ငေးနေသည်။ သူတို့သည် စည်းစနစ်အသစ်တစ်ခုနှင့် စတင်တွေ့ကြပြီ။ ရှယ်လီအဖို့တော့ မထူးပါ။ လင်း သူ့ကိုလက်ထပ်ကတည်းက စာရင်းနှင့်အင်းနှင့် သုံးစွဲစေရသည်မှာ ဒေါ်စံကျော့ခိုင် လေ့ကျင့်ပေးလိုက်သော ငယ်ငယ်ကတည်းက အကျင့်ဖြစ်သည်ကို သဘောပေါက်လာသည်။ ရှယ်လီသည် ကလေးတွေအဖေနှင့် ရကတည်းက စာရင်းစာအုပ်လေးကိုင်၍ သုံးစွဲရကြောင်း သားနှင့်သမီးကို ရှင်းပြလိုက်သည်။

⁂ ⁂ ⁂ ⁂ ⁂

[ ၂၁ ]

ဆောင်းနံနက် နေခြည်သည် အရောင်တောက်ပပေမယ့် အပူရှိန်မပြင်းသေးပါ။ နှင်းများပါးစပြုလာပြီ။

'မြကြာဖြူ'

အစိမ်းရင့်အောက်ခံပေါ်မှာ အဖြူရောင်စာလုံးနှင့် 'မြကြာဖြူ'ဟူသော ဆိုင်းဘုတ်ကြီးမှာ စကောဈေးအနောက်ဘက်တန်းတွင် ဝင်းပနေသည်။

ပြောင်လက်နေသော ဗီရိုကြီးများကို ငွေရောင်ဖဲစများနှင့် အုပ်ထားသည်။ ဆိုင်းဘုတ်တင် ဆိုင်ဖွင့်ပွဲဖြစ်၍ နံနက် ၈နာရီလောက်မှာ 'မွန်းလတ်'ဘန်းကြီးများကို ဒုံပေါက်ဆွမ်းကပ်လိုက်သည်။ ၉နာရီမှစ၍ ဧည့်သည်များကို ဒံပေါက်ကျွေးမွေးသည်။ ဖိတ်ခေါ်ထားသော ဧည့်သည်များမှာ မများလှသော်လည်း အရေးပါသူများဖြစ်သည်။ ကုန်သွယ်ရေးဌာနမှ အတွင်းဝန်နှင့် အမှုထမ်းတချို့။ မြန်မာကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ဦးဘိုးငြိမ်းကုမ္ပဏီ၊ ဆန်းကုမ္ပဏီ၊ စိန်ဘရားသားစသော ဗိုလ်ချုပ်ဈေးအတွင်းမြန်မာကုန်သည်ကြီးများနှင့် ပါရာစရမ် အာလာမိုး၊ တီကျူးမားစသော ကုလားကုန်သည်များ၊ ဒေါ်ခင်သက်တင်၏ တရုတ်ကုန်သည်များနှင့် ဒေါ်

www.burmeseclassic.com



သန်းရီတို့ကိုပါ ဖိတ်ခေါ်ကျွေးမွေးသည်။ ဦးခင်ဆွေကိုတော့ သူမဖိတ်၊ ဦးရွှေဓံအောင်နှင့် ဒေါ်စံကျော့ခိုင်မိတ်ဆွေတချို့လည်း လာကြသည်။

ရှယ်လီက ဆံထုံးမို့မို့ထုံးကာ ပုလဲဆံထိုးတစ်ခု ထိုးစိုက်ထားသည်၊ သွယ်ပြောင်းဖြူနုသော သူ့လည်တိုင်မှာ ပုလဲသွယ်တစ်ကုံးရစ်ခွေလျက် နိုင်လွန်အဖြူလက်ရှည် မန္တလေးပိုးအဖြူရောင်နှင့်ပန်းရောင် နှစ်ရောင် ချိတ်လုံချည်ကို ဝတ်ထားသည်။ လုံပကြော့ရှင်းသည်ထက် အရွယ်၏ခံ့ညားခြင်း ကျက်သရေနှင့်-ရှယ်လီ ငယ်စဉ်ကထက်ပင် အလှပြည့်စုံလာသည်ဟု ထင်ရသည်။

ရှယ်လီသည် ဧည့်သည်များကို ဧည့်ခံကြိုဆိုရင်း ယောက္ခမများနှင့်လည်း မိတ်ဆက်ပေးရင်းက တစ်စုံတစ်ယောက်ကို မျှော်လင့်နေမိသည်၊

တစ်နေ့ညနေက တူးတူးကို သူ ဖုန်းဆက်သည်။ သူ၏ ကုမ္ပဏီဖွင့်ပွဲကိုလာဖို့ ယခု ၁၀နာရီထိုးလုပြီ။ ဧည့်သည်များလည်း စုံသည်။ သူ့ကို နွင်လွှတ်လျှင်ဖြင့် တူးတူးလာကောင်းပါရဲ့။

၁၀နာရီထိုးကာနီး တူးတူးရောက်လာသည်။ သူ့ပုံစံက ဆံမြိတ်ယှက်ဆံထုံးမြင့်မြင့်မှာ စံပယ်တစ်ကုံး ရစ်ခွေပန်လျက် နိုင်လွန်အဖြူလက်ရှည်၊ ဘာရိကိတ်အစိမ်းခက်ပါသော လုံချည်ဝတ်လာသည်။ ပြည့်ဖြိုးကြည်လင်သော မျက်နှာက သူ့ပတ်ဝန်းကျင်ကိုပါ လင်းလက်သွားစေပါသည်။

'တူးတူးရေ...လာ၊ ရှယ်လီဝမ်းသာလိုက်တာ'

ရှယ်လီက ကားပေါ်မှာဆင်းလာသော တူးတူးကို ကိုယ်တိုင်ကြိုဆို၍ ယောက္ခမကြီးများနှင့် မိတ်ဆက်ပေးသည်။

၁၀နာရီတိတိတွင် ဆိုင်ကိုအတွင်းဝန်က ဖွင့်လိုက်ကြောင်း ကြေညာကာ ကျောက်မျက်ရတနာများထားသော မှန်ဗီရိုကြီးပေါ်မှ ဖဲစကို တဖြည်းဖြည်း ဆွဲဖွင့်လိုက်သည်။ ဆိုင်နှစ်ခန်းတွဲမှာ ညာဘက်တစ်ခန်းက အထည်အလိပ်၊ နိုင်ငံခြားဖြစ်မျိုးစုံ၊ ဘယ်ဘက်အခန်းက မြန်မာဖြစ် ပိုးထည်



ယွန်းထည်များနှင့် လုပ်ပြီးသားလက်ဝတ်ရတနာများဖြစ်သည်။ ဗီရိုကြီးများပေါ်မှ ပိုးစများ တဖြည်းဖြည်းလျှောကျသွားသောအခါ သစ်လွင်တောက်ပသော ပိုးဖဲစတွေ၊ လက်ဝတ်ရတနာတွေအရောင်နှင့် ဆိုင်တစ်ခန်းလုံး ဝင်းလက်သွားသည်။

ဧည့်သည်တွေပြန်သွားပေမယ့် တူးတူးကျန်ရစ်သည်။ ရှယ်လီက ဒေါ်ခင်သက်တင်နှင့် တူးတူးကို မိတ်ဆက်ပေးသည်။

'ရှယ်လီ ကုန်သည်တစ်ယောက်ဖြစ်လာအောင် မမက မွေးပေးလိုက်တာပဲ၊ ရှယ်လီရဲ့ကျေးဇူးရှင် မမ ဒေါ်ခင်သက်တင်ပါ တူးတူး...၊ မမပါက ရှယ်လီ့သူငယ်ချင်း အတွင်းဝန်ကတော် ဒေါ်ခင်မေသိုက်၊ ရှယ်လီတို့က တူးတူးလို့ပဲ ခေါ်ကြတယ်'

တူးတူးက ပြုံး၍ ဒေါ်ခင်သက်တင်ကို နှုတ်ဆက်သည်။ သူ့အပြုံးတွင် နွင်လွှတ်ခြင်းပါတန်ကောင်းပါရဲ့ဟု ရှယ်လီ ဆုတောင်းနေမိသည်။

'ဒေါ်လီတို့ မန္တလေးပြောင်းသွားတာ တူးတူးသိတယ်နော်'

ရှယ်လီက မေးလိုက်၏။

'သိပါတယ်၊ သူ ဖုန်းနဲ့နှုတ်ဆက်တာ နောက်ကျလို့ ထမင်းတောင် မကျွေးလိုက်ရဘူး'

'ရှယ်လီ့မှာ ဒေါ်လီမရှိတော့ တစ်မျိုးအားငယ်ရတယ်။ ဘာပဲဖြစ်ဖြစ် တူးတူးကို ဒေါ်လီ့ကိုယ်စား ရှယ်လီ အားကိုးရမှာပဲ'

တူးတူးသည် ရှယ်လီ့လက်ကို ဖြည်းညင်းစွာ ဆွဲယူဆုပ်ကိုင်လိုက်၍ လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်သည်။

'တူးတူး တတ်နိုင်တာ ကူညီပါ့မယ် ရှယ်လီ၊ ကဲ... ပထမဆုံးဝယ်သူအနေနဲ့ တူးတူး ဈေးဦးဖောက်မယ်'

တူးတူးက ပြောပြောဆိုဆို မြန်မာပိုးထည်များ ခင်းကျင်းပြသထား

www.burmeseclassic.com

www.burmeseclassic.com



သော ဗီရိုထဲမှ ပိုးအစိမ်းရင့်နှင့် အဖြူနှစ်ရောင် ချိတ်လုံချည်တစ်ထည် ဝယ်လိုက်သည်။ ရှယ်လီက လုံချည်ဖိုး ငွေလက်ခံ၍—

'သူတော်ကောင်းပိုက်ဆံ ဝင်လာမစဲ တသဲသဲဆိုကြတယ်နော်၊ အခု လည်း တူးတူးမေတ္တာကြောင့် ရှယ်လီ ကြီးပွားပါစေ ဆုတောင်းပါတယ်'

သူပြောရင်း အသံတုန်ကာ မျက်ရည်များဝဲလာသည်။ ဒီနေ့က မျက်ရည်ဝဲရမည့်နေ့မဟုတ်။ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံရမည့်နေ့။ ပြီးတော့ တူးတူး၏ခွင့်လွှတ်ခြင်းကို ခံစားရသောနေ့၊ စိတ်ကို ပြန်လည်ထိန်းချုပ်လိုက်၏။

'ရှယ်လီ တူးတူး ပြန်တော့မယ်'

တူးတူးသည် ဦးရွှေဖဲအောင်တို့လင်မယားနှင့် ဒေါ်ခင်သက်တင်ကိုပါ နှုတ်ဆက်၍ ပြန်လာခဲ့သည်။

အားလုံးညှိသည်စဲသွားတော့ ဒေါ်ခင်သက်တင်ပဲ ကျန်ရစ်သည်၊ ယောက်ျမကြီးတွေလည်း ပြန်သွားပြီ။

'ကဲ… မမဆိုင်က အရောင်းစာရေး ရှယ်လီမဟုတ်တော့ဘူးနော်၊ ဒေါ်မြကြာဖြူ ဖြစ်လာပြီ'

ဒေါ်ခင်သက်တင်က စကားစလိုက်သည်။

'ကုန်သည်ဟာ သံတမန်လိုပဲ၊ သံတမန်ပြုံးလည်း ပြုံးတတ်ရမယ်၊ လူပေါင်းစုံကို ဝင်ဆံ့အောင် ဆက်ဆံရတာ၊ ရှယ်လီက လှတော့ အန္တရာယ်တစ်ခုခုကြုံလည်း ပရိယာယ်နဲ့ ကာကွယ်တတ်ရမယ်။ ဟိုတုန်းကလို ဦးခင်ဆွေ ပါးချခဲ့တာမျိုးတော့ ဆင်ခြင်ပေါ့…'

ဒေါ်ခင်သက်တင်က အတိတ်ကို ပြန်လည်ပြောပြသည်။ ပရိယာယ်နှင့် ကာကွယ်ရမည့်အစား ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သော သူ၏အမှားကို ထောက်ပြသည်။



'သူတို့က အကြမ်းဖက်လာရင်တော့ နည်းစုံနဲ့ကာကွယ်ရမှာပေါ့လေ'

ဒေါ်ခင်သက်တင်က စကားကိုဖြေကာ စကော့ဈေးရှိ တချို့အမျိုးသမီးများ ကုန်သွယ်ရင်း အိမ်ထောင်ရေးဖောက်ပြန်မှုတွေရှိကြောင်း ပြောပြရင်း သူ့ကို သတိပေးသွားသည်။ သူ ဒေါ်ခင်သက်တင်ကို အထူးကျေးဇူးတင်ပါသည်။

'မြကြာဖြူ' ဖြစ်လာအောင် ဒေါ်ခင်သက်တင် သူ့ကို ကျောက်ရိုင်းလို သွေးကာ အရောင်တင်ပေးခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

[ ၂၂ ]

အင်နီ တက္ကသိုလ်စတက်သောနေ့က ရှယ်လီကိုယ်တိုင် ကားမောင်းကာ သမီးကို ကျောင်းပို့သည်။ အင်နီက အင်္ဂလိပ်စာတစ်ဘာသာ ဂုဏ်ထူးပဲ ရသည်။ အင်္ဂလိပ်စာနှင့် မြန်မာစာတွဲယူကာ တက္ကသိုလ်ဆက်တက်သည်။ လင်း၏ ဂျစ်ကားလေးကိုရောင်းချကာ အော်စတင် အေဖော်ဘီ (၄၀)ကို ဝယ်စီးလိုက်သည်။ စာသင်ခန်းရှေ့တွင် ကားရပ်ကာပေးပြီး သမီးဆင်းသွားသည်ကို ကြည့်နေမိသည်။

သမီးသည် တည်ငြိမ်အေးဆေးလွန်းသည်။ ဂျင်မီလို သွက်သွက်လက်လက် မရှိ။ စကားနည်းသည်။ စာကြည့်ချိန်မှန်သည်။ သူမှာထားသလို စာကြည့်ပြီးလျှင် မီးဖိုချောင်ဝင်သည်။ အလုပ်နှင့် အသိုးအဘွားကျေနပ်အောင် ပြုစုပေမယ့် တီတီတာတာ ဖွဲ့ဖွဲ့နွဲ့နွဲ့ စကားမပြောတတ်။

အဝတ်အစားကလည်း သူငယ်စဉ်ကနှင့် ဘာမှမတူ။ သူက ငွေကိုင်သုံးရသူမို့ ဆန်းသမျှဝတ်သည်။ အင်နီက ဆန်းဆန်းပြားပြားလည်း မပူဆာတတ်။ သူဝယ်ပေးသမျှဝတ်သည်။ အဘွားသွင်းပေးသော ပုံစံထင်ပါရဲ့။ ကျောင်းတက်သွားလျှင် ရခိုင်လုံချည်ရောင်စုံပဲဝတ်သည်။ ပြီးတော့ အင်နီ

www.burmeseclassic.com

www.burmeseclassic.com



အမည်ကို 'ခိုင်ဖြူလင်း'ဟု တက္ကသိုလ်မှာပြောင်းရသည်။ အင်နီတို့ခေတ်ရောက်တော့ ရှုယ်လီတို့ခေတ်လိုမဟုတ်။ ဆံပင်တွေလည်း ကျောလယ်ရောက်ပြီ။ အင်္ကျီလည်ဟိုက်၊ လက်တိုဝတ်လာကြ၍ ဘလောက်စ်ကိုလည်း စတင်ဝတ်လာသည်။ အင်နီက အိမ်မှာမူ တိုဘရယ်ကိုးနှင့် ပွင့်ရိုက်လုံချည်များကိုဝတ်သေးသည်။ ကျောင်းတက်လျှင် နိုင်လွန်လက်ရှည်အဖြူနှင့် ရခိုင်လုံချည်ကိုပဲဝတ်သော အင်နီ့ပုံစံမှာ ပါတိတ်ရောင်စုံတွေခေတ်စားသော ကျောင်းသူတွေအလယ်မှာ တစ်ပုံစံဖြစ်နေသည်။ ဆံပင်ကိုလည်း အရှည်ထားသည်။ ဆံထုံးနောက်တွဲလုံးကာ ပန်းတစ်ပွင့်ပွင့်ကိုတော့ ခေါင်းမှာပန်သွားသည်။ အင်နီက သူ့လိုအသားမဖြူ။ ညိုညိုနွဲ့နွဲ့၊ နှာတံစင်းစင်းလေးနှင့်။ နှုတ်ခမ်းပါးလေးတွေကတော့ ပြုံးနေတတ်သည်။ ညိုမှောင်သောမျက်ဝန်းကတော့ တည်ငြိမ်အေးဆေးသောစိတ်ကို ပြနေသည်။ အင်နီ တစ်ခါတစ်ခါ ရခိုင်လုံချည်အဖြူခံနှင့် နိုင်လွန်လက်ရှည်ဝတ်၍ ကျောင်းတက်သောနေ့မှာမူ အဖြူရောင်ကြိုက်တတ်သော တူးတူးကို သွားသတိရသည်။ သူ့သမီးအင်နီသည် အရပ်သွယ်သွယ်မြင့်မြင့်နှင့် အဝတ်အစား ပြင်ပုံဆင်ပုံ ဟန်ပန်အမူအရာကအစ ဘာကြောင့် တူးတူးနှင့်တူနေပါလိမ့်။

အင်နီ စာသင်ခန်းထဲဝင်သွားတော့မှ ကားကိုစက်နှိုးကာ ဘွဲ့နှင်းသဘင်ခန်းမနောက်ဘက် အင်းလျားလမ်းအတိုင်း မောင်းသွားသည်။

ကားကို သစ်ပင်တစ်ပင်အောက် ရပ်ခဲ့၍ သူ ကန်ဘက်ကို ထွက်သွားသည်။ နံနက်နေခြည်အောက်မှာ ကန်ရေပြင်သည် တည်ငြိမ်လျက်ရှိသည်။

ညနေစောင်းမဟုတ်၍ အင်းလျားကန်ဘောင်မှာ ကျောင်းသူကျောင်းသား စည်စည်ကားကားမရှိ။ သူ ကန်ဘောင်မှာ မတ်တတ်ရပ်နေမိသည်။

ကန်လယ်ကျွန်းလေး တစ်ကျွန်းဆီသို့ လှေလေးတစ်စင်း လှော်ခတ်သွားသည်။ လှေပေါ်မှာ စုံတွဲတစ်တွဲ သင်တန်း (Class) မရှိသော အတွဲဖြစ်မည်။



နံနက်ခင်း လေညင်းသည် ရေမျက်နှာပြင်ကို နမ်းရှုပ်သွားသည်။ ...ရွက်ကလေးများကိုလည်း ပွေ့ပိုက်ကစားသွား၍ သစ်ရွက်ကလေးများ၏ ...ညင်းသော ရယ်သံများ ထွက်ပေါ်လာသည်။

တစ်ခါတုန်းက ဤမြက်ခင်းများပေါ်မှာ၊ ရင်ပြင်ပေါ်မှာ၊ အင်းလျား ...လယ်ရှိ ကျွန်းကလေးများပေါ်မှာ သူ ခြေရာထပ်ခဲ့သည်။ သူထည့်လဲ ...ခဲ့သူများသည်လည်း အိုးအိမ်ထူထောင်ကာ နယ်အနှံ့ထွက်ခွာ၍ သက်မွေး ...ကျောင်းတစ်ခုခု လုပ်နေကြပေပြီ။

သူ့ကိုလည်း မေ့ပျောက်ကောင်း မေ့ပျောက်ကြပေမည်။ သူသည်ပင် ...င်နှင့်သားနှင့် စီးပွားရေးကို ဦးဆောင်နေရသူတစ်ယောက်။ တက္ကသိုလ် ...ကျောင်းသူဘဝကို လွမ်းဆွတ်မိသား။

လင်းနှင့်ကျတော့ တက္ကသိုလ်ပတ်ဝန်းကျင်မှာ ခြေရာပျောက်၍ ...ကျောင်းပုရဝုဏ်အပြင်ထွက်ကာ တစ်နေရာရာမှာ တွေ့ကြသည်။ လင်းကို ...တာ သူကစ၍ ချစ်မိလေသောကြောင့် အစစ လင်းနှင့်တွေ့ဖို့ သူက ...ကွက်ဆင်ခဲ့ရသည်။

ဘုရား ဘုရား..., သမီးအင်နီသည် တက္ကသိုလ်ကျောင်းသူဘဝမှာ ...လိုမျိုး ချစ်သူများများထား၍ အလှည့်ကျအတွဲတွေနှင့် ဤကန်ပတ်ဝန်း ...ကျင်မှာ ကျက်စားခဲ့ပါလျှင်။

ပြီးတော့ သူ လင်းကိုတွေ့တော့ ကျောင်းတစ်ဝက်တစ်ပျက်နှင့် ...လင်းကို မရရအောင်ယူခဲ့သလို အင်နီသည် သူ့ ... ဘာပညာကို အပြီး ...မယ်ယူမှဖြင့်။ သူကိုယ်တိုင် မျက်နှာများခဲ့ပေမယ့် သူမိခင်ဘဝ ရောက်လာ ...တော့ အတွေးအခေါ်ပြောင်းလာသည်။

ရည်းစားများသောအန္တရာယ် သမီးအပေါ် ကျရောက်လာမှာ စိုးရိမ်လာ ...သည်။

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်စေရ။ ဒီလို ဘယ်နည်းနှင့်မှ အဖြစ်မခံနိုင်။ အထူးသဖြင့် လင်းမရှိ၍ အဖေမရှိ၍ သားသမီးတွေ ပညာရေးထိခိုက်ရသည်ဆိုသည်ကို နည်းနည်းမှ လက်မခံနိုင်။ သူ အစွမ်းကုန် အလုပ်လုပ်မည်။ သူ့နောက်မှာလည်း ယောက္ခမများက မြေများကိုအုပ်ထိန်းမှုတာဝန်ယူထားသည် မဟုတ်ပါလား။

သူ့အဖြစ်မျိုး အင်နီဖြစ်လာဖို့ အကြောင်းမရှိပါ။ သူ့စိတ်သူဖြေကာ ကားရှိရာ လျှောက်လာခဲ့သည်။ ကားပေါ်မှာထိုင်ရင်း သူဖြတ်လျှောက်လာသော မြက်ခင်းစိမ်းလေးကို ကြည့်လိုက်၏။ ဤမြက်ခင်းများသည် တစ်ခါက သူ့ချစ်သူများနှင့်အတူထိုင်ခဲ့သော ပန်းမွေ့ရာရွှေကော်ဇောများပါပဲ။

ယခင်က သူက ချစ်သူကို မလွမ်းတတ်။ မမျှော်တတ်။ ရှယ်လီဆိုသူကိုသာ ချိန်းဆိုထားသူချစ်သူက မျှော်လင့်ရမည့် မိန်းမစား။ ပတ်ဝန်းကျင်၏ အလှအပမှာ သူမိန်းမောဖို့ ကြည့်နူးဖို့ သတိမရ။ သူကြည်နူးသည်က သူ့အတွဲများဖြစ်သည်။ ကျောင်းသားအများစုကို နိုင်စားခဲ့လေသမျှ လင်းနှင့်ကျတော့ သူ ဒူးထောက်ရပြီ။ အောင်မြေအရပ်ဟု သူထင်ခဲ့သော အင်းလျားပတ်ဝန်းကျင်သည် ယခုတော့လည်း တိုးတိတ်ငြိမ်သက်လွန်းနေသလို ထင်ရသည်။ သရက်၊ ကံ့ကော်နှင့် မရမ်းပင်ကြီးများ အုံ့ဆိုင်းညို့မှိုင်းနေသည်။ အဝေးရှိ စားသောက် ဆိုင်များမှာ စားလူ ကျိုးတိုးကျဲတဲနှင့်။

အေးမြသော သစ်ရိပ်ကို နိုလှုံနေသော ဥသြငှက်၏ တိုးညင်းသောတေးသံကို ကြားရစပြုလာသည်။ ကန်ရေပြင်မြသားပေါ်မှာ နေခြည်က စိန်ပွင့်များ ဖြန့်ကျဲသွားသည်။ ရေပြင်ကို ဖြတ်သန်းလာသော လတ်ဆတ်သော နံနက်ခင်းလေက သူ့ကို ဖက်ယမ်းနှုတ်ဆက်သည်။ ရစ်မူးမိန်းမောဖွယ်ကောင်းသော ပတ်ဝန်းကျင်။ သူမေ့လျော့ခဲ့သော တက္ကသိုလ်၏ တိမ်းမူးဖွယ်ပတ်ဝန်းကျင်မှာ သူ ယခုတော့ လွမ်းတတ်လာပြီ။ သူမျှော်ရသောအလှည့်သို့ ရောက်ခဲ့ပြီ။ လေးတွဲ့စွာ သက်ပြင်းချရင်း တက္ကသိုလ်ပရဝုဏ်မှ သူ့ကားလေးကို ဖြည်းညင်းစွာမောင်း၍ ထွက်လာခဲ့သည်။



ဆိုင်ကိုသွားရန် စကော့ဈေးသို့ ကားမောင်းလာခဲ့သည်။ ယခုတော့ ကျောက်မျက်ရတနာများ ရောင်းဝယ်သောနေရာမှာ သူ၏ အဖေတူ အမေကွဲ ညီမလေး ညိုမိကိုခေါ်၍ တာဝန်ပေးသည်။ နေတော့ ဒေါ်ခင်သက်တင်နှင့် အတူနေခိုင်းသည်။မာမီဘက်က တူတစ်ယောက်ဖြစ်သူ ကျော်မင်းဝေ က ဆိုင်မန်နေဂျာလုပ်သည်။ အရောင်းကလေးမနှစ်ယောက်နှင့် ဆိုင်က အခြေကျ၍လာပါသည်။ နိုင်ငံခြားမှ ကုန်ပစ္စည်းများ တင်သွင်းသောကိစ္စနှင့် ပတ်သက်၍တော့ ယောက္ခမကြီး ဦးရွှေဖံအောင်၏ ညွှန်ကြားချက်ကို သူက လိုက်နာသည်။ အတွင်းဝန်ရုံး၊ ဘဏ်နှင့် နိုင်ငံခြားဆက်သွယ်ရေးကို သူက လုပ်ရသည်။

ခုရုပ်မှ နေခင်ရှင်းဆိုသလို ဆိုင်ကို စ၍ထောင်ကတည်းက စာချုပ်ချုပ်ထားသည်။ ရှယ်လီက ရောင်းဝယ်ရေးတာဝန်ယူ၍ လုပ်စိုက်။ ဦးရွှေဖံအောင်က ငွေရင်းစိုက်ကြရသည်။ အမြတ်ငွေကို တစ်ယောက်တစ်ဝက် ခွဲယူရမည်ဖြစ်သည်။

သူ ဝင်ငွေရှိလာကတည်းက အင်နီကျောင်းစရိတ်ကို သူတာဝန်ယူခဲ့သည်။ ယောက္ခမကြီးများက ဂျင်မီကို ဆရာဝန်ဖြစ်အောင် ထားပေးဖို့ တာဝန်ယူကြသည်။

သူသည် ဆိုင်အဆင်သင့် ဖွင့်ထားသည်ကို ကြည့်ရှု၍ ကျော်မင်းဝေကို မှာစရာရှိသည်များမှာကာ အတွင်းဝန်ရုံးဘက် ထွက်လာခဲ့သည်။ ကုန်သွယ်ရေးဌာန အတွင်းဝန်လေး ဦးသန်းထွန်းဟု ဆိုင်းဘုတ်ချိတ်ထားသော ရုံးခန်းရှေ့မှာ သူရပ်လိုက်၏။ မင်းစေလေးကို ခွင့်တောင်းလိုက်သည်။ မင်းစေလေး ရုံးခန်းထဲဝင်ကာ ခွင့်တောင်းပြီး ပြန်ထွက်လာခဲ့သည်။

'ဝင်နိုင်ပါတယ် မမ'

သူ ရုံးခန်းထဲဝင်လိုက်တော့ အံ့အားသင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'လာလာ ရှယ်လီ ကိုယ်က ဒေါ်မြကြာဖြူဆိုတော့ ဘယ်သူများလဲ
ထိုင်ပါ'

ရှယ်လီကလည်း စားပွဲရှေ့ထိုင်လိုက်ရင်း ဝမ်းသာသွားသည်။

'ရှယ်လီကလည်း မမဒေါ်ခင်သက်တင်က အတွင်းဝန်လေးအသ
ပြောင်းလာတယ်လို့ပြောတော့ အသေအချာမမေးမိဘူး၊ ဝမ်းသာလိုက်တ
ရှယ်လီတို့ သူငယ်ချင်းတွေ ပြန်တွေ့ရတော့ အလုပ်လုပ်ရတာ အဆင်
တာပေါ့'

ဦးသန်းထွန်းသည် အသားဖြူဖြူ အရပ်မြင့်မြင့်၊ နှာတံက မပေါ
မျက်လုံးများက ရှုးရှူ ထက်မြက်သော မျက်လုံးမျိုး။ ဖော်ဖော်ရွေ
စကားပြောကောင်းသည်။

'ဆိုပါဦး၊ တက္ကသိုလ်မှာတုန်းက ကိုယ်တွဲခဲ့ရတဲ့ရှယ်လီ၊ ခု မြ
ဖြူ၊ ဘယ်လိုဖြစ်တာလဲ'

ရှယ်လီက 'တွဲ'ဆိုသော စကားလုံးကိုမကြိုက်။

'ကျောင်းမှာက ရှယ်လီကို မြကြာဖြူလို့ မခေါ်ကြဘူးလေ၊ ရှယ်လီ
မှာမိပေးထားတဲ့ မြန်မာနာမည်က မြကြာဖြူ၊ အခု ကုမ္ပဏီထောင်တေ
ရှယ်လီ မြန်မာအမည်နဲ့ ကုမ္ပဏီထောင်တာပေါ့...'

'အခု သူဌေးဖြစ်နေပြီလား'

'မဖြစ်သေးပါဘူး ကိုသန်းထွန်းရယ်။ လည်ပတ်ပြီလို့တော့ ဆိုနိုင်တ
ပေါ့။ ယောက္ခမတွေက ငွေရင်းထုတ်ပေးတယ်'

ဦးသန်းထွန်းသည် ခေတ္တငေးနေရင်းမှ

'ကိုယ် လင်းရွှေအောင်အကြောင်းလည်း ကြားပါတယ်၊ သူ ပြန်မလ
တော့ဘူးနော်'

ရှယ်လီ စိတ်ထဲမှာ လင်း အကြောင်းကို ဦးသန်းထွန်း သိချ



သိနေပေမယ့် နှုတ်မှ ထုတ်ဖော်၍ မပြောစေချင်။ ဦးသန်းထွန်းက စကားဆက်
ပြောၿပီ။

'ဒီလိုပေါ့လေ၊ ကိုယ်တို့ တက္ကသိုလ်မှာ နေခဲ့ရတဲ့ရက်တွေကတော့
ကြည်နူးစရာတွေပဲ၊ကိုယ်လည်း မြစ်ဝကျွန်းပေါ်ဘက်ရောက်တော့ လေ့ကလေး
တွေမြင်ရတိုင်း ရှယ်လီကို သတိရတယ်'

ရှယ်လီ မျက်နှာမထားတတ် ဖြစ်သွားမိသည်။ သူ့မျက်နှာကို ကြိုး
စား၍ ထိန်းလိုက်သည်။ ဦးသန်းထွန်း သတိရနေပေမည်။ သူနှင့် လှေလှော်
ဘက် ကျောင်းသားထဲမှာ ဦးသန်းထွန်းတစ်ယောက် ပါဝင်ဖြစ်ခဲ့သည်။

ကျောင်းတုန်းကတော့ ဦးသန်းထွန်းအပေါ် အလေးအနက်မထားခဲ့ပါ။
တွဲဖော်တွဲဘက် လှေလှော်ဘက် တစ်ယောက်ပဲပေါ့။

'အကြောင်းတွေပေါ့ ရှယ်လီရယ်၊ ကိုယ့်ဟာကို ရပ်တည်နိုင်ဖို့ပဲ
အရေးကြီးတယ်။ ကိုယ့်ကံကြမ္မာကတစ်မျိုး၊ ကိုယ့်ဇနီး တစ်နှစ်က ဆုံးသွား
တယ်။ ကလေးကတော့ မကျန်ရစ်ခဲ့ဘူး။ ရှယ်လီ့ကို ကိုယ်ချီးကျူးပါတယ်။
လင်းရွှေအောင်မရှိပေမယ့် ရှယ်လီကို ကိုယ်မြင်ရတာ ကျောင်းတုန်းကနဲ့
ဘာမှမတူဘူး။ သိပ်ပြောင်းလဲလာကယ်။ တည်ငြိမ်ရင့်ကျက်လာတယ်လို့
ယ်ဆိုလိုချင်တာ။ ကိုယ်က ပျော့ညံ့နေသေးတယ်။ ခုထိ ကိုယ့်ဇနီးဆုံးသွား
အတွက် ဖရိုဖရဲ ကျန်ရစ်တဲ့ဘဝကို သိမ်းဆည်းလို့မရသေးဘူး'

'ဒီလိုပေါ့ ကိုသန်းထွန်းရယ်၊ ရှယ်လီ ဒီမနက်ပဲ သမီးကိုကျောင်းပို့
ရင်း အင်းလျားကန်ဘက် ရောက်ခဲ့သေးတယ်။ ကျောင်းသားဘဝကတော့
လွမ်းစရာပေါ့။ ဒါပေမယ့် ရှယ်လီ တက္ကသိုလ်ကျောင်းသူမဟုတ်တော့ဘူး။
ရှယ်လီ့မှာက သားနဲ့သမီးက ရှိနေသေးတယ်။

သူတို့ရှေ့ ကိုယ်က မားမားမတ်မတ် ရပ်မပြနိုင်ရင် သူတို့ပါ ဖရိုဖရဲ
ဖြစ်ကုန်မှာပေါ့။ ပြီးတော့ အလုပ်က ရှယ်လီ့စိတ်ကို ထိန်းသွားတာ။

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီလေ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေလည်း တွေးထားတယ်။ ငွေရင်းက မလိုက်နိုင်သေးလို့၊ ကဲ… ရှယ်လီ ပြင်သစ်က ဘရိုကိတ်တွေ မှာထားတဲ့ကိစ္စ နည်းနည်းနှောင့်နှေးနေလို့ ကိုသန်းထွန်းကို အဲဒါလာပြောတာ'

'စာရွက်စာတမ်း ကော်ပီတွေရှိတယ်မို့လား၊ ပေးထား… နောက်လည်း လာပါ။ ကူညီရမှာ ကိုယ့်မှာ ဝတ္တရားရှိတယ်။ ကိုယ် ရှယ်လီနဲ့တွေ့ရတာ ဘယ်လိုဝမ်းသာမှန်းမသိဘူး။

ကိုယ်က အားရင် ကပွဲတွေပဲ သွားနေတာ၊ မေရီမရင်းကလပ်မှာ ဒီစနေနေ့ည Ball Dance ရှိတယ်။ အလှူရန်ပုံငွေကပွဲ။ ကိုယ် လက်မှတ် နှစ်စောင်တောင် ဝယ်ထားရတယ်။ ရှယ်လီ လိုက်မလား'

'အို… ကိုသန်းထွန်းကလည်း ရှယ်လီ ကပြားဖြစ်ပေမယ့် အကမတတ်ဘူး။ မာမီရှိကတည်းက ဒီ Ball Dance ရင်ချင်းဆက်အကတွေ မာမီက မကစေရဘူး။ ကျောင်းမှာ ကိုသန်းထွန်းသိသားပဲ၊ တခြား ရှယ်လီ သွားချင်ရာသွားတာ၊ ကပွဲမတက်ပါဘူး'

'ကောင်းပါလေဗျာ၊ နောက် တွေ့ကြသေးတာပေါ့ ရှယ်လီ၊ ကိုယ်တို့ လှေလှော်ကြဦးစို့'

ကိုသန်းထွန်းက ရယ်၍ပြောလိုက်သည်။

ရှယ်လီသည် ဘာပြန်ပြောရမှန်းမသိ ကြောင်အန်းအန်းဖြစ်သွားပြီးမှ နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

[ ၂၃ ]

'ရှယ်လီ… မမ စကားပြောနေတယ်'

တစ်ဖက်မှ ဒေါ်ခင်သက်တင်စကားပြောသံ တယ်လီဖုန်းထဲမှ ကြားနေရသည်။

'ဆိုပါမမ'

'ရှယ်လီ စိတ်ဝင်စားမယ့် လူတစ်ယောက် ရောက်နေတယ်…'

'ရှယ်လီက စကားအစိပ္ပာယ်ကို နားမလည်'

'ဘယ်သူလဲ မမ'

'တွေ့တော့သိရမှာပေါ့၊ အဲဒီလူ ရှယ်လီနဲ့တွေ့ရင် ရှယ်လီသိချင်တာတွေ မေးနိုင်တာပေါ့။ သူက ပဲရစ်က ကုန်သည်ပါပဲ။ ဖက်ရှင်ကုမ္ပဏီတစ်ခုက။ မမ ဒီလိုစီစဉ်ထားတယ်၊ တခြားလူတွေလည်း မဖိတ်ဘူး။ ရှယ်လီပဲ ဖိတ်မယ်၊ မမယောက်ျား ဦးဖေမြင့်နဲ့ မမရယ်ဆိုတော့ ဒီလူနဲ့ဆို လေးယောက်။ (Informal) ပေါ့။ သံကြီးတမန်ကြီးတွေလို စကားပြောမနေရဘူး။ ပေါ့ပေါ့ ပါးပါးပဲ ကိုယ်ဆွေးနွေးချင်တာ ဆွေးနွေးနိုင်တယ်။ လာမယ့် စနေနေ့ညနေ ၇နာရီလောက် မမတို့အိမ်လာခဲ့ပါ၊ ညစာကျွေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ လာမယ် မမ'

ရှယ်လီသည် တစ်ခါက မမ ဒေါ်ခင်သက်တင်နှင့် ဆွေးနွေးခဲ့ဖူးသည်။ ပဲရစ်သည် ဖက်ရှင်ပြပွဲတွေ ခေတ်စားသောနေရာဖြစ်သည်။

အကယ်၍ မြန်မာချိတ်လုံချည် ပိုးထည်တွေကိုပဲ ပဲရစ်မှာ ဖက်ရှင်ပြပွဲ လုပ်နိုင်လျှင် ချိတ်ပိုးထည်တွေ အနောက်နိုင်ငံဈေးကွက်မှာ ဝင်ရောက်နိုင်မည်။ သူ့မှာ ဆန္ဒသာရှိသည်။ တိုးချဲ့ဖို့ငွေရင်းလည်းမရှိ။ အဆက်အသွယ်ကလည်း မရှိ။

ဦးဘိုးငြိမ်းကုမ္ပဏီက လန်ဒန်သွား၍ ကုန်သွယ်ရေးလေ့လာစဉ်ကများ သူလိုက်သွားချင်လိုက်တာ...။

ယခု တွေ့ရမည့်သူက ဘယ်သူလဲ၊ မသိပါပေ။ သူစိတ်ဝင်စားသော အကြောင်းနှင့် ဆက်နွှယ်၍သာ မမက ဖိတ်ခေါ်ခြင်းဖြစ်မည်။

စနေနေ့ညနေကျတော့ မာမီ့ကို ခွင့်တောင်းကာ ဟဲအေးနှင့်သူ မတို့ အိမ် ခြောက်မိုင်ခွဲကိုထွက်လာသည်။

ဒေါ်ခင်သက်တက်အိမ်ရောက်တော့ ဟဲအေးကို ပြန်လွှတ်လိုက်ကာ ဒေါ်ခင်သက်တင်ကို ပြန်ပို့ခိုင်းမည်ဟု မှာလိုက်သည်။

မြက်ခင်းပေါ်မှာ ကြိမ်ကုလားထိုင်လေးလုံးချထားသည်။

ည၇နာရီလောက်မှာ မှောင်စပျိုးနေပေမယ့် သူတို့ထိုင်နေသော မြက်ခင်း ပေါ်မှာ အလင်းရောင်ရှိသည်။ ယုဇနရုံနှင့် ဓိဇဝါပန်းရုံများမှာ ရောင်စုံမီးလုံး လေးများ ထွန်းထား၍ သူတို့နေရာတွေ မီးရောင်များ ဖြာကျနေသည်။

ညစာက ၈နာရီမှ စမည်။ ညစာမစခင် မြက်ခင်းက စားပွဲပေါ်မှာ အအေးနှင့် ဧည့်ခံမည်။ ယောကျ်ားနှစ်ယောက်အတွက်တော့ ယမကာပါ။

ချိန်းဆိုထားသော ပဲရစ်ဧည့်သည် ကားနှင့်ခြံဝင်းထဲဝင်လာသည်။ ဒေါ်ခင်သက်တင်က ကြိုဆိုလာကာ စားပွဲရောက်လာမှ မိတ်ဆက်ပေးသည်။



'ဒါက ကျွန်မမိတ်ဆွေ ဒေါ်မြကြာဖြူ'

'ကျွန်တော်က မွန်စီယာမီရှယ်ပါ၊ ကျွန်တော့်ဖက်ရှင်ကုမ္ပဏီက Ives St. Laurent (အိဗ်စိန့်လော်ရင့်ကုမ္ပဏီ)ပါ'

'တွေ့ရတာ ဝမ်းသာပါတယ်'

ရှယ်လီကလည်း လက်ဆွဲနှုတ်ဆက်ကာ ဝမ်းသာကြောင်း ပြောပြသည်။ ပြီးတော့မှ ဒေါ်ခင်သက်တင်က သူ့ခင်ပွန်း ဦးဖေမြင့်က မိတ်ဆက်ပေးကာ စားပွဲမှာထိုင်ဖြစ်ကြသည်။ စကားပြောရင်း ဒေါ်ခင်သက်တင်က ထိုည ထမင်းစားပွဲမှာ မိတ်ရင်းဆွေရင်းများ တွေ့ဆုံပွဲလို သူ ကျွေးခြင်းဖြစ်၍ ဘာမှ (ETEQUETT ေ) လေ့ထုံးစံ ဟန်ပန်တွေမရှိပါကြောင်း ပြောပြသည်။

မွန်စီယာမီရှယ်သည် နှာတံမြင့်မြင့်မှာ အလယ်က အနည်းငယ်မို့နေသော အာရစ်တိုကရက်တစ် မင်းမျိုးမင်းနွယ်တွေမှာ ပါတတ်သော နှာတံမျိုး။ မျက်လုံးညိုညိုနှင့် မျက်နှာသွယ်သွယ်၊ ဆံပင်က အညိုရောင်။ အရပ်ကတော့ မြင့်သည်။ ပြုံးရွှင်ဖော်ရွေသော ဆက်ဆံမှုက ကိုန်သည်ကောင်းတစ်ယောက် ပီသပါသည်။

ရောင်စုံဖြာကျနေသော မီးရောင်အောက်တွင် ရှယ်လီသည် နိုင်လွန်အင်္ကျီအဖြူလက်ရှည်နှင့် ချိတ်လုံချည်အနက်ခံပေါ်တွင် ငွေချည်ချိတ်ထားသော နစ်ရောင်ချိတ်လုံချည်ကိုဝတ်ထားသည်။ လည်တိုင်ဖြူသွယ်သွယ် အောက်မှာ သူ့ဖက်ရှင် ပုလဲသွယ်က ရစ်ခွေလျက်။ ပုလဲနုရောင်မျက်နှာက ဝင်းပနေသည်။ ဆံထုံးကိုလည်း မြန်မာဆန်ဆန် ထုံးဖွဲ့ထားသည်။

မွန်စီယာမီရှယ်သည် ရှယ်လီကို ခေတ္တမျှငေးကြည့်ပြီး မျက်စိလွှဲလိုက်သည်။ ပြီးတော့မှ သူ့စကားဆက်သည်။

'ဦးဘိုးငြိမ်းကုမ္ပဏီက မိသားစု လန်ဒန်လာတော့ ကျွန်တော်ကလည်း လန်ဒန်မှာ ရှိနေတာနဲ့ မြန်မာလူမျိုးကို စိတ်ဝင်စားသွားတာ။ သူတို့ကိုတွေ့

www.burmeseclassic.com



တန်းက သူ့သမီးထင်တယ်၊ ပြင်ဆင်ထားတာ အခု ဒေါ်မြကြာဖြူတို့ ဝတ်ထားသလို မဟုတ်ဘူး။ မင်းသမီးအဝတ်အစားလို့ ဆိုပါတယ်'

'ပေါ့ပေါ့ပါးပါး ရင်းရင်းနှီးနှီးစကားပြောရအောင်၊ ကျွန်မနာမည် ရှယ်လီပါ…

ရှယ်လီက ဒေါ်မြကြာဖြူဟူ၍ ထစ်အဲထစ်အဲ မိရှယ်ခေါ်သည်ကို အားနာဟန်နှင့် ပြောလိုက်သည်။ ဒေါ်ခင်သက်တင်က ဝင်ရောက်ပြောလာသည်။

'ဟုတ်ကဲ့၊ အဲဒီအဝတ်အစားမျိုးကို လုံချည်က ဗလာထဘီခေါ်ပါတယ်။ အင်္ကျီက ထိုင်မသိမ်း အင်္ကျီခေါ်ပါတယ်။ ကျွန်မတို့ မြန်မာဘုရင်များ ရှိစဉ်က နန်းတော်မှာ မိဖုရားတွေ၊ ဘုရင့်သမီးတော် အပျိုတော်တွေ၊ ရံရွေတော်တွေ အဲဒီလို ဝတ်ကြပါတယ်။ ခုခေတ်မှာလည်း မင်္ဂလာဆောင်သတို့သမီးနဲ့ နားသပွဲတွေမှာ အမျိုးသမီးတွေ ဗလာထဘီနဲ့ ထိုင်မသိမ်းအင်္ကျီ ဝတ်ဆင်ပါတယ်။ များသောအားဖြင့် အချိတ်ဆင်ကို ဗလာထဘီချုပ်ကြပါတယ်။ အပြင်အရပ်သူတွေကတော့ ကျွန်မတို့လိုပဲ ဝတ်ပါတယ်'

'ကျွန်တော် သေသေချာချာ လေ့လာမိတယ်။ မြန်မာအမျိုးသမီးဝတ်တဲ့ ဝတ်စုံဟာ နန်းတွင်းဝတ်စုံရော၊ ခုခေတ်ဝတ်စုံပါ ကိုယ်လုံးအလှကိုပေါ်စေတယ်'

'ဟုတ်ပါတယ်' ရှယ်လီက ဖြေလိုက်၏။

'ကျွန်တော် လာရောက်နေတဲ့ အတောအတွင်း ကုန်သည်လောကကို လေ့လာကြည့်တော့ မြန်မာအမျိုးသမီးတွေဟာ ကုန်သွယ်ရေးမှာ အတော်များများ ဦးစီးလုပ်ကိုင်နေကြတယ်'

'ဟုတ်ပါတယ် မွန်စီယာ၊ ကျွန်မ မိတ်ဆွေ ဒီက ရှယ်လီခေါ် ဒေါ်မြကြာဖြူဆိုလည်း မြကြာဖြူဆိုတဲ့ ကုမ္ပဏီဖွင့်ပြီး သူကိုယ်တိုင်ဦးစီးနေတာပါ'

ဒေါ်ခင်သက်တင်ပြောလိုက်တော့ တအံ့တဩနှင့် ရှယ်လီကို မိရှယ်က လှမ်းကြည့်လိုက်၏။



'အချိန်အားရရင် စကော့ဈေးအနောက်ဘက်တန်းမှာ ရှယ်လီရဲ့ 'မြကြာဖြူ' ကုမ္ပဏီရှိပါတယ်။ လာကြည့်ဖို့ ကျွန်မ ဖိတ်ခေါ်ပါတယ်'

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော်လာချင်ပါတယ်၊ ကြိုပြီးပြောပါ့မယ်'

'ကျွန်မရောင်းတဲ့ကုန်တွေက နိုင်ငံခြားအထည်တွေလည်း ရှိပါတယ်။ မြန်မာရက် ပိုးချိတ်ထဘီ၊ ရခိုင်ချိတ်တွေနဲ့ ကျောက်မျက်ရတနာတွေပါ'

'ကျွန်တော်က ဖက်ရှင်ကုမ္ပဏီကဆိုတော့ အထည်ဒီဇိုင်းတွေကို စိတ်ဝင်စားတယ်'

ရှယ်လီမှာ သူ့အကွက်ဝင်လာ၍ ဝမ်းသာသည်။

'မွန်စီယာ ကျွန်မတို့ဆိုင်လာခဲ့ပါ။ ကျွန်မဆန္ဒက မြန်မာချိတ်ထဘီတွေကို နိုင်ငံခြားသူတွေဝတ်တဲ့ ဘလောက်စ်တို့ စကတ်တို့ပုံစံနဲ့ ဖက်ရှင်ပြပွဲတွေမှာ ဝတ်ပြရင် နိုင်ငံခြားသားတွေများ စိတ်ဝင်စားမလားလို့ စမ်းကြည့်ချင်တယ်'

မိရှယ်က ခေါင်းတညိတ်ညိတ်လုပ်ပြီး စဉ်းစားနေဟန်ရှိသည်။

'ဒီဇိုင်းအဆင်နဲ့ပတ်သက်ပြီး အခုအချိတ်ဆင်တွေထက် အနောက်နိုင်ငံခြားသားအကြိုက်ဆင်တွေကိုလည်း မွန်စီယာတို့ အကြံဉာဏ်ပေးစေချင်တယ်'

'ကောင်းပါတယ် ရှယ်လီ၊ ကျွန်တော်လည်း စိတ်ဝင်စားပါတယ်…'

'ကဲ… ညစာစားပွဲ အဆင်သင့်ဖြစ်ပါပြီ'

ဒေါ်ခင်သက်တင် ဖိတ်ခေါ်လိုက်၍ အားလုံးနေရာမှထကာ အိမ်ထဲ ဝင်လာခဲ့သည်။

ထမင်းစားပွဲမှာ ဒေါ်ခင်သက်တင်က မြန်မာထမင်းဟင်းများနှင့် မိရှယ်ကို မိတ်ဆက်ပေးသည်။

'Course နဲ့ အနောက်တိုင်းလို စီစဉ်မထားဘူး မိရှယ်၊ မြန်မာလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်း အားလုံး စားပွဲမှာ ချကျွေးမယ်။ ပြီးတော့ မိရှယ်တို့ အစပ် မစားနိုင်လို့ မြန်မာဟင်းပေမယ့် အစပ်လျှော့ထည့်ထားပါတယ်'

ဒေါ်ခင်သက်တင်က ပြောပြ၏။ အိမ်ဖော်များက ပန်းကန်ပြားထဲ ထမင်းထည့်ပေးသည်။ ဟင်းချိုပန်းကန်လုံးများကိုတော့ တစ်ယောက်တစ်လုံးစီ သီးသန့်ထည့်ပေးသည်။

'ကောင်းပါတယ် ခင်ဗျာ၊ မြန်မာ့ဓလေ့ကို ကျွန်တော် သိရတာပေါ့။ တည်းခိုတဲ့ ဟိုတယ်တွေက အနောက်တိုင်းလိုကျွေးတော့ မြန်မာအစားအစာရော၊ စားပုံဟန်ကိုရော ကျွန်တော်တို့ မလေ့လာရဘူး။ အခု ဒေါ်ခင်သက်တင်ကို သိပ်ကျေးဇူးတင်ပါတယ်'

'တကယ်လို့များ မွန်စီယာမိရှယ်— အချိန်ရမယ်ဆိုရင် ရှယ်လီကလည်း ဖိတ်ခေါ်ချင်ပါတယ်။ နေ့လယ်စာပေါ့၊ ကျွန်မတို့ မြန်မာမုန့်ဟင်းခါး ကျွေးချင်ပါတယ်'

ရှယ်လီက ဖိတ်ခေါ်ချင်ကြောင်း စကားစလိုက်သည်။

'ဝမ်းသာလိုက်တာ၊ ခင်ဗျားဖိတ်ခေါ်တာကို ကျွန်တော်လက်ခံနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အားလပ်ချိန်ကို ကြည့်လိုက်ပါဦးမယ်၊ ဂျပန်ကို ခရီးဆက်သွားရပါဦးမယ်၊ မြန်မာအမျိုးသမီးတွေဟာ အင်္ဂလိပ်စကားကို အတော်လည်လည်ဝယ်ဝယ်ပြောတတ်တာပဲ၊ ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ပဲရစ်တို့ လန်ဒန်တို့ကို ခရီးထွက်စေချင်တယ်...'

ရှယ်လီကဟင်းပန်းကန်ကိုယူကာ မိရှယ်ကိုခွင့်တောင်း၍ ထည့်ပေး၏။ မိရှယ်က ပြုံး၍ကျေးဇူးတင်ကြောင်း ပြောလိုက်သည်။ ပြီးမှ—

'ရှယ်လီ ဟင်းထည့်ပေးတာတွေ့လို့ ကုန်သွယ်ရေးနဲ့မဆိုင်ဘာ ကျွန်တော် တစ်ခုပြောရဦးမယ်...'

မိရှယ်က စကားဆက်သည်။



'ကျွန်တော့်သူငယ်ချင်းက သံရုံးအမှုထမ်းပါ။ တစ်နှစ်က မြန်မာအမျိုး...မီးကို လက်ထပ်ထားပါတယ်။ သူက ပြောတယ်၊ ထမင်းစားရင် ဟင်းကို ...မိန်းက သူ့ပန်းကန်ထဲ အရင်ထည့်ပြီးမှ သူစားတယ်။ အဲဒါ မြန်မာ့ဓလေ့ဆို'

'ဟုတ်ပါတယ်၊ မြန်မာလို ဦးချတယ် ခေါ်ပါတယ်'

ရှယ်လီက ပြောလိုက်၏။

'ဦးချတယ်'

မိရှယ်က မပီကလာ ပီကလာနှင့် မြန်မာလိုဆိုသည်။

'ဟုတ်ပါတယ်၊ ကိုယ်မစားခင် ဦးဦးဖျားဖျား လင်သားကိုကျွေးတာပါ။ ...င်သားကို လေးစားတဲ့သဘောပါ'

ရှယ်လီက ပြောလိုက်၏။

'မြန်မာတွေ လင်ကိုကြောက်ရလား'

'မကြောက်ရပါဘူး။ ဒါပေမယ့် လင်ကို ရိုသေလေးစားကြတယ်'

မိရှယ်၏အမေးကို ဒေါ်ခင်သက်တင်က ဖြေလိုက်၏။

ရှယ်လီက ဦးချခြင်းအဓိပ္ပာယ်ကို ဆက်ပြောသည်။

'ရှယ်လီတို့မြန်မာမှာ ပေင်ကိုတင်မဟုတ်ပါဘူး။ ကိုယ့်မိသားစု ထမင်း...းမှာ မိဘပါရင် မိဘကို အရင်ဦးချပြီးမှ ကိုယ့်ထမင်းကိုယ်စားပါတယ်။ ...မပါရင် လင်သား၊ ဒါမှမဟုတ် ကိုယ့်ထက်ကြီးတဲ့လူတစ်ယောက်ပါရင် ...းတဲ့လူကို အရင်ဦးချပြီးမှ စားတတ်ကြပါတယ်။ ကျွန်မ မာမီဆိုရင် ...င်းဟင်းနဲ့ ဆွမ်းတော်တင်တယ်။ ပြီးတော့ ဘာအသီးအနှံပဲ အိမ်ကို ...က်လာလာ ဘုရားကိုဦးချ ဆွမ်းတော်တင်ပြီးမှ အိမ်သားတွေစားရတယ်'

'တယ်ပြီး ချစ်စရာကောင်းတဲ့ ဓလေ့ထုံးစံဗျာ'

မိရှယ်က လိုက်လိုက်လှဲလှဲ ချီးကျူးလိုက်၏။ ထမင်းကိုဆက်စားရင်း ...ပေါင်းထုပ်ကို အတော်သဘောကျပုံရသည်။ ထမင်းနည်းနည်းစားကာ

www.burmeseclassic.com

www.burmeseclassic.com



ငါးပေါင်းထုပ်ကို တစ်ခုပြီးတစ်ခု စားသည်။ ငါးဖယ်သုပ်၊ ဘူးသီးဟင်းချို၊ အသီးအရွက်ကြော်၊ ကြက်သားဆီပြန်ဟင်းများဖြစ်သည်။

'အနောက်နိုင်ငံသားတွေ ဆီသိပ်မကြိုက်ဘူးဆိုလို့ ကျွန်တော့်မိန်းမက ကြက်သားဆီပြန်တစ်ခုပဲ ဆီများများထည့်တယ်'

ဦးဖေမြင့်က ထမင်းစားရင်း မိရှယ်ကိုပြောလိုက်သည်။ မိရှယ်ကပြုံး၍–

'ဦးဖေမြင့် ဒေါ်ခင်သက်တင်ရတာ သိပ်ကံကောင်းတာပဲ။ ကျွန်တော်လည်း ကံကောင်းချင်ပါတယ်'ဟုပြောလိုက်၍ အားလုံးဝိုင်းရယ်ကြသည်။

မိရှယ်က ဆက်ပြောသည်။

'ကျွန်တော်ဆိုလိုတာက ကျွန်တော်က လူပျိုပါ။ ကျွန်တော်တစ်ယောက်ထဲပဲ နေပါတယ်' သူ့ဘဝကို တစ်ပိုင်းတစ်စ ဖော်ပြလိုက်သည်။

'ကုန်သွယ်ရေးမှာရော၊ အိမ်တွင်းမှုမှာရော ကျွမ်းကျင်တဲ့ အိမ်ရှင်မရထားတော့ ဦးဖေမြင့် ကံကောင်းတယ်လို့ဆိုလိုတာပါ။ ကျွန်တော်လည်း ဒီလိုမိန်းမမျိုး ရချင်တာပေါ့။ မြန်မာမိန်းမတွေက ယောကျ်ားတွေထက် ပိုအလုပ်လုပ်သလား'

'ဒီလိုရှိပါတယ်'

ဦးဖေမြင့်က ဝင်ပြောလိုက်၏။

'အိမ်ထောင်တစ်ခုမှာ မြန်မာအမျိုးသားတွေဟာ အိမ်ထောင်ဦးစီးအနေနဲ့ အစိုးရဝန်ထမ်းဖြစ်ဖြစ်၊ ကုန်သည်မှာဖြစ်ဖြစ် ဝင်ရောက်ထမ်းဆောင်ကြပါတယ်။ ကျွန်တော်ဆို အသက် ၆၀အထိ အစိုးရအမှုထမ်းပါ။ အဲဒီအချိန်မှာ ဒေါ်ခင်သက်တင်ဟာ အိမ်ရှင်မကောင်းတစ်ယောက်ပေါ့။ အခု ကျွန်တော် အနားယူပင်စင်ရတော့ သူက ကုန်သွယ်ရေးဘက်ဝင်ပြီး တစ်ဖက် စီးပွားရှာတာပါ။ မြန်မာလူမျိုးတွေ အိမ်ထောင်ရေးက ပါရမီဖြည့်ဘက်သဘောရှိပါတယ်။ တစ်ဦးနဲ့တစ်ဦး တစ်ဖက်သတ်လွှမ်းမိုးမှုတွေ မရှိကြပါဘူး–'



'ပါရမီဖြည့်ဘက်ဆိုတာ ဘာကိုဆိုလိုတာလဲ

မိရှယ်က နားမလည်၍ ဦးဖေမြင့်က ရှည်လျားစွာရှင်းလင်းပြောပြသည်။

'မိရှယ် ဘယ်နားလည်မလဲ၊ ပါရမီဆိုတာ ပါဠိစကား၊ သံသရာ တစ်ဖက်ကမ်းနိဗ္ဗာန်သို့ရောက်အောင် ကျင့်ကြံအားထုတ်ရသော မြတ်သောအကျင့်'လို့ အဓိပ္ပာယ်ရတယ်။ ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ရှေ့ဘဝနောက်ဘဝဆိုတာ ယုံကြည်၊ ဒီလိုဘဝတွေမှာ ကျင်လည်ရတာကို သံသရာလို့ခေါ်တယ်။ သံသရာအဆုံးမှာ နိဗ္ဗာန်ရှိတယ်။ နိဗ္ဗာန်ရောက်ရင် ဘဝက ပြန်မဖြစ်တော့ဘူး။ ဗုဒ္ဓဘာသာဝင်တွေ လက်ထပ်ရင် ဒီတစ်ဘဝတည်းအတွက် ဆုမတောင်းကြဘူး။ ဘဝဆက်ဆက် နိဗ္ဗာန်ရောက်သည်အထိပေါင်းရပါစေလို့ ဆုတောင်းကြတယ်။ နိဗ္ဗာန်မရမီ ကျင်လည်ခဲ့ရတဲ့ဘဝတွေမှာ သုခဒုက္ခတွေ့သမျှ လက်တွဲ ရင်ဆိုင်ပြီး နိဗ္ဗာန်ရောက်အောင် အားထုတ်ရတဲ့ ဒါန၊ သီလ အစရှိတဲ့ အကျင့်တွေကို ကျင့်ကြံကြတဲ့ ဇနီးမောင်နှံကို ပါရမီဖက်လို့ခေါ်ပါတယ်'

မိရှယ်က စိတ်ဝင်စားစွာ နားထောင်ရင်း–

'ကျွန်တော်သဘောပေါက်ပါတယ်'

ဟု ဆိုပြီးမှ–

'ဒါပေမယ့် ကျွန်တော်ထင်တယ်၊ ဇနီးမောင်နှံတိုင်းဟာ ဆုတောင်းတိုင်း မပြည့်ကြပါဘူး။ ဦးဖေမြင့်လို ကံကောင်းသူတွေတော့ ပါရမီဖြည့်ဘက်ဇနီးကောင်းရမှာပေါ့'

ဦးဖေမြင့်က ရယ်ရင်း 'ဟုတ်ပါတယ်၊ တချို့ဆု‌ ‌င်းမပြည့်ပါဘူး'ဟု ပြောလိုက်သည်။

'ကျွန်တော်တို့ ခရစ်ယာန်များလည်း လက်ထပ်တဲ့အခါ ဘုန်းကြီးရှေ့မှာ ဇနီးမောင်နှံနှစ်ယောက် အိုနာကျိုးကန်း သေတဲ့အထိ သစ္စာရှိပါ့မယ်လို့ ကတိသစ္စာပြုကြတာပါပဲ။ ဒါပေမယ့်တချို့ကျတော့ မအိုမနာခင် အလ‌ ‌ောင်

www.burmeseclassic.com

www.burmeseclassic.com



မပျက်သေးဘူး၊ လက်ထပ်ထားတဲ့သူရှိပေမယ့်လည်း နောက်တစ်ယောက်နဲ့ အိမ်ထောင်ရေးဖောက်ပြန်ကြတာ ရှိတာပဲ—'

'မြန်မာမှာလည်း လင်ကွာ မယားကွာတာချို့ရှိကြပေမယ့် ဘာသာရေးအရရော၊ ယဉ်ကျေးမှုအရရော၊ ဥပဒေအရရော၊ တစ်လင်တစ်မယားစနစ်ကို ဦးစားပေးပါတယ်။ အများစုကတော့ တစ်ယောက်နဲ့တစ်ယောက် နှင့်လွှတ်သည်းခံပြီး အိုအောင်မင်းအောင် ပေါင်းကြပါတယ်'

'အေးဗျာ— ကျွန်တော် အံ့သြပါတယ်။ အိမ်ထောင်ရေးမှာ တစ်ဖက်သတ် မဟာမိဖုရားနဲ့ လင်သားတွေက ကြီးစိုးနေတဲ့ အိန္ဒိယပြည်နဲ့ တရုတ်ပြည် အကြားမှာရှိတဲ့ မြန်မာတွေရဲ့ ဓနိးမောင်နှံဆက်ဆံရေး ဓလေ့ထုံးစံဟာ ခေတ်မီပြီး ချစ်စရာကောင်းတယ်နော်'

'ဟုတ်ပါတယ်၊ အမွေဆက်ခံပိုင်ခွင့်လည်း လင်သေရင် မယားအားလုံးရတယ်၊ မယားသေရင် လင်အားလုံးရတယ်'

'မြန်မာအမျိုးသမီးဖြစ်ရတာ ကံကောင်းလိုက်တာ'

မိရှယ်ရော ဦးဖေမြင့်ပါ စကားပြောရင်းမှ ထမင်းစားပြီးကြောင်း ဖွန်းခက်ရင်းကို ပန်းကန်ပြားပေါ် ပက်လက်ချ၍ ပြလိုက်ကြသည်။

ထမင်းစားပွဲကို အိမ်ဖော်များက သိမ်းလိုက်၍ အချိုပွဲများ ချလာသည်။ ဆနွင်းမကင်း၊ လက်ဖက်ရည်ကြမ်းနှင့် ငါးခြောက်ဖုတ်၊ လက်ဖက်သုပ်၊ ငှက်ပျောသီးများ ချကျွေးသည်။

ရှယ်လီက ပန်းကန်ပြားအလယ်မှာ လက်ဖက်စုံ တစ်ပုံစီပုံကာ ဖွန်းငယ်တပ်၍ မိရှယ်လက်ထဲထည့်ပေးသည်။

'ကျေးဇူးတင်ပါတယ်'ပြောကာ မိရှယ်က မြည်းစမ်းစားကြည့်သည်။

'လက်ဖက်ကတော့ မြန်မာ့ရိုးရာဓလေ့ အစားအစာ အစစ်ပဲ၊ ရှေးခေတ်ကရော၊ ခုခေတ်ရော လူတန်းစားမရွေးကြိုက်တယ်၊ မြန်မာဘုရင်တွေ



လည်း သုံးဆောင်တယ်၊ နန်းတော်ထဲမှာလည်း ရွှေချထားတဲ့ လက်ဖက်အုပ်ဟာ တော်ဝင်ပစ္စည်းပါပဲ။ ပြီးတော့ မြန်မာဘုရင်လက်ထက်က လွှတ်တော်မှာ အမှုအခင်း အဆုံးအဖြတ်ပေးပြီးရင် တရားလိုရော တရားခံပါ အစုပြီး ပြတ်ပြေငြိမ်းတဲ့သဘောနဲ့ လက်ဖက်ကို လက်ဆုံစားရပါတယ်။ လက်ဖက်ကို အဲဒီလို အရေးပါတဲ့အခန်းက ပါဝင်ခဲ့တာပါ'

ရှယ်လီပြောသမျှကို မိရှယ်က သောက နားထောင်နေသည်။ နှစ်လိုမှုယ် အပြုံးနှင့် ခေါင်းကလေးညိတ်ကာ တလေးတစား နားထောင်သည်။

'ရှယ်လီဆိုရင် ရှယ်လီ့ယောက္ခမတွေက ရခိုင်တွေပါ၊ သူတို့လည်း မြန်မာတိုင်းရင်းသားဆိုတော့ လက်ဖက်ကြိုက်ပါတယ်။ ထမင်းစားပြီး လက်ဖက် အမြဲပြင်ကျွေးရပါတယ်'

ရှယ်လီက သူ့ အပျိုမဟုတ်ကြောင်း သွယ်ဝိုက်ပြောလိုက်သည်။

'အို— ရှယ်လီ ခုထိ ယောက္ခမနဲ့နေတယ်'

မိရှယ်က တအံ့တသြမေးလိုက်သည်။

'ကျွန်မမှာ သားတစ်ယောက် သမီးတစ်ယောက်ရှိတယ်။ သားက ဆေးကျောင်းသားပါ။ သမီးက တက္ကသိုလ်ရောက်နေပြီ။ ကျွန်မ ယောက္ခမတွေက သူ့မြေးတွေကိုချစ်တော့ အတူနေပါတယ်'

'ကျွန်တော့်မှာတော့ 'အဲလစ်နဲ့ အံ့ဖွယ်တိုင်းပြည်' စာအုပ်ဖတ်ရသလိုပဲ။ ဒီတိုင်းပြည်ဓလေ့အဆန်းကို တွေ့ရပြန်ပြီ။ သားကို တက္ကသိုလ်အထိ မိဘက တာဝန်ယူတယ်။ အဘိုးအဘွားနဲ့လည်း တစ်စည်း[illegible]ပုံးတည်း ရှိကြတယ်။ ယောက္ခမနဲ့လည်း ချွေးမ အတူနေကြတယ်။ ကျွန်တော်တို့ဆီမှာတော့ ၁၈နှစ်သားကလည်း အတူမနေလိုတော့ဘူး။ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးကြတာပဲ။ အိမ်ထောင်ကျပြီဆို သီးသန့်ခွဲနေကြတာများတယ်'

'မိရှယ်တို့ဓလေ့ကလည်း တစ်နည်းကောင်းပါတယ်။ ကျွန်မတို့မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ဝတ္ထုရားဆိုပြီး ထိုလေ့ထုံးစံက သင်ကြားထားပါတယ်။ သားသမီးကို ပညာပြည့်စုံအောင် မိဘက ပညာသင်ပေးရမယ်။ အချိန်တန်ရင် မိဘကပဲ သားသမီးကို လက်ထပ်ပေးစားရမယ်။ ဒါ မိဘဝတ္တရားပါပဲ။ သားသမီးကလည်း မိအိုဖအိုကို ပြန်လည်လုပ်ကျွေးပြုစုရမယ်ဆိုတာ သားသမီးဝတ္တရားလို့ ပြဌာန်းထားပါတယ်'

မိရှယ်က ခေါင်းညိတ်နားထောင်ရာမှ...

'ရှယ်လီဆိုတဲ့နာမည်ကတော့ အင်္ဂလိပ်နာမည်နော်'ဟု မေးလိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်မတို့ငယ်ငယ်က လွတ်လပ်ရေးမရသေးပါဘူး။ ၁၀တန်းအထိ ကျွန်မ ပြင်ဦးလွင်က ခရစ်ယာန်သာသနာပြုကျောင်းတွေမှာ နေလာခဲ့ရတော့ အင်္ဂလိပ်အမည်တွေ ယူရပါတယ်။ ရှယ်လီတို့မာမီက ရှယ်လီကို ပေးထားတဲ့ မြန်မာအမည်က 'မြကြာဖြူ'ပါ'

'အဓိပ္ပာယ်က'

'မြဆိုတာ(Emerald) မြရဲ့အစိမ်းရောင်ဟာ အေးမြချမ်းငြိမ်းတဲ့ သဘောဆောင်ပါတယ်။ ကြာဖြူကတော့ (White Lotus) နွံထဲက ထွက်လာပေမယ့် သန့်ရှင်းကြည်လင်တဲ့ သဘောပေါ့'

'အို--သိပ်အဓိပ္ပာယ်လေးနက်တာပဲနော်။ လှလည်းလှတယ်။ ကျွန်တော် 'မြကြာဖြူ'ဆိုတဲ့ နာမည်ကို ပိုသဘောကျတယ်'

မွန်စီယာမိရှယ် စကားပြောသည်မှာ မြန်မာမှုကို စိတ်ဝင်စားနေကြောင်းထက် ရှယ်လီ့အလှမှာ မိန်းမောချင်ပုံရသည်။ ရှယ်လီမျက်လုံးများက ကျောင်းသူဘဝလို ရမ္မက်ဖြင့် ဝင်းဝင်းတောက်မနေ။ အနည်ထိုင်တည်ငြိမ်နေသောစိတ်ကြောင့် အကြည့်ခံရသူကို အေးမြစေသည်။ မိရှယ်သည် သူ့ရင်ကို ချမ်းမြေ့စေသော ရှယ်လီ့အကြည့်နှင့် အလှမှာ နစ်မြုပ်နေမိသည်။ စကားပြောကြရင်း ည ၁၁နာရီထိုးမှ ထမင်းစားပွဲက ပြီးသွားပြီး မွန်စီယာ



မိရှယ်က ကျေးဇူးတင်စကားပြော၍ နှုတ်ဆက်ထွက်ခွာသွားသည်။ ရှယ်လီတို့တော့ ဒေါ်ခင်သက်တင်ကိုယ်တိုင် သူ့ကားနှင့်လိုက်ပို့ကာ ပြန်သွားသည်။

ရှယ်လီ အိမ်ဝရောက်တော့ တံခါးဝမှာ ကလေးမလေး မစိက တံခါးဖွင့်ပေးရင်း ပြောလိုက်သည်။

'မမလေး... မမအင်နီဖျားလို့'

ကြားကြားချင်း ရှယ်လီသည် အပြေးအလွှား အပေါ်ထပ်ကို တက်လာသည်။ အင်နီ ခုတင်ဘေးမှာ ယောက္ခမကြီး ဒေါ်စံကျော့ခိုင်နှင့် သား ဂျင်မီတို့ ထိုင်နေပါသည်။

'သမီး ဘာဖြစ်တာလဲ မာမီ၊ ရှယ်လီသွားတုန်းက နေကောင်းပါတယ်'

အဝတ်ပင်မလဲနိုင်ဘဲ ခုတင်နားကပ်ကာ အင်နီနဖူးကို စမ်းသပ်ကြည့်၍ အင်နီ့ခုတင်ဘေးတွင် ထိုင်လိုက်သည်။

'ထမင်းစားပြီး ဗိုက်ထဲက နာတယ်ဆိုပြီး အန်တယ်၊ အဖျားကလည်း ရှိလာတယ်။ ဂျင်မီက အဖျား ၁၀၂ ကျော်လာတော့ ဆရာဝန်ဦးလှရွှေ ခေါ်ပြရင် ကောင်းမယ်ဆိုတာနဲ့ ချက်ချင်းခေါ်ရတယ်။ သောက်ဆေးလည်း တိုက်၊ ဆေးလည်းထိုးတယ်'

ယောက္ခမကြီးက ပြောပြ၏။

'သားလည်း အဖျားက တော်တော်တက်လာတော့ ကြောက်လို့ ခေါ်ခိုင်းရတာ၊ ဖျားရုံဖျားတာဆို တော်သေး၊ အန်လည်းအန်တယ်၊ ဆရာကြီးရောက်တော့ ၁၀၄ ထိ တက်လာတယ်။ ရေခဲတင်နေရတယ်။ ခုမှရပ်လိုက်တာ၊ အဖျားနည်းနည်းကျသွားပြီ'

ဂျင်မီကလည်း အခြေအနေကို ရှင်းပြသည်။

'ရှယ်လီရောက်ပါပြီ မာမီ၊ မာမီ အိပ်ရေးပျက်တော့မယ် နားတော့--'

ဒေါ်စံကျော့ခိုင်က အင်နီ့ နဖူးလေးကို စမ်းသပ်ကာ အပြင်ထွက်သွားသည်။ ရှယ်လီ အင်္ကျီလဲနေသည်အထိ အင်နီငြိမ်သက်စွာ အိပ်ပျော်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'သား ဂျင်မီလည်း သွားနားတော့၊ မာမီရှိတယ်'

ရှယ်လီသည် ကုတင်နား ပြန်ထိုင်လိုက်၏။

'မာမီရယ် ညီမလေးက ကယောင်ကတမ်းတွေပြောတော့ သား စိုးရိမ်သွားတယ်'

'ဘာတွေပြောလဲ'

'ဒက်ဒီ… ဒက်ဒီ…ရေ နဲ့ ဒက်ဒီလို့ပဲ ခေါ်နေတယ်'

ရှယ်လီသည် ရင်ထဲမှာ နာကျင်သွားသည်။ သမီးနဖူးကို ထပ်မံစမ်းလိုက်၏။

'ခု အိပ်ပျော်နေတာလား၊ သတိလစ်နေတာလား'

'အိပ်ပျော်နေတာပါ မာမီ၊ ဆရာဝန်ကြီး ဆေးတိုက်ခဲ့တယ်။ သား သွားမယ်၊ တစ်ခုခုထူးရင် သားကိုခေါ်လိုက်နော်'

'အေးပါ… သားရယ်'

ဂျင်မီက အခန်းအပြင်ထွက်သွားသည်။ အင်နီမျက်နှာကို ရှယ်လီ ကြည့်ရင်း သူ အလိုလို ဝမ်းနည်းလာသည်။ သူ့သမီးလေးသည် ရင်ထဲမှ အဖေ့ကို တမ်းတသောဝေဒနာကို ဖျားသောအခါမှ ဖွင့်လှစ်တော့သည်။

'ဟုတ်မှာပေါ့၊ သူတို့ဒက်ဒီကို သူတို့လွမ်းမှာပေါ့။ တွေ့ချင်မှာပေါ့၊ သူ ဘယ်လိုပဲပြုစုပြုစု အဘိုးအဘွားတွေ ဘယ်လိုပဲရှိရှိ သူတို့ဖခင်သည် တကယ် တော့ သူတို့အလိုလားဆုံး။ သူတို့ တမ်းတအားကိုးသူ ဖြစ်မှာပေါ့…'

သူ တစ်ညလုံး မအိပ်။ ၄ နာရီကြား အဖျားတိုင်းသည်။ သာမိုမီတာကို ပါးစပ်ထဲထည့်ကာနီးမှာပင် အင်နီသည် လူးလွန့်ရာမှ…

'ဒက်ဒီ… ဒက်ဒီ'

ဟူ၍ ညည်းတွင်းရင်း တမ်းတသံကို ရှယ်လီကြားရသည်။ သူ မျက်ရည်တွေ ဝဲလာသည်။



'သမီး… အဖျားတိုင်းရအောင်၊ မာမီ အနားမှာရှိတယ်'

အင်နီ ပါးစပ်ကလေးကိုဟတော့မှ သူစိတ်အေးသည်။ အင်နီ သတိရလာပြီ။ နံနက်မိုးလင်းခါနီးမှာ အဖျား ၁၀၀ ထိ ကျသွားသည်။ အင်နီက ပြန်လည်အိပ်ပျော်သွားသည်။

'မာမီ… သား အင်နီ့အနားမှာ စောင့်နေမယ်၊ ဘွားဘွားက ကော်ဖီ ဆင်းသောက်ပါတဲ့'

ဂျင်မီရောက်လာ၍ ရှယ်လီ အောက်ကို ဆင်းလာခဲ့သည်။ ထမင်းစားပွဲမှာ မာမီတစ်ယောက်တည်း ထိုင်နေသည်။ ဒက်ဒီ ဘယ်ကိုများ သွားပါလိမ့်၊ စားပွဲဆေးမှာ ထိုင်လိုက်ရင်း ကော်ဖီခရားကို လှမ်းယူလိုက်သည်။

'ဒက်ဒီကော မာမီ'

'အစောကြီးကပဲ ရွှေတိဂုံဘုရား ထွက်သွားတယ်။ သူ့မြေးအဲတွက် ယတြာချေမလို့တဲ့။ ညက ရက်တရက်ဆိုတော့ အန်လည်းအန်တယ်၊ အဖျားကတက်တော့ မာမီတို့လည်း လန့်သွားတယ်။ ဗိုက်အောင့်တယ်ဆိုတော့ ခွဲများခွဲရမလားလို့ ဆရာဝန်ကြီးကတော့ မခွဲရပါဘူးပြောတယ်'

ရှယ်လီသည် သက်ပြင်းချမိ၏။ မာမီတို့ ဒက်ဒီတို့ သူ့မြေးများကို ချစ် ပါသည်။ ကျေးဇူးကြီးလှပါသည်။ သူ ကော်ဖီကိုသောက်ရင်း စဉ်းစား သည်။ ဒီနေ့ တနင်္ဂနွေ၊ နောက်နေ့လည်း ဆိုင်မထွက်သေး။ သမီးနားမှာနေမည်။ သမီးအခြေအနေကြည့်၍ နောက်နေ့တွေမှာ မာမီကို ဆိုင်လွှတ်သင့်လွှတ်ရမည်။

'သမီးကို မာမီတစ်ခု ပြောချင်လို့…'

ရှယ်လီ့ကိုယ်မှာ ကြက်သီးထသလိုဖြစ်သွားသည်။

တစ်ခါမှ ယောက္ခမ မာမီသည် သူ့ကို သမီးလို့မခေါ်၊ ဒီတစ်ခါပဲ သမီးဟု ခေါ်သံကြား၍ သူ ကြည်နူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီး အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဧည့်ခံပွဲတွေ၊ ညစာစားပွဲတွေ တက်ရတာတော့ မှန်ပါတယ်။ ဒါပေမယ့် ညက ညဉ့်နက်လိုက်တာ…'

ရှယ်လီသည် ဘာမှ ပြန်မပြော။ မာမီ ဘာကိုဆိုလိုသည်ကို နားစွင့်နေသည်။

'ညဉ့်က အင်နီကလည်း ဒက်ဒီ… ဒက်ဒီနဲ့ သူ့ဒက်ဒီကို သတိရတယ် ထင်တယ်၊ ကယောင်ကတမ်း ညည်းတာတောင် သူ့ ဒက်ဒီကိုပဲ ခေါ်နေတယ်၊ မာမီ သနားလိုက်တာ'

သူ့ကို ပေါက်ငမ်း ဆူပူကြိမ်းမောင်းသံမပါဘဲ ပြောရင်း မာမီ့မျက်နှာက တကယ်ပဲ ညှိုးကျနေသည်။ ရှယ်လီ နှလုံးသားမှာလည်း ဖျစ်ညှစ်ခံရသလို နာကျင်လာပါသည်။

'ဒီကလေးနှစ်ယောက်ဟာ မာမီထင်တာထက် လိမ္မာတယ်။ တခြားမြေးတွေ သူတို့မိဘနဲ့အတူ နေရတော့ မာမီလည်း သံယောဇဉ် သိပ်မထားဘူး။ သူတို့နှစ်ယောက်ကိုတော့ လင်းရွှေအောင် မရှိလေတော့ မာမီတို့မှာ သံယောဇဉ်ပိုရတယ်။ ရှယ်လီ သတိထားမိလား၊ လင်း အင်္ဂလန်ကို ထွက်သွားပြီးကတည်းက ရှယ်လီရဲ့ သားသမီးတွေ လင်းအကြောင်း မင်းကို မမေးဘူးမို့လား'

'ဟုတ်တယ် မာမီ၊ ရှယ်လီ အံ့ဩနေတာ။ ဂျင်မီကမှ တစ်ခါမေးသေးတယ်။ စာမရေးဘူးလားတဲ့။ အင်နီက မမေးဘူး'

ရှယ်လီက သူ့ကလေးတွေသဘောကို နားမလည်နိုင်သော ကိစ္စ။ သူပင် အံ့ဩယူသည်။ ဘာကြောင့် ဒီကလေးတွေ သူတို့ဒက်ဒီအကြောင်း မမေးပါလိမ့်ဟု သူ ခဏခဏ တွေးမိသည်။

'တကယ်တော့ သူတို့မောင်နှမ မာမီတို့ဆီ လာလည်တိုင်း သူတို့အဖေအကြောင်း မေးလိုက်ကြတာ'



ရှယ်လီ အံ့အားသင့်သွားသည်။

'သူ့အဘိုးက သူ့မြေးတွေကို ပြောထားတယ်၊ သားတို့မာမီဟာ ငွေကြေး ရှာဖွေရနဲ့ အလုပ်များတယ်။ မာမီ စိတ်ချမ်းသာစေချင်ရင် မင်းတို့ဒက်ဒီနဲ့ပတ်သက်ပြီး မာမီ့ကို ဘာစကားတစ်လုံးမှ မမေးရဘူးလို့ သူတို့အဘိုးက မှာထားလို့ ရှယ်လီ့ကို သူတို့ ဒက်ဒီအကြောင်းမမေးတာ'

ရှယ်လီသည် မျက်ရည်တွေ ဝိုင်းလာ၏။ သူ့ယောက္ခမများသည် သူထင်သလို မဟုတ်။ သူ့အပေါ် အင်မတန် ငဲ့ညှာကြသည်။

'အင်နီ့ကို မထုံတက်သေးလို့ထင်ရပေမယ့် သူက လာရင် မာမီ့အနားကပ်ပြီး သူ့အဖေအကြောင်း လာပြီးမေးတယ်။ ဘယ်တော့ ပြန်လာမလဲ၊ သမီး စာရေးချင်တယ်နဲ့၊ မာမီတို့လည်း သလ်မာနဲ့အကြောင်းကလွဲလို့ အားလုံးပြောပြပါတယ်'

'သလ်မာနဲ့အကြောင်း မေမေတို့သိတယ်'

ရှယ်လီက ဖျတ်ကနဲမေးရင်း မျက်ရည်တွေကျလာသည်။

'မာမီ့ရဲ့မောင်၊ ထွန်းလှအောင်ဆီက သတင်းစုံ မာမီတို့ ကြားတာပေါ့။ အိုးရအထောက်အပံ့နဲ့ သူ မလုံလောက်ဘူး။ မာမီတို့ ဝတ္တရားရှိတဲ့အတိုင်း သူ ပါရဂူဘွဲ့ရအောင် အစအဆုံး ထောက်ပံ့ပါတယ်။ 'ဆွမ်းဆီးဆေးရုံ' ကောက်မှ သူတို့ကိုထောက်ပံ့တာ ရပ်ဆိုင်းလိုက်တယ်'

ဒေါ်စံကျော့နိုင်စကားကြားတော့ ရှယ်လီသည် ရှိုက်ရင်းမှ ပြန်ပြောလိုက်သည်။

'ရှယ်လို့ရင်ထဲမှာ လင်းအကြောင်း မမေးရက်လို့ မာမီတို့ကို မမေးတာ ပြောတာပါ။ လင်း အင်္ဂလန်ကိုထွက်သွားတဲ့နေ့မှာပဲ သလ်မာကို လက်ထပ်သွားတယ်ဆိုတာ ရှယ်လီသိကာ ကြာပါပြီ။ ကလေးတွေကို ရှယ်လီ အသိပေးပါဘူး။ သူတို့ ဒက်ဒီကို အထင်သေးမှာစိုးလို့'

www.burmeseclassic.com

www.burmeseclassic.com



'မာမိတို့လည်း ထွန်းလှအောင် ပြောပြမှ သိရတာ၊ တို့များအားလုံး ရင်ထဲမှာ မျိုသိပ်ပြီး ကြေကွဲဆည်နေရတာပါ။ ကလေးတွေ ရိပ်မိ မမိမိ မာမိတို့ ပါးစပ်က ဖွင့်မပြောရအောင် ထိန်းသိမ်းခဲ့ပါတယ်'

ဒေါ်စံကျော့ခိုင်သည် ရင်ထဲမှ တင်းကျပ်နေသလို စိတ်လှုပ်ရှားနေသလို ဖြစ်ရာမှ တစ်စုံတစ်ရာပြောဖို့ ဆက်လက်အားယူနေပြန်သည်။

'သမီးက ကုန်သည်ဆိုတော့ လူပေါင်းစုံ ဆက်ဆံနေရတာ၊ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံပဲ။ မာမိတို့ ငယ်ငယ်က သီချင်းတစ်ခု လွတ်လပ်ရေး မရခင်က ကြားဖူးတယ်၊ 'ရွှေကိုယူသည်၊ ငွေကိုယူသည် ပြီးတော့ လူကိုပါ ယူသည်' ဆိုတာ ကြားဖူးလား'

ဒေါ်စံကျော့ခိုင်အမေးကို ရုတ်တရက် ရှယ်လီက မဖြေပါ။ သူတို့ ကပြားပတ်ဝန်းကျင်မှာ ဒီနိုင်ငံရေးသီးချင်းတွေနှင့် အနေဝေးခဲ့သည်။ ဒါပေမယ့် သူ ဦးခင်ဆွေနှင့် ပြဿနာတက်တုန်းက ဒေါ်ခင်သက်တင် ဆိုပြသည်ကို ကြားဖူးသည်။

'မမ ဒေါ်ခင်သက်တင်ဆိုပြတာ ရှယ်လီ ကြားဖူးပါတယ်'

'အဲဒီသီချင်းက လယ်သမားတွေကို အဓိကပြောတာ၊ အင်္ဂလိပ်တွေဟာ မြန်မာပြည်ကိုသိမ်းပြီး အိန္ဒိယတောင်ပိုင်းက ချစ်တီးတွေကို ငွေထုတ်ငွေရင်းနဲ့ မြန်မာပြည်ခေါ်လာတယ်။ အထူးသဖြင့် လယ်ယာပေါတဲ့ အောက်မြန်မာပြည်မှာ မြန်မာလယ်သမားတွေကို ငွေထုတ်ချေးတယ်။ မြန်မာတွေကလည်း လွယ်လွယ်ချေးပြီး လယ်တွေချဲ့ထွင်လုပ်ကြတယ်။ စာမတတ်တဲ့ လယ်သမားများကတော့ ငွေချေးစာချုပ်မှာ လက်မှတ်အစား ကြက်ခြေခတ်တွေ ခတ်ပြီး ချုပ်ရတယ်။ စပါးပေါ်ပြီဆို စပါးနဲ့ ချေးငွေပြန်ဆပ်ကြတယ်၊ ချစ်တီးတွေက တင်းတောင်းမမှန်ဘဲ တင်းအကြီးကြီးတွေနဲ့ စပါးတွေခြင်ပြီး သိမ်းကြတယ်။ တချို့လယ်သမားတွေဆို ဝမ်းစာစပါးတောင် မကျန်အောင်



အသိမ်းခံရတယ်။ ဒီတော့ နောင်နှစ်ဆွေအတွက် ကြွေးထပ်ယူနဲ့ ကြွေးသံသရာလည်ပြီး နောက်ဆုံး မဆပ်နိုင်ဘဲ လယ်မြေသိမ်းခံရတယ်။ လယ်အသိမ်းမခံနိုင်တဲ့ လူရဲ့သမီးတွေကို ချစ်တီးသိမ်းတာခံရတယ်။ စာချုပ်စာတမ်းဆိုတာ စာမတတ်တဲ့ လယ်သမားအဖို့ ချစ်တီးလုပ်သမျှ ခံရတာပဲ။ တို့ဆီက စပါးဆိုတာ ရွှေငွေတွေပေါ့။ 'ရွှေကိုယူသည်၊ ငွေကိုယူသည်၊ ပြီးတော့ လူကိုပါယူသည်'လို့ မျိုးချစ်စိတ်ရှိတဲ့ လူတွေက သီချင်းစပ်ဆိုပြီး လယ်သမားတွေဘဝ ဖော်ထုတ်ခဲ့တာ'

ဒေါ်စံကျော့ခိုင်က ခေတ္တနားလိုက်၏။

'မာမိ ရှည်ရှည်ဝေးဝေးစကားခံလာရတာက အဲဒီအချိန်က မိဘ လယ်သမားတွေ စာမတတ် ပေမတတ်တ မအူမလည်မို့ ကိုယ့်သမီး နုနုထွက်ထွက် ချစ်တီးသိမ်းတာခံရတာ၊ အခု သမီးလုပ်နေတဲ့ ကုန်သွယ်ရေးလောကမှာ မြန်မာအမျိုးသမီးတွေ စာတတ်ပေတတ် ခေတ်ပညာတတ်တွေပဲ၊ ဒါပေမယ့် မာမိသိရသလောက် အခုလိုင်စင်ခေတ်မှာ ငွေရင်းရလိုတာကတစ်ကြောင်း၊ ဆက်ဆံရေးမှာ ထိန်းထိန်းသိမ်းသိမ်းမရှိတာနဲ့ နိုင်ငံခြားသားကုန်သည်တွေ ခြေတော်တင်ခံရတယ်၊ မိန်းကလေးအတော်များများ အငယ်ဘဝရောက်သွားကြတာ၊ ပျက်စီးကြရတာ၊ အတော်များတယ်လို့ မာမိသိရတယ်'

ရှယ်လီသည် ဒေါ်စံကျော့ခိုင်၏ ရှည်လျားသော မိန့်ခွန်းကြီး၏ အဆုံးသတ်မှာ ဘာကိုဆိုလိုသည်ကို နားလည်လိုက်ပါသည်။

'သမီးက အခု ကုန်သည်နိုင်ငံခြားသား ပေါင်းစုံနဲ့လည်း ဆက်ဆံရတယ်။ အစိုးရဌာန ဘဏ်တွေနဲ့လည်း ဆက်ဆံရပြီလေ၊ သမီးလုပ်ငန်းမှာ ကျွမ်းကျင်အောင်မြင်တယ်လို့ မာမိယူဆပါတယ်။ ဒါပေမယ့် သမီးက ငယ်သေးတယ်။ ရုပ်ရည်က ချောတယ်၊ ဆက်ဆံရေးလည်းကောင်းတော့ အစစအရာရာ နိုင်ငံခြားသားရော၊ မြန်မာအမျိုးသားတွေနဲ့ရော ဆက်ဆံရမှာ

www.burmeseclassic.com

www.burmeseclassic.com



သတိထားစေချင်တယ်။ မာမိပြောချင်တာက အဘိုးအဘွားစကား နားထောင်ပြီး ဂျင်မီနဲ့အင်နီဟာ သူတို့အဖေအကြောင်း ရှယ်လီကို တစ်လုံးမှ ဖွင့်ဟမမေးခဲ့ဘူး။ သားနဲ့သမီးတို့ဟာ အလိုက်သိစွာနဲ့ သူတို့ဘက်က မျိုသိပ်ခဲ့တယ်။ ရှယ်လီဘက်က'

မာမီစကားမဆက်သေးဘဲ ရပ်ထား၍ ရှယ်လီက ဖျပ်ကနဲ မာမီကို လှမ်းကြည့်လိုက်သည်။

'သားတို့ သမီးတို့ စိတ်ထိခိုက်မယ့်အလုပ်ဆိုရင် ဆင်ခြင်စေချယ်တယ်' မာမီက ဒါပဲပြောသည်။

'ဘယ်လို… မာမီ ဘာကိုဆိုလိုတာလဲ၊ ရှယ်လီက သားသမီးတွေ စိတ်ထိခိုက်အောင် လုပ်နေမိလို့လား'

ရှယ်လီက အလန့်တကြားမေးလိုက်၏။

'ကြိုတင်သတိပေးရတာ ရှယ်လီ၊ ရှယ်လီ့အရွယ်၊ ရှယ်လီ့ဂုဏ်နဲ့ နောက်အိမ်ထောင်ပြုနိုင်မယ့် အခွင့်အရေးရှိပါတယ်။ ဒါပေမယ့် နောက်အိမ်ထောင်ပြုမယ်လို့ ကြံစည်တိုင်း အလိုက်သိတတ်တဲ့ သားသမီးနှစ်ယောက် အကြောင်းကို ထည့်စဉ်းစားပါ။ ဂျင်မီလည်း နောက်သုံးနှစ်ဆို ဆရာဝန်ဖြစ်တော့မှာ။ အင်နီ ဒီဂရီရလာတော့ တစ်မျိုးပေါ့။ အခုအချိန်မှာတော့ ကလေးတွေ ပညာသင်ဆဲ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး။ ရှယ်လီ့မှာ ဒီလိုစိတ်မျိုးမရှိဘူးလို့လည်း ပြောမထားနဲ့၊ အရွယ်ရှိတဲ့ မိန်းမတစ်ယောက်ဟာ လက်ထပ်ချင်စိတ် တစ်ချိန်ချိန် တစ်ခါခါမှာ ပေါ်လာတတ်တယ်။ မာမီ ဒါပဲပြောချင်တယ်။ အင်နီကို သွားကြည့်လိုက်ဦးမယ်'

မာရသွန် မိန့်ခွန်းကြီးပြောသွားကာ မာမီထသွားတော့ ရှယ်လီ စားပွဲမှာ တစ်ယောက်တည်း ကျန်ရစ်သည်။ လှုပ်တောင်မလှုပ်ချင်။ မာမီ့ရှေ့မှာ သူထိုင်နေတုန်းက ကျလာသောမျက်ရည်တွေက ခန်းခြောက်သွားပြီ။ သူ့သား



သူ့သမီးများ သူ့အပေါ် အလိုက်သိတတ်စွာ နေတတ်သည်ကိုပဲ ကျေးဇူးတင်မိပါသည်။

ဘယ်လိုများလုပ်၍ သူတို့ဖခင်နှင့် သူတို့နီးစပ်အောင် လုပ်ပေးရပါ့။ မာမီက သူတို့သားနှင့် နီးစပ်ရေးကို တစ်လုံးမှပြောမသွား။ သူ့ကိုသာ ကြိုတင် သတိပေးသွားသည်။

မာမီ သတိပေးတာလည်း မလွန်။ ငယ်ရွယ်လှပသော တစ်ခုလပ်မိန်းမတစ်ယောက်အဖို့ ဖြစ်နိုင်ခြေတွေ အများကြီးရှိသည်မဟုတ်ပါလား။ အန္တရာယ်တွေ များလှသည်မှာတော့ မှန်သည်။ ဒါပေမယ့် ယောက္ခမကြီး စကားလုံးများသည် သိမ်မွေ့ပါသော်လည်း သူ့အပေါ်မှာ အထင်သေးသော အယူအဆကို နောက်ကွယ်မှာ သိုသိပ်စွာဖုံးဖိထားသည်။

သူသည် အန္တရာယ်ကို ကြိုတင်ကာကွယ်သူတစ်ယောက်ပါ။ ဟဲအေးကိုတောင် ညဥ့်အချိန် နှစ်ယောက်တည်း ပြန်ရန်မတော်။ စိတ်မချ၍ ပြန်လွှတ်ပြီး ဒေါ်ခင်သက်တင်ကို သူပြန်ပို့ခိုင်းခဲ့သည်။' ဒါပေမယ့် သူ၏ဆိုရှယ်ကျခဲ့သော တက္ကသိုလ်နေ့များကို မာမီတစ်စွန်းတစ်စ သိဟန်တူသည်။

သူသည် ယခု တက္ကသိုလ်ကျောင်းသူ ရှယ်လီမဟုတ်တော့။ သူ့မှာ ကပြားဟူသော ဗီဇသွေးနှင့် ရပ်ရည်ပဲ ကျန်ရစ်ပါသည်။ သူ့ကိုယ်သူ မြွေလို အရေခွံ လဲလိုက်၍ တက္ကသိုလ်မှာ ချွတ်ချခဲ့ပြီးပါပြီ။ သူတို့၏သား လင်းနှင့် လက်ထပ်ပြီးကတည်းက လင်းခြေရင်းမှာ ဝပ်ဆင်း၍ သူသည် အိမ်ထောင်ရှင်မ တစ်ယောက်အဖြစ် လင်းစိတ်ကြိုက် စားရင်းကိုက်အင်းကိုက်၊ လင်းပေးသမျှငွေကြေးနှင့် ချေစပ်စွာ သုံးစွဲလာခဲ့သူ။

သားတို့သမီးတို့ ရလာသည့်နောက်ပိုင်းမှာလည်း မိခင်ကောင်းတစ်ယောက် ပီသအောင် အိုးမကွာ အိမ်မကွာနေလာသူတစ်ယောက်။ ထို့ပြင်က

www.burmeseclassic.com

www.burmeseclassic.com



ကတော်ပတ်ဝန်းကျင်မှာ တချို့ခေတ်စားသော ဖဲဝိုင်းတွေမှာပင် ပါခဲ့သော မိန်းမတစ်ယောက်မဟုတ်ခဲ့သည်ကို မာမီသိစေချင်ပါသည်။

သူဘာမှ ပြန်မပြောတော့ပါ။ သူတို့အုပ်ထိန်းမှုအောက်မှာ သူရှိနေသေးသည် မဟုတ်ပါလား။

နောက်နေ့မှာ ဆိုင်ကိုမသွား။ ကျော်မင်းဝေနှင့်ပင် လွှဲထားသည်။ အင်နီ အဖျားက ဖြစ်စလိုသိပ်မပောက်ပေမယ့် ၁၀၀မှာ တန်းနေသည်။ ဆရာဝန်ကြီးက မှန်မှန်လာကြည့်၍ 'အရည်ပဲတိုက်ရန်' ညွှန်ကြားသည်။

အင်နီအပါးမှ ရှယ်လီမခွာ။ သမီးက နဂိုက ပျော့ပျော့မို့ ယခုလိုဖျားလိုက်တော့ အတော်ကို ပျော့ခွေနွမ်းနယ်နေသည်။

သူ အင်နီ့ကို ရေပတ်တိုက်၊ ခေါင်းဖြီးပေးကာ အဝတ်လဲပေးလိုက်၏။ ကြက်စွတ်ပြုတ် နံနက်စာတိုက်ပြီး ဆေးတိုက်ကာ သိပ်ထားလိုက်သည်။

နေ့လယ်မှာ ဒေါ်ခင်သက်တင်ဆီက ဖုန်းလာသည်။ မွန်စီယာမိရှယ်နှင့် တွေ့ဆုံနိုင်မည့်ရက်ကိုမေးသည်။ လာမည့်စနေမှာ မိရှယ်ပြန်မည်တဲ့။ သူ ညစာစားပွဲမှာတုန်းက သူ့ဆိုင်ကိုလာရန်နှင့် အိမ်မှာ မုန့်ဟင်းခါးကျွေးမည်ဟူ၍ ဖိတ်ခေါ်စကားဆိုခဲ့သည်။ ဒီအစီအစဉ်တွေ သူ့ခေါင်းထဲမှာ ဘာမှမရှိတော့။

'မမရေ— မွန်စီမိရှယ်ကို ကျေကျေလည်လည် ပြောပြလိုက်ပါ။ ရှယ်လီမှာ ထမင်းပွဲကအပြန် အင်နီ ရုတ်တရက်ဖျားလို့ ခုထိလည်း စိတ်မချရဘူး။ အနားက မခွာရသေးဘူး။ မိရှယ်နဲ့ ရှယ်လီ တွေ့နိုင်တော့မယ် မထင်ဘူးနော် မမ၊ တောင်းပန်ပေးပါ'

သူဖုန်းချလိုက်သည်။ ကုန်သွယ်ရေးကိစ္စအတွက်တော့ မိရှယ်နှင့်တွေ့ဖို့လိုအပ်သည်။ ဒါပေမယ့် သမီးက နေမကောင်းတာလည်းတစ်ကြောင်း၊ မာမီ သူ့အပေါ်ပြောစကားတွေက သံသယဝင်ဟန်ရှိသည်။ ဒါကြောင့် မိရှယ်



နှင့်တွေ့ဆုံဖို့ကိုလည်း သူမစီစဉ်ချင်တော့ပါ။ ချိတ်လုံချည်တစ်ထည်ကိုပဲ Packing လှလှထုပ်ကာ တောင်းပန်စာနှင့်အတူ မိရှယ်ထံ ဒေါ်ခင်သက်တင် ထံမှတစ်ဆင့် ပို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

မာမီက သူ့ကိုယ်စား ဆိုင်ကိုသွားပေးသည်။ အင်နီ့ရောဂါ တိုက်ဖွိုက် (Typhoid) ဆန်ဆန်ဖြစ်နေ၍ ဆရာဝန်ကြီးက အစာကျွေးမလောပါ။ ယနေ့တော့ အင်နီ့အခြေအနေက စိတ်ချသွားရပြီ။ ဒါပေမယ့် အစာကို ပျော့ပျော့သတိထားကျွေးနေရဆဲဖြစ်သည်။

တစ်နေ့နေ့လယ် ဒေါ်ခင်သက်တင် အင်နီ့ကို သတင်းမေးရန် ရောက်လာသည်။ အင်နီ့ကို ရှယ်လီကိုယ်တိုင် ပူတင်းကျွေးနေသည်။ အင်နီက ပြုံး၍ နှုတ်ဆက်နိုင်ပြီဖြစ်သောကြောင့် ရှယ်လီရော ဒေါ်ခင်သက်တင်ပါ ဝမ်းသာသွားသည်။ ပူတင်းစားပြီးတော့ အင်နီက အိပ်ရန် ပြင်သည်။

'အင်နီ ခဏအိပ်ဦးမယ်'

'ဆေးသောက်လိုက်ဦး သမီး၊ မကြည်ကို သမီး [illegible] းမှာထားခဲ့မယ်၊ အန်တီဒေါ်ခင်သက်တင်ကို မာမီတစ်ခုခု ကျွေးလိုက်ဦးမယ်'

ရှယ်လီက အင်နီကို ဆေးတိုက်ပြီး သိပ်လိုက်၏။

'နေပါစေ ရှယ်လီရယ်၊ သမီးအင်နီ စားချင်တာကို ဖုန်းဆက်လိုက်၊ အန်တီ ပို့ပေးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ အန်တီ'

အင်နီကပြောကာ အိပ်ရာပေါ် လှဲလိုက်သည်။ ရှယ်လီသည် အင်နီ့ကိုယ်ပေါ် စောင်လွှမ်းခြုံပေးခဲ့၍ မကြည်ကို အနားထားရစ်ကာ အောက်ထပ် ဆင်းလာကြသည်။

'မမ… ဘာစားမလဲ၊ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းလုပ်ခိုင်းမယ်'

'ဘာပဲဖြစ်ဖြစ်ပါကွယ်၊ စကားပဲ မမက ပြောချင်တာပါ'

သူတို့နှစ်ယောက် ဧည့်ခန်းထဲ ဝင်ထိုင်လိုက်သည်။ ရှယ်လီက မစီကို လက်ဖက်သုပ်နှင့် ရေနွေးကြမ်း လုပ်ခိုင်းလိုက်သည်။

'မမကလည်း အလုပ်များ၊ အင်နီကလည်း နေမကောင်းနဲ့ တို့နှစ်ယောက် မတွေ့ရဘူး၊ မီရှယ် မမဆီ လာသွားတယ်'

'သူ… ပြန်သွားပြီဆို'

'ဂျပန်ကိုမသွားခင် တစ်ရက်ကပေါ့၊ မမကလည်း ရှယ်လီရဲ့ လက်ဆောင်ထုပ်ပေးရင်း ရှယ်လီအခြေအနေကို ရှင်းပြလိုက်တယ်လေ'

'အားနာစရာကောင်းလိုက်တာ မမရယ်၊ မွန်စီယာမီရှယ်ကို ရှယ်လီက ဆိုင်ကိုလည်းဖိတ်၊ အိမ်မှာလည်း မုန့်ဟင်းခါးကျွေးမယ် ဘာမယ် ပြောပြီး ရှယ်လီ့ဘက်က ကတိပျက်ခဲ့တာ၊ တစ်ခုကလည်း…'

ရှယ်လီက ခဏရပ်ပြီးမှ ဆက်ပြောသည်။

'အင်နီကလည်း တိုက်ဖိုက်ဖြစ်တော့မလို့၊ ဆေးလည်း ဦး၊ အပြုအစု ကောင်းလို့ သက်သာသွားတာ၊ အဲဒါလည်း တစ်ကြောင်း၊ နောက်တစ်ကြောင်းက…'

ရှယ်လီသည် ဒေါ်ခင်သက်တင်အိမ်မှအပြန် နောက်နေ့နံနက် ကော်ဖီစားပွဲမှ ယောက္ခမကြီး ဒေါ်စံကျော့နိုင်ပြောပြသမျှအားလုံး ဒေါ်ခင်သက်တင်ကို ပြောပြလိုက်သည်။



'သူ့ရင်ထဲ အဲဒီလို သံသယဝင်နေချိန် ရှယ်လီက မီရှယ်ကို ဖိတ်ခေါ်ကျွေးမွေး ရင်းရင်းနှီးနှီးဆက်ဆံရင် မာမီ့စိတ်ထဲ အထင်လွဲစရာဖြစ်မှာစိုးလို့ ရှယ်လီ မီရှယ့်ကို မဖိတ်တော့တာ'

ဒေါ်ခင်သက်တင်သည် လက်ကိုင်အိတ်ထဲမှ စာတစ်စောင်ကို ထုတ်ကာ ရှယ်လီလက်ထဲ ထည့်လိုက်၏။

'မီရှယ်က ပေးသွားတာရှယ်လီ၊ သူစကားပြောပုံကြည့်ရတာ မင်းကို အတော် စိတ်ဝင်စားပုံရတယ်၊ မင်းအကြောင်းတွေမေးတယ်၊ ယောက်ျားနဲ့ ကွဲနေတဲ့အကြောင်း ကိုယ်ကလည်း ပြောမိတယ်၊ ယောက်ျားက ဘယ်မှာလဲ၊ ကလေး ဘယ်နှစ်ယောက်လဲ၊ ဘယ်သူနဲ့နေလဲနဲ့၊ စပ်စုတဲ့သဘောတော့ မဟုတ်ပါဘူး၊ နိုင်ငံခြားသားတွေက မစပ်စုတတ်ပါဘူး၊ စိတ်ဝင်စားတဲ့ သဘော၊ မမက အကြောင်းစုံပြောပြတော့ သူကလည်း တအံ့တဩပဲ၊ မိဘတောင်မဟုတ်ဘူး၊ ယောက္ခမနဲ့လည်း မိသားစု သိုင်းသိုင်းဝိုင်းဝိုင်း မြန်မာတွေ နေကျင့်ရှိတာကို သူ အံ့ဩလို့မဆုံးဘူး၊ အိန္ဒိယမှာဆို ယောက္ခမနဲ့ အတူနေတဲ့ ချွေးမတွေ မသက်သာဘူးတဲ့ ပြောသွားသေးတယ်၊ မမကတော့ ပြောလိုက်တယ်၊ တို့ဆီမှာ တချို့ချွေးမတွေ ယောက္ခမတောင် နိုင်သေးတယ်လို့ ပြောတော့ သူက ရယ်တယ်'

မစီ ချလာသော လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို ရှယ်လီက ဒေါ်ခင်သက်တင်ကို ကျွေးနေသည်။ လက်ဖက်သုပ် [illegible]န်းကန်ပြားလေး ကိုင်စားရင်း ဒေါ်ခင်သက်တင်က စကားဆက်သည်

'သူ့နောက်ဆုံးမေးခွန်းကတော့ မမလည်း သံသယရှိတယ်'

'ဘာလဲဟင်'

'ရှယ်လီ ဒီလိုပဲနေသွားတော့မှာလားတဲ့၊ အိမ်ထောင်ပြုဖို့ မစဉ်းစားဘူးလားတဲ့၊ သူတို့ဆီမှာ ဒီလို ငယ်ငယ်ရွယ်ရွယ်မပြောနဲ့၊ ၆၀ ကျော်

www.burmeseclassic.com

www.burmeseclassic.com



၇၀ ကျော်တွေလည်း အိမ်ထောင်ပြုကြတယ်၊ အထီးတည်းမနေဘူးတဲ့၊ ရှယ်လီဘာလို့နေတာလဲတဲ့၊ ရှယ်လီ့ဘ၀ အထီးကျန်သလိုပဲတဲ့'

'အတော်လာတဲ့ မေးခွန်းပဲ၊ အဓိပ္ပာယ်အများကြီးရှိတယ် မမ'

'အေးပေါ့၊ သူဆိုလိုတာကို မမက မသိချင်ယောင်ဆောင်ပြီး ပြောပြလိုက်တယ်။ မိရှယ်တို့အနောက်ဓလေ့ကတော့ လင်နဲ့မယားဟာတစ်ယောက်မကောင်းရင် တစ်ယောက်၊ စိတ်သဘောထားချင်း မတိုက်ဆိုင်လည်း ခွဲခွာပြီး နောက်တစ်ယောက်နဲ့ နေတာပဲ၊ လက်မထပ်ဘဲလည်း အတူနေကြတဲ့အကျင့်ရှိတယ်လို့၊ မြန်မာမှာက မိန်းမတစ်ယောက်ဟာ တစ်ခါအိမ်ထောင်ကျပြီး ဒီအိမ်ထောင်ပျက်ရင် နောက်အိမ်ထောင်ပြုကြတယ်ဆိုတာ ခပ်ရှားရှားပဲလို့၊ အထူးသဖြင့် ယောကျ်ားက သစ္စာဖောက်လို့ပဲ ကွဲကွဲ၊ သေလို့ပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ဟာ နောက်အိမ်ထောင်ပြုဖို့ အတော်စဉ်းစားကြတယ်လို့ ပြောလိုက်ရတယ်၊ ပြီးတော့လည်း မြန်မာအမျိုးသမီးတွေမှာ ဇာတ်တိုးဓလေ့ထုံးစံ ဥပဒေတွေနဲ့ ချုပ်ချယ်မထားပေမယ့် မျက်နှာများ၊ လင်များရင် သုံးကျောင်းပြောင်းသော ရှင်၊ သုံးလင်ပြောင်းသော မိန်းမဆိုပြီး ပတ်ဝန်းကျင်က ကဲ့ရဲ့တယ်၊ မလေးစားဘူးလို့'

ရှယ်လီက ရယ်လိုက်၏။

'မမ… သုံးကျောင်းပြောင်းသော ရှင်၊ သုံးလင်ပြောင်းသော မိန်းမဆိုတဲ့ မြန်မာစကားကို အင်္ဂလိပ်လို ဘယ်လိုပြောမလဲ'

ဒေါ်ခင်သက်တင်ကပါ ရယ်မောရင်း 'အနီးစပ်ဆုံး အင်္ဂလိပ်စကားနဲ့ ပြောရတာပေါ့ဟာ၊ ဘယ်တိုက်ရိုက်စကားလုံးတော့ ရှိမလဲ၊ ဒါနဲ့ ဖိတ်စာလည်း ပါလာသေးတယ်၊ မြန်မာ့ကုန်သည်ကြီး အမှုဆောင်များနဲ့ အစိုးရကုန်သွယ်ရေးဌာနတာဝန်ခံတွေ တွေ့ဆုံဆွေးနွေးဖို့ ဖိတ်တာ၊ နောက်စနေဆိုတော့ ရှယ်လီ တက်နိုင်မှာပါ၊ မမလည်း တက်မယ်၊ ဖက်စပ်စနစ်ကို ပြောင်းဖို့ ရည်ရွယ်တယ် ထင်တယ်၊ ကဲ… မမပြန်လိုက်ဦးမယ်'



ရှယ်လီက ဒေါ်ခင်သက်တင်ကို ကားပေါ်ထိ လိုက်ပို့လိုက်သည်။ ဧည့်ခန်းကို ပြန်လာရင်း ဆိုဖာပေါ် ထိုင်လိုက်၍ မိရှယ့်စာကို ဖတ်လိုက်သည်။

## ချစ်လှစွာသော မြကြာဖြူ

ဒီစာနဲ့ နှုတ်ဆက်ခဲ့ပါတယ်။ မြန်မာပြည်ရဲ့ ကန်သာယာမှာ 'မြကြာဖြူ'ဆိုတဲ့ ပန်းတစ်ပွင့်ကိုတွေ့ခဲ့ရတာ ကျွန်တော့်ရင်ထဲ တကယ်ပဲ အားမြကြည်နူးခဲ့ပါတယ်။ ဒေါ်ခင်သက်တင်ထံမှ မြကြာဖြူအကြောင်း ကျွန်တော် အားလုံးသိခဲ့ရပါပြီ။ လေးစားအပ်တဲ့ဓလေ့ထုံးစံနဲ့ ကြင်ကြင်နာနာ ရှိသေကိုင်းရှိုင်းတတ်တဲ့ မိသားစုအသိုင်းအဝိုင်းမှာ မြကြာဖြူ လုံခြုံစွာ ရှိနေရစ်တာကို ကျွန်တော် အားရဝမ်းသာမိပါတယ်။

ကျွန်တော့်လိပ်စာကတ်ပြားလေး ယူရစ်ခဲ့ပါတယ်၊ ပဲရစ်ရောက်မယ်ဆိုရင် ကျွန်တော့်ကို အကြောင်းကြားပါ။ ကျွန်တော့်ဧည့်ခန်း စားပွဲခုံပေါ်မှာ အစိမ်းရောင် ဖန်အိုးလေးပေါ်မှာ ကြာဖြူပန်းတစ်ပွင့် အမြဲစိုက်ထားလိုပါတယ်။ ဒါပေမယ့်လည်း ကြာပန်းဟာ အရှေ့တိုင်းပန်း ဖြစ်ပါတယ်၊ အနောက်မှာ ရှားပါးလှပါတယ်။

ထမင်းစားတဲ့အခါ ကျွန်တော့်ရဲ့ ပန်းကန်ပြားပေါ်မှာ ဟင်းတစ်ဖတ်ဦးချပေးမယ့် အမျိုးသမီးကို ကျွန်တော်မျှော်လင့်နေပါတယ်။ မကြာခင် ကျွန်တော့်ရဲ့နှလုံးသားမှာ ကြာဖြူပန်းလေးတစ်ပွင့် ပွင့်ကောင်းပါရဲ့။

ကျန်းမာပျော်ရွှင်ပါစေ
မင်းရဲ့
မိရှယ်

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီသည် စာဆုံးတော့ တစ်နိုင်ငံသား၏ ရည်စားစာကို အုံသြနေမိသည်။ သူ့ရင်ထဲမှာတော့ တက္ကသိုလ်၏နေ့ရက်များလို ရင်ခုန်လာခြင်း မရှိတော့ပါ။ မိရှယ်သည် ကုန်သည်တစ်ယောက်သာမဟုတ်။ စာရေးအဖွဲ့အနွဲ့ ကိုလည်း ဆန်းသစ်လှပအောင် ရေးတတ်သူတစ်ယောက်ဖြစ်သည်။ မိရှယ့် စာကိုသာ ယောက္ခမကြီးဖတ်ရလျှင် 'မာမီ မပြောဘူးလား'ဟု သူ့ကိုဆိုမည် ဖြစ်သည်။

'ကြာပန်းဟာ အပူပိုင်းဇုံရာသီမှာ ပွင့်တတ်တယ်၊ အေးတဲ့ အနောက်နိုင်ငံမှာ မပွင့်ပါဘူး မိရှယ်...'

သူ တီတိုးရေရွတ်မိသည်။

✽ ✽ ✽ ✽ ✽

[ ၂၅ ]

အင်နီ ကျောင်းပြန်တက်နိုင်ပြီဖြစ်၍ ရှယ်လီလည်း ဆိုင်ထွက်နိုင်လာသည်။ ကုန်သည်လောကမှာ ဆက်ဆံရေးလည်းကောင်း၊ အင်္ဂလိပ်လို လည်လည်ဝယ်ဝယ် ပြောဆိုတတ်သော ရှယ်လီက သတင်းကြီးခဲ့သည်။ ကျောင်းမှာတုန်းက ကျောင်းသူအများနှင့် ဝင်ဆံ့၍ ကျောင်းသားအဖော်များနှင့် အဖွဲ့ကျခဲ့သလို ယခု ကုန်သည်ဘဝရောက်တော့လည်း လူတန်းစား မရွေး ဖော်ရွေစွာ ဆက်ဆံနိုင်သော ရှယ်လီသည် ကုန်သည်ကြီးများအသင်း အမှုဆောင်ထဲတွင် ပါဝင်လာခဲ့သည်။

'ပြည်ထောင်စုကလပ်' (ယခု ကန်တော်ကြီးဟိုတယ်) အပေါ်ထပ်မှာ ဖွဲ့လုပ်သော မြန်မာကုန်သည်ကြီးများအသင်း အမှုဆောင် အစည်းအဝေးကို သူ တက်ရောက်ခဲ့သည်။ အစည်းအဝေး စားပွဲခုံထိပ်မှာ အသင်းဥက္ကဋ္ဌ အတွင်းရေးမှူးတို့နှင့်အတူ ကုန်သွယ်ရေးဌာန အတွင်းဝန် ဦးဘခက်၊ သူနှင့် ကျောင်းနေဘက် အတွင်းဝန်လေး ဦးသန်းထွန်းတို့ကိုပါ ရှယ်လီလှမ်းမြင်ရသည်။ အစည်းအဝေး အဖွင့်မှာ ဦးဘခက်က အစိုးရ၏ မြန်မာကုန်သည်များ အပေါ်ထားသည့် သဘောထားကိုပြောပြ၍ မြန်မာကုန်သည်ကြီးများအသင်း

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ ဦးစိန်မောင်က သူနှင့် အတွင်းရေးမှူးကို ကုန်သွယ်ရေးဝန်ကြီးက ခေါ်ယူဆွေးနွေးသည်များကို ပြောသည်။

ညနေ ၃နာရီလောက်မှ အစည်းအဝေးပြီး၍ အားလုံး ပြန်ကုန်သော်လည်း ဒေါ်ခင်သက်တင်က စကားပြောစရာရှိ၍ စားပွဲတစ်ခုမှာ ကုန်သည်ကြီး ဦးမြရင် (မြနန္ဒာ) ကုမ္ပဏီပိုင်ရှင်နှင့် စကားလက်ဆုံကျနေသည်။ ရှယ်လီက ဖွင့်တောင်း၍ အောက်ထပ်ဆင်းလာခဲ့သည်။ ငြိမ်းစိုးနှင့် ခေါင်းနောက်တောက်တောက် ဖြစ်နေ၍ အောက်ထပ် ကန်ရေပြင်နှင့် အနီးဆုံး ဝရန်တာဘေးက ကုလားထိုင်မှာ ထိုင်လိုက်သည်။ ထိုအနားမှာ လူရှင်းကာ အခြားစားပွဲများနှင့် ဝေးကွာသော နေရာဖြစ်သည်။ ရေပြင်ပေါ် ဖြတ်သန်းလာသော ဆောင်းနှောင်းလေကို ရှူရှိုက်လိုက်ရမှ သူ နည်းနည်းကြည်လင်သလို ဖြစ်လာသည်။ စားပွဲထိုးလေးက အနားကပ်လာသည်။

'မမ… ဘာအလိုရှိပါသလဲ'

'လိမ္မော်ရည်တစ်ခွက်လောက်'

ရှယ်လီက မှာကာ ကန်ရေပြင်ကို ကြည့်နေသည်။ ကန်တော်ကြီးရေပြင်သည် စိမ်းညို့နေသည်။ ရေဂယက်လေးများ သိမ့်မွေ့စွာ လှုပ်ရှားနေကြသည်။

'ရှယ်လီ မပြန်သေးဘူးလား'

ရှယ်လီသည် အသံကြားရာကြည့်လိုက်တော့ ဦးသန်းထွန်း။

'မပြန်သေးဘူး၊ မမဒေါ်ခင်သက်တင်ကို စောင့်နေတယ်'

'ကျွန်တော်လည်း ပြန်မလို့ ကားစောင့်နေတာ၊ ရှယ်လီ့ကိုမြင်တာနဲ့ ဒီဘက် လျှောက်လာတာ'

ဦးသန်းထွန်းသည် သူနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်သည်။ စားပွဲထိုးလေးက လိမ္မော်ရည်လာချ၏။



'ကိုသန်းထွန်း လိမ္မော်ရည်သောက်လိုက်ပါဦး၊ နောက်တစ်ခွက် ယူခဲ့ပါဦးကွယ်'

ရှယ်လီသည် စားပွဲထိုးလာချသော ဖန်ခွက်ကို ဦးသန်းထွန်းဘက် လှမ်းပေးလိုက်၏။

'နေပါစေရှယ်လီ၊ ရှယ်လီသောက်ပါ'

'ရှယ်လီ ထပ်မှာလိုက်ပါတယ်'

'အစည်းအဝေးကလည်းကြာတော့ ကျွန်တော်တောင် ငြီးစီစီပဲ၊ ရှယ်လီ နေမကောင်းဘူးလား၊ မျက်နှာကြည့်ရတာ မလန်းဘူး'

'ခု ကောင်းသွားပါပြီ၊ အစည်းအဝေးခန်းထဲတုန်းက ခေါင်းနောက်လို့'

'အေးဗျာ၊ အလုပ်က ဝိနေတော့ လူလည်း အရုပ်လိုဖြစ်နေတယ်၊ ဒီညနေ မအားဘူးလား၊ ကျွန်တော်တို့ အင်းလျားကန် လေ့သွားလျှော်ရအောင်'

ရှယ်လီသည် စားပွဲထိုးနောက်ထပ်လာချသော လိမ္မော်ရည်ဖန်ခွက်ကို ယူကာ တစ်ကျိုက်သောက်လိုက်သည်။

'ကိုသန်းထွန်းကလည်း ကလေးလေးကျနေတာပဲ၊ ရှယ်လီတို့ကျောင်းသားတွေမှ မဟုတ်တော့ဘဲ'

ရှယ်လီက ခပ်ထေ့ထေ့ပြုံးကာ ပြောလိုက်သည်။

'ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် အလုပ်များလွန်းတော့ အားလပ်ချိန်ကို မျှော်လင့်မိတယ်၊ သိပ်ဦးနှောက်ခြောက်တယ်၊ အိမ်ရောက်ရင် တစ်ယောက်တည်းဆိုတော့ သာပြီး ခြောက်ချားသေးတယ်'

'ရှယ်လီကတော့ အိမ်ရောက်ရင် သားတွေသမီးတွေနဲ့ အလုပ်ဆက်ရှုပ်နေတော့ ဦးနှောက်ခြောက်ချိန်တောင် မရဘူး'

ရှယ်လီက ဦးသန်းထွန်းစကားကို ဆီးပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှယ်လီလည်းပဲ တစ်ယောက်တည်းနေရတာကြာတော့ အထီးကျန်ဖြစ်မလာဘူးလား'

လိမ္မော်ရည်သောက်ရင်း ဦးသန်းထွန်းက မေးလိုက်၏။ ဒီမေးခွန်းမျိုး မိရှယ်ကလည်း မေးခဲ့ဖူးပြီ။

'ရှယ်လီက တစ်ယောက်တည်းမှ မဟုတ်ဘဲ'

ရှယ်လီက ဖြေလိုက်၏။ ဦးသန်းထွန်းက သက်ပြင်းရှည်ကြီး ချလိုက်သည်။ အဝေးရှိ ကန်လယ်ကျွန်းလေးကို ငေးမောနေရင်း ညည်းတွားနေသလို ဆက်ပြောနေသည်။ နေက တဖြည်းဖြည်း ညိုစပြုလာပြီ။

'ကျွန်တော်ကတော့ တစ်ယောက်တည်း၊ ရှယ်လီ့မှာ သားသမီး ရှိနေပေမယ့် ရှယ်လီ တကယ်တော့ တစ်ယောက်တည်းပါ၊ ရှယ်လီ ငယ်ပါသေးတယ်၊ ကျွန်တော့်လိုပဲ အထီးကျန်ဝေဒနာကို ခံစားရမှာ ကျွန်တော် သိပါတယ်၊ ရှယ်လီစကားပြောတာ သိုသိပ်လိုက်တာ၊ တို့ကျောင်းတုန်းကလို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ'

ရှယ်လီက ရယ်လိုက်သည်။

'ပွင့်ပွင့်လင်းလင်း ပြောရရင် ရှယ်လီတစ်ယောက်တည်းနေရတာ အနေကြာလာတော့ တစ်ယောက်တည်း နေတာကို နှစ်သက်တယ်'

ပြောရင်း လက်ကျန်လိမ္မော်ရည်ကို ရှယ်လီ ဆက်သောက်လိုက်၏။ ဦးသန်းထွန်းက ရှယ်လီမျက်လုံးကို စေ့စေ့ပြန်ကြည့်လိုက်၏။

'တစ်ယောက်တည်းနေရတာ အန္တရာယ်မများဘူးလား၊ ပြီးတော့ မိန်းမသားတစ်ယောက်တည်း၊ သားနဲ့ သမီးတာဝန် ထမ်းနေရတာ ရှယ်လီ ပင်ပန်းလှတယ်'

ဦးသန်းထွန်း စကားတွေက အဓိပ္ပာယ်အများကြီးရှိသည်ကို ရှယ်လီ နားလည်ပါသည်။ ရှယ်လီက အေးအေးဆေးဆေး ပြန်ပြောပါသည်။



'ကျေးဇူးတင်ပါတယ် ဦးသန်းထွန်း၊ ရှယ်လီ့မှာ တွေ့ရမယ့် အန္တရာယ်ကို စိုးရိမ်တယ်ဆိုလို့ ကျေးဇူးတင်တာပါ၊ ရှယ်လီပြောချင်တာက အန္တရာယ်ဆိုတာ အဆန်းမဟုတ်ပါ၊ လူမှာဖြစ်ဖြစ် တိရစ္ဆာန်မှာဖြစ်ဖြစ် အန္တရာယ်နဲ့ တာဝန် အမြဲရှိနေတာပဲ'

'ဘယ်လို'

ဦးသန်းထွန်း ဖျော်ရည်တစ်ကျိုက်သောက်ရင်း စိတ်ဝင်စားစွာ မေးလိုက်သည်။

'ရှယ်လီတို့နေရတဲ့ လူ'တော'အန္တရာယ်ဟာ သစ်ပင်တောတောင်တွေ ရှိတဲ့ တောအန္တရာယ်လိုပါပဲ၊ ခြင်္သေ့မတစ်ကောင်ဟာ သားသမီးတွေကို အစာရှာကျွေးရတယ်၊ ခြင်္သေ့မတစ်ကောင်အတွက် အစာရှာရတယ်ဆိုတာ မလွယ်ပါဘူးနော်၊ သားကောင်ကို ဖမ်းတတ်၊ တိုက်တတ်၊ ခိုက်တတ်မှ ရတာပါ၊ အလွယ်တကူ မရပါဘူး၊ အချိန်တန်ရင် ကလေးတွေ ကိုယ့်သားကောင် ကိုယ်ရှာစားတတ်ဖို့ သူတို့ကိုယ်လည်း သူတို့ကာကွယ်တတ်ဖို့ အမေခြင်္သေ့မက သင်ပေးရတယ်၊ ဒါက ခြင်္သေ့မရဲ့တာဝန်၊ တစ်ခါ ကိုယ့်အချင်းချင်း တိုက်ခိုက်တတ်တဲ့ ရန်သူတွေ၊ ဒါမှမဟုတ် အခြားသားကောင် အန္တရာယ်ကလည်း ကိုယ့်ကိုယ်ကို ကာကွယ်တတ်ရပါတယ်၊ ရှယ်လီလည်း ခြင်္သေ့မလိုပဲ လူ့ဘဝတောမှာ ကျွမ်းကျင်လာပါပြီ၊ တာဝန်နဲ့ အန္တရာယ်ကို မကြောက်ပါဘူး၊ သားသမီးတွေကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် ပညာပေးနေဆဲပါ၊ တွေ့လာတဲ့အန္တရာယ်ကို ကာကွယ်နိုင်ဖို့လည်း သင်ကြားပေးနေရတယ်၊ သူတို့တွေကို အဲဒီလို သင်ကြားပေးနေရ၊ ဝမ်းစာလည်း ရှာနေရနဲ့ ရှယ်လီ့မှာ အားလပ်တဲ့အချိန်ဆိုတာလည်း မရှိပါဘူး၊ အထီးကျန် ဝမ်းနည်းချိန်လည်း မရှိပါဘူး၊ တစ်ခုကလည်း အဲဒီ ရှယ်လီပြောခဲ့တဲ့ ခြင်္သေ့မလိုပဲ ကိုယ့်ကို အန္တရာယ်ပြုမယ့် ခြင်္သေ့ထီးတွေ သားကောင်တွေနဲ့ ရင်ဆိုင်ရရင် တိုက်ခိုက်ဖို့ အသင့်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီစကားက ပြတ်သားလှပါသည်။ ဦးသန်းထွန်းကလည်း ပါးနပ်ပါသည်။ ရှယ်လီ စကားစပြတ်၍ ထသွားမှာကို စိုးနေသည်။

'ကိုယ်ဆိုလိုချင်တာက ဒီတောမှာ ရှယ်လီ အန္တရာယ်တစ်ခုခုတွေ့ရင် ရှယ်လီ့ကို ကိုယ် ကာကွယ်ပိုင်ခွင့် မရနိုင်ဘူးလား၊ ရှယ်လီရယ်… ကိုယ်ဟာ ဘဝကို နားလည်ပါတယ်၊ မင်း တစ်ခါတစ်ခါမှာတော့ အားမငယ်ဘူးလား၊ အထီးကျန်တဲ့အခါ ဆာလောင်မွတ်သိပ်တဲ့ဝေဒနာကို မခံစားရဘူးလား၊ ဒါကိုတော့ ကိုယ်က ခံစားရဖူးသူမို့ ကိုယ့်ကို မညာစေချင်ဘူး၊ မင်းက ခံစားရမှုကို ထိန်းချုပ်ပြီး ဣန္ဒြေလုပ်နေတာ ဖြစ်နိုင်တယ်၊ ရှယ်လီ့ရင်ထဲမှာတော့ ဝမ်းနည်းကြေကွဲနေမှာပါ'

'ကိုယ့်ယောကျာ်း ကိုယ်လွမ်းလို့ ဝမ်းနည်းတာ တစ်ခုပါပဲ၊ ဒါပေမယ့် အရင်က လင်းနဲ့နေတုန်းက လင်းကို ဘာပဲဖြစ်ဖြစ် အားကိုးတယ်၊ နောက်ကပဲ မှီတွယ်လိုက်ချင်တယ်။ ခု တစ်ယောက်တည်းနေရတော့ သတ္တိတောင်ပိုရှိလာသေးတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ဟာကိုယ် ဖန်တီးရမယ်ဆိုတဲ့အသိက ရှယ်လီ့ကို အားပေးလာတယ်၊ ရှယ်လီ တစ်ယောက်တည်းပဲ နေချင်တယ်'

ဦးသန်းထွန်းမျက်လုံးများက ရှယ်လီကို စူးစိုက်ကြည့်နေရာမှ ပြောင်းလဲလာသည်။ တဖြည်းဖြည်းနှင့် မျက်လုံးက သရော်လာသလို လေးစားမှု မဲ့လာသလို ဖြစ်လာသည်။

'ရှယ်လီရယ်… ဟန်တွေ သိပ်လုပ်မနေစမ်းပါနဲ့၊ ဒီညနေတော့ တို့နှစ်ယောက် အင်းလျားကန်မှာ လေလျှော့ရအောင် ပတ်ဝန်းကျင်ကို ခေတ္တပဲ မေ့ရမေ့ရ မေ့ပစ်လိုက်ပြီး ငယ်မူပြန်လိုက်ရအောင်၊ ဟိုတုန်းက ကိုယ်ခေါ်ရင် ရှယ်လီ မငြင်းခဲ့ဖူးပါဘူး၊ ရှယ်လီတို့ ကျောင်းသားဘဝတုန်းက ကိုယ့်ကို လိမ့်ခဲ့တာတွေ အမှတ်တရ ကန်လယ်ကျွန်းမှာ ပြန်ပြောရမယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခါက အပျော်တွဲခဲ့တဲ့ ဒီကောင်ကို စိတ်ချမ်းသာမှုပေးတဲ့အနေနဲ့ ကိုယ်ခေါ်ရာ မလိုက်နိုင်ဘူးလား'



ဦးသန်းထွန်းအသံက ဖွတ်တိုးမည့်အသံ ပါလာသည်။

သူ့စကားလုံးများက စော်ကားလွန်းလာသည်။ ခေါ်ရာလိုက်မည့် မိန်းမစားမျိုး ပြောလာသည်။

ရှယ်လီသည် မျက်လုံးများ ဝင်းဝင်းတောက်လာသည်။ ရုတ်တရက် ကုလားထိုင်မှ ထလိုက်ကာ စားပွဲပေါ်ရှိ ဖန်ခွက်ကိုဆွဲ၍ ဦးသန်းထွန်း မျက်နှာကို ပေါက်ရန် ကိုင်လိုက်သည်။

နောက်ဘက်လှမ်းလှမ်းစားပွဲမှ လူတွေကို မြင်လိုက်ရတော့မှ သူ စိတ်ကို ထိန်းလိုက်ကာ ချာခနဲလှည့်၍ ဒေါ်ခင်သက်တင်ရှိရာ အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ ဒေါ်ခင်သက်တင်ကို သူ ဘာမှပြန်မပြော။ ကုန်သည်ပေါက်စဘဝ ရှယ်လီ့အနေနှင့် ဦးခင်ဆွေ သူ့ကို ရိုသဲ့သဲ့လုပ်တုန်းက သူ ပါးဆွဲချခဲ့သည်။ ယခုလည်း ဦးသန်းထွန်းကို ဖန်ခွက်နှင့် မျက်နှာကို ပေါက်လိုက်ချင်သည်။

ဒါပေမယ့် ဦးသန်းထွန်းက စကားနှင့်သာ စော်ကားသည်။ ဦးခင်ဆွေလို လက်ရောက်ကျူးလွန်သူ မဟုတ်။ ပြီးတော့ ဦးသန်းထွန်းက အစိုးရဌာနမှ အတွင်းဝန်လေး ဖြစ်သည်။ ဆက်ဆံရေးပျက်ပြားသွားလျှင် သူတို့ ကုန်သွယ်ရေးလုပ်ငန်းကိုပါ ထိခိုက်နိုင်သည်။ ဒါကြောင့် သူ စိတ်ကိုထိန်းကာ ပြေးထွက်လာခဲ့သည်။

ခု သူကလည်း ကုမ္ပဏီပိုင်ရှင် ဒေါ်မြကြာဖြူ။ ဒေါ်ခင်သက်တင်၏ ဆုံးမစကားကို သတိရလာသည်။

ဟိုတုန်းက ရှယ်လီမဟုတ်တော့။ တစ်ခုခုများ စိတ်မထိန်းနိုင်၍ ဖြစ်လိုက်လျှင် ဟိုလေးတကျော်ကျော် ဖြစ်သွားနိုင်သည်။ ဒေါ်ခင်သက်တင်နှင့်အတူ ပြန်လာခဲ့ပေမယ့် မနည်း စိတ်ကိုတည်ငြိမ်အောင် ထိန်းလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ အိပ်ခန်းထဲ တန်းဝင်ကာ ခုတင်ပေါ် ပစ်လှဲမိသည်။ ရင်မောလိုက်တာ။ ရှေ့လျှောက် ဘယ်လိုများ စခန်းသွားရပါ့။ ငယ်တုန်းက ရည်းစားများခဲ့သော အရိပ်က ခုချိန်ထိ လွှမ်းမိုးကာ သူ့အနာဂတ်ကို ထိခိုက်စေပါသလား။ သူ့ကို အထင်သေးစွာ ဆက်ဆံသော ဦးသန်းထွန်းကို သူ နာကြည်းနေသည်။

'မာမီ ဘာလို့ အဝတ်အစားမလဲဘဲ ဘယ်နှယ် အိပ်နေလဲ'

အင်နီက ကျောင်းကပြန်လာ၍ အခန်းထဲ ဝင်လာရင်း မေးလိုက်သည်။ သူသည် မျက်နှာထားကို ပြင်လိုက်၏။

'အစည်းအဝေးက ကြာလွန်းလို့ မာမီခေါင်းကိုက်လွန်းတာနဲ့ အိပ်ရာထဲ လှဲနေတာ'

'လိမ္မော်ရည် သောက်လိုက်ဦး၊ အင်နီ သွားဖျော်မယ်'

အင်နီသည် အပြေးအလွှားသွားကာ လိမ္မော်ရည် တစ်ခွက်ယူလာသည်။

သူ အိပ်ရာမှထကာ အဝတ်အစားလဲလိုက်၍ အင်နီပေးသော လိမ္မော်ရည်ကို သောက်နေသည်။

'တယ်လီဖုန်းလာပါတယ် မမ'

မကြည်လာပြော၍ သူအောက်ဆင်းကာ တယ်လီဖုန်းကို ကိုင်လိုက်သည်။

'ရှယ်လီ'

တစ်ဖက်မှ ဒေါ်လီအသံ။ ရှယ်လီ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။

'ဒေါ်လီ ပြော… ပြော'

'ကိုယ်တို့ ရန်ကုန်ပြောင်းရမယ်၊ အမိန့်ထွက်ပြီး ရန်ကုန်ရောက်ရင် ဦးဝိစာရအိမ်မှာ ခဏနေဦးမယ်'



'ဟုတ်လား၊ ရှယ်လီ သိပ်ဝမ်းသာတာပဲ ဒေါ်လီ၊ တွေ့ရအောင်နော်၊ ရန်ကုန်ရောက်ရောက်ချင်း ရှယ်လီ့ဆီ ဆက်လိုက်ပါ'

ထိုညက သူအိပ်မရ။ သားနှင့်သမီးကလည်း စာမကြည့်။ ဂျင်မီပါ သူ့အခန်းထဲမှာ လာ၍ စကားပြောနေသောကြောင့် သူ စိတ်သက်သာရပါသည်။

'အင်နီ ဘီအေအောင်ပြီးရင်၊ အမ်အေ ဆက်တက်ချင်တယ် မာမီ'

မတ်လတွင် အင်နီ ဘီအေစာမေးပွဲ ပြီးစီးမည် ဖြစ်သည်။ ထိုခေတ်က အမ်အေတက်ချင်လျှင် ကျူတာ လုပ်ရသည်။

'သမီး အမှတ်ဝင်ရင် ကျူတာလုပ်ပြီး တက်ပေါ့၊ သမီးစကားနည်းတာနဲ့ ကျူတာလုပ်ရမှာ မာမီမြင်ယောင်သေးတယ်၊ တက္ကသိုလ်မှာ အမ်အေဘွဲ့ယူပြီး ဆရာမလုပ်တာတော့ မာမီ သဘောကျပါတယ်၊ လက်ထောက်ကထိကဖြစ်လာရင် လက်ချာပေးရမယ်နော်'

ရှယ်လီက သမီး၏ အေးစက်စက်ဟန်နှင့် ဆရာမဖြစ်ပါ့မလားဟု စိတ်ပူနေသည်။

'သူ့ဟာနဲ့သူတော့ ဖြစ်လာမှာပေါ့ မာမီ၊ သမီးကတော့ အင်္ဂလိပ်စာအမှတ် ဝင်မယ်ထင်တယ်၊ သမီးတို့ မြန်မာစာဌာနမှာ ကထိက ဒေါ်သန်းဆွေရော၊ ဒေါ်ခင်စောရော အပြင်မှာ သိပ်အေးတာ၊ စကားနည်းကြတယ်။ စာသင်ရာကျတော့ စကားပြောကောင်းလိုက်တာ ငေးယူရတယ်၊ တစ်ခုက အင်နီ အင်္ဂလိပ်စကားပြောရင် မာမီလို ဗိုလ်သံ မပေါက်ဘူး'

'အို… မာမီက ငယ်ငယ်ကတည်းက ကွန်ဗင့်မှာနေလာတာ၊ မြန်မာတစ်ယောက် အင်္ဂလိပ်စကားပြောရင် မြန်မာသံနဲ့ပဲ ပြောမှာပေါ့၊ မှန်ရင်ပြီးတာပဲ၊ ဗိုလ်သံပေါက်ဖို့ မလိုပါဘူး'

'မာမီ… မာမီ၊ အင်နီ ဆရာမဖြစ်တော့ ပထမဆုံး သူ လက်ချာပေးမယ့် ကလပ်စ်ကို သားနဲ့မာမီ သွားတက်ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



ဂျင်မီက ဝင်နေ၁က်ရင်း ရယ်မောနေကြသည်။ ဂျင်မီက နှုတ်ဆက်ကာ သူ့အခန်း ပြန်သွားသည်။

ဘာလိုလိုနှင့် ဂျင်မီလည်း ရှေ့နှစ်ပြီးလျှင် (House surgeon) အလုပ်သင်ဆရာဝန် ဖြစ်တော့မည်။

သူ့ပခုံးပေါ်တင်နေသော သားနှင့်သမီးတို့ တာဝန်က တစ်စတစ်စ ပေါ့စပြုလာပြီ။ ဒါပေမယ့် ဒီည သူအိပ်မရ။ ဦးသန်းထွန်းနှင့် တွေ့ခဲ့ရသော အချိန်က ဖြစ်ခဲ့ရသော ဒေါသ။ ဒေါ်လီပြန်လာ၍ ဝမ်းသာသော ပျော်ရွှင်ခြင်း ရောယှက်ကာ သူ စိတ်လှုပ်ရှားနေသည်။ သမီးကတော့ တစ်ဖက်ခုတင်မှာ အိပ်ပျော်နေပြီ။

သူသည် ပြတင်းရှိရာ လျှောက်လာခဲ့၍ သံတိုင်ကိုကိုင်ကာ ခြံအပြင်ကို ငေးနေမိသည်။ နီလာရင့်ကောင်းကင်မှာ လမင်းရွှေအိမ်သည် ဝင်းပ ရွှန်းလက်နေသည်။ သစ်ရွက်များပေါ်မှာ ဖိတ်လျှံကျနေသော ရွှေရည်များသည် ဆောင်းနှောင်းလေ ဝေ့ဝဲသွားတိုင်း ပြိုးပြက်နေကြသည်။

ရင့်ကျက်လာပြီဖြစ်သော ဆောင်းနှောင်းလေသည် ဖြည်းညင်းစွာ သစ်ရွက်များကြား တိုးဝင်ရင်း ညမွှေးပန်းရနံ့ကို ကြဲဖြန့်သွားသည်။

ပန်းရနံ့သည် ရှယ်လီ့ရင်ကို လှိုက်ဖိုသွားစေသည်။ ဒီပန်းကလည်း ညမှာမှ ပွင့်သတဲ့။ သူသည် ပြတင်းမှခွာလိုက်ကာ စားပွဲတင်မီးကို ပိတ်လိုက်သည်။ အခန်းထဲကို ဖြာကျလာသော လရောင်၏ စင်းလုံးချောအလှကို ငေးမောနေမိသည်။ သူ့ရင်ထဲမှပန်းကရော ရနံ့သစ်များ ထုတ်လွှင့်နေလေသလား။

တစ်ခါက ညှိုးလျှနွမ်းငုံ့နေသော ရင်တွင်းပန်း၏ ဝေဒနာကို နှိုးဆွသလို ဖြစ်လာသည်။ သူသည် စားပွဲခုံပေါ်မှ မီးအိမ်ကို ပြန်ဖွင့်လိုက်၍ အံဆွဲထဲမှ စာအုပ်ရှည်ကြီးကို ယူလိုက်သည်။ ပြတင်းမှ လျှောကျသော



လရောင်အလှသည် မီးရောင်အောက်မှာ ပျောက်သွားသည်။ ကုလားထိုင်မှာ ထိုင်ကာ စာအုပ်ကို ဖွင့်လိုက်၍ သူစာစရေးလိုက်သည်။

## ချစ်လှစွာသော လင်း

ခြံပြင်မှာ လရောင်တွေ ဖြာကျနေတယ်။ လရောင်ခြည်ဟာ လပြည့်နေ့တစ်ညမှာ မိုက်မဲခဲ့တဲ့ မိန်းမတစ်ယောက်အကြောင်းကို ပြောပြကြတယ်။ ဒီမိန်းမက ယောကျာ်းတစ်ယောက်ကို စတင်ချစ်ခဲ့မိတာကိုး။ ချစ်လာရင် ရအောင်ယူတတ်ဖို့ပညာ ဒီမိန်းမက တတ်တယ်။ သူက အချစ်မျှော်အောင်ထားသူတစ်ယောက်ပေပဲ။ ဒါပေမယ့် တောင်းခံလာမှ အချစ်ကိုပေးဖို့ မေ့လျော့ခဲ့တဲ့ မိန်းမတစ်ယောက်ဟာ သူက အချစ်ကို စတင်သိမ်းသွင်းမိတဲ့အတွက် သူ့မျှော်ပညာဟာ အခု တန်ဖိုးမရှိတော့ဘူး။

လင်းရဲ့သား ဂျင်မီလည်း ဆရာဝန်ဖြစ်တော့မယ်။ အင်နီလည်း အိမ်အောတက်ရတော့မယ်။ လင်းရဲ့သားသမီးများကို ရှယ်လီစောင့်ရှောက်တာထက် လင်းမိဘများက ကူညီစောင့်ရှောက် အုပ်ထိန်းပေးတယ်ဆိုရင် မှန်မယ်။

ရှယ်လီ သားသမီးတွေအတွက် အလုပ်ကြိုးစားလုပ်ပေမယ့် အရွယ်မလွန်သေးတဲ့ မိန်းမတစ်ယောက်အတွက် ကိုယ့်ကိုယ်ကို လုံခြုံမှု၊ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ဖို့ဟာ သိပ်အရေးကြီးတာပဲလို့သိရတဲ့အခါ လင်းကို အထူးသတိရတယ်။ အလုပ်လုပ်ရင်း ပတ်ဝန်းကျင်မှာ ထိတွေ့ရတဲ့ သင်ခန်းစာတွေကြောင့် ရှယ်လီ အရွယ်ငယ်ငယ်နဲ့ဖြစ်ရတဲ့ တစ်ခုလပ်တွေ၊ မုဆိုးမတွေဘဝကို သိပ်နားလည်ခဲ့ကြတာပဲ။ အခုတော့ ရှယ်လီ အသက်လေးဆယ်ကျော်ခဲ့ပြီလေ။ မိန်းမတစ်ယောက်ဟာ လေးဆယ်အရွယ်မှာမှ အလှပြည့်စုံဆဲပေါ့။ အလုပ်ရဲ့အခက်အခဲ၊ အသက်မွေးဝမ်းကျောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကြိုးစားရတာ စိတ်မပျက်ပါဘူး။ ကိုယ့်ကိုယ်ကို တစ်ဖက်က ကာကွယ်ရတဲ့အလုပ်အတွက်တော့ စိတ်ပင်ပန်းလှတယ်။ အဲဒီအခါမှာ လင်သားတစ်ယောက်ရဲ့ အရိပ်အဝ္ဂါ အကာအကွယ်ဟာ ဇနီးအတွက် တန်ဖိုးဘယ်လောက်ရှိတာယ်ဆိုတာ ရှယ်လီ ပိုမိုနားလည်လာတယ်။ အထူးသဖြင့် ရှယ်လီမွေးဖွားလာရတာ မြန်မပြည်ဆိုတာက မိန်းမဣန္ဒြေဆိုတဲ့ စည်းကမ်းဟာ ရုံးတော်တွေက ပြဋ္ဌာန်းတဲ့ဥပဒေတွေထက် စောင့်စည်းရပါတယ်။

သူ ဆက်မရေးချင်တော့။ စာအုပ်ကို အသာပိတ်ထားလိုက်ကာ အံဆွဲထဲ ပြန်သွင်းလိုက်သည်။ မီးမှိတ်လိုက်၏။ လရောင်မှေးမှေး ကျရောက်နေသော အခန်းထဲက နတင်ပေါ်မှာ သူလှဲလိုက်သည်။ စာကိုသာ ရေးချင်၍ ရေးလိုက်သည်။ လင်းရှိရာသို့ ဘယ်လိုပို့ရမှန်းမသိ။ ပြတ်ပြတ်တောင်းတောင်း လင်းက လိပ်စာမပေးဘဲထားသည်ကို သူများထံမှ စုံစမ်း၍တော့ ရှယ်လီ မပေးချင်ပါ။ ဒီမှာနတော့ သူ့မှာရှိသည်။ နောက်နေ့တွင် စိတ်ရှိရင် သူ ဆက်၍တော့ ရေးချင်ရေးမိမည်ဖြစ်သည်။

မှုန်ပျပျလရောင်ခြည်မှာ မိန်းမောခဲ့စဉ်က ပြုသင့် မပြုသင့်ကို မစဉ်းစားမိ။ ကောလိပ်ကျောင်းသူဘဝသည် လမင်းရိပ်အောက်မှ ညဥ့်လယ်နှင့်တူသည်။ ပတ်ဝန်းကျင်ကို သတိမထားမိ။ ပန်းပွင့်၏ သင်းရနံ့၊ သန်းခေါင်ယံ ညဥ့်လေပြည်၏ အေးမြလန်းဆတ်ခြင်း၊ စိတ်ကို လှုပ်ရှားနိုးကြွစေသော တိတ်ဆိတ်ခြင်း၊ မှိန်မှိန်နွဲ့နွဲ့ လရောင်ခြည် ပွေ့ဖက်မှုအောက်မှာ အရူးအမူး သူ ဖြစ်ခဲ့သည်။

ပထမတော့ မနှာလိုမှု။ တူးတူးမှာ ချစ်သူရှိနေသည်ကို ဝန်တိုမိသည်။ သူ့အထင် အလှအပ ဆွဲဆောင်မှုမရှိသော တူးတူးလိုမိန်းကလေးတစ်ယောက်က လင်းလိုချစ်သူနှင့် ဘာကြောင့်တွဲနေနိုင်သည်ကို မနှာလို ဝန်တိုခဲ့မိသည်။



လင်းကို ရအောင် သူ့အစွမ်းနဲ့ ဆွဲဆောင်ခဲ့ပြီးတော့ လင်းကို သူ အရူးအမူးချစ်သည်။ သူ လင်းကိုတော့ ရခဲ့ပြီ။ သူ၏ရရှိခြင်းသည် တရားသော ရရှိခြင်းဟုတ်မဟုတ် စိစစ်နိုင်ခြင်းမရှိခင်မှာ လင်းက သူ့ကို စွန့်ခွာသွားသည်။ တူးတူးထက် သူသည် ဆွဲဆောင်မှုရှိသည်။ ကျော့ရှင်းသည်။ ဖော်ရွေသည်။ ဒါပေမယ့် ဘာကြောင့် လင်းကို သူ့ရင်ခွင်မှာ အစဉ်ထိန်းထား၍ မရပါလိမ့်။

လရောင်ဖျော့ဖျော့၏ အလင်းသည် တက္ကသိုလ်ရိပ်မှာ မှေးမှိတ်ခဲ့ပြီ။ ယခု ပြင်းပြသော နေခြည်လင်းလင်းမှာ သူလျှောက်လှမ်းလာခဲ့ရသော ဘဝက မိန်းမောစရာမရှိ။ လက်တွေ့ရင်ဆိုင်ရသည်က စွန့်စားခန်းတွေနှင့် ပါတကား။

www.burmeseclassic.com

www.burmeseclassic.com

[ ၂၆ ]

နောက်နေ့နံနက်တွင် နေမြင့်မှ သူအိပ်ရာမှ နိုးလာသည်။ သူ ချက်ချင်းပင် သတိရသည်။ သူတက်ခဲ့သော အစည်းအဝေးအကြောင်း၊ ဒက်ဒီနှင့်မာမီကို ပြောပြရဦးမည်။ မျက်နှာ ကမန်းကတန်းသစ်၍ ထမင်းစားခန်းသို့ဆင်းလာခဲ့သည်။ တော်ပါသေး။ ဒက်ဒီနှင့် မာမီသည် နံနက်စာ စားသောက်ပြီးပေမယ့် စားပွဲမှ ထမသွားကြသေး။

'မနေ့က ရှယ်လီ နေမကောင်းတာနဲ့ အိပ်မရလို့ မာမီ၊ ဒီမနက်နိုးတာနောက်ကျသွားတယ်'

သူက ကိုယ်ကိုယ့်ကာ တောင်းပန်စကားပြော၍ ကုလားထိုင်မှာဝင်ထိုင်လိုက်သည်။

'အေး... ဒက်ဒီကလည်း အစည်းအဝေးအကြောင်းမေးမလို့ အတော်ပဲ'

ရှယ်လီသည် ကော်ဖီငုံ့သောက်ကာ အစည်းအဝေးကို အတိုချုံးပြောပြသည်။

'အစိုးရဘက်က ဆိုလိုတာကတော့ မြန်မာကုန်သည်တွေကို ဦးစားပေးပြီး သွင်းကုန်ထုတ်ကုန် လိုင်စင်တွေ ချပေးခဲ့တယ်ပေါ့၊ စီးပွားရေးကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားလက်က မြန်မာ့လက်ရောက်အောင် လုပ်ပေးခဲ့တယ်၊ လွတ်လပ်ရေးရပြီးတဲ့နောက် ကုန်သွယ်ရေးလုပ်ငန်းကို မြန်မာတွေ ဦးစီးစေချင်တယ်၊ အခု အချို့ကုမ္ပဏီအတော်များများကို O.G.L (Open General Licence) ချပေးခဲ့တယ်၊ ဒါပေမယ့် မြန်မာကုမ္ပဏီ အတော်များများဟာ နိုင်ငံခြားနဲ့ ဆက်သွယ်လုပ်ရတဲ့ ကုန်သွယ်ရေးအလုပ်ကို မကျွမ်းကျင်တာလည်း တစ်ကြောင်း၊ ငွေရင်းငွေနှီး မပြည့်စုံလို့လည်း တစ်ကြောင်း၊ စိတ်ရှည်သည်းခံပြီး ကိုယ်တိုင်ရောင်းဝယ်ဖို့ စိတ်မဝင်စားဘဲ ဆုလွယ်နပ်လွယ် သဘောထားပြီး လိုင်စင်ကို နိုင်ငံခြားသားကို ရောင်းစားတဲ့ အလွယ်လမ်းကို လိုက်ကြတယ်တဲ့၊ အစိုးရရည်ရွယ်ချက်လည်း မအောင်မြင်ဘူး၊ မြန်မာကုန်သည်တွေက လိုင်စင်ရောင်းစားတော့ အသားစားရမယ့်အစား အရိုးကိုက်ရတယ်၊ အဆီအနှစ် အသားစားရတာက နိုင်ငံခြားသား တရုတ်၊ ကုလားပဲ၊ မြန်မာကုန်သည်တွေမှာ ကျွန်ဘဝနဲ့ ဘာထူးလဲ၊ သူများနောက်လိုက်ပဲတဲ့'

'အဲဒါကြောင့် အစိုးရက စနစ်တစ်ခု ထွင်ချင်တယ်၊ ကုန်သွယ်ရေးမှာ ကျွမ်းကျင်တဲ့ကုန်သည်ကြီးတွေက ဦးဆောင်၊ ငွေရင်းနည်းတဲ့ကုန်သည် နိုင်ငံခြားနဲ့ ဆက်သွယ်ရာမှာ လုပ်ငန်းမကျွမ်းကျင်တဲ့ ကုန်သည်တွေ ပူးပေါင်းပြီး ဖက်စပ်စနစ်လုပ်စေချင်တယ်၊ ကိုယ့်ဘာသာ ညှိနှိုင်းပြီး ဖက်စပ် ၁, ၂, အစရှိသဖြင့် ဖွဲ့စည်းပြီးလုပ်ရင် ငွေရင်းလည်း တောင့်မယ်၊ လုပ်ငန်းလည်း ကျွမ်းကျင်လာမယ်၊ လိုင်စင်ရောင်းစားတဲ့ စနစ်လည်း ပျောက်သွားမယ်၊ ဒီဖက်စပ်အဖွဲ့တွေကို အစိုးရက လိုင်စင်ချပေးမယ်တဲ့၊ တစ်ခု အစိုးရက မေတ္တာရပ်ခံချင်တာက ကုန်သည်ကြီးတွေဟာ သွင်းကုန်ကိုပဲ အားမကိုးစေချင်ဘူး၊ နိုင်ငံခြားကို ထုတ်ကုန်တင်ပို့နိုင်အောင် ကြိုးစားပါတဲ့၊ ထုတ်ကုန် ၁၀၀ဖိုး ထုတ်လုပ်နိုင်တိုင်း နှစ်ဆယ်ရာခိုင်နှုန်း သွင်းကုန်လိုင်စင် ချပေးမယ်တဲ့၊ ဒါဟာ ထုတ်လုပ်နိုင်တဲ့ ကုန်သည်တွေအတွက် ခံစားခွင့်ပါတဲ့ ဒက်ဒီ၊ အတွင်းဝန် ဦးဘခက်က ရှင်းလင်းပြောပြပါတယ်'



'ကုန်သည်ကြီးတွေက ဘာပြန်ပြောလဲ'

ဦးရွှေဖံအောင်က မေးလိုက်၏။

'သူတို့ကုန်သည်အချင်းချင်း ဖက်စပ်လုပ်ဖို့ စုစည်းတိုင်ပင်မယ်လို့ ပြောပါတယ် ဒက်ဒီ'

'အေးပေါ့ကွယ်၊ ဒက်ဒီလည်း ထုတ်ကုန်လုပ်ငန်းတစ်ခု စဉ်းစားနေတယ်၊ ပြည်တွင်းမှာတော့ ဟံသာအေးကုမ္ပဏီက နိုင်လွန်တွေဘာတွေ စက်တည်ပြီး ထုတ်လုပ်နေကြပြီ၊ ဒါက နိုင်ငံခြားက နိုင်လွန်မသွင်းရဘဲ ပြည်တွင်းမှာ ရောင်းဖို့ပါပဲ၊ ဒက်ဒီကတော့ အခု သခင်ပုလုပ်နေတဲ့ ပုလဲဆင်ဒီကိတ်လို တခြားထုတ်ကုန်လုပ်ငန်းတစ်ခု လုပ်ချင်တယ်၊ သူလည်း အခက်အခဲတွေ အိမယော်များများကြားက ပုလဲမွေးမြူရေး မြိတ်မှာ ကြိုးစားခဲ့တာ အခုမှ ဂျပန်ကို ပုလဲတင်သွင်းနိုင်တယ်၊ နိုင်ငံခြားငွေ ရှာနိုင်တာပေါ့'

'ရှယ်လီလည်း ရှယ်လီ့လိုင်းကနေ စဉ်းစားနေပါတယ်၊ ချိတ်လုံချည်တွေ နိုင်ငံခြား ပို့နိုင်အောင်ပေါ့၊ ဟိုတစ်နေ့က ဒေါ်ခင်သက်တင်အိမ်က ရှယ်လီ အပြန်နောက်ကျတာ ချိတ်လုံချည်ဈေးကွက်ရဖို့အတွက် မွန်စီယာမိရှယ်ဆိုသူနဲ့ ဆွေးနွေးနေလို့ပါ၊ သူက ပဲရစ်က အိဗ်စိန့်လောရင်ဖက်ရှင်ကုမ္ပဏီကပါ'

ရှယ်လီသည် မာမီကိုပါ ဖြေရှင်းသည့်အနေနှင့် ပြောလိုက်သည်။

ဒက်ဒီကတော့ စဉ်းစားနေရင်းမှ သူ့ အတွေ့အကြုံကို ပြောပြသည်။

'အင်္ဂလိပ်လက်အောက်တုန်းကလည်း ကုန်သွယ်ရေး မသမာမှု ဒက်ဒီတို့ တွေ့ဖူးတယ်၊ ဆန်ခိုးဂိုဏ်းဆိုတာ ရှိတယ်၊ နိုင်ငံခြားတင်ပို့မယ့် ဆန်ထဲက တစ်အိတ်မှာ နို့ဆီဘူးတစ်လုံး ခိုးတယ်လေ၊ သင်္ဘောကြီး ကူလီကအစ သူဌေးတွေ ဒီဂိုဏ်းမှာ ပါတယ်၊ တန်ချိန် အများကြီး နိုင်ငံခြားတင်ပို့ရတော့ တစ်အိတ် နို့ဆီဘူးတစ်လုံးနဲ့ ဆန်အများကြီးရပြီး ရောင်းစားကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မကြာပါဘူး အစိုးရက ဖမ်းမိပြီး ပါဝင်တဲ့ နာမည်ကြီးသူဌေးတွေ အဖမ်းခံရတယ်၊ လွတ်လပ်ရေးမရခင်ကတော့ လွတ်လပ်စွာ ကုန်သွယ်ခွင့်မရှိဘူးပေါ့၊ ကုန်သွယ်ရေးဆိုတာ နိုင်ငံရေးစနစ်ပေါ်မှာလည်း တည်တယ်၊ လွတ်လပ်ရေး ရလာလို့ လွတ်လပ်စွာ ကုန်သွယ်ခွင့် ရလာတဲ့အခါမှာ ကုန်သည်တွေဘက်က လည်း သစ္စာရှိဖို့လိုတယ်၊ ဘုရားကလည်း ဟောတာပဲ၊ သမ္မာအာဇီဝဆိုတာ ကောင်းသော အသက်မွေးမှု ဆိုတယ်။ မသမာမှုတွေ ဝိသမလောဘတွေ များလာရင်တော့ အခြေအနေ ပြောင်းလဲတတ်တယ်'

'အခု ကုန်သည်တွေ လွတ်လပ်ခွင့် ရလာတာမှန်တယ်။ ဒက်ဒီ ကြည့်နေတယ်၊ လိုင်စင်ဆိုင်းဘုတ်နှစ်ခုလောက်ချိတ်ပြီးလို့ လိုင်စင်ရရင် ကုန်သွယ်မှုတိုးတက်ရေးအတွက် ဆက်မစဉ်းစားဘူး၊ လိုင်စင်ရောင်းစားပြီး လိုင်စင်သူဌေးအဖြစ် မယားငယ်သာ ကားပေါ်တင်တော့တာပဲ၊ ရလာတဲ့ အခွင့်အရေးကို လမ်းမှန်ကမ်းမှန် အသုံးမချရင် အခွင့်အရေး ဆုံးရှုံးတတ်တယ်'

'ခေတ်တစ်ခေတ်မှာ လူတွေ ဖောက်ပြန်လွန်း အားကြီးလာရင် 'ပွန်ပီ အိုင်ရဲ့ နောက်ဆုံးနေ့'လို ဖြစ်လာတတ်တယ်'

'ရှယ်လီ ဒီစာအုပ် ဖတ်ဖူးမှာပါ၊ မတရားတာတွေလုပ်လာပြီး အကုသိုလ်အမှုတွေ များလွန်းတော့ ပွန်ပီဆိုင်မြို့ကြီးကို ပီဆူးမီးယတ်စ်မီးတောင်ကြီးရဲ့ ပြာပူတွေ အလွှမ်းခံသွားရတယ်၊ ရှယ်လီလည်း ကုန်သွယ်ရေးမှာ တရားမျှတမှု ရှိပေစေပေါ့၊ အလုပ်ချဲ့ဖို့တော့ ဖြည်းဖြည်း စဉ်းစားပါ'

ဒက်ဒီက ဒါပဲပြောကာ ထသွားသည်။ မာမီကတော့ မီးဖိုခန်းထဲဝင်သွားသည်။ သူသည် ဒီတော့မှ ပေါင်မုန့်ကို ထောပတ်သုတ်ကာ စားရင်း ဒက်ဒီ့စကားများကို စဉ်းစားနေမိသည်။

X X X X X

# [ ၂၇ ]

မကြာမီမှာပင် ခေတ်က ပြောင်းသွားသည်။ ဦးရွှေဖံအောင် ပြောသလို ကုန်သွယ်ရေးဆိုတာ နိုင်ငံရေးစနစ်ပေါ်မှာလည်း တည်တယ်ဆိုသော စကားလိုပင် နိုင်ငံရေးအခြေအနေက ပြောင်းလဲသွားသည်နှင့်အမျှ ကုန်သွယ်ရေး စနစ်ကလည်း ပြောင်းလဲသွားသည်။

ပြည်သူပိုင်စနစ် လုပ်လိုက်လေတော့ ရှယ်လီတို့ သွင်းကုန်လိုင်စင်ပါမက ထုတ်ကုန်လိုင်စင် စနစ်တွေအားလုံး ရပ်ဆိုင်းသွားသည်။ ကုမ္ပဏီများနှင့် အထည်ဆိုင်ငယ် အတော်များများ ပြည်သူပိုင်သိမ်းတာ ခံရသည်။ ခေတ်ပေါ် လိုင်စင်သူဌေးလေးတွေလည်း ရန်ကုန်မြို့လယ်မှ ပျောက်သွားကြသည်။

အခြေမတောင့်သူတွေမှာ အရင်းအနှီး ပြုတ်သွားသည်။ ဒေါ်ခင်သက်တင်ကတော့ ကုန်သည်အလုပ်ကို ရှေ့ဆက် မလုပ်လိုတော့ဆိုကာ ဆိုင်ကို ရောင်း၍ ကုမ္ပဏီကို ပိတ်လိုက်သည်။

ရှယ်လီအဖို့တော့ ဦးရွှေဖံအောင်၏ အမြော်အမြင်ရှိမှုကြောင့် သူ အလူးအလဲ မခံရပါ။ ပြည်သူပိုင်သိမ်းမည်ကို ကြိုတင်သတင်းရလေသလား

www.burmeseclassic.com

www.burmeseclassic.com



မသိ။ ဦးရွှေဖံအောင်က ဆိုင်မှာ တော်ရုံလောက်သာ အထည်များ ပြထား၍ ကျန်ကုန်များကို နေရာရွှေ့ပြောင်းထားခိုင်းသည်။ ရတနာတွေကိုလည်း သဘောလောက်သာ ပြထား၍ ပြည်သူ့ပိုင် သိမ်းချိန်တွင် တခြားသူတွေလောက် အရင်းပြုတ်အောင် မခံရပါ။

သို့သော် ဆိုင်ခန်းကိုတော့ အရှိန်မပျက် ဆက်ထွက်ခိုင်းသည်။ တိုလီမုတ်စ ပစ္စည်းအတိုအထွာလေးတွေ ဆက်ရောင်းခိုင်းသည်။

ရှယ်လီ့ရင်ထဲမတော့ သက်ပြင်းခါခါချမိသည်။ ဒီဆိုင်သာ ပြုတ်သွားလျှင် သူ ပြီးပါရော။ သူ့အသက်သွေးကြော ပြတ်သလိုပင်။ ယခုတော့ ယောက္ခမကြီးများက ကုန်ပစ္စည်းများများမဘင်ဘဲ သနပ်ခါးတုံး၊ ပုန်းရည်ကြီးနှင့် ချည်ပုဆိုး နည်းနည်းပါးပါး ရောင်းခိုင်းသည်။ ပြည်သူ့ပိုင်သိမ်းတုန်းကလည်း နစ်နစ်နာနာမခံရတော့ သူ ဣန္ဒြေမပျက် နေနိုင်သည်။

အင်နီကလည်း အင်္ဂလိပ်စာနှင့် အမ်အေအောင်က အင်္ဂလိပ်စာဌာနမှာပဲ ဆရာမလုပ်သည်။ ဂျင်မီကတော့ ဆရာဝန်ဘွဲ့ အမ်ဘီဘီအက်စ် ရသွားပြီ။ တော်ပါသေး။ အိမ်ထောင်ရေးတွင် ရှယ်လီ ကံခေပေမယ့် သားသမီးကံက မျက်နှာသာပေး၍ သူ့စိတ် အမောပြေရသည်။ ဂျင်မီသည် တနင်္ဂနွေနေ့တိုင်းတော့ သူငယ်ချင်းများနှင့်အတူ လည်ပတ်ခွင့်တောင်းကာ လည်သည်ကလွဲ၍ ပြဿနာ မရှိပါ။ သူ ရင်အေးရပါသည်။

အရောင်းစာရေးမလေး နှစ်ယောက်ကိုပြုတ်၍ သူနှင့် ကိုကျော်မင်းဝေ၊ သူ့ညီမနှင့် သူပဲ ဆိုင်ဆက်၍ ထွက်ကြသည်။

'အစ်မရေ'

သူ ဆိုင်မှာထိုင်နေတုန်း အမျိုးသမီးတစ်ယောက် အော်ဟစ်ခေါ်ကာ ဝင်လာသည်။ သူ အံ့အားသင့်သွားသည်။ ဝင်လာသူက 'ခင်မေ' ဟိုတစ်ခါက ပလက်ဖောင်းပေါ်မှာ ပုစွန်ခြောက်ရောင်းသော ခင်မေ။



'လာပါ… ထိုင်ပါဦး၊ မမင်မေက ဘယ်က လှည့်လာလဲ'

သူက ဆီးကြိုလိုက်၏။

ခင်မေက ကုလားထိုင်မှာထိုင်ရင်း အမောဖြေလိုက်၏။

'အစ်မကို မတွေ့ရတာ ကြာပြီနော်၊ ဝမ်းသာလိုက်တာ အစ်မရယ်၊ ကျွန်မလည်း ကမ်းနားလမ်း ပလက်ဖောင်းပေါ်က အိမ်မှာမဟုတ်ဘူး'

'ဘယ်ရောက်နေလဲ'

'ကျွန်မတို့ လမ်းဘေးအိမ်တွေ၊ ကွက်သစ်တွေအားလုံး ပြောင်းရတယ်လေ အစ်မ'

'ဟုတ်တယ်၊ ကျွန်မလည်း ကြားတယ်၊ အခု ဘယ်ပြောင်းသွားလဲ'

'တောင်ဥက္ကလာပမှာ မြေကွက်တော့ရပါရဲ့၊ တဲတစ်လုံး အနိုင်နိုင်ဆောက်ထားရတာလား အစ်မရယ်'

'မြေပိုင်ရှင် ဖြစ်သွားတာပေါ့'

'မြေတော့ပိုင်ပါရဲ့၊ အိမ်ကမဖြစ်သေးဘူး၊ မြွေတွေလေ မိုးတွင်းတုန်းက ကြောက်လိုက်ရတာ၊ တဲကလည်း လေးစင်တိုင်သာသာပါ အစ်မရယ် အစ်မကို သတိရလို့ လိုက်ရှာတာ'

'ကောင်းတာနဲ့ မကောင်းတာ တွဲနေတာပေါ့ မခင်မေရဲ့၊ မခင်မေတို့တဲအကွက်တွေက အရင်က လယ်ကွက်တွေဆိုတော့ အစမှာ ဒီလိုပေါ့၊ နောက်တော့ ကောင်းလာမှာပါ၊ ခုပုစွန်ခြောက်က ကင်းလွတ်ကုန် မဟုတ်တော့ဘူး၊ ဘာရောင်းလဲ'

'ကျွန်မ အရင်းအနှီးမရှိဘူး၊ ဒေါ်သန်းရီတို့လည်း ပြည်သူ့ပိုင်အသိမ်းခံရတော့ ဆိုင်ယောင်းလောင်း၊ ကျွန်မကို ပုစွန်ခြောက်မပေးနိုင်ဘူး၊ ကျွန်မတို့ကလည်း တောင်ဥက္ကလာပြောင်းသွားတော့ ဘာမှမလုပ်တတ်၊ အခု ကျွန်မယောကျ်ား ကိုဘထွန်းက ကားပြင်ဝပ်ရှော့မှာ ခုမှ အလုပ်သင်တုန်း၊ သား

www.burmeseclassic.com

www.burmeseclassic.com



က ကျောင်းမတက်နိုင်ဘူး၊ ဘတ်စ်ကားဆိပ်မှာ ဆေးလိပ်လေး မီးခြစ်လေး ရောင်းဝယ်၊ သမီးလေးလည်း ကျောင်းမထားရပါဘူး၊ ကျွန်မ တစ်ခုခုရောင်းချင်တယ် အစ်မရယ်၊ ကျွန်မကို မကူညီနိုင်ဘူးလား'

ရှယ်လီမှာ ငိုအားထက် ရယ်အားသန်နေ ဖြစ်နေသည်။ သူ့မှာလည်း အရှိန်ရစ လုပ်ငန်းများ ရပ်ဆိုင်းသွားရပြီ။ ရှင်ဘုရင် ပွဲတော်အုပ်ပျောက်တာ အရေးမကြီး၊ သူတောင်းစား ခွက်ပျောက်တာက ပိုဆိုးသည်။ မခင်မေကို ဘယ်လိုလုပ်ပေးရပ့်။ မခင်မေက ခြောက်သယောင်းနေသော ဆံရင်နီနီတွေကို ကော်ဘီးနှင့် ပြင်ပတ်လိုက်သည်။

ဖွပ်လွန်း၍ ဝါနေသော နိုင်လွန်အင်္ကျီနှင့် အဆင်ပျက်နေသောလုံချည် ပွင့်ရိုက်က ခင်မေ့အခြေအနေကို ဖော်ပြနေသည်။

'ကျွန်မဆိုင်လည်း ကြည့်ဦးလေ၊ ပြည်သူပိုင်အသိမ်းခံရတာ ပိုဆိုးလေး ဆယ့်လေးငါးထည်နဲ့ ပုန်းရည်ကြီးလေး၊ သနပ်ခါးတုံးလေး တင်ထားရတယ်၊ အဲဒါက ပြည်သူပိုင်မသိမ်းဘူး'

ရှယ်လီက သူ့ဆိုင်မှ ကုန်ပစ္စည်းများကို လက်ညှိုးထိုးပြလိုက်သည်။ မခင်မေကလည်း ဗီရိုဟောင်းလောင်းများကို လှမ်းကြည့်နေသည်။

'ကျွန်မ တစ်ခုတော့ အကြံဉာဏ်ပေးချင်တယ်၊ ကျွန်မတို့ရှေ့မှာ ယမုံနာဆိုပြီး စားသောက်ဆိုင်ခန်းတွေဖွင့်ဖို့ နေရာပေးလိမ့်မယ်၊ အဲဒီမှာ ရှင် ထမင်းသုပ်ရောင်းပါလား'

ရှယ်လီ့အကြံဉာဏ်ကို မခင်မေက စဉ်းစားနေသည်။

'ထမင်းသုပ်ဆိုတော့ ပုစွန်ခြောက်ပါမှလေ၊ ပုစွန်ခြောက်က ကင်းလွတ်ကုန်မဟုတ်ဘူးဆို၊ ကျွန်မ ဘယ်ကရမလဲ'

'ရှယ်လီ စာရေးပေးမယ်၊ ရှင်က တိတ်တိတ်ဆိတ်ဆိတ် ခေါသန်းရိုကို ကျွန်မ စာသွားပေး၊ ထင်ထင်ပေါ်ပေါ် မရောင်းရဲပေမယ့် သူတို့လည်း သိမ်း



ထားတာ ကျန်မှာပေါ့၊ ငါးဆယ်သားလောက်ဆွဲခဲ့ပေါ့။ ကဲ... ကျန်တာဆိုဖို့၊ အားလူးကြက်သွန် ကြာဖူးဝယ်ဖို့ ရှယ်လီ အရင်းထုတ်ပေးမယ်၊ ဝယ်စားတဲ့လူတွေကို ထမင်းသုပ်ပန်းကန်နဲ့အတူ အခွံသင်ပြီးသား ကြက်သွန်ဖြူလေးတွေလည်း ပန်းကန်ပြားတစ်ချပ်နဲ့ သပ်သပ်ထည့်ပေး'

စကော့ဈေး (ဗိုလ်ချုပ်ဈေး)မှာ ခြေရာချဉ်းခဲ့သော ရှယ်လီက မခင်မေကို ဈေးရောင်းနည်း သင်တန်းပေးနေသည်။

'မောင်တင်ဖေက ဝယ်သူခေါ်၊ ထမင်းသုပ်ပန်းကန်ချပေး၊ မခင်မေသမီးက ပန်းကန်ဆေး၊ မခင်မေက ထမင်းသုပ်ပြင်ပေါ့'

'ဒီလို သူဌေးတွေလာတဲ့ စကော့ဈေးမှာ ကျွန်မလို လက်နီးစုတ် လက်သုပ်ဖတ်ဝတ်ပြီး ထမင်းသုပ်ရောင်းလို့ ဘယ်သူ ဝယ်စားမလဲ'

မခင်မေက သူ့အင်္ကျီကို ငုံ့ကြည့်ရင်း ပြောလိုက်သည်။

'ဒါအတွက် ရှယ်လီ့တာဝန် ထားလိုက်စမ်းပါ၊ ဆိုင်ခန်းလည်း ရှယ်လီ ရအောင် လုပ်ထားလိုက်မယ်၊ ဘာမှ စိတ်ပူမနေနဲ့၊ ရှယ်လီတောင် မုန့်ဟင်းခါးရောင်းရင် ရောင်းနေမှာ'

ရှယ်လီက ရယ်ရယ်မောမော ပြောလိုက်သည်။

မခင်မေက လိုက်မရယ်။ တစ်စုံတစ်ရာ တွေးနေပုံရသည်။

'အစ်မကို ကျွန်မ တစ်ခုမေးမယ်၊ ပြည်သူပိုင်သိမ်းတယ်ဆိုတာဘာလဲ"

ကဲ... မှတ်ကရော။ အမေး နွားကျောင်း အဖြေ ဘုရားလောင်းတဲ့၊ မခင်မေက မေးလေပြီ။ သူကလည်း ဘုရားလောင်းမဟုတ်၍ မဖြေတတ်။ နိုင်ငံရေးစကားလုံးကို မသုံးတတ်ခြင်းပါ။

'ဘာဖြစ်လို့ကော သိမ်းတာလဲ'

ထပ်မံ၍ မခင်မေက မေးပြန်သည်။ ရှယ်လီ ခေတ္တစဉ်းစားပြီးမှ ဖြေလိုက်၏။ သူ၏အဖြေသည် စကားလုံးခံ့ညားမှုမလို၊ မခင်မေ နားလည်

www.burmeseclassic.com

www.burmeseclassic.com



လွယ်ဖို့ အရေးကြီးသည်။ သူတတ်နိုင်သလောက် အလွယ်ဆုံးစကားလုံးနှင့် ပြောပြလိုက်သည်။

'သူဌေးတွေ၊ ငွေရင်းကြီးတဲ့လူတွေ ကုန်သွယ်တော့ သူတို့ အမြတ်များများရအောင် ဈေးတင်ရောင်းတယ်၊ သူတို့တော့ အမြတ်များများ ရတာပေါ့၊ စားသောက်ရတဲ့ ပြည်သူလူထုမှာ ဈေးကြီးပေးရတယ်၊ ဒါကြောင့် အစိုးရကုမ္ပဏီကြီးတွေ၊ လုပ်ငန်းရှင်ကြီးတွေရဲ့ အလုပ်အကိုင်တွေကို ပြည်သူပိုင်သိမ်းလိုက်ပြီး ပြည်သူတွေကို ဝေစားမှာပေါ့'

'ဟင် –'

မခင်မေက အံသြသံ တစ်ချက်ပြုလိုက်ပြီး၊ ခေါင်းခါလိုက်သည်။ တကယ့်ကို သဘောမပေါက်သေးဟန် ပြနေသည်။

'ကျွန်မတို့လို ဆင်းရဲသားပြည်သူတွေဆီက အစိုးရသိမ်းသွားတာ မဟုတ် ဘူးလား'

ဘုရားရေ –။ မခင်မေ၏ ဒုတိယမေးခွန်းသည် သာ၍ ဖြေရန်ခက်ခဲသည်။ ရှယ်လီ ဘာမှမဖြေခင် မခင်မေက ဆက်ပြောသည်။

'ကျွန်မတို့ ထမင်းစားတယ်ဆိုတာ အစ်မကို ပြောပြရဦးမယ်၊ ငါးလေးဝက်သားလေး ဘာလေးက တစ်ပတ်တစ်ခါလောက်မှ စားနိုင်တာပါ၊ တစ်ခါတလေ မစားရပါဘူး၊ အမြဲတမ်းက စိမ်းစားငါးပိ၊ သုံးဦးစပ် အရေကျိုငါးပိနဲ့ ပုစွန်ခြောက်တို့က ဟင်းဖြစ်နေတာ'

မခင်မေက ရှယ်လီကို ပြန်၍ ရှင်းပြနေသည်။

'ငါးပိစိမ်းစားနဲ့ ပုစွန်ခြောက် တစ်မတ်ဖိုး၊ ရေနဲ့ပြုတ်၊ ဘူးသီးခတ်ပြီး ဟင်းချိုချက်၊ သုံးဦးစပ်ငါးပိရေကို ကျိုပြီး ပိန်းသီးကွင်းတို့လို ကန်စွန်းရွက်တို့စရာစုံစုံနဲ့ စားရတာ များပါတယ်၊ ပြီးတော့ တစ်မတ်တန်အချိုမှုန့်က ငါးပိရည်ဖျော်ထဲလည်း ထည့်တာပဲ၊ ဟင်းချိုလည်း ခတ်တာပဲ၊ ဒါကြောင့်



ဟိုတုန်းက ကျွန်မ ဒေါ်သန်းရီဆီက ပုစွန်ခြောက်ယူဈေးရောင်းတော့ ပုစွန်ခြောက်မှုန့် တစ်မတ်တန်ထုပ် အချိုမှုန့်တစ်မတ်တန်နဲ့ တွဲရောင်းတာ ကွက်သစ် ဆင်းရဲသားရပ်ကွက်မှာ အလုပ်ဖြစ်လို့၊ ခု –ပြည်သူပိုင်သိမ်းပြီးတော့ ငါးပိစိမ်းစားလည်းပျောက်၊ ပုစွန်ခြောက်လည်း ပျောက်၊ ကင်းလွတ်ကုန် မဟုတ်ဘူးတဲ့လေ၊ ကျွန်မတို့ ဘာနဲ့သွားစားရမလဲ၊ လောလောဆယ် ကျွန်မတို့ ဆင်းရဲသားကို ထိတာ'

ရှယ်လီက မဖြေတတ်။

'ဥက္ကလာကတော့ တောဈေးလိုဖြစ်နေလို့ ငါးပနော် (ငါးရံ့ပေါက်စ) တစ်ကောင်ရရင် မီးဖုတ်ပြီး မနက်ညစာ ဟင်းချိုခတ်နိုင်အောင်လုပ် ချက်စားရတာ အစ်မရဲ့၊ အစ်မပြောတော့ သူဌေးကြီးတွေဆီက သိမ်းပြီး ကျွန်မတို့ကို ဝေဖို့ဆို၊ အခု ကျွန်မတို့ ဘူးသီးဟင်းချိုတောင် ကောင်းကောင်းချက်မစားနိုင်ဘူး'

ရှယ်လီသည် တကယ့်ကို ဘာဆက်ပြောရမှန်း မသိ။

'သူဌေးတွေဆီကလည်း သိမ်းတာပါပဲ မခင်မေ'ဟု ပြောလိုက်၏။

'အစ်မတို့ သူဌေးတွေမှာတော့ အခြေအနေမပျက်ပါဘူး၊ ကျွန်မတို့ ဆင်းရဲသားပိုင်တဲ့ ငါးပိလေး၊ ပုစွန်ခြောက်လေး သိမ်းတာလားလို့'

သြော်– မခင်မေက သူ့ကို သူဌေးတဲ့။ ဟုတ်ပါ့။ သူတို့အမြင်မှာ သူဌေးပါပဲ။ ယောက္ခမငွေရင်းနှင့် ကုန်သွယ်နေရသူ၊ ပြည်သူပိုင်သိမ်းတော့ သူလည်း အထိနာ၊ ဘာလုပ်စားရမှန်းတောင်မသိ။ မခင်မေက သူ့အဖြစ်မသိ။ ဘာပဲပြောပြောပေါ့လေ။ မခင်မေထက်တော့ သူက သာသေးသည် ဆိုရမည်။ ပေါင်မုန့် ထောပတ်သုတ် စားနိုင်သေးသည်။ အခြေအနေ ဟန်မပျက် ထိန်းထားနိုင်တော့ မခင်မေပြောလည်း ပြောစရာပေါ့။

'အစ်မကို ပြောရဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



မခင်မေက ဆက်ပြန်သည်။ သူ ပလတ်စတစ်ခြင်းတောင်းလေးထဲမှ စက္ကူနှင့် ပတ်ထားသော အထုပ်တစ်ထုပ်ကိုဖြေ၍ ပြလိုက်၏။ ချည်ပုဆိုးတစ်ထည်နှင့် အနားပြာ ပေါ်ပလင်ပိတ်စနစ်စ ဖြစ်သည်။

'တစ်နေ့လုံး ရပ်ကွက်လိပ်ပြာတောင်မှာ ကျွန်မ တန်းစီလာတာ၊ အဲဒါကလည်း အလုပ်တစ်ခု၊ အချိန်ကုန်သလားမပြောနဲ့၊ အဲဒီလုံချည်နဲ့ ပိတ်စ အစ်မယူထားပါ၊ ကျွန်မကို အစ်မ အဖိုးဖြတ်ပေး၊ အပြန် ဟင်းချက်စရာ ဝယ်သွားချင်လို့၊ သြော်... တစ်ခုလည်း အစ်မ ဒီလိုလုပ်ပါလား'

မခင်မေ ဉာဏ်ကြီးရှင်က သူ့ကို အကြံဉာဏ်တစ်ခု ပေးပြန်သည်။

'ကျွန်မ နေ့တိုင်း တန်းစီပြီး ရသမျှပစ္စည်း အစ်မဆိုင်လာအပ်မယ်လေ၊ အစ်မ ရောင်းကုန်ရတာပေါ့'

ရှယ်လီသည် စိတ်မရှည်နိုင်တော့ ရယ်မိသည်။

'မခင်မေရယ်... ကိုဘထွန်းတို့၊ မောင်တင်ဖေတို့ ဒီပုဆိုး ဝတ်ပါစေ၊ ပြန် ရောင်းမနေနဲ့တော့၊ အခု ကျွန်မ ရင်းဖို့နှီးဖို့ငွေလည်း ပေးလိုက်မယ်၊ စာလည်း ရေးပေးလိုက်မယ်၊ ဒေါ်သန်းရီဆီသွားပေါ့ ဟုတ်လား၊ ထမင်းသုပ်ဆိုင် ထွက်ဖို့ပဲ ပြင်ပေတော့၊ ပုဆိုးနဲ့ပိတ်စကို သွားရောင်းမနေနဲ့ဦးနော်'

ခင်မေမျက်နှာက ရယ်ကျဲကျဲနှင့် မရောင်းပါဘူးဟု အာမခံ။ ရှယ်လီဆိုင်ကအပြန် သူ တစ်နေရာရာမှာ ရောင်းချင်လည်း ရောင်းမည်ဟု ပြောနေပုံရသည်။

ရှယ်လီပေးသော ငွေနှင့်စာကိုယူကာ မခင်မေ ဆိုင်ပြင်ထွက်သွားတော့သည်။ ရှယ်လီက ပြည်သူပိုင်သိမ်းခြင်းကို အကျယ်ချဲ့ပြောလိုက်သော မခင်မေ၏ယူဆချက်ကို သဘောကျနေသည်။ မခင်မေက စာအုပ်ကြီးဖတ်၍ ပြောနေခြင်းမဟုတ်။ သူ လက်ရှိခံစားချက်ကို ပြောနေခြင်းဖြစ်သည်။

မခင်မေ ပြောသလိုပါပဲ။ တကယ့် ငွေရှင်၊ အရင်းရှင်ကြီးများမှာ ပြည်သူပိုင်သိမ်း၍ အလုပ်ဆက်မလုပ်ဘဲ ထိုင်နေသည်ကလွဲ၍ အခြေအနေကို



မထိနိုက်ပါ။ 'မြကြာဖြူ' ကုမ္ပဏီပိုင်ရှင် အမည်ခံထားသော သူ့အဖြစ်က ငွေရှင်ကြီးများလိုမဟုတ်။ ပိုဆိုးသည်။ ယောက္ခမနောက်ခံနှင့် မထိနိုက်သယောင် ရှိပေမယ့် သူ့မှာ ကိုယ်ပိုင်လုပ်ငန်းမရှိ။ ပုဂ္ဂလိကလုပ်ငန်း မရှိလေတော့ သူ ဘယ်လိုဆက်လက် ခရီးသွားရမှန်းမသိ။ ယခင်ကတည်းက ယောက္ခမကြီးများကို ကူညီသည့်အနေနှင့် သူတို့မိသားစု စားစရိတ်အတွက် သူက အလိုက်သိတတ်စွာ ဆန်တစ်အိတ်နှင့် ဆီတစ်ပုံးကို ဝယ်ကာ မီးဖိုကုန်ကျစရိတ်ကို ဖြည့်စွမ်းပါသည်။ ဆီတစ်ပုံး ၄၀ ကျပ်၊ ဆန်တစ်အိတ် ၅၀ ကျပ် ဖြစ်သည်။

ရှေ့ဆက်လည်း ဒီလိုပဲ လုပ်သွားရမည်။ မခင်မေတို့ဆိုလည်း ယမုံနာမှာ ဆိုင်တစ်ခန်းတောင်း၍ မုန့်ဟင်းခါး ရောင်းလိုက်ချင်သည်။ သူက အထည်ကြီးပျက်လည်းမဟုတ်။ ဒါပေမယ့် လက်ရှိလုပ်ငန်းတော့ အရှိန်ပျက်သွားပြီ။ အချိုးကျ သူရသောငွေထဲမှ ပိုငွေကို သူစုထားသည်။ ဒီငွေနှင့် သူတို့မိသားစု ဆက်၍ နေရဦးမည်။ အလုပ်တစ်ခုခုလုပ်ဖို့ အချိန်အခါ မပေးသေးပါ။ မိရှယ်နှင့် ဆက်သွယ်၍ လုပ်လိုသော သူ့ချိတ်ထဘီ ဖက်ရှင်ကိစ္စကလည်း တစ်ခန်းရပ်သွားပြီ။

မကြည်နှင့် ဟံအေးစရိတ်၊ သူစီးနေသော ကားစရိတ်၊ ဒါတွေအတွက် ဝင်ငွေမရှိတော့။ သူ့အဖို့ ဆက်လက်၍ အကုန်အကျမခံနိုင်တော့ပါ။ ကားကို ရောင်းပစ်မည်။ ဟံအေးနှင့် မကြည်လည်း ရရာအလုပ်လုပ်ဖို့ သူပြောရရင် ကောင်းမလား။

ထိုညနေက အိမ်အပြန်မှာ သူ့သားနှင့် သမီးကို ပြောရသည်။

'ကုန်သွယ်ရေးအခြေအနေတွေ ပြောင်းသွားတာ သားနဲ့သမီးလည်း သိပဲ။ မာမီ့မှာ စုထားတဲ့ငွေ အနည်းအကျဉ်းတော့ ရှိတယ်၊ ဒါပေမယ့် လုပ်ငန်းတွေက ဘယ်တော့မှ စရမယ် မသိဘူး၊ လောလောဆယ်အသုံး

www.burmeseclassic.com

www.burmeseclassic.com



ချွေတာသုံးဖို့ လိုတယ်၊ ဒီတော့ ကုန်ကျစရိတ်တွေ လျှော့ချခဲ့တဲ့အနေနဲ့ မာမီ ဟံအေးတို့ကိုလည်း အလုပ်ဖြုတ်လိုက်ချင်တယ်၊ သူတို့အတွက် အရင်းအနှီး လေး ပေးပြီးတော့ပေါ့၊ ကားလည်း ရောင်းလိုက်ချင်တယ်'

အင်နီက မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ငြိမ်သက်စွာ နား ထောင်နေရာမှ အားတက်လာဟန်နှင့် စကားစသည်။

'မာမီ ကားရောင်းချင်ရောင်းပါ၊ သမီး ခြေလျင်ကျောင်းတက်နိုင်တယ်၊ ဝင်ငွေအတွက်လည်း မပူပါနဲ့၊ သမီး ဆရာမအလုပ်ရပြီပဲ၊ ပဝါလေး လက်ကိုင် အိတ်ထဲ ထည့်ယူသွား၊ လမ်းလျှောက်သွားမယ်၊ ကျောင်းမှာ ကလပ်စ်တက် တော့မှ ပဝါချရတာပဲ၊ ဣန္ဒြေမပျက်ပါဘူး၊ ဘတ်စ်ကားနဲ့ ကျောင်းတက်နေ တဲ့ ဆရာမတွေ ပြည့်လို့၊ သမီးတို့အိမ်နဲ့ကျောင်းက မဝေးပါဘူး'

ရှယ်လီမှာ အင်နီ့စကား နားထောင်းရင်း အံ့အားသင့်သွားသည်။ အေးတိအေးစက် ပျော့နှဲ့နှဲ့ မိန်းကလေးက သူထင်သလိုမဟုတ်။ ဖြစ်လာ သော အခြေအနေကို ရင်ဆိုင်တတ်ပေသားပဲ။ ဂျင်မီကတော့ ကားရောင်းဖို့ကို ကန့်ကွက်သည်။

'ကိုဟံအေးတို့တာဝန် မာမီမယူနိုင်တဲ့အတွက် သူတို့ကို အလုပ်ဖြုတ် ဟာတော့ မာမီ့သဘောပေါ့၊ သူတို့ သင့်တော်တဲ့အလုပ် လုပ်နိုင်ဖို့တော့ မာမီ အရင်းအနှီးထုတ်ပေးသင့်တယ်၊ ကားကိုတော့ မရောင်းပါနဲ့၊ မာမီရော သားရော မောင်းတတ်တာပဲ၊ သားလည်း အလုပ်ရမှာပါ မာမီ၊ သားတို့ မိသားစု စားဖို့တော့ မပူရပါဘူး'

'မာမီကလည်း အခြေအနေကို ရှင်းပြတာ၊ တချို့အမေတွေက သား သမီးကို သူတို့အဖေရှိသလို ထားနိုင်ရမယ်ဆိုတာ ဂုဏ်ယူပြီး ကိုယ်အခြေ အနေကို ဖုံးဖိပြီး အဝတ်အစား၊ အနေအထိုင်၊ အသုံးအစွဲမှာ သားသမီးကို အလိုလိုက်ပြီး ငွေကို သုံးစွဲစေတယ်၊ မာမီကတော့ ဒီလိုမျိုး အလိုမလိုက်နိုင်



ဘူး၊ မာမီရဲ့စီးပွားရေး အခြေအနေ အမှန်ကိုတော့ သားတို့ကို အသိပေး ရမယ်၊ ဒီအိမ်ကို မပြောင်းခင်က မာမီပြောခဲ့ဖူးတယ်၊ တို့အိမ်လေးနဲ့ သီးသန့် နေရအောင် ကြိုးစားရမယ်လို့ ပြောခဲ့ပေမယ့် အခု မာမီမှာ တောင်အတက် လှည်းစီးကုံးပြတ်သွားပြီ၊ ဒီအတွက် ဝမ်းနည်းစရာ မရှိဘူး၊ စိတ်ဓာတ်ကျစရာ မရှိဘူး၊ တစ်နေ့နေ့တော့ အလုပ်တစ်ခုခု ပေါ်လာမှာပဲ။ သားတို့သာ အလုပ် ကြိုးစားလုပ်ပါ၊ အခု ပညာပြည့်စုံကြပြီ၊ နေဖို့အိမ်တစ်လုံးရအောင်ကြိုးစား ရမှာပဲ၊ အဘိုးအဘွား အားကိုးရပေမယ့် သူတို့က အိုမင်းလာပြီလေ'

သားနှင့်သမီးသည် သူ့အစီအစဉ်ကို လက်ခံသွားကြသည်။ ကားကို တော့ မရောင်းပါ။ ယောက္ခမကြီးကလည်း ဆိုင်ခန်းများကို မရောင်းဘဲ ဒီအတိုင်း 'မေ့'၍သွားပါဟု ဆိုသည်။

'တစ်နေ့နေ့ ကုန်သွယ်ရေးအခြေအနေ ပြောင်းလဲလို့ လွတ်လပ်ခွင့် ရလာရင် တို့ဆိုင်တွေ တန်ဖိုးရှိလာမှာ၊ ကိုယ်တစ်ယောက်တည်း ဖြစ်တာမှ မဟုတ်ဘဲ ရှယ်လီ'

သူ့ယောက္ခမကြီးက အားပေးပါသည်။ ဦးရွှေဇံအောင်သည် ကုန်သွယ် ရေးမှာ အမြော်အမြင်ကြီးသူတစ်ယောက်။ သူ့ကို အကြံဉာဏ်ကောင်း ပေးနိုင် သည်။ ဟန်မပျက် ဆိုင်ထွက်နေပေမယ့် ခါတိုင်းလို နေ့စဉ်မသွားတော့။ နှစ်ရက် သုံးရက်ကြာမှ တစ်ခါလောက်သွား၍ ဆိုင်ထိုင်သည်။

မခင်မေတော့ ယမုံနာ စားသောက်ဆိုင်မှ အရိန်ရလာပြီ။ 'မေ' ထမင်းသုပ်ဆိုင်ဟူ၍ ဆိုင်းဘုတ်လေး တင်ထားသည်၊ ရှယ်လီ ပထမဆုံး သွားရောက် လည်ပတ်စဉ်က မိသားစု ဝမ်းသာအားရ ဆီးကြိုကာ ရှယ်လီ့ကို ကျွေးမွေးသည်။ ရှယ်လီပေးသော ဝတ်စုံနှင့် မခင်မေသည် သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်လေး ဝတ်ထားသည်။ ထမင်းသုပ်ရောင်းဆိုင်ကို ပြင်ထား သည်ကလည်း စားချင်စဖွယ်။ ဇာလွှာပါးလေးများ ယင်မနားအောင် အုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီတောင် ဆိုင်ခန်းတစ်ခန်းယူကာ ယောက္ခမကြီးထံက ချက်နည်းသင်၍ ရနိုင်မှန်တိ ရောင်းရကောင်းမည်လား စဉ်းစားမိသည်။ နေ့စဉ်ဝင်ငွေက လိုသည်။ ဒေါ်လီကလည်း ရန်ကုန်ပြန်ရောက်ပြီဖြစ်၍ တစ်နေ့နေ့သွားတွေ့၍ တိုင်ပင်ဦးမည်ဟု စိတ်ကူးထားသည်။

တစ်ညနေ ဆိုင်ကပြန်တော့ 'ဘိုးဘိုးက ညစာစားပြီးရင် စာဖတ်ခန်းထဲလာခဲ့ပါတဲ့ မာမီ'ဟု ဂျင်မီက ဆီးကြိုပြောသည်။

ညဘက် စာဖတ်ခန်းထဲ သူဝင်သွားတော့ သူတစ်ယောက်တည်းကို ဒက်ဒီခေါ်ထားသည်မဟုတ်။ မာမီပါရှိနေသည်။ မကြာခင် အင်နီရော၊ ဂျင်မီပါ ဝင်လာသည်။ ဒက်ဒီတို့နှင့် မျက်နှာချင်းဆိုင် စားပွဲတစ်ဖက်မှာ သူတို့မိသားစု ထိုင်ကြရင်း ဒက်ဒီ ဘာပြောမည်ကို သူတို့ မျှော်လင့်နေသည်။

'ဒက်ဒီ— ရှယ်လီ့ကိုလည်း တိုင်ပင်ချင်လို့၊ ဂျင်မီလည်း သိရအောင်အားလုံးကို ခေါ်လိုက်တာ၊ မိသားစု စုစုဝေးဝေး တိုင်ပင်ဆွေးနွေးရတာပေါ့'

ရှယ်လီက စိတ်အားထက်သန်လာသည်။ ဂျင်မီနှင့် အင်နီကလည်း သိလိုစိတ်စောနေသော မျက်နှာထားလေးများနှင့် ဘိုးအေကို ကြည့်နေသည်။

'ဂျင်မီ ၁၀ တန်းအောင်ကတည်းက သားကို ဘိုးဘိုးက အင်္ဂလန်လွှတ်ပြီး စာသင်ပေးချင်တာ၊ ရှယ်လီ့သားက အရွယ်ငယ်သေးတော့ မြန်မာပြည်မှာပဲ ဆရာဝန်ဖြစ်အောင် သင်စေချင်တယ်၊ ဘွဲ့လွန်ကျမှ အင်္ဂလန်လွှတ်ပါလို့ပြောခဲ့တယ်၊ ဟုတ်တယ်မို့လား ရှယ်လီ'

'ဟုတ်ပါတယ် ဒက်ဒီ'

ရှယ်လီက ဖြေလိုက်၏။

'ခု ငါ့သား ဆရာဝန်ဘွဲ့ရပြီ၊ အစိုးရအလုပ်ကို မဝင်ပါနဲ့ဦး၊ လျှောက်လွှာမတင်နဲ့ဦး၊ ဘွဲ့လွန်တစ်ခုခုယူဖို့ အင်္ဂလန်သွားဖို့ စဉ်းစားပါ၊ ဘိုးဘိုး အားလုံးစီစဉ်ထားတယ်'



ရှယ်လီ့ရင်ထဲမှာတော့ ဒက်ဒီ့စကားကြားရ၍ ဝမ်းသာဝမ်းနည်း ဖြစ်သွားသည်။ ဂျင်မီကတော့ လူငယ်ပီပီ ဝမ်းသာသွားသည်။

'ဘိုးဘိုးတစ်ခု ပြောချင်တာက သား ဟိုမှာ ဘိုးလေး စံထွန်းလှအောင်နဲ့အတူ နေရမှာပါ၊ မင်းဒက်ဒီ လင်းရွှေအောင်က ပထမ ဆွမ်းဆီးပြောင်းရတယ်၊ ဆွမ်းဆီးကနေ အီဒင်ဗာရာကို ပြောင်းရတယ်၊ အခု ဆွမ်းဆီးဆေးရုံကို ပြန်လျှောက်ထားတယ်ဆိုတယ်၊ ဒက်ဒီ့ဆီကို သွားရောက်လည်နိုင်တယ်၊ သွားတွေ့နိုင်ပါတယ်'

ဒက်ဒီသည် ခေတ္တ စကားရပ်ထားလိုက်၏။

သက်ပြင်းချလိုက်ကာ ပြောရမှာ စိတ်မကောင်းနေပုံရသည်။ ပြီးတော့မှ တစ်လုံးချင်း ဆက်ပြောသည်။

'ဘိုးဘိုးရဲ့သား လင်းရွှေအောင်ဟာ လူတော်တစ်ယောက်၊ ဒါပေမယ့် လူကောင်းတစ်ယောက် သူမဖြစ်လာခဲ့ဘူး၊ သူ ပြန်လာဖို့ အစီအစဉ်မရှိတော့ဘူးလေ၊ ဘိုးဘိုးတို့ သူ့ကို လက်လွှတ်လိုက်ရပြီ၊ သား အင်္ဂလန်ရောက်ရင် သားဒက်ဒီနဲ့တွေ့ပါ၊ ဒါပေမယ့် ဒက်ဒီ့လို အရက်ကိုတော့ အလွန်အကျွံ မသောက်စေချင်ဘူး၊ ဘိုးဘိုးဟာ ဆန်ကုန်သည်ကြီးအဖြစ် စတီးလ်ဘရားဒါးနဲ့ ဆက်ဆံလာကတည်းက နိုင်ငံခြားသားတွေ ဧည့်ခံရင် အရက်သောက်တတ်ပါတယ်၊ ဒါပေမယ့် ဘိုးဘိုးက မှန်မှန်သောက်တယ်၊ အချိန်အဆရှိလို့ မင်းတို့ ဘွားဘွားကိုယ်တိုင် ဘိုးဘိုးကို ခွင့်ပြုခဲ့တယ်၊ အရက်ဟာ ဘိုးဘိုးတို့ အိမ်ထောင်ရေးကိုရော၊ ကျန်းမာရေးကိုရော မထိခိုက်ခဲ့ဘူး၊ အရက်ကို သောက်ပါ၊ ဘိုးဘိုးက မကန့်ကွက်ဘူး၊ ဟိုမှာက အေးတယ်၊ ဒါပေမယ့် မင်းဒက်ဒီ...'

အဘိုးကြီးသည် စကားပြောရင်း ဆို့နင့်သော လေသံနှင့် ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းဒက်ဒီလို ဘဝပျက်အောင် မသောက်ပါနဲ့'

ရှယ်လီပြောချင်သော စကားများ၊ သူ မပြောရက်သော စကားများကို ဘိုးဘိုးက သူ့မြေးများကို ပြောပြနေသည်။ ကလေးများသည် သူတို့ဖခင် ဘဝပျက်သည်အထိ အရက်သောက်နေပြီသိရတော့ မျက်နှာများ ညှိုးငယ်သွားသည်။ သူတို့ဖခင် ဘယ်လိုအခြေအနေ ရောက်နေပြီလဲ။ သိချင်သော စိတ်လေးများမှာ သူတို့မျက်နှာမှာ ပေါ်နေသည်။ အထူးသဖြင့် အင်နီ ခေါင်းလေးငုံ့ကာ လက်များကို ဆုပ်နယ်နေပေမယ့် သူ့မျက်လုံးမှာ မျက်ရည်ဝေ့ ဝိုင်းနေမှာပါ။

'နောက်တစ်ခု ဘိုးဘိုးပြောချင်တယ်၊ သား ပါရဂူဘွဲ့ယူပြီးရင် မြန်မာပြည် ပြန်လာပါ၊ ဘိုးဘိုးတို့ ဆွေစဉ်မျိုးဆက် အင်္ဂလန်သွား ပညာသင်ကြတာ များတယ်၊ ဝတ်လုံဘွဲ့၊ ဆရာဝန်ဘွဲ့၊ အင်ဂျင်နီယာဘွဲ့တွေ ယူလာခဲ့တယ်၊ ဘိုးဘိုးသားအကြီးနှစ်ယောက် 'မင်းရွှေအောင်'နဲ့ 'ထွန်းရွှေအောင်' တော့ အင်ဂျင်နီယာပညာ သွားသင်ပြီး နိုင်ငံခြားမှာ အလုပ်လုပ်တယ်၊ 'နှင်းကျော့ခိုင်'ကတော့ လင်အလုပ်သွားလုပ်လို့ ပါသွားရတာ၊ ဘိုးဘိုး သူတို့အားလုံးကို ကတိတောင်းထားတယ်၊ လုပ်ခကြေးငွေ ပိုရလို့ ဝမ်းစာအတွက် တစ်နိုင်ငံကို သွားလုပ်ရပေမယ့် တစ်နေ့ မြန်မာပြည်ပြန်လာရမယ်လို့ တိုက်တာကြီးတွေနဲ့ ခမ်းခမ်းနားနား နေရပေမယ့် တကယ့် ရေကြည်ရာ မြက်နုရာ စိတ်အေးချမ်းမှုရနိုင်တဲ့ အရပ်ကတော့ ကိုယ့်မြန်မာပြည်ပဲလို့ ထင်တယ်၊ နေကြည့်တော့ သိကြတာပေါ့လေ၊ ဘိုးဘိုးအစ်ကိုတွေ၊ အမျိုးတွေလည်း ပညာသာ သွားသင်တယ်၊ အားလုံး မြန်မာပြည် ပြန်လာတယ် လင်းရွှေအောင်တစ်ယောက်ကိုတော့ ဘိုးဘိုး ဆုံးရှုံးရပြီပေါ့'

ဘိုးဘိုး၏ ဝမ်းနည်းသံသည် ငြိမ်သက်တိတ်ဆိတ်ခြင်းကို ပို၍ နက်ရှိုင်းသွားစေသည်။



'နိုင်ငံခြား သွားအလုပ်လုပ်တဲ့ သားသမီးတွေအားလုံးကို ဘိုးဘိုး တိုက်တစ်လုံးစီ ဝယ်ပေးထားတယ်၊ ဒါပေမယ့် မြန်မာပြည်လာမှ သူတို့ကို အမည်တရားဝင် လွှဲပြောင်းပေးမယ်၊ သူတို့ ပြန်မလာရင် ဘိုးဘိုးရဲ့အမွေကို ဆက်ခံနိုင်ခွင့် မရှိတော့ဘူးပေါ့၊ ဘိုးဘိုးမသေခင် အားလုံးလှူပစ်မယ်၊ သား– ဂျင်မီ ဘိုးဘိုး ပြောချင်တယ်၊ တစ်ချိန်က အင်္ဂလိပ်လူမျိုးဟာ ဘိုးဘိုးတို့ တိုင်းပြည်ကို ကျွန်အဖြစ် သိမ်းပိုက်ခဲ့သူတွေ ခုချိန်မှ ဘိုးဘိုးတို့ လွတ်လပ်ပြီ၊ သူတို့ကို အင်မတန်နာကြည်းခဲ့ပေမယ့် သိပ္ပံပညာရပ်တွေမှာ တို့ထက် သူတို့ တော်တာတွေ ရှိတယ်။

နည်းယူစရာကောင်းတဲ့ စည်းကမ်းထိန်းသိမ်းမှုရှိတာတွေ သူတို့မှာ ရှိနေတယ်၊ အဲဒါတွေကို ငါတို့ သင်ကြားရမယ်၊ ရယူရမယ်၊ ရလာတဲ့ပညာနဲ့ ကိုယ့်တိုင်းပြည် ပြန်လာပြီး ဒီပညာတွေ ကိုယ့်လူမျိုးကိုပေးပါ၊ နောက်ဆုံး ဘိုးဘိုးပြောချင်တာက သားတို့တာဝန်ကို ဘိုးဘိုး ဝတ္တရားမပျက် ယူခဲ့တယ်။

သားရဲ့လွတ်လပ်ခွင့်ကိုလည်း ဘိုးဘိုး မချုပ်ချယ်ခဲ့ဘူး၊ ဘိုးဘိုးရဲ့ ကျေးဇူးတရား ပြန်ဆပ်ချင်တယ်ဆိုရင်သာ မြန်မာပြည်ပြန်လာမှ မြန်မာ အမျိုးသမီးကိုလက်ထပ်ပါ၊ ဒါတစ်ခုတော့ ဘိုးဘိုး ချုပ်ချယ်ပါရစေ၊ သို့သော် လွတ်လပ်စွာ သားစိတ်ကြိုက်ရွေးခွင့်တော့ ဘိုးဘိုးပေးပါ့မယ်၊ ကဲ– ဒါပါပဲ၊ ယ်လီရော သားတို့ရော သွားနိုင်ပြီ'

သားအမိသုံးယောက် အဘိုးနှင့်အဘွားကို နှုတ်ဆက်ကာ ရှယ်လီ ခန်းကို တက်လာကြသည်။ ရှယ်လီသည် သူ့ခုတင်ပေါ် ပစ်ထိုင်လိုက်၍ င်နီက အမေ့အနားတိုးကပ်ကာ လဲလျောင်းရင်း လက်တစ်ဖက် ရှယ်လီ ကို ဖက်ထားကာ မျက်နှာကို ခေါင်းအုံးနှင့် အပ်ထားသည်။ ဂျင်မီကတော့ ရှယ်လီ့ဘေးခုတင်ပေါ်မှာ ထိုင်လိုက်သည်။ အမေ့လက်ကို တယုတယ ဆုပ်ကိုင်ထားသည်။ သူတို့သုံးယောက်စလုံး ကိုယ်ပိုင်ခံစားချက်တွေကိုယ်စီ နှင့် ခေတ္တတော့ တိတ်ဆိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မာမိ... ဘိုးဘိုးက ဘာဖြစ်လို့ ဒက်ဒီ့ကို ဘဝပျက်ပြီ ပြောတာလဲ၊ ပြီးတော့ ဒက်ဒီ့ကို ဆုံးရှုံးရပြီတဲ့'

ဂျင်မီက ငြိမ်သက်ရာမှ မေးခွန်းမေးလိုက်သည်။ ရှယ်လီ ရုတ်တရက် မဖြေနိုင်သေး။

'တကယ်တော့ ဒက်ဒီဟာ ဘိုးဘိုးပြောသလို မြန်မာပြည်ကို ပြန်မလာတော့ဘူးလား မာမိ'

မျက်နှာ ခေါင်းအုံးအပ်ထားသော အင်နီက မျက်နှာလှည့်လိုက်ကာ မျက်ရည်စက်လက်နှင့် စိတ်ဝင်တစား မေးလာရုံမက ဆက်၍ သူ့ စကားတွေ ပြောလာသည်။

'ပဲ့ိုတုန်းက ဒက်ဒီ နိုင်ငံခြားသွားစက ဒက်ဒီအကြောင်း မာမိကို ဘာမှမမေးရဘူးလို့ ဘိုးဘိုးဘွားဘွားတို့ ပြောထားလို့ အင်နီတို့ မာမိကို ဘာမှမမေးဘူး၊ အဲဒါ ဒက်ဒီအကြောင်းမေးရင် မာမိမှာ စိတ်ထိခိုက်စရာ ဘာရှိလို့လဲ'

စကားနည်းပါသည်ဆိုသော သမီးက ရှည်လျားသော မေးခွန်းကြီးကို မေးလာပြီ။ ရှယ်လီ ဖြေရတော့မည်။ သူ့အဖြေသည် သားတို့ သမီးတို့ စိတ်ထိခိုက်စရာလည်း မဖြစ်စေရ။ လင်း၏ ဂုဏ်သိက္ခာကို ထိခိုက်ခြင်း မရှိရအောင် သူ ဖြေဆိုရမည်။

သလ်မာနှင့် ထွက်သွားကတည်းက လင်းပြန်လာဖို့ မျှော်လင့်ချက် သိပ်မထားခဲ့သော သူတောင်မှ ယောက္ခမကြီးထံမှ ပြတ်ပြတ်သားသား ပြောကြားချက်ကို ကြားရသောအခါ စိတ်ထိခိုက်ရပါသေးလျှင် နုလုံးသား နုနယ်သော သားနှင့်သမီး၏ခံစားရချက် မည်မျှပြင်းထန်မည်ကို သူ နားလည်ပါသည်။ အထူးသဖြင့် အုံ့ပုန်းပူ ပူတတ်သော သမီးနုလုံးသားတို့ နာကျင်ခြင်း မဖြစ်စေလိုပါ။



'သားရယ်... ဘိုးဘိုးက အရက်အလွန်အကျွံသောက်တာကို မကြိုက်ဘူးမို့လား၊ အရက်ဆိုတာက အလွန်အကျွံသောက်ရင် ဘယ်သူ့ကိုဖြစ်ဖြစ် ထိခိုက်တာပဲ၊ အင်္ဂလန်ကလည်း အေးတော့ ဒက်ဒီ အရက်ပိုသောက်တာကို ဘိုးဘိုးက သိမှာပေါ့၊ အရက်က နိုင်လာတော့ လူကို ထိခိုက်လာမှာ ဘိုးဘိုးက စိုးတယ်၊ ဘဝပျက်ပြီဆိုတာ သူ့သားကို သူ ကရုဏာဒေါသော ပြောခဲ့တာပါ၊ သားတို့ဒက်ဒီ အခု ဆွမ်းဆီးဆေးရုံမှာ အလုပ်လုပ်နေတာ လူကောင်းတစ်ယောက် ဖြစ်နေလို့ပေါ့၊ မာမိထင်တာတော့ ဟိုမှာ လခလည်း ကောင်း၊ မင်းတို့ဒက်ဒီပညာနဲ့ အခွင့်အရေးပိုရလို့ အင်္ဂလန်မှာ အလုပ်ဆက်လုပ်နေတာ ထင်တယ်၊ လောလောဆယ် ပြန်မလာလို့ ဘိုးဘိုးက စိတ်ဆိုးတာ ဖြစ်မယ်'

ရှယ်လီသည် သမီးကို ပြန်၍ ဖက်လိုက်သည်။ သားနှင့်သမီးက တိတ်ဆိတ်နေသည်။

'အခု သားကို ဘိုးဘိုးတို့လွှတ်လို့ အင်္ဂလန်သွားရရင် ဒက်ဒီနဲ့တွေ့မှာပဲ၊ အခြေအနေမှန်ကို သိရမှာပေါ့၊ ဘာပဲပြောပြော သားကို မြင်ရရင် မြန်မာပြည်ကို သူ ပြန်လာချင်မှာပေါ့၊ မာမိပြောချင်တာက သားရော သမီးရော စာမေးပွဲမကျတာ၊ စာတော်တာတွေဟာ ဒက်ဒီသွေးပါလို့ပေါ့၊ ဒက်ဒီဟာ လူတော်တစ်ယောက်၊ အင်္ဂလန်မှာတောင် အမှတ်ကောင်းကောင်းနဲ့ ပါရဂူဘွဲ့ရတာ၊ အရက်ဆိုတာကတော့ လူသားကို ဒုက္ခပေးတတ်တာကိုး၊ ဒါကြောင့် ဆင်ခြင်ဖို့ သားကို ဘိုးဘိုးက ပြောတာပါ'

ရှယ်လီက ပင့်သက်ရှူလိုက်၏။

'တစ်ခုကလည်း ဒက်ဒီဘယ်မှာပဲနေနေ၊ ဒက်ဒီအရှိန်အဝါကို သားတို့ မာမိတို့ ခိုလှုံနေရတာပဲ၊ ဟုတ်တယ်မို့လား၊ ဆေးရုံအိမ်က ပြောင်းရမယ်ဆိုတော့ မာမိမှာ စုပြီးဆောင်းပြီးလည်းမရှိဘူး။ အိမ်တစ်ခန်းငှားနေဖို့ စပေါ်

www.burmeseclassic.com



တင်စရာတောင် ငွေမရှိဘူး၊ ဘိုးဘိုးက သူ့သားရဲ့သွေးတွေဆိုပြီး သားတို့နဲ့ မာမီ့ကို သူ့အိမ်ပြောင်းခိုင်းပြီး နေခိုင်းတာ၊ ဒက်ဒီ့အရှိန်အဝါကြောင့်ပေါ့၊ သားတို့မှာ ဘာပဲပြောပြော တိုက်နဲ့ ခြံနဲ့ ဝန်းနဲ့နေရတာ၊ ဘိုးဘိုးဟာ သူ့သားကို စိတ်မပြတ်လို့သာ တို့ကို ကြည့်ရှုတာပေါ့'

အင်နီ့ရင်ထဲမှာတော့ ရှယ်လီဖြေသမျှသည် ဒက်ဒီ ပြန်မလာခြင်း အကြောင်းနှင့် ဘာမှမဆိုင်ဟု ထင်သည်။ မာမီသည် တစ်ကွက်မြှုပ်ထားသည်ကို သူ့ဆရာမတစ်ယောက်ပဲ သိပါသည်။ ဒါပေမယ့် သူ့ထုံးစံ ဘာမှ ပြန်မမေးဘဲ ငြိမ်သက်စွာ နားထောင်နေသည်။

'ဘိုးဘိုးတို့တိုက်ကို ပြောင်းမလာခင်တစ်ရက်က သားနဲ့ သမီးကို မခင်မေအိမ် ခေါ်သွားတာ သားတို့ မှတ်မိလား၊ ကမ်းနားလမ်းက ပလက်ဖောင်းပေါ်က အိမ်'

ဂျင်မီက ခေတ္တစဉ်းစားနေပြီးမှ—

'မှတ်မိတယ် မာမီ'ဟု ဖြေသည်။

'တွေ့လား၊ အိမ်တစ်အိမ်နဲ့ နေနိုင်ဖို့ဆိုတာ မလွယ်ဘူးဆိုတာ သားတို့ကို မာမီပြချင်လို့၊ ပြီးတော့ ပညာသင်ကြားဖို့ဆိုတာလည်း မခင်မေသားမောင်တင်ဖေမှာ ကျောင်းအားချိန် သဘော်ဆိပ် ဈေးရောင်းရတယ်၊ သူ့အဖေကလည်း ကူလီထမ်းရတယ်၊ သားတို့မှာ ဒက်ဒီ့အရှိန်နဲ့ ဘိုးဘိုးဘွားဘွားတွေက ဂရုတစိုက် ပညာသင်ပေးတာ၊ သားတို့ ဘယ်လောက်ကံကောင်းလဲ၊ အိမ်တစ်ခုရဖို့၊ ရှောရှောရှူရှူ ပညာသင်ရဖို့ဆိုလည်း အခွင့်အရေးရဖို့ဟာ မလွယ်ဘူး။

ဒက်ဒီ့အရှိန်အဝါ၊ ဒက်ဒီ့အပေါ် ဘိုးဘိုးတို့ သံယောဇဉ်ကြောင့် ဒီတိုက်ကြီးနဲ့ မာမီတို့သားအမိတွေ နေရတာ၊ နို့မို့ရင် မခင်မေတို့လို ပလက်ဖောင်းပေါ် ရောက်ချင်ရောက်သွားမှာ၊ ဒက်ဒီ့ကျေးဇူးတရားကို ခံစားရတာ



ကိုက သားတို့ကံကောင်းတယ် ဆိုရမယ်၊ မာမီဆိုလိုချင်တာက ကံကြမ္မာအထောက်အပံ့ရတဲ့အခိုက် ဒီအခွင့်အရေးကိုရယူဖို့ ကြိုးစားရမှာက သားတို့သမီးတို့ တာဝန်ပဲ'

ဂျင်မီက ပြတင်းအပြင်ကို ငေးနေသည်။ အင်္ဂလန်ပညာတော်သင်သွားရ၍ ဝမ်းသာရမည့်အစား သူ ဝမ်းနည်းနေသည်။ အင်နီကတော့ ခြင်ထောင်အမိုးကို မော့ကြည့်နေသော မျက်ဝန်းမှာ မျက်ရည်စတွေနှင့်။

ရှယ်လီလည်း အတတ်နိုင်ဆုံး စကားတွေနှင့် သူတို့ဖခင်အပေါ် ကလေးတွေ အထင်မသေးအောင် သူ ကြိုးစား ပြောပြသည်။

'တစ်ခုကလည်း 'စိတ်ကောင်းရှိဖို့က ပထမ'ဆိုတဲ့စကား၊ မာမီတို့ငယ်ငယ်က မာမီ့အမေ သားတို့ဘွားဘွားက ပြောခဲ့ဖူးတယ်၊ သူတို့ကိုးကွယ်တဲ့ ဆရာတော်ဘုရားကြီး သူ့ကို သင်ထားတာ၊ ဒက်ဒီဟာ အရက်သောက်တာတော့ မှန်တယ်၊ ဒါပေမယ့် စိတ်ကောင်းရှိတဲ့လူတစ်ယောက် ဖြစ်တယ်။

နယ်မှာ တာဝန်ကျလို့ ဆေးရုံမှာလုပ်ရင်း ဆေးခန်းဖွင့်တုန်းကဆိုဆင်းရဲသားလူနာတွေဆို ဒက်ဒီဟာ ငွေမယူဘဲ ဆေးကုပေးရုံမဟုတ်၊ ထမင်းလည်း ကျွေးတယ်၊ ငွေရေးကြေးရေးပါ ကူညီတယ်၊ ငွေကို ဦးစားပေးတဲ့ ဆရာဝန်တစ်ယောက် မဟုတ်လို့ မာမီတို့ မချောင်လည်ခဲ့ပါဘူး၊ သားတို့ဒက်ဒီဟာ စိတ်ကောင်းရှိတဲ့လူတစ်ယောက်ပါ၊ သူ အရက်သောက်လို့ စိတ်ကောင်းမရှိဘူးလို့တော့ မပြောနိုင်ဘူး'

ရှယ်လီ ဒါပဲပြောနိုင်သည်။ မိန်းမနှင့်ပတ်သက်၍ လင်း၏ အိမ်ထောင်ရေးဖောက်ပြန်မှုတော့ သားသမီးများ သူတို့အလိုအလျောက် သိချင်သိပါစေ၊ သူတို့ဖခင်အကြောင်းကို ရှယ်လီနှုတ်ကတော့ ဖွင့်ဟပြောမည်မဟုတ်။ သူ့အဖြေသည် သားသမီးတို့စိတ်ကို ကျေနပ်နှစ်သိမ့်မှု ပေးချင်မှပေးလိမ့်မည်။ ဒါပေမယ့် သူ့အစွမ်းကုန် ဖြေဆိုနိုင်သမျှတော့ ဖြေပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… သားတို့၊ ဒေါ်လီ ရန်ကုန်ရောက်ကတည်းက မတွေ့ရသေးဘူး၊ ဒေါ်လီ့ဆီ ဖုန်းဆက်လိုက်ဦးမယ်၊ သားတို့လည်း ရောက်ဖူးအောင် နက်ဖြန် မခင်မေဆိုင်သွားမယ်'

ရှယ်လီသည် စကားကြောင်း ပြောင်းလိုက်သည်။

'မခင်မေဆိုင်… ဘာလုပ်မလို့လဲ မာမီ'

ဂျင်မီက မေးလိုက်၏။

'မခင်မေတို့ ကွက်သစ်တွေရော၊ ပလက်ဖောင်းအိမ်တွေရော၊ ပလက်ဖောင်းအိမ်တွေရော ဖျက်ရလို့ တောင်ဥက္ကလာအစွန်ကို ပြောင်းသွားရတယ်၊ ဟိုနေ့က မာမီ့ကို လာတွေ့လို့ သူဈေးရောင်းချင်တာနဲ့ မာမီအရင်းထုတ်ပေးဘာ အခု ယမုံနာစားသောက်ဆိုင်ရုံထဲမှာ ဆိုင်တစ်ဆိုင်ဖွင့်ပြီး ထမင်းသုပ်ရောင်းနေတယ်၊ နက်ဖြန် အန်တီဒေါ်လီပါဖိတ်ပြီး သားတို့ သမီးတို့လည်း လိုက်ခဲ့၊ သွားစားမယ်၊ ကဲ… မာမီ ဖုန်းသွားဆက်ဦးမယ်၊ နက်ဖြန် စနေ၊ သားတို့ အားပါတယ်'

ရှယ်လီက ခုတင်ပေါ်မှ အသာထကာ အောက်ကို ဆင်းလိုက်သည်။ သူဖုန်းဆက်ရန် အောက်ထပ်ဆင်းသွားတော့ မောင်နှမနှစ်ယောက် တီးတိုးတိုင်ပင် ကျန်ရစ်ကြသည်။

⁂ ⁂ ⁂ ⁂ ⁂

[ ၂၈ ]

ချစ်လှစွာသော လင်း

စာအုပ်ကိုဖွင့်ကာ ယခင်ရေးထားသော စာရွက်၏ နောက်စာတစ်မျက်နှာမှာ ရှယ်လီ စာတစ်စောင် ထပ်ရေးသည်။

'ဟိုတစ်နေ့ကလို အပြင်မှာ လရောင်မရှိဘူး၊ သစ်ရွက်တွေ မည်းနေတယ်၊ ကောင်းကင် နက်ပြာပြာမှာ ကြယ်လေးတွေ သင်းကွဲနေတာကို မြင်နေရတယ်၊ ဒီလိုညတွေ ရှယ်လီ မြင်ရပေါင်းများပါပြီ၊ လမင်းကြီး ကွယ်နေတော့ ကောင်းကင်က ကြယ်လေးတွေဟာ မိဘမဲ့လေးတွေလိုပဲ၊ ကိုယ်ပိုင်အလင်းကိုပဲ အားကိုးနေကြရတယ်။

မနေ့က လင်းရဲ့ဒက်ဒီနဲ့ မာမီက သားဂျင်မီကို အင်္ဂလန်ကို ပညာတော်သင် ပို့မယ့်အကြောင်း ရှယ်လီတို့ မိသားစုကို ခေါ်ပြောတယ်။

ဘိုးဘိုးဘွားဘွားတွေရဲ့ ကျေးဇူးတရားကတော့ ကြီးလှပါတယ် လင်း။ ရှယ်လီ့ရင်ထဲမှာ မကြည့်ရက်တာက သမီး အင်နီပါ။ သူလည်း သူ့အစ်ကိုလို ဆရာဝန်လိုင်း မလိုက်ပေမယ့် အင်္ဂလိပ်စာနဲ့ အမ်အေတွ့

www.burmeseclassic.com

www.burmeseclassic.com



ယူပြီး တက္ကသိုလ်မှာ ဆရာမလုပ်နေတယ်။ သားတို့သမီးတို့ စာတော်တာကို လင်း သိစေချင်တယ်။

အင်နီဟာ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် နေတတ်တဲ့ မိန်းကလေး။ တက္ကသိုလ်ကျောင်းသူဘဝမှာလည်း သူ့ပတ်ဝန်းကျင်ကို ဒုက္ခမပေးတဲ့ မိန်းကလေးတစ်ယောက်။ ဘာပဲဖြစ်ဖြစ် သူခံစားနေရသမျှ ဝေဒနာကို မျိုသိပ်တတ်တယ်။ ဟိုတစ်ခါ သူနေမကောင်းတော့ အဖျားက ၁၀၄ အထိ တက်သွားတယ်။ သူ့ရင်ထဲရှိသမျှ ထုတ်ဖော်ပြီး တမ်းတတာကတော့ 'ဒက်ဒီ–'တဲ့။ 'ဒက်ဒီရေ– ဒက်ဒီရေ–'နဲ့၊ ကြားရတဲ့သူ အဘိုးအဘွားရော၊ ရှယ်လီနဲ့ ဂျင်မီပါ ရင်ထဲမှာ နာကျင်လှပါတယ်။ သူမျိုသိပ်ထားသမျှ သတိလက်လွတ် ကယောင်ကတမ်း မြည်တမ်းနေတာပါ။ ရှယ်လီ ကြာတော့ သူ့မျက်နှာလေးကို မကြည့်ရက်ဘူး။

ခက်တာပဲ လင်းရယ်၊ ရှယ်လီ ဘယ်သူ့မှ အပြစ်မတင်ချင်ပါဘူး။ 'အတိတ်ကို အတိတ်မှာပဲထားခဲ့ပါရစေတော့'ဆိုတဲ့ ရှယ်လီတို့ ငယ်ငယ်က သီချင်းလိုပါပဲ။ ရှယ်လီနဲ့လင်းရဲ့အတိတ်ကို မေ့ပျောက်ကြရအောင်ပါ။ သားဂျင်မီ အင်္ဂလန်ကို လာတော့မှာလေ။ သားနဲ့တော့ လင်း တွေ့ရတော့မယ်။ သားဟာ လင်းလို အရပ်က တောင်တောင်မောင်းမောင်း၊ လင်းမျက်လုံးစင်းစင်းလေးမျိုးနဲ့ ရှယ်လီကိုကြည့်တတ်တယ်။ အသားကဖြူတော့ အရွယ်ရောက်လာတဲ့အချိန်မှာ လူချောလေးပဲ။ ဟုတ်တယ်– လင်း၊ သားတို့အရွယ်ရောက်လာမှ မမြင်ဖူးသေးဘူးနော်။ သမီးအင်နီကတော့ ညိုညိုသွယ်သွယ် မြင့်မြင့်လေး။ ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်။ အရွယ်ရောက်လာမှ သူ့အဖေက လင်းလက်လာတယ်၊ သူလည်း ဆရာမတစ်ယောက် တက္ကသိုလ်မှာ ဖြစ်လာပြီ။



'သားတို့ သမီးတို့ ပညာပြည့်စုံအောင် ရှယ်လီ ကြိုးပမ်းခဲ့ပါတယ်။ သမီးအင်နီနဲ့လင်း တွေ့ဆုံနိုင်မယ့် အချိန်လေးကိုတော့ ရှယ်လီ့တစ်သက်တာမှာ အမျှော်လင့်ဆုံးပဲ လင်း။ ရှယ်လီလေ–'

ရှယ်လီသည် အဆုံးသတ်မရေးတော့ပြန်ဘဲ စာအုပ်ကြီးကို ပိတ်လိုက်သည် ဆက်မရေးတော့ဘဲ ပြတင်းရှိရာ ထသွားမိသည်။ လရောင်မရှိသော မှောင်မိုက်ညကိုပဲ သူ စူးစိုက် ကြည့်နေမိသည်။ နွေဦးပေါက် လေရူးများက သစ်ရွက်တွေကြားမှာ အော်မြည်ပြေးလွှားနေသည်။

ပြိုးပြိုးပြက်ပြက် ကြယ်စုလေးများသည် သူ ရေးခဲ့သလို လရောင်မဲ့ ကောင်းကင်မှာကျတော့ သူတို့ကိုယ်ပိုင်အလှနှင့် လင်းလက်လာသည်။ ပေါ်ကြမ်းကြမ်း ဝေ့ယမ်းလာသော လေထဲမှာ စံပယ်နံ့ သင်းပျံ့လာပြန်သည်။ ရှယ်လီရင်မှာ ပန်းတွေ ပွင့်ပါဦးမည်လား။ ပွင့်သောပန်းကရော ပြန်လည်၍ ရနံ့ မွှေးပျံ့နိုင်စွမ်းပါမည်လော။

သူ ခုတင်ကိုပြန်လာကာ တစ်ဖက်ခုတင်မှ သမီးကို သူလှမ်းကြည့်လိုက်၍ အိပ်ရာဝင်လိုက်သည်။ သူ့သမီးလေးသည် ညဦးက သူတို့ဖခင်နှင့်ပတ်သက်၍ သူပြောကြားသော စကားကို ဘယ်လိုများ လက်ခံကြမည်မသိ။

နောက်နေ့မှာ ချိန်းထားသောအချိန် ဒေါ်လီ၊ ရှယ်လီတို့ဆိုင်ကို ပေါက်ချလာသည်။ အင်နီနဲ့ ဂျင်မီက ကြိုဆိုနှုတ်ဆက်သည်။

'ဒေါ်လီရေ– ရှယ်လီသားအတွက် ကောင်းသတင်းပဲ၊ သူ့ဘိုးဘိုးက အင်္ဂလန်ပို့ပေးမှာ ရှယ်လီ အခြေအနေအရ ပါတီမပေးနိုင်လို့ မင်းကို တို့သားအမိက ထမင်းသုပ်ကျွေးမလို့'

ဒေါ်လီက ဝမ်းသာအားရ ဂျင်မီကိုဖက်၍ မွှေးမွှေးပေးလိုက်သည်။ ဒက်ဒီက သူတို့သွားစားမည့် မခင်မေဆိုင်အကြောင်း ပြောပြရင်း ယမုံနာစားသောက်ဆိုင်များဘက်သို့ ထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ဖေက ပြုံး၍ရယ်၍ သူတို့ကို ဆီးကြိုသည်။ မောင်တင်ဖေသည် သွားကြိုင်းသော သူငယ်လေးတစ်ယောက်။ မေးရိုးကားကား၊ အသားညိုညိုနှင့် နဖူးတဲက မပေါ်လှ။ ပွင့်လင်းရိုးသားသော အမူအရာနှင့် သူရယ်လိုက်အခါ သွားများက ဖြူဖွေးစွာ ပေါ်လာသည်။ မခင်မေကလည်း သပ်သပ်ရပ်ရပ် ဝတ်ထားလို့။

'ကျွန်တော့်ကို မှတ်မိလား၊ ကျွန်တော်က ဂျင်မိပါ၊ ကမ်းနားလမ်း အိမ်လေးတန်းက ကိုတင်ဖေတို့အိမ် လာလည်တာ'

ဂျင်မိက မောင်တင်ဖေကို ဖော်ဖော်ရွေရွေ နှုတ်ဆက်သည်။

'သတိရပါတယ်၊ ကိုဂျင်မိတို့အမေ ကွေးဖူးကို အမေက အမြဲပြောပြပါတယ်။ ကျွန်တော်တော့ ရစ်တန်းမှာပဲ ဆက်မနေနိုင်လို့ ကျောင်းထွက်ရတယ်၊ ကဲ… စားပါဦး'

မခင်မေပြင်ပေးသော ထမင်းသုပ်ပွဲများကို မောင်တင်ဖေက သူတို့ကို ချပေးလိုက်သည်။ ခွေးခြေလေးတွေပေါ်မှာထိုင်ရင်း သူတို့ စားသည်။ ဘူးသီးဟင်းခါးက ရေတ်ကောင်းနဲ့ သင်းပျံ့နေသည်။ ဆိုင်နောက်မှာ ဆံတိုလေးနှင့် ဆယ်နှစ်အရွယ် ကလေးမလေးက သူတို့ကို ငေးကြည့်နေသည်။ သနပ်ခါးပါးကွက်ကျားလေးနှင့် ဂါဝန်ရှည်လေး ဝတ်ထားသည်။

'သမီးလေးတောင် အတော် ထွားလာပြီ'

ရှယ်လီက သမီးလေးကို လှမ်းနှုတ်ဆက်၍ သူ့ခမျာ မျက်နှာ မထားတတ်ပါ။

'အမှုလေ… သမီးက ပန်းကန်ဆေးဖော်ရတယ်၊ မမတို့မိသားစုကို ကျွေးချင်နေတာ ကြာပြီ'

မခင်မေက ဝမ်းသာအားရပြောသည်။ ရှယ်လီသည် ကြက်သွန်ဖြူကိုက်ရင်း…



'နောက်မှကျွေး၊ အခုတစ်ခါတော့ ရှယ်လီက ဒီက သူငယ်ချင်း ဒေါ်လီကို ကျွေးတာမို့ ရှယ်လီကပဲ ပိုက်ဆံပေးပါရစေ၊ ရှယ်လီတောင် ဒီ [illegible]ဈေးတန်းထဲမှာ ဆိုင်တစ်ခန်းယူပြီး ရနိုင်မှန်းတိ ရောင်းမလားလို့၊ မခင်မေ [illegible]မြှုရဲ့လိုက်လို့ မပြေးရတာဘဲ ရှယ်လီ ဝမ်းသာနေတယ်'

မခင်မေက ရယ်လိုက်သည်။

စားသောက်ပြီး၍ ရှယ်လီပိုက်ဆံပေးသည်ကို အားနာပါးနာ ယူနေမယ့် မခင်မေက ရွှေရင်အေး တစ်ပန်းကန်စီ ဝယ်တိုက်လိုက်သည်။ သူတို့ မခင်မေကို ကျေးဇူးတင်စကားပြောကာ အားလုံးကို နှုတ်ဆက်၍ ပြန်လာခဲ့ကြသည်။

ရှယ်လီဆိုင်ပြန်ရောက်တော့ သားနှင့်သမီးက အိမ်ပြန်သွားကြသည်။ ဒေါ်လီနှင့် ရှယ်လီပဲ ဆိုင်မှာ ကျန်ရစ်ခဲ့သည်။

'ဒေါ်လီရေ သစ်ပင်တစ်ပင်လဲရင် အပေါ်ဆုံးကလူက အထိနာတယ် ဆိုတာ ရှယ်လီမယုံဘူး'

စကားစမရှိဘဲ ရှယ်လီပြောသည်ကို ဒေါ်လီက နားထောင်နေသည်။

'ဘာပြောတာလဲ ကိုယ် နားမလည်ဘူး'

'ရှယ်လီတို့နဲ့ မခင်မေကြည့်လေ၊ ကုန်သွယ်ရေးစနစ်ပြောင်းတော့ ရှယ်လီတို့ အသိမ်းခံရပေမယ့် ဒက်ဒီတို့ အခံရှိတော့ ထူခြွေမပျက်ဘူး။ သစ်တစ်ပင်လဲမယ့် အမြင့်ကလူအတွက် အောက်က [illegible]မယ့်ပိုက်တွေ လူတွေ ရှိတော့ အကျမနာဘူးပေါ့၊ အောက်ဆုံးသစ်ကိုင်းမှာ နေတယ်ဆိုပါမယ့် မခင်မေတို့ လူတန်းစားမှာ ပိုးစိုးပက်စက် မြေပေါ် ပြုန်းခနဲ ကျရတော့ အလူးအလဲပဲ၊ ပလက်ဖောင်းလည်း ဈေးမရောင်းရ၊ ပုစွန်ခြောက်လည်း တင်းလွတ်ကုန်မဟုတ်တော့ မရောင်းရ၊ ပြီးတော့ နေရာသစ် ပြောင်းသွားရတော့ ရုတ်တရက် မလုပ်တတ်မကိုင်တတ်နဲ့ အတော် ဒုက္ခရောက်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှယ်လီ့ကို သူလာတွေ့တာနဲ့ ရှယ်လီ ထမင်းသုပ်ဆိုင်လေးဖွင့်ဖို့ အကြံဉာဏ်ပေးပြီး အရင်းထုတ်ပေးလိုက်တာ'

ဒေါ်လီက သာဓု ခေါ်လိုက်သည်။

'အေးပေါ့ဟယ်၊ မင်း… စီးပွားရေး ဘာဆက်လုပ်မယ် စိတ်ကူးလဲ'

'မခင်မေကိုသာ ကူညီနိုင်သလောက် ကူညီရတာ၊ ရှယ်လီအဖို့ ခု အခြေအနေနဲ့ ဘာမှ လုပ်မဖြစ်ဘူးလေ၊ သူငယ်ချင်းရယ်… ရှယ်လီဖြင့် ညက သားနဲ့သမီးကြားမှာ အဖြေရခက်လိုက်တာ၊ သူတို့အဖေအကြောင်း မေးကြတယ်လေ'

ရှယ်လီသည် ယောက္ခမကြီး ဦးရွှေဇံအောင် ခေါ်တွေ့သည်ကအစ သားနှင့်သမီး ညကမေးသော မေးခွန်းများကိုပါ ပြောပြသည်။

'ဟုတ်တာပေါ့၊ သူတို့အရွယ်ရောက်လာပြီ၊ သိချင်မှာပေါ့၊ ဂျင်မီသွားမှ ကိုဖေသိန်းကို ဒေါ်လီ စာရေးနိုင်းဦးမယ်၊ လင်းဟာ ရှယ်လီကို အဆက်ဖြတ်ရုံတင်မဟုတ်၊ တို့များကိုပါ စာမရေးတာ၊ ဘာပဲပြောပြော သူငယ်ချင်းရာ၊ မင်း… ကလေးတွေကို ဒီအခြေအနေထိရောက်အောင် ပြုစုပျိုးထောင်ပေးနိုင်တာ ဒေါ်လီ မင်းကို ချီးကျူးပါတယ်'

ရှယ်လီက ငေးငိုင်နေသည်။

'ရှယ်လီ မသေခင် သူ့အဖေနဲ့ သူ့သားသမီးတွေ တွေ့စေချင်တယ်၊ အထူးသဖြင့် အင်နီ၊ သူ သိပ်ပြီး ခံစားနေရတယ်၊ ပြီးတော့ မျိုးသိပ်တတ်တော့ ပိုဆိုးတာပေါ့၊ ရှယ်လီ့ဘဝအတွက်တော့ အဆိုးဆုံးအချိန်ကို လွန်မြောက်ခဲ့ပြီလို့ ယူဆတယ်၊ ကိုယ့်သားနဲ့သမီးကို ပညာမပြည့်မစုံ တိုးလိုးတန်းလန်းနဲ့ လုပ်စားရမှာ ရှယ်လီ သိပ်စိုးရိမ်တယ်၊ အခု သူတို့ ပညာပြည့်စုံပြီ၊ ရှယ်လီ ရှေ့ရေးကို မကြောက်တော့ပါဘူး'

'ဒေါ်လီတို့ စာသေသေချာချာ ရေးလိုက်မယ်၊ ဘာပဲဖြစ်ဖြစ် ဂျင်မီ့ကို မြင်ရရင် သူစိတ်လည်လာမှာ'



'ဒီလိုပဲ မျှော်လင့်ရတာပဲကွယ်'

ရှယ်လီက ညည်းညူသွာ ဖြေလိုက်သည်။

'ရှယ်လီ့ရင်ထဲမှာ ခုမှ ဟင်းချနိုင်တယ်'

ရှယ်လီက စကားဆက်ပြောသည်။

'သားနဲ့သမီး ကိုယ်ပေးတဲ့ပညာ ယူပ့ါမလား၊ အဖေ အုပ်ထိန်းမှုမရှိတဲ့အတွက် စိတ်လေလွင့်လေမလားနဲ့ ပူလိုက်ရတာ၊ အဘိုးအဘွားအရှိန်က တစ်မျိုးကောင်းသလို၊ အောက်ခြေလွတ်မှာလဲ ရှယ်လီ စိုးရိမ်ခဲ့ရတယ်၊ ဂျင်မီ့ကို နှုတ်ဆက်ပွဲအနေနဲ့ ဒေါ်လီ့ကို ရှယ်လီ ထမင်းကျွေးနိုင်ပါတယ်၊ ပါတီပွဲလေး လုပ်ပေးနိုင်အောင်တော့ ရှယ်လီ့မှာ ငွေရှိပါသေးတယ်၊ တမင်သားတို့ကို မခင်မေတို့ လူတန်းစားတွေနဲ့ ထိတွေ့ပေးထားတယ်၊ အခုပဲ တမင် ဒီထမင်းသုပ်ဆိုင်မှာ ခေါ်ကျွေးတာ၊ ရှယ်လီ့ကို ခွင့်လွှတ်နော်'

'မင်း… ဒါလောက် အသေးစိတ်ကလေးတွေကို ဂရုစိုက်လေ့လာထိန်းသိမ်းလို့လည်း သူတို့ ဖရိုဖရဲမဖြစ်တာပါ၊ ရှယ်လီ ခု စိတ်အေးရပြီဆိုတော့ ဒေါ်လီလည်း ဝမ်းသာပါတယ်၊ ကဲ… ဒေါ်လီ ပြန်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

တိမ်ကြားသို့ တိုးဝင်ပျောက်ကွယ်သွားသော လေယာဉ်ပျံကိုကြည့်ရင်း ရှယ်လိုရင်ထဲ ဆို့လာသည်။ တစ်ချိန်က သားတို့အဖေကို ဤလေယာဉ်ပျံက သယ်ဆောင်၍ အနောက်က ကျွန်းကလေးမှာ ချထားခဲ့သည်။ ကလေးတို့အဖေသည် ဤကျွန်းကလေးမှ မပြန်လာခဲ့တော့ပေ။ ယခု သား... ထပ်မံထွက်ခွာသွားပြန်သည်။ သားကော သူ့အဖေနှင့်တွေ့လျှင် သူ့ထံ ပြန်လာပါမည်လော။ မျက်ရည်တွေကို မထိန်းနိုင်။ သူ ခဏတစ်ခါတော့ ဣန္ဒြေမဆောင်နိုင်၊ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။

'ရှယ်လီ လာ... ပြန်ကြစို့'

ယောက္ခမကြီး ဒေါ်စံကျော့ခိုင်က အင်နီကို မျက်စိမှိတ်ပြကာ ရှယ်လီကို ခေါ်လိုက်သည်။ အင်နီက မအေ့အနား ကပ်သွားကာ လက်ကိုဆုပ်ထားသည်။ ဒေါ်လီကလည်း ပြေးလာသည်။ ရှယ်လို့ကို လှမ်းဖက်လိုက်၏။

'ရှယ်လီရယ်၊ ဂျင်မီအတွက် တို့ဝမ်းသာရမှာ၊ မင်းလည်း မငိုနဲ့လေ၊ လာ... ပြန်ကြစို့၊ အင်နီ့ကို သူ့အဘွားနဲ့ထည့်လိုက်၊ ရှယ်လီ ဒေါ်လီတို့အိမ်လိုက်လာခဲ့နော်၊ ညစာစားပြီးမှ ရှယ်လို့ကို ဒေါ်လီတို့ လိုက်ပို့မယ် အန်တီ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လီက ဒေါ်စံကျော့နိုင်ကိုလှမ်းပြောကာ လေယာဉ်ပျံကွင်းဧည့်ခန်းမထဲမှ ထွက်လာကြသည်။ အင်နီက အဘိုးအဘွားများနှင့် လိုက်ပါသွားသည်။ ဒေါ်လီက နားလည်ပါသည်။ သားကို ခွဲခွာရခြင်းနှင့် လင်သည်ကို တမ်းတမိခြင်းမှ စုပေါင်းပေါက်ကွဲလာသော ရှယ်လီ၏ ကြေကွဲဝမ်းနည်းမှု။

အိမ်ရောက်တော့ တစ်ခုပြီးတစ်ခု ကျွေးမွေးရင်း ဒေါ်လီသည် စိတ်ပြေလက်ပျောက် စကားတွေပြောကာ ရှယ်လီ့ကို ဖြေသိမ့်ပါသည်။

ညစာစားပြီးမှ ရှယ်လီ့ကို အိမ်ပြန်ပို့သည်။ အင်နီက အမေကို တံခါးဝမှ ဆီးကြိုသည်။ ရှယ်လီသည် အပေါ်ထပ်ကိုပဲ တန်းတက်လာခဲ့သည်။ အဝတ်အစားလဲပြီး အိပ်ရာပေါ် လှဲနေသည်။

'မာမီ... အအေးတစ်ခုခု သောက်ဦးမလား'

မအေကို အနားကပ်ကာ တယုတယနှင့် အင်နီက မေးလိုက်သည်။

'မသောက်ဘူး သမီး၊ အိပ်ခါနီးမှ အိုဗာတင်းပူပူတစ်ခွက် မာမီသောက်မယ်၊ ခုတော့ မာမီတစ်ယောက်တည်း နေချင်တယ်'

အင်နီသည် အလိုက်သိစွာ အခန်းထဲမှ ထွက်သွားသည်။ အိပ်ရာပေါ်မှာသာ လှဲနေသည်။ ရှယ်လီ့စိတ်ထဲ သားနှင့် လင်းတွေ့ချိန်လေးကို သူမြင်ချင်လိုက်တာ။ တစ်နာရီလောက်ကြာတော့ သူလှဲနေ၍ မရ။ အိပ်ရာမှထကာ ပြတင်းနားရှိ စာရေးစားပွဲခုံရှိရာ လျှောက်သွားသည်။ အံဆွဲကိုဖွင့်၍ ရေးနေကျ စာအုပ်ကို စားပွဲပေါ်တင်လိုက်သည်။

ကုလားထိုင်ပေါ် ထိုင်ချရင်း စာအုပ်ကို ဖွင့်လိုက်တော့ သူ အံ့အားသင့်သွားသည်။ သူ ယခင်က လင်းထံရေးထားသော စာများ မရှိတော့။ စာရွက်များကို ဖြတ်ထားသည်။ ရှယ်လီသည် စားပွဲမှ ထလိုက်သည်။ အခန်းပြင်ကို ထွက်လိုက်သည်။

'အင်နီ... အင်နီ'



အင်နီ့ကို လှမ်းခေါ်လိုက်သည်။

အင်နီက အခန်းဝမှာ အဆင်သင့် ရပ်နေသည်။

'အင်နီ ဘယ်မှမသွားဘူး မာမီ၊ အခန်းပြင်က စောင့်နေတာ မာမီ့ကို အနှောင့်အယှက် မပေးချင်လို့'

ရှယ်လီသည် အင်နီ့လက်ကို ဆုပ်ကိုင်လိုက်သည်။ အခန်းထဲခေါ်ကာ စားပွဲပေါ်ရှိစာအုပ်ကို လက်ညှိုးထိုးပြသည်။

'ဒီအခန်းထဲမှာ မာမီနဲ့သမီးပဲရှိတာ၊ ဒီစာအုပ်ထဲက စာတွေ ဘယ်သူဖြတ်လဲ'

ရှယ်လီက တုန်တုန်ယင်ယင်နှင့် မေးလိုက်သည်။ အင်နီက မအေကို တယုတယ ဖက်လိုက်၏။

'မာမီ... ဒီကုလားထိုင်မှာ ထိုင်၊ စိတ်အေးအေးထားပါ'

ရှယ်လီသည် အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။

'အင်နီဖြတ်တာ မာမီ'

အင်နီက တစ်လုံးချင်း ဖြေလိုက်သည်။

'ဘာ...'

ရှယ်လီသည် အကျယ်ကြီး အော်လိုက်၏။

'ဟုတ်တယ်... အင်နီဖြတ်တာ၊ မာမီ အင်နီ့ကို ပေးချင်တဲ့အပြစ်ပေးပါ၊ သမီး တစ်ခါတစ်ခါ အိပ်မပျော်လို့ ကြည့်လိုက်ရင် မာမီစာရေးတာတွေ့ရလို့ သမီးစိတ်ထဲ မာမီ ဘာတွေရေးနေလဲ သိချင်လာတယ်။ အံဆွဲကလည်း အမြဲလိုလို သော့ခတ်ထားတယ်၊ ဒီနေ့တော့ သော့ခတ်မထားဘူး၊ သမီးအသိချင်ဆုံးက ဒက်ဒီဘာလို့ ပြန်မလာတာလဲဆိုတာ သိချင်တယ်၊ မာမီ့ပြောစကားထဲမှာ ဒက်ဒီဘာလို့ ပြန်မလာလဲဆိုတာ ဘယ်တော့မှမပါဘူး၊ သူများစာ မဖတ်ရဘူးဆိုတဲ့ စည်းကမ်းကို အင်နီ သိပါတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့အကြောင်း သိချင်လွန်းလို့ မာမီ ဘာတွေရေးထားလဲလို့ အင်နီ ဖတ်ကြည့်မိတယ်'

ရှယ်လီသည် သက်ပြင်းချလိုက်၏။ ဒီနေ့ သူ့စိတ်တွေ ကယောင်ချောက်ချားနှင့် အံဆွဲကို သော့မခတ်မိ။

'မာမီ... မှတ်တမ်းကိုသာ ခံစားရသမျှ ရေးထားတာ၊ သမီးတို့ ဒက်ဒီဆီ ပို့ဖို့မဟုတ်ဘူး'

'သမီး နားလည်ပါတယ်မာမီ၊ ဒါပေမယ့် ဒီစာတွေကို ဖတ်ရတော့ ဒက်ဒီ ပြန်မလာတဲ့အကြောင်း မသိရပေမယ့် ဒီစာဟာ ဒက်ဒီပြန်လာဖို့ အထောက်အကူပြုမယ်လို့ အင်နီ ယုံကြည်တယ်'

'ဘာ... သမီးတို့ ဒက်ဒီက ဒီစာဖတ်ရတာနဲ့ ပြန်လာလိမ့်မယ်လို့ သမီး ယုံကြည်တယ်...'

ဟုတ်တယ်လေ၊ မာမီက ရေးသားထားတာ ဒီစာကို ဒက်ဒီမဖတ်ရတော့ ဘယ်ခံစားရမလဲ၊ မာမီ့ခံစားချက်နဲ့ ရေးတဲ့စာ ဒက်ဒီဖတ်ရမှ ဖြစ်မှာပေါ့'

'သမီးတို့ ဒက်ဒီက မာမီ စာပေးနိုင်လောက်အောင် လိပ်စာမှ မာမ့်ကို မပေးဘဲ'

'ဒါတွေ အင်နီသိပါတယ်၊ ဒါပေမယ့် မာမီ့ခံစားချက်တွေ ဒက်ဒီသိအောင် လုပ်ရမယ့်ဝတ္တရား အင်နီမှာရှိတယ်လို့ အင်နီယူဆတယ်၊ ဒါကြောင့် စာရွက်တွေကိုဆုပ်၊ စာအိတ်မှာထည့်၊ ဒက်ဒီလို့ အပေါ်ကရေးပြီး အင်နီ့စာတစ်စောင်နဲ့အတူ ကိုကို့လက်ထဲ ထည့်ပေးလိုက်တယ်၊ ကိုကို့ကိုလည်း မာမီရဲ့စာတွေပြပြီး၊ နှစ်ယောက်တိုင်ပင်လုပ်ကြတာ၊ အဖေနဲ့ အမေ မပြေလည်တဲ့အရေးအခင်းမှာ သားသမီးတွေအနေနဲ့ လုပ်သင့်လုပ်ထိုက်တယ်လို့ အင်နီ ယူဆပြီး လုပ်လိုက်တာပါ၊ အင်နီ့ကို ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်'



ရှယ်လီသည် ဘာမှ ပြန်မဖြေနိုင်တော့ပါ။ သမီးလည်ပင်းကို ဖက်ကာ ငိုကြွေးမိသည်။ အင်နီက ရှယ်လီ့ကို တွဲခေါ်ကာ ခုတင်ဆီ ပို့လိုက်သည်။ ရှယ်လီ လှဲနေတော့မှ အပြင်ထွက်ကာ အိပ်ဆေးတစ်ခွက် ဖျော်ယူလာသည်။

'မာမီ... ဒါသောက်ပြီး အိပ်လိုက်တော့နော်'

ရှယ်လီသည် အိပ်ဆေးထသောက်ကာ အိပ်လိုက်တော့သည်။ ဒီတစ်နေ့လုံး စိတ်လှုပ်ရှားရလွန်းသော မိခင် အိပ်ပျော်စေရန် မီလီယံတစ်ပြားအိပ်ဆေးထဲ အင်နီထည့်တိုက်လိုက်သည်ကို ရှယ်လီ မသိပါ။

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၀ ]

ဂျင်မိုထံမှ ရှယ်လီဆီကိုရော အဘိုးအဘွားများထံကိုပါ ချောချော မောမောရောက်ကြောင်း၊ သူ ပါရဂူဘွဲ့ဆက်ယူဖို့ အားလုံး ဖိုးလေးစံထွန်းအောင်က စီစဉ်ပေးကြောင်း ပါသည်။

**ညီမလေး**

ဒက်ဒီနဲ့တွေ့ဖို့ ဖိုးလေးက စီစဉ်ပေးမယ်တဲ့၊ ညီမလေးပေးတဲ့စာကို ဒက်ဒီနဲ့တွေ့ရင် ကိုကို ပေးဖြစ်အောင်ပေးမယ်၊ ဖိုးလေးက သင်တန်းတွေ နေရာတကျရှိမှ အားလပ်ရက်တစ်ရက်ရက်မှာ 'ဒွမ်းဆီး'ကိုပို့ပေးမယ်တဲ့။ သူကိုယ်တိုင် ပို့ပေးမယ်ဆိုတယ်။ နောက်အချိန်မှာတော့ ကိုကိုတစ်ယောက်တည်း ဒက်ဒီကို ခဏခဏသွားတွေ့မယ် စိတ်ကူးတယ်၊ မာမီ့ကို ဂရုစိုက်ပါ။ သူ့စာတွေ ပျောက်တော့ အင်နီ့ကို ဆူသေးလား။

ဒါပါပဲ…၊ ကျန်းမာ ချမ်းသာပါစေ။

ကိုကို

www.burmeseclassic.com

www.burmeseclassic.com



အင်နီကတော့ အစ်ကိုထံမှ စာဖတ်ပြီး သူ့အစ်ကိုနဲ့ ဒက်ဒီ မြန်မြန် တွေ့ပါစေဟု ကျိတ်ဆုတောင်းနေမိသည်။

ဂျင်မီထံမှ ခြောက်လလောက်အကြာ ရောက်လာသော စာကတော့ ရှယ်လီရင်ကို လှုပ်ရှားစေပါသည်။

**နွေနံလ၊ ၅ ရက်၊ ၁၉၇၂။**

**'မာမီ**

ပြီးခဲ့တဲ့ တနင်္ဂနွေက သား အလွန်မျှော်လင့်ခဲ့တဲ့ဆန္ဒ ပြည့်ခဲ့တယ်။ ဒက်ဒီနဲ့သား တွေ့ကြတယ်'

ရှယ်လီသည် စာကို ဆက်မဖတ်နိုင်သေး။ ခဏွှ ရင်ဘတ်မှာကပ် ထားပြီးမှ အသက်ရှူမိသည်။ ပြီးတော့မှ ဆက်ဖတ်ရသည်။

'ဖိုးလေးထွန်းလှအောင်က သူ့ကား ကိုယ်တိုင်မောင်းပြီး သားကို ဆွမ်းဆီး လိုက်ပို့တယ်။ လန်ဒန်နဲ့ ၂–နာရီလောက် မောင်းရတယ်။ ဆွမ်းဆီးဟာ ပင်လယ်ကမ်းခြေမြို့လေးပဲ။ ဒက်ဒီနဲ့ ဖိုးလေး ဘယ်လိုချိန်း ထားလဲမသိဘူး၊ ဒက်ဒီက ဆွမ်းဆီးဆေးရုံကပေးတဲ့အိမ်မှာ သားတို့ကို မတွေ့ပါဘူး၊ ဟိုတယ်တစ်ခုမှာ တွေ့ကြတယ်။ သားကို မြင်မြင်ချင်း သူ တအားဖက်ထားတယ်။ သားရင်ထဲမှာလည်း လှိုက်လှိုက်လာတယ်။ မငိုမိအောင် စိတ်တင်းထားရတယ်၊ ဟိုတယ်မှာ နေ့လယ်စာ စားပြီး ဖိုးလေးက သူ ကားလျှောက်မောင်းဦးမယ်လို့ ဆိုတယ်၊ သားတို့သားအဖ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် ထားရစ်ချင်လို့ ထင်ပါတယ်။

သားနဲ့ဒက်ဒီ ဆွမ်းဆီပင်လယ်ကမ်းခြေဘက်ကို ထွက်လာတယ်။ ပင်လယ်ကမ်းခြေမှာ လမ်းလျှောက်ရင်း ဒက်ဒီက သားလက်ကို မြဲမြဲဆုပ် ထားတယ်၊ စကားတော့ နည်းနည်းပဲ ပြောတယ်။ သူ့မျက်လုံးတွေဟာ



ဟိုအဝေး ပင်လယ်ပြင်ကြီးကိုပဲ ငေးနေတယ်။ သူ မြန်မာပြည်မှာလို မဟုတ်ဘူး၊ ပိန်တယ်၊ အသားတွေလည်း ညိုတယ်။ သူက မာမီနဲ့ ဘိုးဘိုး အကြောင်းမေးလို့ သားက ဒက်ဒီ ဘယ်တော့ပြန်လာမလဲလို့ မေးတော့ ပြန်လာမှာပါတဲ့။ ဒါပဲဖြေတယ်။ သိပ် စကားနည်းသွားတယ်။ သားက ခရစ်စမတ်အားလပ်ရက်မှာ လန်ဒန်လာဖို့ ဖိတ်တော့ သူ မလာချင်ဘူးတဲ့၊ သားပဲ ဆွမ်းဆီးကို အားလပ်ရက်လာပါတဲ့။ မလာခင် ကြိုပြီးဖုန်းဆက်ဖို့လည်း မှာတယ်။ သူ ဆေးရုံက ဖုန်းပေးထားတယ်။

'ဒါပါပဲ မာမီ၊ သား အဝေးက ကန်တော့လိုက်ပါတယ်'

**ကျန်းမာချမ်းသာပါစေ**

**သား ဂျင်မီ**

သားစာဖတ်ရတော့ အမောပြေသင့်သလောက် မပြေသလို ရှယ်လီခံစား ရသည်။ သလ်မာနှင့်တွေ့သည် မတွေ့သည်ကို သားက မဖော်ပြ။ သလ်မာ နှင့် တွေ့ဆုံမှာစိုး၍ အိမ်မှာ သားကိုခေါ်ယူတွေ့ဆုံခြင်း မပြုခြင်းဘဲ ဖြစ်ရ မည်။ တကယ်တော့လည်း သလ်မာအကြောင်းကို သားက သိသည်မဟုတ်၍ တစ်စုံတစ်ရာ ဘာမှ ဖော်ပြရေးဖို့ အကြောင်းမရှိဘူးဆိုတာကိုတော့ ရှယ်လီ သဘောပေါက်ပါသည်။

အင်နီ့ကိုတော့ ဂျင်မီက စာတစ်စောင် သတ်သတ်ရေးသည်။

**ညီမလေး အင်နီ**

ကိုကိုနဲ့ဒက်ဒီ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က တွေ့ကြတယ်။ မာမီ့ဆီ အကြောင်းစုံ စာရေးလိုက်တယ်၊ ဒက်ဒီနဲ့ ခွဲကာနီးတော့ ကိုကိုက အင်နီ ပေးတဲ့စာဆိုပြီး ဒက်ဒီလက်ထဲ စာထည့်လိုက်တယ်။ ချက်ချင်းတော့

www.burmeseclassic.com

www.burmeseclassic.com



ဖောက်မဖတ်ဘူး။ ကိုကိုပြန်လာတဲ့အချိန်ထိ စာကိုဖတ်ပြီး အကြောင်းဘယ်လိုထူးတယ်ဆိုတာ ဒက်ဒီက သူ့သဘောထားကို ဘာမှ ကိုကို့ဆီ စာမရေးသေးဘူး။ ကိုကို့ဆီ ဖုန်းဆက်တော့လည်း စာအကြောင်း တစ်လုံးမှ မပြောဘူး။ ညီမလေးအကြောင်းပဲ မေးတယ်၊ နောက်အကြောင်းထူးမှ စာရေးဦးမယ်။

ကျန်းမာပါစေ
ကိုကို

အင်နီ့စိတ်ထဲ ဘာပဲဖြစ်ဖြစ် သူ့မိခင်စာ ဒက်ဒီလက်ထဲ ရောက်သွားသည်ကိုပဲ ဝမ်းသာသည်။

ရှယ်လီ နောက်လထဲ ဒေါ်လီတို့အိမ် သွားလည်သည်။ ကိုဖေသိန်းမှာ ဆေးတက္ကသိုလ်(၁)မှာ ပါမောက္ခဖြစ်နေသည်။ ကိုဖေသိန်းကိုပါ အိမ်မှာ တွေ့ရသည်။

'ရှယ်လီရေ၊ ဂျင်မီနဲ့ ကိုယ်ပေးတဲ့စာ လင်းဖတ်ရတယ် ထင်တယ်၊ တစ်နေ့က သူ့ဆီက စာလာတယ်'

ကိုဖေသိန်းက ရှယ်လီ့ကို ရောက်ရောက်ချင်း ပြောပြသည်။

'သူ့စာထဲမှာ သူအလုပ်လုပ်ရတာ တစ်ခါတစ်ခါ မပျော်ဘူးတဲ့။ သူတို့အင်္ဂလန်တိုင်းပြည်မှာဆိုတော့ မြန်မာတွေ (နိုင်ငံခြားသားတွေပေါ့လေ) ဘယ်လိုတော်တော် နံပါတ် ၂နေရာမှာပဲ နေရတယ်တဲ့။ နှစ်နှစ်တစ်ခါလည်း ကိုယ်လုပ်ချင်တဲ့ ဆေးရုံမှာ ဆက်လုပ်ဖို့ လျှောက်ရတယ်တဲ့၊ သူတို့ မလိုချင်ရင် ပြောင်းရပြန်ရောတဲ့၊ သလ်မာကတော့ ဆော်ဒီအာရေးဗီးယားမှာ အလုပ်လျှောက်ထားတယ်တဲ့'

ကိုဖေသိန်းစကားအရ သလ်မာနှင့်အတူ ရှိနေသည်ကို သိရသည်။



'သူကရော ဆော်ဒီအာရေဗီးယားကို ပြောင်းမှာလား'

ရှယ်လီက မေးလိုက်၏။

'ဒီအကြောင်းတော့ ဘာမှမပါပါဘူး၊ ဒါပေမယ့် ကိုယ့်သဘောတော့ အင်္ဂလန်မှာ လုပ်တော့လည်း သူတို့အင်္ဂလိပ်လူမျိုးကို နံပါတ် ၁နေရာမှာ ထားမှာပေါ့၊ ဒါကို မခံချင်လို့တော့ မဖြစ်ဘူး၊ မခံချင်ရင် ကိုယ့်တိုင်းပြည် ကိုယ်ပြန်လာပေါ့၊ သူ ပါရဂူဘွဲ့ ရရချင်း ဆွမ်းဆီးသွားရတယ်၊ ဆွမ်းဆီးက အီဒင်ဗာရာ၊ အီဒင်ဗာရာကနေ အခု ဆွမ်းဆီး ပြန်ရောက်တာတဲ့'

ရှယ်လီသည် ဘာမှ ပြန်မပြောတော့ပါ။ လင်း ပြန်လာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ သားလေးပြန်လာလျှင် သူဖြေသာပါသည်။

'ဘာပဲဖြစ်ဖြစ် သလ်မာကို ပွဲမထုတ်တာဟာ ဂျင်မီနဲ့ တွေ့မပေးတာဟာ သူ့သားကို လေးစားတဲ့သဘောပေါ့'

ဒေါ်လီက ဝင်ပြောသည်။

ရှယ်လီ့ကတော့ ဘာထင်မြင်ချက်မှ မပေးလိုတော့ပါ။ ယခုနောက်ပိုင်း သူ့စိတ်တွေ ရှုပ်ထွေးလာလျှင် ဒေါ်လီ့အိမ် သွားလိုက်၊ မည်မည်ရရ မရှိသော ဆိုင်ကို သွားလိုက်၊ ဒီလိုနှင့် သူစိတ်ဖြေရသည်။ အင်နီကတော့–

'မာမီ... မပူပါနဲ့၊ ဘိုးဘိုးဘွားဘွားတို့ကို ပေးနေကျ ဆန်တစ်အိတ်၊ ဆီတစ်ပုံး သမီး ပေးနိုင်ပါတယ်'တဲ့။

လခထုတ်တိုင်း အဘွားမိးဖိုချောင်ကို ဆန်တစ်အိတ်၊ ဆီတစ်ပုံး ဝယ်လာပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၁ ]

ဂျင်မီ သားဖွားနှင့်မီးယပ် ပါရဂူဘွဲ့ယူ၍ ပြန်လာတော့မည်။ သား ပြန်လာမည်ဆိုတော့ ရှယ်လီ အထူးဝမ်းသာပါသည်။ အဘိုးအဘွားတွေက လည်း ဝမ်းသာအားရနှင့် သူ့မြေးကို ကြိုဆိုဖို့ စီစဉ်ကြသည်။

အင်နီ့အဖို့တော့ သူ့ဒက်ဒီပြန်လာမည် မလာမည်ကို ဘာသတင်းမှ ဂျင်မီက ဆက်လက်မပို့၍ စိတ်က မကျေနပ်။ သို့သော်လည်း အစ်ကို ပြန် လာမည်ဖြစ်၍ သူတို့မိသားစု ပြန်လည်ဆုံစည်းရတော့မည်။ တကယ့် သူတို့ မိသားစုက သုံးယောက်တည်းပဲရှိသည် မဟုတ်လား။

လန်ဒန်မှ မထွက်လာခင် ပို့လိုက်သော ဂျင်မီ့ထံမှ စာတစ်စောင် ရှယ်လီ ဖတ်ရသည်။

နိုဝင်ဘာလ၊ ၉ ရက်၊ ၁၉၇၄။

**မာမီ**

သား ဒက်ဒီ့ကိုနှုတ်ဆက်ဖို့ ဆွမ်းဆီးကို မနေ့ကသွားတယ်၊ သား တစ်ယောက်တည်းပဲ သွားတယ်၊ ဒီတစ်ခါ သားကို ဆေးရုံနောက်ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံကြီးထဲမှာ ဒက်ဒီတွေ့တယ်။ သစ်ပင်ကြီးတွေက အုံ့ဆိုင်းနေပြီး နိဝင်ဘာလဆိုတော့ နေက ညနေလေးနာရီလောက်မှာ ဝင်စပြုလာပြီ။ အေးလွန်းရတဲ့အထဲ ဒက်ဒီက လမ်းမလျှောက်ဘဲ ခုံတန်းလျားမှာ ထိုင်နေတယ်။ လမ်းများများလျှောက်ဖို့ အားမရှိသလိုဘဲ၊ သားလက်ကို သူ့ရင်ဘတ်မှာ ကပ်ထားတယ်။ ဒက်ဒီ့လက်တွေ တုန်နေသလိုပဲ မာမီ၊ ပြီးတော့ ဒက်ဒီ ပိန်လွန်းတယ်။ မျက်နှာတွေက ဝါဖျော့ပြီး ခြောက်ကပ်ကပ်နဲ့၊ ဒက်ဒီ... နေကောင်းလားမေးတော့၊ ကောင်းတယ်တဲ့။ သိပ်လည်း စကားများများမပြောဘူး။ မာမီ့ဆီ ဘာမှာမလဲမေးတော့...

မှာစရာမရှိပါဘူး၊ မင်းမာမီဟာ အစွမ်းရှိတဲ့မိခင်ကောင်းတစ်ယောက်၊ ဒက်ဒီ့အကူအညီမပါဘဲ သားတို့ကို ပညာပြည့်စုံအောင်ပေးနိုင်တဲ့ မိန်းမတစ်ယောက်တဲ့။ ဒါပဲပြောတယ်။ အဲဒီညနေက သားနဲ့ ဒက်ဒီ ဟိုတယ်မှာ ညစာသွားစားပြီး သူအိမ်မပြန်ဘူးတဲ့၊ ဟိုတယ်မှာ နှစ်ယောက်တွဲ အခန်းယူပြီး သားနဲ့အတူ အိပ်ကြတယ်။ ဒက်ဒီ အိပ်မပျော်ဘူးထင်ပါရဲ့။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘူး။ ဒါပေမယ့် ဒက်ဒီ သားလည်ပင်းကို ဖက်ပြီး အိပ်တယ်။ သား လူပျိုဖြစ်နေပေမယ့် ဒက်ဒီနဲ့ ဒီလိုပဲ နေချင်တယ်လို့ သားကပြောတော့ သူ မျက်ရည်တွေဝဲနေတယ်။ မာမီ... သားပြန်မယ့်ရက်မှ အကြောင်းကြားမယ်။

ကျန်းမာချမ်းသာပါစေ

သား ဂျင်မီ

ဖေဖော်ဝါရီလ ပထမပတ်မှာ ဂျင်မီ ပြန်ရောက်ခဲ့သည်။ တစ်အိမ်လုံး စိုပြည်သွားသလို ထင်ရသည်။ မိသားစု တွေ့ဆုံ၍ လန်ဒန်အကြောင်းပြော



ပေမယ့် လင်းအကြောင်းက မပြည့်စုံလှပါ။ အင်နီ့အတွက် သိုးမွေးဆွယ်တာလေး တစ်ထည်မှ လွဲ၍ ကျန်မိသားစုအတွက် ဘာလက်ဆောင်ပစ္စည်းမှ လင်းက မပေးလိုက်။ ဂျင်မီကတော့ အဘိုးနှင့်အဘွားရော ရှယ်လီဖို့ပါ ဝယ်လာသော လက်ဆောင်များပေးရင်း ကန်တော့လိုက်သည်။

'ဆရာဝန်ကြီး သာဇံလင်း'အမည်နှင့် ဆိုင်းဘုတ်တစ်ခုကို ဂျင်မီ ဝိုင်ဆိုင်ခဲ့သည်။ ဆေးရုံကြီးမှာ နံနက် အလုပ်ဆင်းကာ ညနေပိုင်းတွင်တော့ သူ ဆေးခန်းထိုင်သည်။ ဦးရွှေဇံအောင်က သူပိုင်မြို့ထဲမှ တိုက်ခန်းလေးကို ပုဂ္ဂလိက သားဖွားခန်းလေး သီးသန့်ဖွင့်ထားပေးသည်။ အမျိုးသမီး ဆယ်ယောက်လောက်တော့ မွေးဖို့ လက်ခံနိုင်သည်။ လက်ထောက်ဆရာဝန်တစ်ယောက်၊ သူနာပြုဆရာမနှစ်ယောက် ခန့်ထားသည်။

'သမီး ရှယ်လီ အားနေတော့ ဆေးခန်းကို အုပ်ချုပ်ပေါ့'

ယောက္ခမကြီး တာဝန်ပေးသည့်အတိုင်း ဒေါက်တာ သာဇံလင်းက ညနေမှ ဆေးခန်းရောက်ပေမယ့် ရှယ်လီက မနက်စောစော ဆေးခန်းရောက်နှင့်ကာ ဆရာဝန်၊ သူနာပြုများနှင့် လူနာများ လိုအပ်သမျှကို နားထောင်၍ ဖြည့်ဆည်းပေးရသည်။

ဆေးခန်းအရှိန်ရလာတော့ ဦးရွှေဇံအောင်က ရှယ်လီကို ခေါ်ပြောသည်။

'ဂျင်မီမသွားခင်က ဒက်ဒီပြောခဲ့ဖူးတယ်၊ မြန်မာမကိုပဲ ယူရမယ်လို့ဆိုတာ ရှယ်လီအသိပဲ၊ ဒက်ဒီတို့နဲ့ ခင်တယ်၊ အငြိမ်းစား အိုင်စီအက်ဦးလှဘူးမြေးနဲ့ ဒက်ဒီ ဂျင်မီ့ကို ပေးစားချင်တယ်'

ရှယ်လီက ဘာမှ မဖြေသေး။

'ကလေးမလေးက ရိုးရိုးဘီအေပါပဲ၊ 'စောနှင်းရည်'တဲ့၊ ကလေးချင်းရင်းနှီးအောင် မာမီ ဆက်သွယ်ပေးပါ့မယ်၊ ရှယ်လီ့သဘော ဘယ်လိုလဲ'

ဒေါ်စံကျွေးနိုင်ကပါ ဝင်ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စမှာ ဂျင်မီကျေနပ်ဖို့ အရေးကြီးပါတယ် မာမီ၊ ဂျင်မီ သဘောတူရင် ရှယ်လီ မကန့်ကွက်ပါဘူး'

သူတို့မြေးကို သူတို့ ပြုစုပျိုးထောင်လာခဲ့သူများ ဖြစ်လေတော့ အိမ်ထောင်ဘက် ရွေးချယ်ပေးဖို့ သူတို့မှာလည်း အခွင့်အရေး ရှိပါသည်။

မကြာခင်မှာပဲ ဒေါ်စံကျော့ခိုင် အဝင်အထွက်နှင့် ကလေးမလေး စောနှင်းရည်နှင့် ဂျင်မီတို့မောင်နှမ ရင်းရင်းနှီးနှီး ရှိလာကြသည်။

နောက်နှစ်မှာ ဆုံစပ်ကြောင်းလမ်းပွဲလေးလုပ်ကာ ဧပြီလ ပထမပတ်မှာ လက်ထပ်ဖို့ စီစဉ်ကြသည်။

ရှယ်လီသည် ဒေါ်လီထံ ပြေးသွားရပြန်သည်။

'ဂျင်မီတို့လက်ထပ်ပွဲမှာ အိပ်ရာခင်းနားပြင်ဖို့ ဒေါ်လီတို့ဇနီးမောင်နှံ တာဝန်ယူပါ၊ သားစုံသမီးစုံလည်းရှိ၊ အိမ်ထောင်သက်ရတဲ့ လင်စုံမယားဘက်က အိပ်ရာခင်းနား ပြင်ရတယ်ဆို'

ရှယ်လီက သူ့ဆန္ဒကို ပြောပြ၏။

'ရှယ်လီရယ် ခိုးရာလိုက်ပြေးတဲ့ စုံတွဲတွေ ဘယ်သူက အိပ်ရာလာပြင်ပေးလို့လဲ၊ သက်ဆုံးတိုင် ကြင်ကြင်နာနာ ပေါင်းသွားကြတာပဲ၊ ဒေါ်လီတော့ အယူမရှိဘူး၊ ဒါပေမယ့် မင်းဆန္ဒအတိုင်း ဂျင်မီ့ကို ငါတို့ လုပ်ပေးရမှာပေါ့'

'ဒေါ်လီ့သား မြင့်ဌေးသိန်းကိုလည်း လူပျိုရံ လုပ်စေချင်တယ်'

'လုပ်ပါဗျာ… လုပ်ပါ၊ ဘာတာဝန်ပေးပေး ကိုယ်တို့ ယူပါတယ်'

ကိုဖေသိန်းက ပြောပြောဆိုဆို သူတို့ စကားပြောနေရာအခန်းထဲ ဝင်လာသည်။

'ကျေးဇူးတင်ပါတယ် ကိုဖေသိန်းရယ်၊ ယောက္ခမတွေ အစီအစဉ်နဲ့ အားလုံး အဆင်ပြေပါတယ်။ ရှယ်လ့်ရင်ထဲမှာတော့ သူတို့အဖေ ရှိနေစေချင်တာပေါ့'



'ဖိတ်စာရိုက်ပြီးရင် စောစောပို့လိုက်ပေါ့၊ ကိုယ်လည်း စာရေးမယ်၊ ဒီမင်္ဂလာဆောင် ဆက်ဆက်တက်ဖို့'

'မိစုံဖစုံရှိလျှက်နဲ့ သတို့သားမိဘနေရာမှာ ရှယ်လီတစ်ယောက်တည်း ထိုင်ရတာ ဘယ်စိတ်ချမ်းသာပါ့မလဲ'

ကိုဖေသိန်းက ခဏ တွေးနေရာမှ…

'လင်းဆိုက တလောက စာရတယ်'ဟု ပြောလိုက်သည်။ ရှယ်လီက အားတက်စွာ နားထောင်နေသည်။

'သလ်မာက ဆော်ဒီအာရေးဗီးယားက အလုပ်ရလို့ သွားမယ်တဲ့၊ သူတစ်ယောက်တည်း ဆွမ်းဆီးမှာ နေရစ်ခဲ့ရမယ့်ပုံပေါက်တယ်၊ သူလာနိုင်မယ်လို့ ကိုယ်ထင်တယ်လေ'

'ကဲပါ… စကားပြောရင်း မုန့်ဟင်းခါး စားရအောင်၊ လာ…'

ဒေါ်လီကလာခေါ်၍ သူတို့ ထမင်းစားခန်းထဲ ထသွားသည်။ မုန့်ဟင်းခါးစားရင်း ဂျင်မီကံကောင်းကြောင်း၊ နောက်ဆရာဝန်တွေမှာ မြန်မာပြည်မှ ထွက်ရဖို့ ခဲယဉ်းကြောင်း၊ စနစ်တွေ ပြောင်းသွားကြောင်း ပြောပြနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၃၂ ]

မင်္ဂလာပွဲက နံနက်ခင်းမှာ စပါပြီ။ နှစ်ဖက် အဘိုးအဘွားတွေက မျက်နှာကြီးတွေမို့ ပရိသတ်က အင်းလျားကန်ဟိုတယ်ခန်းမမှာ အပြည့်။

ဒေါ်လီနှင့် တူးတူးက တိုင်ပင်ကာ မြန်မာဘီးဆံထုံးတွေ ထုံးကာ ရွှေဖလားရောင် ရှိုတ်ထဘီဆင်တူ ဝတ်ကြသည်။ ရွှေရောင် စာပဝါလွှမ်းခြုံထားသော တူးတူးက ခံ့ညားလှသည်။ ဆံထုံးမှာ စိန်ဘီးတစ်ချောင်းပဲ စိုက်ထား၍ ကံ့ကော်ပန်းတွေ ဆံထုံးမှာ ဝေအောင် ပန်ထားသည်။

ရှယ်လီကတော့ ဘရိုကိတ်အဖြူခံမှာ ခရမ်းရောင်ပွင့်လေးတွေ ခက်ထားသော လုံချည်ကိုဝတ်ထား၍ ပုလဲလုံးလေးတွေ ဖောက်ထားသော စာပုဝါဖြူ ခြုံထားသည်။

သူ့လည်တိုင်မှ ပုလဲသွယ်အရောင်ဟပ်ကာ ပြုံးအိနေသော နှင်းခက်လေးနှင့် တူနေသည်။ ဆံထုံးကိုတော့ ရှိုးရှိုးမြင့်မြင့်ထုံး၍ စိန်ဆံထိုးတစ်ခုပဲ ထိုးထားသည်။ ယောက္ခမကြီးက လက်ဝတ်လက်စား ထုတ်ပေးပေမယ့် သူက ဆံထိုးတစ်ခုပဲ ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှိသည်များကို သူတို့သုံးယောက်က အခန်းဝမှ ညှိခံကြိုဆို၍ နေရာချပေးသူများကတော့ ဂျင်မီသူငယ်ချင်းများ ဖြစ်သည်။

သတို့သား၊ သတို့သမီးထွက်လာတော့ ရှယ်လီရင်ထဲမှာ မနည်း အားတင်းထားရသည်။ အဘိုးနှင့်အဘွားက ရှယ်လီနောက်မှ လိုက်ပေး သည်။ သတို့သမီး အပျိုရံနှစ်ယောက်အနက် တစ်ယောက်က အင်နီဖြစ် သည်။ သတို့သမီးမှာ မိဘဆွေမျိုးဆိုတော့ လင်မယားစုံတွဲ ခြံရံလိုက်လာကြ သည်။ ရှယ်လီသာ တစ်ယောက်တည်း။ အားလုံးနေရာယူပြီးတော့ ဦးရွှေ ဖုံအောင်နှင့် ဒေါ်စံကျော့ခိုင်က ကိုယ်တိုင်လက်ထပ်ပေးမည်ဖြစ်၍ သတို့သား သတို့သမီးရှေ့မှာ ထိုင်လိုက်သည်။

ယခုခေတ်လို တရားသူကြီးရှေ့မှာ လက်မှတ်ရေးထိုးသည်မဟုတ်။ တကယ့် ဘိသိက်သွန်း၍ လက်ချင်းဆက်ကာ ရွှေဖလားပဝါပါးနှင့်ပတ်၍ ရေဖြန်းလက်ထပ်သော အခမ်းအနား အပြည့်အစုံလုပ်ခြင်း ဖြစ်သည်။

လက်ထပ်ပွဲပြီးတော့ သတို့သား သတို့သမီးတို့ အခန်းအပ်ရန် ကိုပေ သိန်းနှင့်ဒေါ်လီ၊ သတို့သမီးအိမ်ရှိရာ ရွှေတောင်ကြားကို ရှယ်လီတို့နှင့်အတူ လိုက်ပို့သည်။

အားလုံးကိစ္စပြီးမှ ရှယ်လီတို့လည်း ပြန်ကာ သူတို့ လင်မယားနှစ် ယောက် ဦးဝိစာရလမ်းအိမ်ကို ပြန်လာကြသည်။ အိမ်ထဲဝင်လိုက်ကြတော့ ညှိခန်းမှာ ညှိသည်တစ်ယောက် ဆိုဖာပေါ် ထိုင်နေသည်။

'ဆရာတို့ကို စောင့်နေတာ'ဟု ထမင်းချက် ဒေါ်စိန်က ဆိုသည်။ ညှိသည်က မျက်မှန်နက်တပ်ထား၍ အနောက်တိုင်းဝတ်စုံ ဝတ်ထားသည်။ ညှိသည်က—

'ဖေသိန်း ငါ့ကို မမှတ်မိတော့ဘူးလား'

မျက်မှန်ကို ချွတ်လိုက်၍ ပြောလိုက်သည်။



ကိုဖေသိန်းရော ဒေါ်လီပါ အလန့်တကြားဖြစ်အောင်ကို အံ့သြသွား သည်။

'လင်းရွှေအောင်'

ကိုဖေသိန်းသည် အော်ဟစ်လိုက်ကာ ဆိုဖာဆီ အပြေးအလွှားသွား၍ လင်းဘေးမှာ ထိုင်လိုက်ကာ လင်းကို ဖက်လိုက်သည်။ ရုတ်တရက် စကား မပြောနိုင်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ ဒေါ်လီက တစ်ဖက်ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။

'ဒေါ်လီတို့ ဂျင်မီမင်္ဂလာဆောင်က ပြန်လာတာ'

'ကိုယ်လည်း မင်္ဂလာဆောင်က ပြန်လာတာ'

လင်းရွှေအောင်က ပြောလိုက်သည်။

'ဟင်… တို့ မင်းကို မတွေ့ပါလား'

'ဘယ်တွေ့မလဲ၊ ငါကောင်တာနားက ကုလားထိုင်မှာ စောင့်ကြည့် နေတာ၊ ငါ့ကို ဘယ်သူမှ မတွေ့ရဘူး၊ ငါက အားလုံးကို တွေ့ရပါတယ်၊ ငါ့သားရော သမီးရော ချောတယ်နော်၊ တူးတူးက ကဲ့ကော်ပန်းတွေ ဝေလို့ ပန်ထားတာ၊ ရှယ်လီကတော့ မနှင်းဖြူပါပဲ'

လင်းရွှေအောင်က မောဟိုက်လာသလိုနှင့် စကားရှေ့မဆက်။

'စကား ဖြည်းဖြည်းပြောပါလင်း၊ ဒေါ်လီ လိမ္မော်ရည်သွားယူလိုက်ဦး'

ကိုဖေသိန်းသည် သူငယ်ချင်းလက်ကို ဆုပ်နယ်နေသည်။ မျက်နှာကို လည်း စေ့စေ့ကြည့်နေမိသည်။ မှတ်မိနိုင်စရာမရှိ။ အသွေးအရောင်တွေ အားလုံးပြောင်းနေသည်။ သွေ့ခြောက်ဝါဖျော့နေသော အသားအရေ၊ ဆံပင် တွေက ကျိုးတိုးကျဲတဲ၊ မျက်တွင်းက ဟောက်ပက်။ မျက်မှန်တပ်မထား လည်း လင်းရွှေအောင်ဆို၍ ရုတ်တရက် မှတ်မိနိုင်စရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



'သားရဲ့လက်ထပ်ပွဲကို ငါ အမီလာတာ၊ ငါရသင့်တဲ့ အမွေ အဲဒါတွေ အားလုံး ဂျင်မီနဲ့ အင်နီကိုပေးပါလို့ တရားဝင်လွှဲပြောင်းတဲ့စာရေးပြီး လက်ထပ်ပွဲအမီ ဒက်ဒီတို့ဆီ ငါပို့လိုက်တယ်၊ မရောက်သေးဘူးထင်တယ်၊ ငါကတော့ မနေ့ညကရောက်ပြီး အင်းလျားကန်ဟိုတယ်မှာပဲ တည်းတယ်'

'လင်း… လိမ္မော်ရည် သောက်လိုက်ဦး'

ဒေါ်လီက ဖန်ခွက်ကို လှမ်းပေးလိုက်သည်။ ဖန်ခွက်ကို လှမ်းယူသော လင်းလက်က တုန်နေသည်။

'မင်းရောက်လာတယ်ကြားရင် ရှယ်လီရော ဂျင်မီပါ ဝမ်းသာမှာ၊ ဖုန်းဆက်လိုက်မယ်'

'မလိုဘူး… မလိုဘူး၊ အကြောင်းမကြားပါနဲ့၊ ဘယ်သူ့ကိုမှအကြောင်းမကြားနဲ့၊ သူတို့ မင်္ဂလာယူချိန်မှာ ဝမ်းသာနေကြမယ်၊ ငါ့သားရဲ့ မင်္ဂလာဦးညကို အနှောင့်အယှက် မဖြစ်ပါစေနဲ့'

လိမ္မော်ရည်တစ်ကျိုက် လင်းကသောက်ရင်း ချောင်းဆိုးလာသည်။ လည်ချောင်းသံကြီးပါလာကာ လိမ္မော်ရည်တွေ ပြန်ထွက်လာသည်။ ပြီးတော့ သွေးခဲတွေ ပါးစပ်ထဲက ကျလာသည်။ ကိုဖေသိန်းက လင်းကိုဖက်လိုက်တော့ ကိုဖေသိန်းလက်ထဲ ခွေကျသွားသည်။ ကိုဖေသိန်းရော ဒေါ်လီရော ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

'သူငယ်ချင်း နောက်ဆုံး ငါ့ဆန္ဒကို ဖြည့်ပါ၊ တူးတူးကို ခေါ်ပေးပါ၊ ငါတွေ့ပါရစေ'

'ခေါ်ပေးမယ်ကွာ၊ မင်းကို ငါ ဆေးရုံတင်ပါရစေ၊ ဆေးရုံမှာ ခေါ်ပေးမယ်၊ စိတ်ချ… ဒေါ်လီ ကားပြင်'

ကားပေါ်သို့ လင်းကိုတင်ကြကာ လင်မယားနှစ်ယောက် ဆေးရုံသို့မောင်းလာကြသည်။ ဆေးရုံပေါ်မှာ လင်းကို လိုအပ်တာတွေလုပ်ကာ သွေးသွင်းထားကြသည်။ ဒေါ်လီက တယ်လီဖုန်းသွားဆက်သည်။



'ငါ လန်ဒန်မှာ ဒီလိုပဲ အန်ခဲ့ဖူးပါပြီ၊ ဘာမှမလုပ်ပါနဲ့၊ ငါ့အသည်းက အလုပ်မလုပ်တော့ဘူး'

တစ်လုံးချင်း မောဟိုက်စွာ လင်းကပြောနေသည်။ ကိုဖေသိန်းက အနားကမခွာ။

'မင်း ဘာမှမပြောနဲ့၊ ငြိမ်ငြိမ်နေ'

လင်းရွှေအောင်သည် အသာလေး မျက်စိမှိတ်ကာ မှိန်းနေသည်။ မကြာခင် တူးတူးအခန်းထဲကို ဒေါ်လီနှင့်အတူ ဝင်လာသည်။

'တူးတူးလာပြီ လင်း…'

ကိုဖေသိန်းကပြောလိုက်တော့ လင်း မျက်လုံးဖွင့်လိုက်သည်။ သူ့မျက်လုံးတွေ တောက်ပလာသည်။ လက်ကို အသာမကာ တူးတူးကိုလှမ်းပေးသည်။ လင်း၏လက်ကို တူးတူးက ဆုပ်ကိုင်ရင်း အံ့ဩခြင်း၊ ကြေကွဲွင်းတွေနှင့် ရင်ထဲမှာ ကတုန်ကရင် ဖြစ်လာသည်။

'လင်းကို ခွင့်လွှတ်ပါလို့ မဆိုလိုပါဘူးတူးတူး၊ ချစ်သူရှိတဲ့မြေမှာ ခေါင်းချဖို့ လင်းပြန်လာတာ၊ တူးတူးခေါင်းမှာ ကံ့ကော်ပန်းတွေဝေလို့–'

ဆက်မပြောနိုင်တော့တဲ့ ပါးစပ်က ပြုံးသလိုဖြစ်နေရာမှ အင့်ခနဲဖြစ်ကာ သွေးတွေ အန်ကျလာပြန်သည်။ မျက်နှာက ဖြူဖွေးသွားသည်။ တူးတူးသည် ဘာလုပ်ရမှန်းမသိ။ လင်းလက်ကို သူ့ရင်ဘတ်မှာကပ်ထားရင်းမှ လင်းကို ဒီအချိန်မှာ ရတနာသုံးပါးကို အာရုံလွှဲပြောင်းပေးဖို့ သတိရလာသည်။

'ဟုတ်တယ် လင်း… ကံ့ကော်ပန်းတွေ မွှေးလိုက်တာ၊ မြသပိတ်တောင် ဘုရားမှာ လင်း ကပ်ခဲ့တယ်လေ၊ ဆည်းလည်းသံတွေက သာလိုက်တာ၊ ကြားလား လင်း'

'ဟင်း…' သက်ပြင်းရှည်ချကာ လင်းခေါင်းက တစ်ဖက်ငိုက်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး... လင်း... လင်း...'

တူးတူးက အော်လိုက်သည်။ ကိုဖေသိန်းက လင်း၏လည်ပင်းကို စမ်းလိုက်သည်။ လင်း အသက်မရှိတော့ပါ။ တူးတူး အော်ငိုချင်သည်။ အခန်းထဲသို့ ခြေသံများ အပြေးအလွှား ရောက်လာသည်။ တူးတူး လှည့်ကြည့်လိုက်တော့ ရှယ်လီ။ တူးတူး နားလည်လိုက်ပါသည်။ လင်းလက်ကို အသာချကာ နေရာရွှေ့လိုက်၍ ရှယ်လီကို တူးတူးနေရာမှာ ရပ်စေပါသည်။

ရှယ်လီက လင်းကို စေ့စေ့ကြည့်သည်။ လင်းနဖူးကို ဖြည်းညင်းစွာ နမ်းလိုက်သည်။ ရှယ်လီ့ပါးပြင်မှ လိမ့်၍လိမ့်၍ ဆင်းလာသော မျက်ရည်ပေါက်တွေက လင်းရင်ဘတ်ပေါ်မှ စိမ့်ဝင်ကာ နလုံးသားကို ထိမတတ်။

ရှယ်လီသည် တတွတ်တွတ်နှင့် တီးတိုးရေရွတ်နေသည်။

'လင်းရေ... ရှယ်လီ နားလည်ပါတယ်လင်းရယ်၊ 'မြကြာဖြူ'ဆိုတဲ့ မိန်းမတစ်ယောက်ဟာ တရားဝင် လက်ထပ်ထားပေမယ့် အပယ်ခံမိန်းမတစ်ယောက်ပါ'

တူးတူးသည် ရှယ်လီ၏ ရေရွတ်မြည်တမ်းသံကို နားထောင်နိုင်စွမ်း ရှိတော့ပါ။ တူးတူးကို ဖုန်းဆက်ပြီး ရှယ်လီထံ ထပ်မံဆက်လိုက်သော ဒေါ်လီကလည်း ရှယ်လီ့ကို မကြည့်ရက်။

တူးတူးသည် နှုတ်ခမ်းသားကို ပြတ်မတတ် ကိုက်ထားမိသည်။ ရှယ်လီပြောတာ မှန်သည်။ လင်း တရားဝင်လက်ထပ်ထားသူက ရှယ်လီပါ။ ချစ်သူ၏ နောက်ဆုံးဆန္ဒကို ဖြည့်စွက်ချင်ဇောနှင့် ဒေါ်လီ့ဆီက ဖုန်းရရချင်း အပြေးအလွှားလာခဲ့မိသည်။ သူ့အပြုမူသည် မှားယွင်းသွားပြီလား။ 'ခွင့်လွှတ်ပါ ရှယ်လီ'ဟု သူပြောချင်သည်။ သူ့ရင်ထဲမှာလည်း စကားတစ်လုံးမှ ထွက်မလာနိုင်အောင် မွန်းကျပ်ဆို့နင့်နေပါသည်။ လင်းအပါးမှာ တကယ်တော့ သူနေခွင့်မရှိ၊ လိုက်လံ့စွာ လူသိရှင်ကြား ငိုကြွေးရမည်က ရှယ်လီ၊



သူသည် ရှယ်လီ့အပါးမှ ခွာလိုက်သည်။ ခေါင်းငိုက်စိုက်ချ၍ ချစ်သူကို ကျောခိုင်းကာထွက်လာခဲ့သည်။ အခန်းဝမှာ နောက်ထပ်အရေးတကြီးဝင်လာသူ အင်နီ၊ ဒေါ်စံကျော့ခိုင်၊ ဦးရွှေဖံအောင်တို့ကို သူမော့မကြည့်ပါ။

ဝရန်တာတစ်လျှောက် ဖြည်းညင်းစွာ လျှောက်ရင်း ရင်ထဲမှာ လှိုက်ငိုမိသည်။

သူ့ရင်ထဲမှာ လမင်းပျောက်ခဲ့သည်။ ကြာခဲ့ပြီကော။ တန်ခူးနွေ၏ ဝေဒနာကို သူ ခံစားခဲ့ရဖူးပြီလေ။ နလုံးသား၏ဒဏ်ရာက အသားနုတက်ကာ အမာရွတ်ပင် ထင်ခဲ့ပြီပဲ။ ဒါပေမယ့် ကံ့ကော်ဦးရနံ့ မွှေးပျံ့ခြင်းကို ပိုင်ဆိုင်ခဲ့ရသူမို့ သူ ခံနိုင်ရည်ရှိပါသည်။

ကလေးနှစ်ယောက်ရသည်ထိ ပေါင်းသင်းခဲ့ရသော ရှယ်လီ၏ဝေဒနာ နက်ရှိုင်းမှုကို သူ စာနာမိပါသည်။ ရှယ်လီ၏ ရင်မှာတော့ တန်ခူးနွေသည် ကယ်တော့မှ ရွက်သစ်ဝေတော့မည် မဟုတ်။ ရွက်ကြွေတော၏ သစ်ကိုင်းကျိုးကျဲမှာ ပန်းကံ့ကော်ကလည်း မသင်း။ နွေလေပူမှာ ရှယ်လီ့နလုံးသားတေ ကျွမ်းခြောက်ရှာတော့မည်။ ရှယ်လီ ငိုကြွေးပါ။

အနှစ်နှစ်အလလ မျိုသိပ်ထားသမျှ ပွင့်အန်၍ ရှယ်လီ ငိုကြွေးလိုက်ပါ။

ချမ်းမြေ့ရွှင်လန်းပါစေ
ခင်နှင်းယု
(၅.၂.၉၅)

www.burmeseclassic.com

www.burmeseclassic.com



'မြကြာဖြူ'ဝတ္ထုရေးသားရာတွင် အကူအညီပေးကြသော ဆရာဝန်ကြီး ဦးကြည်ပေါ။

ဆေးတက္ကသိုလ်(၁) ပါမောက္ခဆရာဝန်ကြီး ဒေါက်တာ မောင်မောင်ညို၊ ဒေါ်တင်လတ်သန္တာဗိုလ်တို့အား ကျေးဇူးတင်ပါသည်။

အထူးသဖြင့် တကယ့်ဖြစ်ရပ်မှန် ကျောရိုးကို တင်ပြစဉ်က ဝတ္ထုအဖြစ်ရေးဖြစ်အောင်ရေးရန် အကြံဉာဏ်ပေး တိုက်တွန်းပါသော စာရေးဆရာကြီး မြသန်းတင့်၊ စာရေးဆရာမ ကလျာ (ဝိဇ္ဇာ/သိပ္ပံ)တို့အား ကျေးဇူးတင်ရှိပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com